
မဂ္ဂဇင်း

# HOLY CROSS THEOLOGICAL COLLEGE


2008-2009



KEEP YOUR
Spiritual Fervor,
SERVING
the LORD
Rome 12 : 11



Rev: Dr. Simon Be Bin Htu
(Principal)
B.Sc. M.Div, M. Th , D. Min



Bishop Samuel San Si Htay
(Lecturer)
B.A, B.R.E




Sayagyi U Aung Hla Tun
(lecturer)
B.Enng:(Met), M.E:(Met)



Rev: Dr. Mark Saw Maung Doe
(Dean of Studies)
B.A, B.D, M.T.S, Ph.D



Rev: Dr.Samuel San Myat shwe
(Dean of studies)
B.Th, Ph.D



Bishop: Samuel Htang Oak
(Lecturer)
B.A, B.D, M.Phil



Rev: Reginald Bennett
(Lecturer)
B.Sc, B.Th, B.R.E, M.Th



Sayama Saga Hlawng Tawang
(Lecturer)
B.Sc, B.R.E, M.A.C.E



Rev: Kyaw Nyunt
(Lecturer)





Rev: Salai David
(Lecturer)
B.A(Geo), B.Th, M.A.C.S



Rev: Smith Ngut Za Thawng
(lecturer)
B.Sc, B.R.E, M.Th, (F.D.CS)



Sayama Kareng Tawng
(Lecturer)
M.A, B.R.E



Sayama Sheila Mya Mya Nyein
(Lecturer)
B.Sc, B.Ed



Saya Wai Moo
(Lucturer)
B.Th, MATS



Sayama May Mya Tun
(Lecturer)
B.Sc, B.R.E, Cert.W.A



Saya John Thet Lwin
(Librarian)
B.A, B.Th, M.Div



Sayama Mary Hnin Hnin Aye
(Lecturer)
B.Sc, B.Th, M.T.S



Sayama Daw Wai Wai Myint
(Ass: Librarian)
B.A, M.T.S



Sayama Naw Ma Tha
(Office)



Naw Mercy
( Staff- Librarian)



Mai Myat Hsu Mon
(Staff)



Nant Thandar Win
(Office)



U Saw Mya Thinn
(Driver)



Nant Yee YeeWin
(Cook)



S' Aung Thein
(Gardener)











ပထမနှစ် ကျောင်းသား၊ ကျောင်းသူများ



ဒုတိယနှစ် ကျောင်းသား၊ ကျောင်းသူများ



တတိယနှစ် ကျောင်းသား၊ ကျောင်းသူများ



စတုတ္ထနှစ် ကျောင်းသား၊ ကျောင်းသူများ



























## ကျောင်းလှုပ်ရှားမှု
## မှတ်တမ်း



# ကျောင်းလှုပ်ရှားမှု မှတ်တမ်း





ဒီအပ်လောက်တော့ ပျင်းတောင်ပျင်းသေး







ဒီဟင်းခွက်နည်းနည်းများသွားပြီ














ကျောင်းကာယဗလမောင်များ








# ကျောင်းလှုပ်ရှားမှု မှတ်တမ်း





အစားအသောက်မီးလိုတောက်
Family group မိတ်သဟာရ



၂၀၀၇-၂၀၀၈ ဘွဲ့နှင်းသဘင်အခမ်းအနား



၂၀၀၈-၂၀၀၉ တာဝန်ခံအယ်ဒီတာ



၂၀၀၈-၂၀၀၉ သဘာပတိ



၂၀၀၉-၂၀၁၀ တာဝန်ခံအယ်ဒီတာ



၂၀၀၉-၂၀၁၀ သဘာပတိ



၂၀၀၈-၀၉ ရှာလုမ် မဂ္ဂဇင်းကော်မတီ

# ကျောင်းလှုပ်ရှားမှု မှတ်တမ်း





HCTC Football Team













# ကျောင်းလှုပ်ရှားမှု မှတ်တမ်း






# ဥယျာဉ်

ဟားဗတ်တက္ကသိုလ် စတင်တည်ထောင်ခဲ့စဉ်က ဆောင်ပုဒ်မှာ "ခရစ်တော်နှင့် အသင်းတော်အတွက် သမ္မာတရား" ဟူ၍ဖြစ်သည်။ တက္ကသိုလ်၏အမှတ်တံဆိပ်မှာ စာအုပ်သုံးအုပ်ပုံ ဖြစ်ပါသည်။ စာအုပ်တစ်အုပ်မှာ မှောက်ထားသည့်သဏ္ဌာန်ရှိပြီး လူတို့၏ အသိဉာဏ်ပညာသည် အကန့်အသတ်ရှိကြောင်း သရုပ်ဖော်ထားပါသည်။ သို့သော် ၁၉၈၀ပြည့်နှစ်နောက်ပိုင်းတွင် စာအုပ်ရုပ်ပုံကို အတည့်သဏ္ဌာန် ပြန်ပြောင်းထားကာ အကန့်အသတ်မဲ့သော လူတို့၏စိတ်စွမ်းရည်ကို ဖော်ဆောင်ထားပြန်ပါသည်၊ ဆောင်ပုဒ်ကိုလည်း "သမ္မာတရား" ဟု ပြောင်းလဲသတ်မှတ်ခဲ့ကြပါတော့သည်။

အသိဉာဏ်ပညာကိုရှာဖွေခြင်း၊ အားထုတ်ခြင်း၊ ရေးသားခြင်း၊ လိုက်စားခြင်းတို့မှာ လူတို့၏စိတ်အားထက်သန်စွာ ကြိုးစားအားထုတ်မှုတစ်ရပ်ဖြစ်၍ အားကျစရာလည်းကောင်းပါသည်။ ကျေးဇူးတော်ချီးမွမ်းစရာလည်း ကောင်းပါသည်။ သို့သော် သင်ကြားတတ်မြောက်ပြီး အသိဉာဏ်ပညာကြွယ်ဝလာသောအခါ ကျွန်တော်တို့၏စွမ်းရည်များသည် မာန်မာနဆောင်လွှားခြင်းကိုသာ ဦးတည်သွားစေသဖြင့် အကန့်အသတ်ဖြင့်ဘုရားသခင်ခွင့်ပြုထားကြောင်းကို မေ့လျော့မိတတ်ကြပါသည်။ ထိုအခါ ဘုရားသခင်ပေးသနားတော်မူသောဆုဖြစ်ကြောင်းကိုလည်း သတိမပြုမိကြတော့ချေ။

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ကျင့်စဉ်မှာ "ခြိုးခြံခြင်း၊ နာခံခြင်း၊ စင်ကြယ်ခြင်း" ဖြစ်ပါသည်၊ အကန့်အသတ်မဲ့ လူများ၏စိတ်စွမ်းအားများကို သတိတရားလက်ကိုင်ထားပြီး ကြိုးစားသွားရန်၊ အားထုတ်သွားရန် အထိန်းအကွပ်ဖြစ်ပါသည်။ ထို့အပြင် အသိဉာဏ်ပညာကိုရှာဖွေရာတွင်လည်း ဘုရားသခင်၏ဝိညာဉ်တော်စောင်မမှုဖြင့် အသိပညာတိုးပွားအောင်အားထုတ်ရန် ဖြစ်ပါသည်။ စာတွေ့နှင့် လက်တွေ့ ဘုရားရှင်အမှုတော်ကိုထမ်းဆောင်ရန် အားထုတ်ခြင်းဖြစ်၍ ဘုရားရှင်၏လမ်းပြမှု၊ အုပ်ထိန်းမှု၊ ကောင်းချီးပေးမှုကို အစဉ်သတိချပ်လျက် အသက်ရှင်သွားရန် သတိပေးနေသောကျင့်စဉ်များဖြစ်သည် ဟုဆိုပါလျှင် မှားမည်မဟုတ်ပါ။ ဘုရားသခင်၏ ဝိညာဉ်တော်စောင်မမှုနှင့် နှုတ်ကပတ်တော်သွန်သင်မှုများကို မခံယူတတ်လျှင် ကျွန်တော်တို့သည် "အစဉ်သင်ယူသော်လည်း သမ္မာတရားကို လေ့ကျက်ခြင်းသို့ အလျှင်းမရောက်နိုင်" (၂တိ ၃း၇) ဟု ဆိုရမတတ် ဖြစ်လာနိုင်ပါသည်။

၂၀၀၈-၂၀၀၉ စာသင်နှစ် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ဆောင်ပုဒ်မှာ "ဝိညာဉ်စိတ်အားထက်သန်စွာ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ကြလော့" (ရောမ ၁၂း၁၁)။ "Keep your spiritual fervor, serving the Lord" ဟူ၍ ဖြစ်ပါသည်၊ ဤကျမ်းချက်သည် ကျွန်ုပ်တို့အား နှုတ်ကပတ်တော်ကို အစဉ်လေ့လာဖတ်ရှုပြီး ဘုရားသခင်လမ်းညွှန်မှုကို နာခံလိုက်လျှောက်သောအခါ ဝိညာဉ်ရေးရာရှင်သန်ကြီးထွားပြီး အမှားအယွင်းများမှ လွတ်ကင်းမည် ဖြစ်ပါသည်။ ထို့အပြင် ၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင်ပြုလုပ်မည့် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် (၇၅) နှစ်မြောက် စိန်ရတုသဘင်တွင်လည်း ရှင်သန်ကြီးထွားသောဓမ္မတက္ကသိုလ်ကြီးအဖြစ် ဆက်လက်အားထုတ်ရန် ရည်သန်မျှော်မှန်းချက်လည်းဖြစ်ပါသည်။

အချုပ်အားဖြင့် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သည် အဆင့်မြင့်ဓမ္မပညာများဖြန့်ဖြူးရာ ဗဟိုဌာနကြီး ဖြစ်ပါသည်၊ ထို့အပြင် နှုတ်ကပတ်တော်မှလာသော ဘုရားသခင်ကတိတော်များကိုရှာဖွေလေ့ကျက်လျက် အမှုတော်မြတ်အတွက် လူတို့၏စိတ်စွမ်းရည်များ ထက်မြက်လာအောင်၊ အသိပညာဗဟုသုတပြည့်ဝစွာဖြင့် နှိမ့်ချအစေခံတတ်လာအောင် သင်ကြားပေးသောနေရာအဖြစ် ရပ်တည်အသက်ရှင်ကာ အစဉ်အစေခံအားထုတ်ရန်သာ ဖြစ်ပါတော့သည်။

အမှုတော်မြတ်၌

ဘုန်းတော်ကြီး ဒေါက်တာ ရှိမုန် ဘိဘင်ထူး
ကျောင်းအုပ်ကြီး
သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်

# သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် ၂၀၀၈ – ၂၀၀၉ နှစ်ပတ်လည်မဂ္ဂဇင်း

## မာတိကာ


ဥယျာဉ်ဦး ၁
အယ်ဒီတာ့စကား ၂
ရှာလုမ်မဂ္ဂဇင်းကော်မတီ ၅
ကျေးဇူးတင်လွှာ ၆

**ကဗျာ**

မလွမ်းဘယ်သူနေမည်နည်း — ဟောင်ပေါက်စည် (မန်းတက္ကသိုလ်) ၇
မဒီတဲ့ဆေး — ဘွားစည် ၈
ရှာပုံတော် — နောင်တော်ကြီး ၉
သိုးတစ်ကောင်အကြောင်း — နေး ၁၀
တကယ်တမ်းတော့ — ကဆော့ ၁၁
တမ်းတမိ — ဝလုံး ၁၂
ဖြူစင်တဲ့ သင့်ရဲ့နှလုံးအိမ် — မောင်ကောင်းကြီး ၁၃
ဟန်ချက်ညီညီ — Chong Se ၁၄
မောနွေလ သူတကယ်ရှိပါတယ် — J နယ်တု ၁၅
ဆုနှင့်ထိုက်စေ — ပန်းနရောင် (H.C.T.C) ၁၆

**ကာတွန်း**

အေကွယ်မှုး လင်းယုန်မြို့ မောင်ကောင်းကြီး ၁၈
ရင်တွင်းစကား ၂၀
ဆရာ/မ ကျောင်းသားစာရင်း ၃၁

**ကျမ်းအနက်ဖွင့်ချက်**

ဘုန်းတော်ကြီး ဒေါက်တာစံမြတ်ရွှေ ၃၄

**တွေ့ဆုံခြင်း**

ဘားအံသာသနာပိုင်ကြီးနှင့်တွေ့ဆုံခြင်း — ရှာလုမ် ၃၆
သံစဉ်များဖြင့် ခရစ်တော်ကိုပုံဖော်နေသူ — ရှာလုမ် ၈၃

**တိုက်တွန်းနိုးဆော်ချက်**

ပင်ပန်းသော်လည်း မောပန်းခြင်းကင်းသူ — ဘုန်းတော်ကြီးအက်စ်ထန်အုပ် ၃၉

**ဆောင်းပါး**

ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်တော့မည်ဆိုလျှင် — ပြည့်ဖြိုးအေး ၄၂
မိုင်းဆက် — မောင်ဆုရှင် ၄၇
ယေရုရှလင်မြို့သစ် (သို့မဟုတ်) လူ့ဘောင်သစ် — စောချစ်နိုင် ၄၉
ချောင်းဖျားသီကြွလော်ကျို — ဆဲဗင်းမွန်း ၅၄
မေတ္တာ၊ ကရုဏာ၊ သစ္စာ — သာသနာပိုင် ဒေးဗစ်သန်းလွင် ၅၇
ခရစ်တော်ကဲ့သို့ အစေခံခြင်း — ဘုန်းတော်ကြီး ဒေါက်တာစံမြတ်ရွှေ ၅၈
အသင်းတော်ရှင်သန်တိုးတက်အောင် ... — ဆလိုင်းရှိမုန် (ပန်းတောင်း) ၆၂
ခရစ်တော်သက်တော်စဉ်မှ (၁၈) နှစ်အပိုင်းအစများ — ဝင်းမြင့် (မန္တလေး) ၆၅
ဒုတိယမွေးခြင်း — အေးအေးရီ ၆၉
ဆုတောင်းခြင်း — ဒေါ်ခင်နွယ်ဝင်း (အင်းစိန်) ၇၂
ယုံကြည်သူအားလုံး အမှုတော်ဆောင်ခြင်း — ဦးအောင်လှထွန်း ၇၅
သိနေတယ် — တောကလိုထူးဝါး ၁၁၄
အသင်းသူအသင်းသားများနဲ့အတူ — Rev. Judson ဝင်းနမ္မာထွန်း ၁၁၇
လူငယ်နှင့်ဂီတရေစီးကြောင်း — အားနီ ၁၁၈
ဘုရားသခင်၏လက်တော် — စောကြည်ဖြူ ၁၂၀
ချစ်သောမေမေထံသို့ပေးစာ — ချစ်သမီးရွှေ ၁၂၁
အမျိုးသမီးတစ်ဦးဖြစ်တဲ့ ... — ရှမ်းလေး ၁၂၂

**အက်ဆေး**

နှင်းမြူကို အကြိုထောက်လျှင်ဖြင့် — ဒီဇင်ဘာမွန်း ၈၈
ကျောင်းအုပ်ကြီး၏မိန့်မှာချက် ၉၂

**စာတမ်း**

လူသားများကိုကယ်တင်ဖို့ ကမ္ဘာကြီးအား ကာသစ် ၉၂
သုတေသနပြုစာတမ်းနှင့်ပတ်သက်၍သိမှတ်ဖွယ်ရာများ ဘုန်းတော်ကြီး ဒေါက်တာရှိမုန်ဘီဘင်ထူး ၉၇
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်တွင် (၁၉၉၀-၂၀၀၂) ခုနှစ်အတွင်း အသုံးပြုခဲ့သော Credit System ၁၀၀
ရှာလုမ်အဆိုအမိန့် ၁၀၄

**သက်သေခံချက်**

အဖြေရဲ့အတွင်းပုံရိပ် — ကီးလင်း (လေးမြို့) ၁၀၅
စိုးရိမ်ကြောက်ရွံ့ ခြင်းမှလွတ်မြောက်စေသောအရှင် — ဆလိုင်းမောင်ဟိန် (ညောင်လဲတိုး) ၁၀၇
အားပေးမှု — လို့လို ၁၀၉
မျှော်လင့်စရာကင်းမဲ့ရာမှ ... — ဆလိုင်းနောက် ၁၁၀
စုံစမ်းခြင်းအားဖြင့် ရင့်ကျက်ပါ — ကီဗိုမြေမှ စတီဗင် ၁၁၁
မေ့မရနိုင်သောအဖြစ်အပျက် — ကင်းပွ ၁၁၂
သက်သေခံချက် — Karen Flower ၁၁၃

**ဝတ္ထုတို**

ဝိုင်ရှင် — နှင်းဆီအိမ် ၁၂၃
နေ့များ ညများ — မနိုင် ၁၂၇
ပီတိမျက်ရည် — Luke Wunna Soe ၁၃၁
မေမေ့အကြောင်း — မြသွေးညို (ပသိမ်မြေ) ၁၃၆

**Theological and Opinions**

Thinking About ... — Rev. Salai David ၁၄၁
Dialogue: From Ecumenical to Interfaith — Rev. Dr. San Myat Shwe ၁၄၄



# အယ်ဒီတာ စကား

ဖြောင့်ချက်

"နေမြင် ညပျောက်" ဆိုတဲ့ စကားလုံး ရောင်းကောင်းနေတဲ့အချိန်ကြီးမှာ ရှာလုပ်ကို ယနေ့တိုင် ရှင်သန်ခွင့် ပေးတဲ့ အဘဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။

"မတတ်တခေါက်" နဲ့ ဖြစ်လာရတဲ့ တာဝန်ခံ အယ်ဒီတာမို့လို့ ယခု ရှာလုပ်ဟာ

ပေါ့သည်ဖြစ်ဖြစ်

ခါးသည်ဖြစ်ဖြစ်

ငန်သည်ဖြစ်ဖြစ်

စပ်သည်ဖြစ်ဖြစ် စာဖတ်သူများအနေဖြင့် မြည်းပြီး ဖတ်ပေးကြပါရန် မေတ္တာရပ်ခံချင်ပါတယ်။ သေချာတာ တစ်ခုကတော့ "တစ်ခုခုတော့ရမှာပါ"

ဟိုးရှေးက နောင်တော်ကြီးများလက်ထက်ကစလို့ ယခုအထိ ရှာလုပ်ဟာ အရှုံးခံပြီးထုတ်နေခဲ့တာပါ။ ၂၀ရာစု ကျွန်တော်တို့အသိုင်းအဝိုင်းမှ တကယ်လိုအပ်နေတာ ပညာတတ်တွေ မဟုတ်ပါဘူး။ ငွေရေးကြေးရေးလည်း မဟုတ် ပါဘူး....၊ "စိတ်ဓာတ်" တစ်ခုတည်းပါ။ စာဖတ်သူတို့ပေါ်မူတည်ပြီး "ရှာလုပ်" အသက်ဆက်ရှင်ခွင့် ရှိနေမှာပါ .........။

အမှုတော်မြတ်၌

လုကာ ထွန်းထွန်းဝင်း
တာဝန်ခံစာတည်း



# ရှာလုပ်မဂ္ဂဇင်းကော်မတီ

| | |
|---|---|
| နာယက | - ဘုန်းတော်ကြီးဒေါက်တာ ရှိမုန် ဘီဘင်ထူး |
| အကြံပေးနှင့် စာမူစိစစ်ရေး | - ဘုန်းတော်ကြီးဒေါက်တာ မာကုစောမောင်ဒို၊ ဆရာဝေမူး |
| သဘာပတိ | - အဲလီဇဘက် နန့်အောင် (တတိယနှစ်) |
| တွဲဖက်သဘာပတိ | - နော်အက်ကနက်(စ်) (ဒုတိယနှစ်) |
| တာဝန်ခံစာတည်း | - လုကာထွန်းထွန်းဝင်း (ဒုတိယနှစ်) |
| တွဲဖက်တာဝန်ခံစာတည်း | - ဒံယေလ စနိုင်ထွင့်ဦး (ပထမနှစ်) |
| စာတည်းအဖွဲ့ဝင်များ | - လုကာထွန်းထွန်းဝင်း (ကဗျာ) |
| | စောဂျိမ်းကဘော် (ကာတွန်း၊ ဟာသ) |
| | မသဲစောမာနယ်ထူး (ဆောင်းပါး၊ သက်သေခံချက်) |
| | ယောဟန်ဆိုင်းလတ် (အင်တာဗျူး) |
| | စောဂေး(လ်)ဘတ် (ဝတ္ထု၊ အတွေ့အကြုံ၊ စာညွှန့်) |
| ဖြန့်ချိရေးအဖွဲ့ | - စအိုက်ဇက်ကျော် (ရန်ကုန်) |
| | သောမတ်(စ်) ဘရန်မိုင် (မန္တလေး) |
| | ဂျိုးဇက် ဘရန်မိုင် (မြစ်ကြီးနား) |
| | နော်အယ်ဝါး (တောင်ငူ) |
| | ဂျိုးဇက် ဟွေကက် (စစ်တွေ) |
| | စောအိမောလေး (ဘားအံ) |
| ဘဏ္ဍာထိန်း | - စောဘဲရီထူး (တတိယနှစ်) |
| တွဲဖက်ဘဏ္ဍာထိန်း | - ခင်နွယ်နွယ်ထွန်း (ဒုတိယနှစ်) |

# ကျေးဇူးတင်လွှာ

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှ နှစ်စဉ်ထုတ်ဝေသော "ရှာလုမ်" မဂ္ဂဇင်းကို ယခုနှစ် (၂၀၀၈-၂၀၀၉) စာသင်နှစ်တွင်လည်း ဆက်လက်ထုတ်ဝေခွင့်ရသည့်အတွက် ဘုရားသခင်၏ပြုတော်မူသော ကျေးဇူးတော်မြတ်အပေါင်းကို ရှေးဦးစွာ ချီးမွမ်းရတွက်ပါသည်။

* ဤ ရှာလုမ်မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေး အကြံပြုကြသော ကျောင်းအုပ် ဘုန်းတော်ကြီး ဒေါက်တာ ရှိမုန်ဘိဘင်ထူးနှင့် တာချ ဘုန်းတော်ကြီးများ၊ ဆရာ/မများအားလည်းကောင်း၊
* ငွေကြေးအားဖြင့်သော်လည်းကောင်း၊ သတိတရ ဆုတောင်းပေးခြင်းဖြင့်သော်လည်း ကောင်း၊ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ညီအစ်ကိုမောင်နှမများအားလည်းကောင်း၊
* စာမူရေးသားပေးသော စာပေပညာရှင်များ၊ ရှာလုမ်မဂ္ဂဇင်းကို နှစ်စဉ်အမြဲ အားပေး ဖတ်ရှုပေးကြသော စာပေဝါသနာရှင်များအားလည်းကောင်း၊
* သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှ ကျောင်းသား/သူများအားလည်းကောင်း၊ ခရစ်တော်၏နာမတော်၌ အထူးကျေးဇူးတင်ရှိပါသည်။ ဘုရားသခင်၏ သားသမီးတစ်ဦး တစ်ယောက်စီတိုင်းအပေါ်သို့ ကောင်းချီးမင်္ဂလာသက်ရောက်ပါစေကြောင်း ရှာလုမ် စာပေမိသားစု၏ကိုယ်စား မေတ္တာပို့သလိုက်ပါသည်။


ကျေးဇူးတင်လျက်

အမှုတော်မြတ်၌

အဲလိဘောက် နန့်အောင်

(သဘာပတိ)






# မလွမ်းဘယ်သူ နေမည်နည်း

မတတ်သာ
ခပ်ခွာခွာ နေရပေမင့်
မြန်ခွင့်က မသေမချာ
ဗျာပါဒဖိစီး။
လွမ်းရတာတဟိုဟိုတမ်း
နေညှိုရင်ဘယ်ကိုလွမ်းရပ့်
ပန်းသပြေ
ပန်းစံပယ်
ပန်းနှင်းဆီ
ပန်းဗေဒါ
ပန်းကသစ်
တဆစ် မပျောက်နိုင်ဘ့
ပန်းပိတောက် နွေကဗျာနဲ့
ရေအတာ သူတို့နွဲ့မြန်ပေ့
ကြိတ်ခဲမနိုင်ဘဲ
နေညှိုရဲ့ ဖြေနိုင်ခဲ့ပါရ
သောကလောင်မီး။ ။

မောင်ပေါက်စည်
(မင်းတက္ကသိုလ်)



တဲ့တားဆို မှောင်နဲ့ မလျှောက်နဲ့
မှောင်နဲ့လျှောက်တော့
ခြေကျွံမယ်

စကားဆို တောင်လို မမောက်နဲ့
တောင်လိုမောက်ရင်
စကားလွန်တယ်

လူသာအို လူပိုမဖြစ်စေနဲ့
လူပိုဖြစ်ရင်
လူအများ ရွံတယ်

ခြေမကျွံ...
စကားမလွန်...
အများမရွံစေရန်...
အသိကို သတိရှိ
အရှိတရားပါမှ
အမှန်တွေ့မယ်။ ။





ငါ ...
ဘယ်ရောက်နေလဲ
ဆုံးသွားပြီလား.......၊
ဘယ်ခရီး ဘယ်ဘူတာ
အသင်လိုရာလမ်းကြောင်းကို
စစ်တုရင်ထိုးသလို
ကိုယ်လိုရာ... မရွှေ့နိုင်ကာပဲ......။
ပျောက်နေတဲ့... ငါ
တစ်နေရာမှာတော့
ရှိနိုင်တာပေါ့......။
စိတ်လျှော့အတွေး
တွေးနေတုန်းအခိုက်
ဟိုက်...
ငါပျောက်နေပါလား.......။


- လွှင့်နေတဲ့စိတ်တွေကို
  မနက်ဖြန်တိုင်း လိုက်ကောက်ရင်း
  မနက်ဖြန်တွေလည်း စိတ်တွေလိုပဲ
  လွှင့်လွှင့်နေတယ် ....
  ကိုယ်တော် .....
  ကျွန်တော့် မနက်ဖြန်တွေ ကျဆုံးနေပြီ
- အနှစ်နှစ်ဆယ် သင်ယူခဲ့သမျှမှာ
  မလတ်ဆတ်တော့တဲ့ လေထုအကြောင်းရယ်
  မယဉ်ကျေးတော့တဲ့ လူတစ်စုအကြောင်းရယ်
  နောက်တော့လည်း
  အာဒံလိုပဲ ပန်းသီးတစ်လုံးကြောင့်
  စာမေးပွဲကျခဲ့ရသေးတယ်
  အခုထိတော့
  ကယ်တင်ခြင်းခံရတဲ့ သူနိုးကို
  အားကျနေတုန်းပဲ
- အရာဝတ္ထုတစ်ခုခုကိုများ
  မိမိရရဆုပ်ကိုင်ဖို့အတွက်
  ဒီလက်တွေမှာ အားမရှိခဲ့ရှာဘူး
  ဘဝမှာ ဘာတစ်ခုမှမဖြစ်လာပေမယ့်လည်း
  ဘုရားသခင်ကိုကျေးဇူးတင်ရဦးမယ်
  ငါ "လူ" ဖြစ်ခဲ့တယ်လေ .....
- ယုန်တစ်ကောင်ရဲ့ နှလုံးသားနဲ့
  ခြင်္သေ့တွင်းဝကိုတော့
  ရှောင်ရသေးတာပေါ့
- ထားရာနေ
  စေရာသွားဖို့ဆိုတာက
  ဤခရီးကနီးလို့လား ....။



# သိုးတစ်ကောင်အကြောင်း

နှေး





# တကယ်တမ်းတော့ ကမ္ဘာ့

Feminist Class 2007/08

ကမ္ဘာကြီးက လုံးတယ်။
ကမ္ဘာကြီးက လှည့်ပတ်နေတယ်။
ကမ္ဘာကြီးက ဆွဲငင်အားရှိတယ်။
သို့ပေမယ့်・・・
တို့ နေထိုင်တဲ့နေရာ၊ တို့ နေထိုင်တဲ့ပတ်ဝန်းကျင် ကမ္ဘာကြီးက မလုံးပေဘူး။
ကမ္ဘာကြီးက မလှည့်ပတ်ပေဘူး။
ကမ္ဘာကြီးက ဆွဲငင်အားမရှိပေဘူး။
ယနေ့ အမျိုးသမီးများ ဘုရားရှင်ကိုယ်တိုင် ဖန်ဆင်းတယ်။
ကမ္ဘာကြီးက လူသားတစ်ယောက်လည်းဖြစ်တယ်။
သို့ပေမယ့်
တို့နေထိုင်တဲ့နေရာ၊ တို့နေထိုင်တဲ့ဝန်းကျင်
ဘုရားရှင်ဖန်ဆင်းတဲ့လူသား မဟုတ်သလိုပါဘဲ။
တကယ်ပဲ・・・
ကမ္ဘာကြီးက လုံးပါတယ်။
တကယ်ပဲ・・・
ဘုရားရှင်ရှေ့ တစ်လုံးတစ်ဝတည်းဖြစ်တယ်။
အမျိုးသား၊ အမျိုးသမီးတန်းတူအခွင့်အရေးရှိတယ်ဆိုတာ
မငြင်းရဲပါဘူး။



# တမ်းတမိ
# ဝသုံး

H.C.T.C
B.Th II

♦ ရှန်းထွက်မရ နံ့မှာနစ်ခဲ
ကမ်းလက်တစ်စုံ မျှော်နေမိခဲ့
ကောင်းကင်ဘုံမှ ရွှေလက်အစုံကို
ဓာဂွရောက်ခိုက် တမ်းတမိ၏။

♦ ရင်မှာနွမ်းလျ ပူဆွေးမှုကြား
နှစ်သိမ့်မှုများ တမ်းတမိခဲ့
ရွှေပြည်တော်မှ ကရုဏာရှင်ကို
ကြေကွဲရခိုက် မျှော်ကိုးမိ၏။

♦ လှိုင်းတံပိုးကြားထဲ လှုးလွန့်လှေလေး
အားကြီးမာန်တက် လော့ခတ်သွားလည်း
ကိုယ်တော်မပါ ပဲ့ကိုင်ရှင်လည်း
မည်မျှလော့ခတ် ကမ်းစပ်မရောက်နိုင်။

♦ သုမိန့်မှာခဲ့ ငါ့ဥတည်လျှင်
မပျင်းမရိ အားထုတ်ကြလျှက်
ငါ့ရှိအလို အသက်ရှင်က
စိတ်ချယုံကြည် သုခချမ်းသာ
ကောန်မှုချ ပန်းတိုင်ရောက်၏။





# ဖြူစင်တဲ့ သင့်ရဲ့နှလုံးသားမှ

မောင်ကောင်းကြီး

♦ လင်းအရုဏ်ကင်းတဲ့
မဟာ့ရာလောကထဲ
အမှောင်ထုထဲ၌
ငြီးငွေ့နေပြီလား
အတ္တကိုယ်စိနဲ့
လောကလူသားတို့
မေတ္တာဆိုတဲ့ အရုဏ်ဦးအလင်းနဲ့
လောကကမ္ဘာကြီးကို
ထိန်လင်းကြစို့လား...

♦ သခင်ရုဏ္ဍည်းစိမ်တွေနဲ့
ပျော်မွေ့နေခဲ့လား
ငါဆိုတဲ့စိတ်ထားကို
ခုချိန်ကာစ... ရပ်ကြစို့....
နောက်ဆုံးချိန်နီးပြီ
တွေဝေနေခဲ့လား
ချစ်သောမိတ်ဆွေတို့
ရိုးရိုးလေးနဲ့သာ
ကယ်တင်ရှင်ယေရှုကို
သင့်ရဲ့ ဖြူစင်တဲ့နှလုံးအိမ်ထဲမှာ
ကြိုဆိုလိုက်စမ်းပါ.....။




စိမ်းစိုတောတောင် ရေမြေခြားဝယ်
သဘာဝအလှ ဝင့်ဝင့်ကြွားကြွား
အစွမ်းရှိသမျှ ဝေဆာကာနေ
မြတ်ဆုံးလူသား အတုယူထား။
ရုပ်လွှာအပေါ်ယံ ခွာချကာဝယ်
တနာ၊ နိမ့်မြှ ညီအစ်ကိုရင်း
ချစ်ခြင်းမေတ္တာ ရင်ဝယ်ထွေးပိုက်
ကားတိုင်ကိုထမ်း ရှေ့သို့တက်လှမ်း
ခရစ်တော်အလင်း တောက်ပစို့
ဟန်ချက်ညီညီ ရှေ့သို့ချီ။



ကောင်းကင်မှာလား
မြေပေါ်မှာလား
ရေနက်ထဲမှာလား
ရူပ၊ အရူပ ဖန်ဆင်းသောအရှင်
ဘယ်မှာလဲ....?
ငါ့နှလုံးခုန်ခြင်း
နှစ်ဆယ့်ခြောက်နှစ်အတွင်း
ပြန်လှည့်ကြည့်တော့
ဉာဏ် ဆိုတာ
ရှုတ်ချည်းတန်ခိုး
အံ့ဖွယ်နိမိတ်
မေ့မရလေအောင်
မပြခဲ့သော်ငြား
ကျေးဇူးတော်ကား
မထိုက်သော်လည်း
အမြင့်တစ်နေရာသို့
ငါ့ကိုဆောင်မို့ ....
အသက်ဘေးလည်း အကြိမ်ကြိမ်
အရှက်ဘေးလည်း အကြိမ်ကြိမ်
အဂတိဘေးလည်း အကြိမ်ကြိမ်
ရမက်ဘေးလည်း အကြိမ်ကြိမ်
ရတက်မအေးလည်း အကြိမ်ကြိမ်
အရက်အကြွေးလည်း အကြိမ်ကြိမ်
တွေ့ ကြုံလေတိုင်း
ဂယ်တစ်ပေါက်ဖြင့်
ကယ်လေစမြဲ လွှတ်လာစမြဲ ....
ဘုရားဘယ်မှာ
(အထူးတလည်) ရှာစရာမလိုပါ
သင့်ဘဝပြန်ကြည့်
ရှိခဲ့လိမ့်မည် ... ရှိလိမ့်ဦးမည် ........ ။





## ဆုနှင့်တိုက်ပွဲ

ပန်းနုရောင်
(H.T.T.C)


လူဆိုးနတ်ဆိုး၊ အန္တရာယ်ဆိုးမျိုး
ဒေါသမုန်တိုင်း လှိုင်းထပင်လယ်
ခရီးနှင်လည်း ကမ္ဘာမြေမိုး အစိုးရသူ သခင်ရှိရာ
ဘဝလှေငယ် အဘယ်လှိုင်းက လွှမ်းနိုင်အံ့နည်း။

လာစမ်းပါ ဒုက္ခမုန်သမျှ
အာမခံရှိလို့ နေပေတော့
ဘုရားသခင် ကတိ ဘယ်ခါမပျက်
ထာဝရတည်လျက် နေမည်သာ


ယေရှုအတွက် အမှုတော်ဆောင်
ချစ်သောစိတ်နှင့် ကြိုးစားဆောင်
သစ္စာစောင့်လျက် တို့ဆောင်ရွက်
တစ်နေ့မှာ ဆုလာဘ်မလွဲ
ကတိရှိသည်ပဲ......။ ။






ကျုပ်ကစိတ်ပါမှ
ဘုရားကျောင်းတက်တာဗျ..
မင်းမင်း၊...
အင်း... ဒါလည်းပဲ...
တစ်မျိုးတော့ကောင်းတာပဲ
ဒါပေမယ့်..
ဒီအသက်အရွယ်တာထိတော့
တစ်ခါမှ စိတ်မပါသေးဘူး
ဟိုက်
ကာတွန်း - လင်းယုန်မြ





# ရင်တွင်းစကား

## ပထမနှစ်



အမည် - ဂျိုးဇက်ဘရန်မိုင်
မွေးသက္ကရာဇ် - ၂၃.၃.၁၉၈၇
လူမျိုး - ကချင်
အသင်းတော် - ရှင်ယောဟန် အသင်းတော် (ဟိုပင်)
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်

"မထိုက်တန်သော်လည်း ဘုရားသခင်အသုံးပြုသည့်အတွက် ဝမ်းမြောက်မိပါတယ်... ရှေ့ဆက်ပြီး ဘုရားရှင်ကို သစ္စာရှိ ဆက်ကပ်ဖို့ ကြိုးစားလျက်..."



အမည် - စောကလိုထူးဝါး
မွေးသက္ကရာဇ် - ၅.၅.၁၉၈၈
လူမျိုး - ကရင်
အသင်းတော် - ဗတ္တိဇံဆရာရှင်ယောဟန် အသင်းတော်
သာသနာပိုင်နယ် - တောင်ငူသာသနာပိုင်နယ်

"အမှုတော်ဆောင်ရန် ပြင်ဆင်ခွင့်ပေးသော အဖဘုရားရဲ့ ကျေးဇူးကရုဏာတော်ကို ချီးမွမ်းသလို အသက်တာကို ကိုယ်တော်ရှင်အတွက် အသန့်စင်ဆုံး ဆက်ကပ်နိုင်ဖို့ အစဉ် ဆုတောင်းနေပါတယ်..."



အမည် - နော်ပလေလိုဖော
မွေးသက္ကရာဇ် - ၁.၃.၁၉၈၈
လူမျိုး - ကရင်
အသင်းတော် - မြို့ချောင်း ဘုန်းကြီးပိုင်နယ်၊ ရှင်ယာဒအသင်းတော်
သာသနာပိုင်နယ် - တောင်ငူသာသနာပိုင်နယ်

"ကိုယ်ဉာဏ်ခွန်အား လိုအင်ဟူသမျှ သခင်လိုရာ အသုံးပြုပါ။"





အမည် - ဒံယေလ စ' နိုင်ထွန်ဦး
မွေးသက္ကရာဇ် - ၁.၉.၁၉၈၆
လူမျိုး - ကရင် (ပိုး)
အသင်းတော် - ရှင်သတေဖန် အသင်းတော် (သမိုင်း)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်

"လူသားချင်း နှိပ်စက်ခြင်း ကင်းကြပါစေ၊ တို့မေတ္တာအစွမ်း ကမ္ဘာကိုလွှမ်း ငြိမ်းချမ်းကြပါစေ။"



အမည် - ဆလိုင်းမိုက်ကယ်နိုင်ထွန်း
မွေးသက္ကရာဇ် - ၁၇.၈.၁၉၈၆
လူမျိုး - အရှိုချင်း
အသင်းတော် - ရှင်မဿဲ အသင်းတော် (ဥသျှစ်ပင်)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်

"သစ်တစ်ပင်ကောင်းတော့ ငှက်တစ်သောင်းနားနိုင်တယ်။ ကျွန်တော့်ဘဝမှာလည်း ငှက်များစွာ နားနိုင်အောင် ဘုရားသခင်ပေးတဲ့ ဆုကျေးဇူးတွေနဲ့ အစွမ်းကုန် ကြိုးစားသွားပါမည်။"



အမည် - ရှမွေလ စောခလေးစော
မွေးသက္ကရာဇ် - ၅.၇.၁၉၈၉
လူမျိုး - ကရင် (စကော+ပိုး)
အသင်းတော် - ရှင်မာရိ အသင်းတော် (ကပ္ပလီရွာ)
သာသနာပိုင်နယ် - ဘားအံသာသနာပိုင်နယ်

"အနာဂတ်မှာ အမှုတော်ဆောင် (ခေါင်းဆောင်) ကောင်းတစ်ယောက်ဖြစ်ဖို့အတွက် "ယနေ့အချိန်ကစပြီး နောက်လိုက်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားအသက်ရှင်သင့်သည်ဟု ခံယူမိပါသည်။"



အမည် - မမိုးမိုးဝင်း
မွေးသက္ကရာဇ် - ၃၁.၁၀.၁၉၈၅
လူမျိုး - ဗမာ+ကချင်
အသင်းတော် - ခရစ်ဘုရင်မင်းဘွဲ့ခံ ကသီဒြယ်
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်

"ခရစ်တော်၏ ပုံသက်သေကောင်းများကို ဝေငှနိုင်ရန်အတွက် အားယူ၍ လေ့လာသင်ကြားကြပါစို့။"

## ဒုတိယနှစ်



အမည် - စောဂေးလ်ဘတ်
မွေးသက္ကရာဇ် - ၈.၅.၁၉၈၃
လူမျိုး - ကရင် (စကော)
အသင်းတော် - ရှင်ပေါလု ကသီဒြယ် အသင်းတော်
သာသနာပိုင်နယ် - တောင်ငူသာသနာပိုင်နယ်

"မတူညီကြတဲ့ လူမျိုး၊ ဘာသာစကား၊ အဆင့်အတန်းတွေကြားမှာ တူညီတဲ့စိတ်လေးနဲ့ ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်ပြီး ငြိမ်သက်ခြင်းကို ရယူကြပါစို့။"



အမည် - မိုင်ခင်နွယ်နွယ်ထွန်း
မွေးသက္ကရာဇ် - ၁၉.၇.၁၉၈၈
လူမျိုး - ချင်း (ခူမီး)
အသင်းတော် - ရှင်ယောဟန် အသင်းတော် (ပလက်ဝ)
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်

"ရွေးချယ်စရာ အများကြီးတွေထဲက ဘုရားအမှုတော်ဆောင်ဖို့ ရွေးချယ်မှုဟာ ကျွန်မအတွက် အပျော်ရွှင်ဆုံးပါပဲ။"



အမည် - ဂျိုးဇက် ပျော့ကက်
မွေးသက္ကရာဇ် - ၁၃.၉.၁၉၈၈
လူမျိုး - ချင်း (ခူမီး)
အသင်းတော် - ရှင်ပေတရု အသင်းတော် (ကြွေတောင်ရွာ)
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်

"ရှိနေသော အချိန်၌ မိမိသစ္စာရှိနိုင်သလောက် ဘုရားသခင်၌ အမြဲစေခံကြပါစို့။"



အမည် - စတီဖင် မွေဆီး
မွေးသက္ကရာဇ် - ၁၅.၆.၁၉၈၁
လူမျိုး - ချင်း (ခူမီး)
အသင်းတော် - ရှင်မိက္ခေလ (ဆမီး) ဘုန်းကြီးပိုင်နယ်
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်

"လက်ရှိဘဝဟာ ကျွန်ုပ်အတွက်...?... ဖြစ်တယ်။ လက်ရှိအချိန်ဟာ ကျွန်ုပ်အတွက် ဘုရားသခင်ပေးထားတယ် ဘာလုပ်မလဲ?"





အမည် - ကြည်မင်းစိုး
မွေးသက္ကရာဇ် - ၈.၇.၁၉၈၇
လူမျိုး - ကရင် (ပိုး)
အသင်းတော် - ရှင်ယောဟန် အသင်းတော် (ကျောင်းတော်လေး)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်

*"None of the feeling is my feeling!"*



အမည် - စောဘီယာမိ
မွေးသက္ကရာဇ် - ၂၅.၁.၁၉၈၇
လူမျိုး - ကရင် (ဘွဲ့)
အသင်းတော် - ရှင်ဂျေဂျက် (သံတောင်ကြီး)
သာသနာပိုင်နယ် - တောင်ငူသာသနာပိုင်နယ်

"ကွဲပြားတဲ့ပုံစံ မတူညီတဲ့တန်ဖိုး ကျွန်ုပ်တို့မှာ ရှိကြပါတယ်။ ဒါပေမဲ့ အဲဒီ ကွဲပြားနေတဲ့ပုံစံ မတူညီတဲ့တန်ဖိုးတွေကို အမှုတော်ဆောင်ခြင်းဆိုတဲ့ သီအိုရီထဲထည့်သွင်း၍ တွက်ချက်လိုက်မယ်ဆိုရင် တိကျမှန်ကန်တဲ့ အဖြေတစ်ခုတော့ ထွက်လာမှာပါ။"



အမည် - မာကု မျိုးကျော်လင်း
မွေးသက္ကရာဇ် - ၁၅.၁၁.၁၉၈၇
လူမျိုး - ချင်း (လေးမြို့ချင်း)
အသင်းတော် - ရှင်မာကု အသင်းတော် (လောင်ခွန်းရွာ)
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်

"ကိုယ်တော်၏ အမှုတော်မြတ်၌ သစ္စာရှိ၍ ဒုက္ခကို သုခကဲ့သို့လက်ခံနိုင်ရန် ခွန်အားပေးတော်မူပါ။"



အမည် - နော်အယ်ဝါး
မွေးသက္ကရာဇ် - ၂၉.၇.၁၉၈၂
လူမျိုး - ကရင်+ရှမ်း
အသင်းတော် - ရှင်ဂျေဂျက် အသင်းတော် (သံတောင်ကြီး)
သာသနာပိုင်နယ် - တောင်ငူသာသနာပိုင်နယ်

"ကျွန်မဘဝမှာ ခရစ်တော်မပါလျှင် မည်သို့မှ မတည်မြဲပါ။ အောင်မြင်မှုမရှိခဲ့ပါ။ မိတ်ဆွေကော?"

အမည် - သောမတ်(စ်)ဘရန်မိုင်
မွေးသက္ကရာဇ် - ၂၅.၈.၁၉၈၈
လူမျိုး - ကချင် (ဂျိမ်းဖော)
အသင်းတော် - ရှင်ယာကုပ်အသင်းတော် (ကသာ၊ မိုးတားကြီး)
သာသနာပိုင်နယ် - မန္တလေးသာသနာပိုင်နယ်



"ကျွန်ုပ်တို့၏ယုံကြည်ခြင်းဖြင့် အနာဂတ်အတွက် မျှော်လင့်ချက်ပေးနိုင်သော အသက်တာမျိုးဖြစ်ရန် ကြိုးစားအားထုတ် အသက်ရှင်ကြပါစို့။"

အမည် - နော် အက်ကနက်(စ်)
မွေးသက္ကရာဇ် - ၄.၅.၁၉၈၆
လူမျိုး - ကရင်
အသင်းတော် - ရှင်မဿဲ အသင်းတော် (မော်လမြိုင်)
သာသနာပိုင်နယ် - ဘားအံသာသနာပိုင်နယ်



"သခင်ယေရှုခရစ်၏ သမ္မာတရား၊ သစ္စာတရား၊ မေတ္တာတရားဟာ တစ်ကမ္ဘာလုံးကို ပျံ့နှံ့သွားခဲ့ပါပြီ... ကျွန်မတို့ရဲ့ ဆက်ကပ်ခြင်းသည်လည်း ဘယ်အတိုင်းအတာထိ ရောက်ရှိဖို့ မျှော်မှန်းထားပါသလဲ?"

အမည် - စ' သန်းလွင်
မွေးသက္ကရာဇ် - ၁၄.၁၂.၁၉၈၅
လူမျိုး - ကရင် (ပိုး)
အသင်းတော် - ရှင်မာရိ အသင်းတော် (တူးချောင်း)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်



"ဘဝမှာ ဒုက္ခတွေများစွာကြုံရလည်း စိတ်ပျက်ဖို့မလိုပါဘူး။ အရာရာတိုင်းမှာ ဘုရားသခင်ရဲ့ အကြံအစည် အမြဲရှိပြီးသားပါ။ အတိတ်မှာ ကြုံခဲ့တဲ့ ဒုက္ခ၊ သုခတွေဟာ ယခုအချိန်အတွက် ဘုရားရဲ့ အကြံအစည်တွေဖြစ်နိုင်သလို၊ ယခုကြုံတွေ့ရတဲ့ ဒုက္ခသုခတွေဟာလည်း နောင်အနာဂတ်အတွက် ဘုရားရဲ့ အကြံအစည် ဖြစ်ပါလိမ့်မယ်။"

အမည် - အိုက် နေဘာ
မွေးသက္ကရာဇ် - ၄.၇.၁၉၈၈





လူမျိုး - ချင်း (ခူမီး)
အသင်းတော် - ရှင်သတေဖန် အသင်းတော်
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်
"ခရစ်တော်၏ အသက်တာ၌ အခြေခံပြီး ကျွန်ုပ်တို့၏ အသက်တာကို ပြောင်းလဲအသက်ရှင်ကြပါစို့။"



အမည် - စောအီမောလေး
မွေးသက္ကရာဇ် - ၂၁.၆.၁၉၈၆
လူမျိုး - စကောကရင်
အသင်းတော် - ရှင်သတေဖန် အသင်းတော် (ကုန်းကလေးရွာ (ခ)လားဝါရွာ)
သာသနာပိုင်နယ် - ဘားအံသာသနာပိုင်နယ်
"တိုတောင်းလှသည့် လူ့ဘဝမှာ သူတစ်ပါးအတွက် ကောင်းကျိုးပြုလိုကြောင်း..."



အမည် - လုကာ ထွန်းထွန်းဝင်း
မွေးသက္ကရာဇ် - ၂၂.၁၀.၁၉၈၈
လူမျိုး - ကရင် + ဗမာ
အသင်းတော် - သန့်ရှင်းသောကားတိုင် အသင်းတော်
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်
"လုပ်တိုင်းမဖြစ် စိတ်မညစ်၊ ရိုးသားမှုဂုဏ် စားမကုန်။"

## တတိယနှစ်



အမည် - ကလေမင် ဆလိုင်းဇော်မော်ဦး
မွေးသက္ကရာဇ် - ၂.၄.၁၉၈၈
လူမျိုး - ချင်း (အရှို)
အသင်းတော် - ရှာမရိ အသင်းတော် (ညောင်လံဒိုး)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်
"ဘုရားသခင်၏ သားသမီး အားလုံးကို ချစ်နိုင်အောင် ကြိုးစားနေပါတယ်။"



အမည် - ဂွန် လက်ခိုင်း
မွေးသက္ကရာဇ် - ၈.၄. ၁၉၈၁
လူမျိုး - ချင်း
အသင်းတော် - ခရစ်တော်ဘွဲ့ခံ (ဟုမ္မလင်း)
သာသနာပိုင်နယ် - မန္တလေးသာသနာပိုင်နယ်

"အဘိုးမပေးဘဲ ကျေးဇူးတော်ကို ခံရကြပြီဖြစ်၍ အဘိုးမခံဘဲ ပေးကမ်းကြပါစို့။" (မဿဲ ၁၀း၈)



အမည် - ဆယ်မြူရယ် စ' အိုက်ဇက်ကျော်
မွေးသက္ကရာဇ် - ၁၈.၈. ၁၉၈၅
လူမျိုး - ပိုးကရင်
အသင်းတော် - ရှင်သတေဖန် အသင်းတော် (သမိုင်း)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်

"ဆားတိုင်ဖြစ်မှာ ကြောက်လို့ နောက်မလှည့်တာ မဟုတ်ဘူး။ ကားတိုင်ထမ်းမှာမို့ ဆက်လျှောက်တာ"



အမည် - ယောဟန် ဆိုင်းလတ်
မွေးသက္ကရာဇ် - ၂၅.၂.၁၉၈၈
လူမျိုး - ကချင် (လထော်၊ မခါ)
အသင်းတော် - ခရစ်ဘုရင်မင်းဘွဲ့ခံ ကသီဖြယ်
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်

"ငါမသိ၊ ငါမရှိ၊ ငါမလုပ်ဆောင်နိုင်ဟူ၍ မပြောတော့ပါ။"



အမည် - အဲလိဇဘက် နန်အောင်
မွေးသက္ကရာဇ် - ၉.၁.၁၉၈၇
လူမျိုး - ချင်း (မြို)
အသင်းတော် - ရှင်ယောဟန် အသင်းတော် (ပလက်ဝ)
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်

"ခရစ်တော်ရှင်ကို ကျွန်ုပ်တို့ရဲ့ စိတ်နှလုံးသားထဲမှာ စိုးမိုးခွင့်ပေးလိုက်လျှင် အခက်အခဲ၊ ပြဿနာ ဆိုတဲ့ အရာတွေကို ပြုံးပြုံးလေးနဲ့ ကျော်လွှားသွားနိုင်ပါလိမ့်မယ်။"





အမည် - နော်ဝါဝါချို
မွေးသက္ကရာဇ် - ၃.၉.၁၉၈၆
လူမျိုး - ကရင်
အသင်းတော် - ရှင်မိက္ခေလ (မော်ဘီ)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်

" အကယ်၍ ကျောင်းတော်ကြီးက သင့်ကို ဝေဒနာပေးသည်ဟု သင်ထင်လျှင် သင်ကိုယ်တိုင်ခန္တီတရားကို တိုးတက်အောင် ကြံဆပါ။



အမည် - မာသရွှယ်နန်
မွေးသက္ကရာဇ် - ၄.၈.၁၉၈၇
လူမျိုး - ကချင်
အသင်းတော် - ရှင်မဿဲ အသင်းတော်
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်

"မှန်ဆိုတာ ဒီအတိုင်းထားရင် တန်ဖိုးမရှိပါဘူး။ ဒါပေမဲ့ အဲဒီမှန်ကို အသုံးပြုပြီး ကိုယ့်ရုပ်ကိုကြည့်တဲ့အခါ ကိုယ်က ရုပ်ဆိုးသလား။ လှသလားဆိုတာကို သိမှာ ဖြစ်ပါတယ်။"



အမည် - စောဂျိုမူးကဘော်
မွေးသက္ကရာဇ် - ၂၇.၇.၁၉၈၅
လူမျိုး - ကရင်
အသင်းတော် - ရှင်မာကု အသင်းတော် (သံတောင်မြို့)
သာသနာပိုင်နယ် - တောင်ငူသာသနာပိုင်နယ်

"လူတိုင်း၌ ကွဲပြားသော ဒုက္ခအမျိုးမျိုး ရှိကြသည်။ သို့သော် ခရစ်တော်ကလည်း လွတ်မြောက်ရန်လမ်းကို ပေးစမြဲ ဖြစ်သည်။ ထိုလမ်းကို မြင်၍ လိုက်လျှောက်ရန်သာ ကြိုးစားပါလော့။"



အမည် - အိုက်သိန်းလင်း
မွေးသက္ကရာဇ် - ၁၁.၁၂.၁၉၈၃
လူမျိုး - ချင်း (ခူမီး)
အသင်းတော် - ရှင်ယောဟန် အသင်းတော်
သာသနာပိုင်နယ် - စစ်တွေသာသနာပိုင်နယ်

"မရှုမလှ၊ မပြည့်စုံသည့် အခြေအနေမှ ဘဝတစ်ခုလုံးကို ခရစ်တော်၏ အုပ်ထိန်းမှုအောက်တွင် အပ်နှံရသည့်အတွက် ကိုယ့်ကိုကိုယ် ကျေနပ်မိသည်။



အမည် - စောဘဲရီထူး
မွေးသက္ကရာဇ် - ၃.၇.၁၉၈၃
လူမျိုး - ကရင်
အသင်းတော် - ကလေဝါ အသင်းတော် (ဟိုးချိုရွာ)
သာသနာပိုင်နယ် - တောင်ငူသာသနာပိုင်နယ်

"ဘုရားသခင်၏ ကွယ်ကာမစခြင်းသည် ကျွန်ုပ်တို့၏ နောင်တတရားမျှသာ ဖြစ်သည်ဟု ခံယူကာ သာမန်ဘဝမှ အမှုတော်ဆောင်ဘဝသို့ ပြောင်းလဲရခြင်း ဖြစ်သည်။

## စတုတ္ထနှစ်



အမည် - ရီစလင်း ရီရီမော်
မွေးသက္ကရာဇ် - ၁၃.၁၂.၁၉၈၈
လူမျိုး - ချင်း (အရှို)
အသင်းတော် - ရှင်မာရီ အသင်းတော် (ညောင်လံတိုးရွာ)
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်

*"I dear not choose my Lord,*
*I would not if I might;*
*choose that for me, my God,*
*So, shall I walk aright.*



အမည် - မော်နီကာ လျင်နေကြောင်
မွေးသက္ကရာဇ် - ၁၂.၇.၁၉၈၆
လူမျိုး - ချင်း
အသင်းတော် - သန့်ရှင်းသူအပေါင်း အသင်းတော် (နန်းဖာလုံ၊ တမူးမြို့)
သာသနာပိုင်နယ် - မန္တလေးသာသနာပိုင်နယ်

"လောကတွင် အမှန်တရား၊ သစ္စာတရား၊ တည်မြဲခြင်း ဗလာနတ္ထိ။ ထာဝရတည်ကြည်ပြည့်စုံသော ယုံကြည်အားထားရာ အရှင် ခရစ်တော်ရှိပေ၏။"



အမည် - နော်ကညောဖော
မွေးသက္ကရာဇ် - ၆.၃.၁၉၈၂
လူမျိုး - ကရင်



အသင်းတော် - ရှင်မာကု အသင်းတော် (သံတောင်မြို့)
သာသနာပိုင်နယ် - တောင်ငူသာသနာပိုင်နယ်

"ခရစ်တော်နဲ့ အသင်းတော်အတွက် မွှေးကြိုင်တဲ့ ပန်းတစ်ပွင့် မဖြစ်ခဲ့ရင်တောင် သင်းပျံ့နေတဲ့ ပန်းကလေးတစ်ပွင့်တော့ ဖြစ်ချင်ပါတယ်။"



အမည် - စောသာဒူး
မွေးသက္ကရာဇ် - ၆.၅.၁၉၈၀
လူမျိုး - ကရင် (စကော)
အသင်းတော် - ရှင်ယောဟန် အသင်းတော်
သာသနာပိုင်နယ် - ဘားအံသာသနာပိုင်နယ်

"နက်နဲသော နှုတ်ကပတ်တော် သင်ယူခွင့်ရသည့်အတွက် ကျေးဇူးတော်ချီးမွမ်းပါတယ်။"



အမည် - စောဂျိမ်းစ်ဟဲဗန်း
မွေးသက္ကရာဇ် - ၅.၇.၁၉၈၃
လူမျိုး - ကရင် (စကော)
အသင်းတော် - ရှင်ယောဟန် အသင်းတော်
သာသနာပိုင်နယ် - ဘားအံသာသနာပိုင်နယ်

"ဘယ်လောက် ဟန်ဆောင်ကောင်းကောင်း
ဘုရားသခင်ရှေ့မှာ ဘီလူးဟာ ဘီလူးပဲ"
*"God see the Truth"*



အမည် - အက်စတာ လျင်ပီးနိမ်
မွေးသက္ကရာဇ် - ၂၈.၃.၁၉၈၅
လူမျိုး - ချင်း
အသင်းတော် - သန့်ရှင်းသူအပေါင်း အသင်းတော်
သာသနာပိုင်နယ် - မန္တလေးသာသနာပိုင်နယ်

"ဒုက္ခရောက်နေချိန်မှာ ကြေကွဲနေတဲ့နှလုံးသားကို နားလည်မှုအပြည့်အဝပေးနိုင်တဲ့သူဟာ သခင်ယေရှုသာ ဖြစ်တယ်။"

| | |
|---|---|
| အမည် | - စောထီစိုး |
| မွေးသက္ကရာဇ် | - ၁၆.၆.၁၉၈၅ |
| လူမျိုး | - ကရင် |
| အသင်းတော် | - ရှင်ရော့ဂျက် အသင်းတော် (သံတောင်ကြီး) |
| သာသနာပိုင်နယ် | - တောင်ငူသာသနာပိုင်နယ် |

"ခါးသီးတဲ့ ဒုက္ခတွေကြားမှာ ချိုမြိန်တဲ့ သုခလေးတွေကို ရှာဖွေကြည့်ပါ။"



| | |
|---|---|
| အမည် | - ရွှန် ကျင်ဇဆွန် |
| မွေးသက္ကရာဇ် | - ၉.၁၂.၁၉၈၇ |
| လူမျိုး | - ချင်း |
| အသင်းတော် | - သန့်ရှင်းသူအပေါင်း အသင်းတော် |
| သာသနာပိုင်နယ် | - မန္တလေးသာသနာပိုင်နယ် |

"နွေးထွေးသော အပြုံးသည် အကြင်နာတရား၏ ဘာသာစကားဖြစ်သည်။



| | |
|---|---|
| အမည် | - မသဲ့စောမာနယ်ထူး |
| မွေးသက္ကရာဇ် | - ၉.၆.၁၉၈၈ |
| လူမျိုး | - ကရင် |
| အသင်းတော် | - သန့်ရှင်းသူအပေါင်း (မြင်ဦးလွင်) |
| သာသနာပိုင်နယ် | - မန္တလေးသာသနာပိုင်နယ် |

"ကျွန်တော်ရဲ့အပြစ်တွေနဲ့ သင့်ရဲ့အပြစ်တွေ အားလုံးအတွက် ကျွန်တော်ကပဲ ပြန်တောင်းပန်ခဲ့ပါတယ်... ခွင့်လွှတ်ပါဗျာ..."





I. In this academic year, the college enrolls with (7) Faculties, (9) adjunct Lecturers.

**A. Faculties**

| | | |
|---|---|---|
| 1. | Revd. Dr. Simon Be Bin Htu | - Principal |
| 2. | Revd. Dr. Mark Saw Maung Doe | - Dean of Studies |
| 3. | Revd. Dr. Samuel San Myat Shwe | - Dean of Students |
| 4. | Revd. Reginald Bennett | - Lecturer |
| 5. | Sayama Saga Hkawng Tawng | - Lecturer |
| 6. | Saya Wai Moo | - Assistant Lecturer |
| 7. | Sayama Mary Hnin Hinin Aye | - Assistant Lecturer |

**B. Adjunct Lecturers**

1. Sayagyi Saw Aung Hla Tun
2. Sayama Christina May Mya Tun
3. Sayama Kareng Tawng
4. Sayama Sheila Mya Mya Nyein
5. Revd. Salai David
6. Revd. Smith Ngul Za Thawng
7. Revd. Samuel Htang Oak
8. The Right Revd. Samuel San Si Htay
9. Revd. U Kyaw Nyunt

**C. Faculty who are pursoing Futher Study.**

1. Revd. Mahn Zaw Lwin (VST, Canada)
2. Sayama Naw Myatt Hsu Mon (VTS, USA)
3. Sayama Lwin Thida Myint (VTS, USA)
4. Saya Moses Koser Htaw (MIT, M.Div)
5. Sayama Naw Mar Tha (MIT, M.Div)

**II. There are (40)Students. (28) male and (12) female.**

**A. Enrollment by class**

| Year | Male | Female | Total |
|---|---|---|---|
| First Year | 5 | 2 | 7 |
| Second Year | 11 | 3 | 14 |
| Third Year | 7 | 3 | 10 |
| Final Year | 5 | 4 | 9 |

B. Enrollement by Diocese

| | |
|---|---|
| Yangon | - 9 |
| Mandalay | - 6 |
| Taungoo | - 9 |
| Myitkyina | - 4 |
| Sittway | - 7 |
| Hpa-an | - 5 |

III. Staff

A. Office

1. Sayama Naw Mar Tha
2. Mai Myat Hsu Mon
3. Nant Thandar Win

B. Library

1. Saya John Thet Lwin (Librarian)
2. Sayama Wai Wai Myint (Assistant Librarian)
3. Naw Mercy (Staff)

C. Others

1. U Saw Mya Thinn (Driver)
2. S' Aung Thein (Gardener)
3. Nant Yee Yee Win (Cook)

## ၂၀၀၈/၂၀၀၉ ပညာသင်နှစ် ကျောင်းသားကျောင်းသူများ

| ပထမနှစ် | သာသနာပိုင် |
|---|---|
| ၁။ ဆလိုင်းမိုက်ကယ်နိုင်ထွန်း | ရန်ကုန် |
| ၂။ ဒဲယေလ စ' နိုင်ထွင့်ဦး | ရန်ကုန် |
| ၃။ စောကလိုထူးဝါး | တောင်ငူ |
| ၄။ နော်ပလေလိုဖေါ | တောင်ငူ |
| ၅။ ရှမွေလစောကလေးစော | ဘားအံ |
| ၆။ ဂျိုးဇက်ဘရန်မိုင် | မြစ်ကြီးနား |
| ၇။ မမိုးမိုးဝင်း | မြစ်ကြီးနား |

| ဒုတိယနှစ် | သာသနာပိုင် |
|---|---|
| ၁။ စ' ကြည်မင်းစိုး | ရန်ကုန် |
| ၂။ လုကာထွန်ထွန်းဝင်း | ရန်ကုန် |
| ၃။ စ' သန်းလွင် | ရန်ကုန် |
| | ရန်ကုန် |
| ၄။ စောဂေးလ်ဘတ် | တောင်ငူ |
| ၅။ စောဘီယာမီ | တောင်ငူ |
| ၆။ နော်အယ်ဝါး | တောင်ငူ |
| ၇။ စောအီမောလေး | ဘားအံ |
| ၈။ နော်အက်ကနက်(စ်) | ဘားအံ |
| ၉။ သောမတ်(စ်) ဘရန်မိုင် | မန္တလေး |
| ၁၀။ မိုင်ခင်နှယ်နှယ်ထွန်း | စစ်တွေ |
| ၁၁။ ဂျိုးဇက်ဟွေ့ကက် | စစ်တွေ |
| ၁၂။ စတီဗင်မွေဆီး | စစ်တွေ |
| ၁၃။ မာကုမျိုးကျော်လင်း | စစ်တွေ |
| ၁၄။ အိုက်ဇနောကာ | စစ်တွေ |

| တတိယနှစ် | သာသနာပိုင် |
|---|---|
| ၁။ ဆလိုင်းကလေမင်ဇော်မော်ဦး | ရန်ကုန် |
| ၂။ ဆယ်မြူရယ်အိုက်ဇက်ကျော် | ရန်ကုန် |
| ၃။ နော်ဝါဝါချို | ရန်ကုန် |
| ၄။ စောဂျိမ္မူးကဘော် | တောင်ငူ |
| ၅။ စောဘဲရီထူး | တောင်ငူ |
| ၆။ ဃွန်လက်ခိုင်း | မန္တလေး |
| ၇။ ယောဟန်ဆိုင်းလတ် | မြစ်ကြီးနား |
| ၈။ မာသရှယ်နန် | မြစ်ကြီးနား |
| ၉။ အိုက်သိန်းလင်း | စစ်တွေ |
| ၁၀။ အဲလီဇဘက်နုနုအောင် | စစ်တွေ |

| စတုတ္ထနှစ် | သာသနာပိုင် |
|---|---|
| ၁။ ရိုစလင်းရိုရိုမော် | ရန်ကုန် |
| ၂။ နော်ကညောဖေါ | တောင်ငူ |
| ၃။ စောထီစိုး | တောင်ငူ |
| ၄။ ဃွန်ကျင်ခွေန် | မန္တလေး |
| ၅။ မသဲစောမာနယ်ထူး | မန္တလေး |
| ၆။ အက်စတာလျှင်ပီးနိမ် | မန္တလေး |
| ၇။ မော်နီကာလျှင်နေကြောင် | မန္တလေး |
| ၈။ စောသာဒူး | ဘားအံ |
| ၉။ စောဂျိမ်းစ်ဟဲဗင်း | ဘားအံ |




# ကျမ်းအနက်ဖွင့်ခြင်း

( ရောမ ၁၂း၁၁ )

## ဘုန်တော်ကြီး ဒေါက်တာ စံမြတ်ရွှေ

"အားထုတ်ခြင်းအရာမှာ ပျင်းရိခြင်းမရှိဘဲလျက်၊ စိတ်တန်းသဖြင့် သခင်ဘုရား၏ အလိုတော်သို့လိုက်၍ အားထုတ်ကြလော့။" (ဂျက်ဆင်)

"မဖင့်မနွဲ့လုံ့လထုတ်လျက်။ စိတ်စေတနာထက်သန်လျက်။ အရှင်ဘုရား၏အစေတော်ကိုခံလျက်" (ဂံရက်)

ရောမညြဝါဒစာစောင်၏အဓိကအကြောင်းအရာမှာ ဘုရားသခင်၏ဖြောင့်မတ်ခြင်း (သို့) ဘုရားသခင်ထံမှလာသော ဖြောင့်မတ်ခြင်းဖြစ်သည်။ "ယေရှုခရစ်ကိုယုံကြည်ခြင်းအားဖြင့် ယုံကြည်သောသူအပေါင်းတို့အဘို့ဖြစ်၍ ထိုသူအပေါင်းတို့အပေါ်သို့ရောက်သော ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားသည် ထင်ရှားခဲ့ပြီ" (ရောမ ၃း၂၂) "ယေရှုခရစ်ရွေးနုတ်တော်မူသောအားဖြင့် အဘိုးကိုမပေးဘဲ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ရောက်ရကြ၏" (ရောမ ၃း၂၄) **သခင်ခရစ်တော်အားဖြင့်၊ ယုံကြည်ခြင်းအားဖြင့်၊ ကျေးဇူးတော်အားဖြင့်** ဖြောင့်မတ်ရာသို့ ရောက်ရကြသည်။ ထိုဖြောင့်မတ်ခြင်းကို ဘုရားသခင်ထံမှရရှိခြင်း၊ အသက်တာကို သန့်ရှင်းစေခြင်း၊ ဖြောင့်မတ်သော အသက်တာအဖြစ် ဘုရားသခင်ရှေ့တွင် သက်သေထူရခြင်း။ ထိုဖြောင့်မတ်ခြင်းကို အသက်တာတွင် လက်တွေ့ကျင့်သုံး ဆောက်တည်ခြင်းတို့ဖြင့် အဆင့်ဆင့်ဖော်ပြထားသည်။ အခန်းကြီး (၁၂) တွင် သခင်ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်သော အသင်းတော်အတွင်း၌ ဘုရားသခင်ပေးသော ဖြောင့်မတ်ခြင်း ရရှိထားသော အသက်တာဖြင့် မည်ကဲ့သို့ ကျင့်ကြံပြုမူအသက်ရှင်ရမည်ကိုဖော်ပြထားသည်။ ဘုရားသခင်ထံ မိမိတို့၏အသက်တာကို အသက်ရှင်သောပူဇော်သက္ကာအဖြစ် ဆက်ကပ်ရန်ဟုဆိုရာတွင် ဝိညာဉ်တော်အားဖြင့် ပြုပြင်ပြောင်းလဲခြင်းခံရပြီး အသစ်သောသဘော၊ ကိုယ်စိတ်နှလုံးသုံးပါးစလုံးဖြင့် ဆက်ကပ်အပ်နှံသည့်သဘောများ ပါဝင်သည့်အဓိပ္ပာယ်ရသည်။ မိမိတို့ပိုင်ဆိုင်ထားသော အစွမ်းအစ၊ ဆုကျေးဇူးများကိုလည်း၊ ဘုရားသခင်ထံမှ ခံယူရရှိထားသော လက်ဆောင်များအဖြစ် နားလည်လျက် နှိမ့်ချသည့်သဘော၊ ဘုန်းတော်ထင်ရှားစေရန်အလို့ငှာ အသုံးတော်ခံရန်ဖြစ်သည်။ ဖြောင့်မတ်ခြင်းကို ခံယူရရှိထားသည့်အသက်တာအားဖြင့် လက်တွေ့ဖော်ပြအသက်ရှင်ရာ၌ ရှင်ပေါလုဖော်ပြထားသော အချက်များထဲမှတစ်ချက်မှာ ဘုရားသခင်ကို မည်သို့မည်ပုံ အစေခံရမည့်အကြောင်းဖြစ်သည်။

အားထုတ်လုပ်ဆောင်ရာတွင် ပျင်းရိခြင်းမရှိရန်၊ စိတ်အားထက်သန်စွာဖြင့် အမှုတော်မြတ်၌ ပါဝင်အစေခံရန်ဟူ၍ တိုက်တွန်းထားသည်။ ဘုရားသခင်အား အကြွင်းမဲ့ဆက်ကပ်အပ်နှံထားသည့် အသက်တာသည် (သို့) ဘုရားသခင်ထံမှ ဖြောင့်မတ်ခြင်းကို ရရှိထားသော အသက်တာသည် ဘုရားသခင်၏ အစေခံရာတွင် ကိုယ်၊ စိတ်၊ နှလုံး အားလုံးဖြင့် အပြည့်အဝအားထုတ်လုပ်ဆောင်မှုသာလျှင် တစ်ခုနှင့်တစ်ခု ဆီလျော်မှုရှိပေမည်။ စာရေးဆရာတစ်ဦးက "သင်မည်သည့်အရာပဲလုပ်လုပ်၊ သင့်စိတ်လည်းပါဝင်ပါစေ။ သင်၏လက်ကို သင်၏စိတ်နှလုံးက အမြဲအဖော်ပြုပါစေ"ဟု ဖော်ပြထားသည်။ လူသားများအနေဖြင့် တစ်ခါတစ်ရံ ကိုယ်သွားတိုင်း စိတ်မပါသော အခြေအနေမျိုး ကြုံတွေ့နိုင်သည်။ တစ်ခါတစ်ရံ အာရုံစူးစိုက်မှုလျော့နည်းကာ မိမိလုပ်ဆောင်ရမည့်အရာ၏ ပန်းတိုင်ကိုမေ့လျော့ကာ ပျင်းရိခြင်း၊ လုပ်ဆောင်ရာတွင် ထိရောက်မှုမရှိခြင်းများ ဖြစ်ပေါ်တတ်သည်။ ဂျက်ဆင်ဘာသာပြန်ကျမ်းတွင် စိတ်တန်းလျက်ဟူ၍ သုံးနှုန်းထားသဖြင့် မိမိလုပ်ဆောင်ရမည့်အရာတို့ကို ဝေဝါးခြင်းမရှိဘဲ၊ နိုင်မာပြတ်သားသောစိတ်ဖြင့် လုပ်ဆောင်နေသည့်သဘောကို ဆိုလိုသည်။

ယနေ့ ကျွန်တော်/မတို့သည်လည်း ဘုရားသခင်၏အမှုတော်ကို မိမိတို့ကျရာကဏ္ဍမှ ဆောင်ရွက်ကြရာတွင် အလုပ်သဘောသက်သက်သာဖြစ်ပြီး ထိရောက်မှုမရှိသောအခြေအနေ၌ရှိပါသလား။ နိုင်မာပြတ်သားသော စိတ်ထားမရှိဘဲ ဇဝေဇဝါဖြစ်လျက် လုပ်ဆောင်နေပါသလား။ ယနေ့ ဤကျမ်းချက်များအားဖြင့် ရှင်ပေါလု ခွန်အားပေးလျက်ရှိသည်မှာ ဘုရားသခင်အတွက် အစေခံရာတွင် ခိုကပ်ခြင်း၊ အချောင်ခိုခြင်း၊ မိမိ၏အစွမ်းအစကို ထိန်ချန်ထားခြင်း၊ အလုပ်သဘောသက်သက်သာဖြစ်ပြီး ထိရောက်မှုမရှိခြင်းများတွေ့ပါက၊ သတိပြုရမည်မှာ ဘုရားသခင်ထံမှ ဖြောင့်မတ်ခြင်းကို ခံယူရရှိသောသူများအနေဖြင့် မိမိ၏ကိုယ်စိတ်နှလုံးသုံးပါးစလုံးကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံရန်ဖြစ်သည်။ ဤနည်းအားဖြင့် အမှုတော်ဆောင်ခြင်း၊ အစေခံခြင်းအရာတွင် ကိုယ်ရောစိတ်ပါ ပြည့်ဝစွာပါဝင်သည့်သဘော၊ နိုင်မာပြတ်သားစွာဖြင့် ပန်းတိုင်သို့ ဦးတည်နေသောသဘော၊ ဘုရားသခင်ပေးအပ်ထားသော ဆုကျေးဇူးများကို ပြည့်ဝစွာ ပြန်လည်အသုံးချသည့် သဘောများ ဖြစ်ပေမည်။ သို့မှသာလျှင် ထိရောက်သောအမှုတော်ဆောင်ခြင်း၊ ဘုရားသခင်၏ဖြောင့်မတ်ခြင်းသဘောကို မိမိတို့အသက်တာအားဖြင့် လက်တွေ့ဖော်ထုတ်ပြသနိုင်ခြင်း၊ ဘုရားသခင်ပေးထားသောအချိန်၊ ခွန်အားနှင့် ဆုကျေးဇူးအမျိုးမျိုးကို ထိန်ချန်ခြင်းမရှိ၊ ခိုကပ်ခြင်းမရှိဘဲ အသုံးတော်ခံခြင်းဖြင့် ရည်မှန်းချက်ပန်းတိုင်သို့ တည့်မတ်စွာဦးတည်လျက်၊ စစ်မှန်သောအမှုတော်ဆောင်ခြင်းနှင့် အစေခံခြင်းသဘာဝကို ပီပြင်စွာ ဖော်ပြနိုင်ပေမည်။

*ဘုရားသခင်ထံမှ ဖြောင့်မတ်ခြင်းကို ခံယူရရှိသူတစ်ဦး၏အမှုတော်ဆောင်ခြင်းသည် ကိုယ်၊ စိတ်၊ နှလုံး သုံးပါးစလုံး အစဉ်သဖြင့် ပါဝင်လျက်ရှိသည်။*

အမှုတော်မြတ်၌
ဘုန်တော်ကြီး ဒေါက်တာ စံမြတ်ရွှေ

# ဘားအံသာသနာပိုင်ကြီးနှင့် အင်တာဗျူး



Shalom: မင်္ဂလာပါ Bishop

Bishop: မင်္ဂလာပါ ရှာလုမ်...

S: ပထမဆုံးအနေနဲ့ Bishop ရဲ့ မိဘ၊ မွေးရပ်ဇာတိ၊ လူမျိုးနဲ့ မိခင်အသင်းတော်လေး ပြောပြပေးပါလား။

B: ကျွန်တော့်ကို အဖ ဦးဖိုးတယ်နဲ့ အမိ ဒေါ်ငွေလှိုင်တို့မှ ၁၉၅၂ခုနှစ်၊ အောက်တိုဘာလ(၅)ရက်နေ့မှာ ကရင် ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၊ လားဝါရွာမှာ မွေးဖွားခဲ့ပါတယ်။ စကောကရင်လူမျိုး ဖြစ်ပါတယ်။ မိခင်အသင်းတော်ကတော့ လှိုင်းဘွဲ့ရှင်ယောဟန် အသင်းတော်ပါ။

S: Bishop ရဲ့ မိသားစုနဲ့လည်း မိတ်ဆက်ပေးပါဦး။

B: ကျွန်တော့်မှာ သမီး (၁)ယောက် သား(၆)ယောက် ရှိပါတယ်။ ဇနီးက အငြိမ်းစား ကျောင်းဆရာမ ဖြစ်ပါတယ်။ ဒေါ်နော်ဖောရီ ဖြစ်ပါတယ်။ သားအကြီးက နာမည်က "စိုင်းလင်း" B.Sc ဘွဲ့ရပြီး တေးရေး/တေးဆို ကွန်ပြူတာစာစီစာရိုက်လုပ်ငန်း လုပ်တယ်။ ဒုတိယသားက "အက်ဒီဆင်" ဘွဲ့ရပြီးပြီ (စီးပွားရေးတက္ကသိုလ်) ကိုယ်ပိုင် Video ရိုက်ကူးရေးလုပ်ငန်းလုပ်တယ်။ တတိယသားက "လှိုက်မေနိုး" (၁၀)တန်းဖြေဖို့ လုပ်နေတယ်။ မွေးမြူရေးနဲ့ ရေလုပ်ငန်းမှာ အလုပ်လုပ်နေတယ်။ စတုတ္ထသားက "ဘောကဘော်ရေး" GTC တက်နေတယ်။ နောက်တစ်ယောက်က "နော်ဇေဒိုး" ဆယ်တန်းဖြေဖို့ လုပ်နေတယ်။ နောက်တစ်ယောက်က "အယ်ဒိုးဒိုး" သတ္တမတန်းမှာ ကျောင်းတက်ပြီး နောက်ဆုံး "အယ်ဒိုးဒိုး" ကတော့ ပဥ္စမတန်းမှာ ပညာသင်ကြားနေပါတယ်။

S: အမှုတော်ဆောင်လုပ်ငန်းမှာ Bishop ကို ဘုရားသခင် ရွေးကောက်ခေါ်ယူတော်မူခြင်းနဲ့ Bishop ရဲ့ အမှုတော်ဆောင် ဘဝအစလေးကို သိပါရစေ.

B: ၁၉၇၃ခုနှစ် မတ်လတုန်းက ထိုင်းမြန်မာနယ်စပ် တစ်နေရာမှာ သန့်ရှင်းသောဝိညာဉ်တော် အလင်းလုံးကြီး၏ ထင်ဟပ်မှုဖြင့် ဘုရားသခင် အမှန်တကယ် ခေါ်ယူကြောင်း သိရှိပြီး အမှုတော်ဆောင်ရန် ကျမ်းစာကျောင်းတက်ခဲ့ပါတယ်။ ကျမ်းစာကျောင်းတက်ချိန်မှာ ငှက်ဖျားရောဂါအားဖြင့် သုံးလေးရက် သတိလစ်ပြီးမှ ဘုရားသခင်အမှုတော်ဆောင်ရန်အတွက် တဖန် အသက်ပြန်ရှင်ခွင့် ပေးခဲ့ပါတယ်။ သာသနာပိုင် ဘိသိက်မခံမီအချိန်အထိ အသင်းတော်မှာ လုံးဝဥဿုံ သာသနာ ဖြစ်ပေါ်လာရေးအတွက် ကြိုးစားအားထုတ်ရန် ရူပါရုံထားရှိနေပါသည်။ ကြိုးလည်း ကြိုးစားခဲ့ပါတယ်။ အောင်မြင်မှုအသီးအပွင့်လည်း တချို့ ရရှိခဲ့ပါတယ်။

S: Bishop အနေနဲ့ သာသနာပိုင် ဘိသိက်မခံမီအချိန်အထိ အသင်းတော်မှာ ဘယ်လိုအခန်းကဏ္ဍများကနေ ပါဝင်ခဲ့ပါသလဲ။

B: ကျွန်တော် ၁၉၇၃ခုနှစ်မှာ ဘားအံသာသနာပိုင်နယ် တောင်ငူမြို့ရှိ ရှင်ပေတရု ကျမ်းစာကျောင်းမှာ ဓမ္မပညာဆည်းပူးခဲ့ပါတယ်။ ၁၉၇၆-၇၇ခုနှစ်မှာ ဘားအံမြို့ပေါ်ရှိ ရှင်ပေတရုကသီဒြယ် ကျောင်းတော်တွင် ဓမ္မဆရာတာဝန်အပြင် Compassion Programmee တွဲဖက်တာဝန်ခံအဖြစ် ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၇၉ခုနှစ် ဇွန်လ (၂၉)ရက် နေ့တွင် သင်းထောက်သိက္ခာ၊ ၁၉၈၀ပြည့်နှစ် မေလ (၁၆)ရက်နေ့မှာ တောင်ငူ ရှင်ပေါလုဘုရားကျောင်းမှာ ဘုန်းကြီးသိက္ခာကို သာသနာပိုင်ကြီး ရှောကျော်မြ လက်တော်မှ ခံယူရရှိခဲ့ပါတယ်။ ၁၉၇၉-၈၀ခုနှစ်မှာ ရှင်ပေတရုကျမ်းစာကျောင်းမှာ ကျမ်းစာကျောင်းအုပ် အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၈၁ခုနှစ်မှ ၁၉၉၀ခုနှစ်အထိ လှိုင်ကော်မြို့တွင် လက်ထောက် ဘုန်းကြီးအနေဖြင့်လည်းကောင်း၊ ၁၉၉၀ပြည့်နှစ် ဧပြီ လမှ ၁၉၉၂ခုနှစ် မေလအထိ ဘားအံသာသနာပိုင်၏ ယာယီအတွင်းရေးမှူးနှင့် ဘဏ္ဍာထိန်းတာဝန်ပေးခြင်း ခံခဲ့ရပါသည်။ ၁၉၉၂ခုနှစ် ဇွန်လမှ သာသနာပိုင်မဖြစ်မီ အချိန်အထိ တောင်ငူသာသနာပိုင်နယ်၊ လှိုင်ကော် ရှင်ပေါလု အသင်းတော်တွင် ကျောင်းထိုင်ဘုန်းကြီး အဖြစ်လည်းကောင်း၊ လှိုင်ကော်၊ မော်ချီး ရှင်ပြန် ထမြောက်ခြင်း အသင်းတော်တွင် ကျောင်းထိုင်ဘုန်းကြီး အဖြစ်လည်းကောင်း ကြည့်ရှုခဲ့ပါတယ်။

S: ၂၁ရာစု အမှုတော်ဆောင်တွေကို စိန်ခေါ်နေတဲ့ အရာတွေက ဘာတွေများ ဖြစ်နိုင်မလဲ။

B: ၂၁ရာစုမှာ အမှုတော်ဆောင်တွေကို စိန်ခေါ်နေတဲ့ အရာတွေကတော့ "ပညာ" (ပညာခေတ်)ဟု ဆိုပေမဲ့ အမှုတော်ဆောင်တွေဟာ ဝိညာဉ်တော်နှင့်ပြည့်ဝသော အမှုတော်ဆောင်များဖြစ်လာဖို့အတွက် သတိထားရပါမယ်။

S: အသင်းအဖွဲ့တစ်ခုမှာ "ခေါင်းဆောင်ဆိုတာ အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေတာ တွေ့ရပါတယ်။ ခေါင်းဆောင်တစ်ဦးရဲ့ ခေါင်းဆောင်မှုပေါ်မူတည်ပြီး အသင်းအဖွဲ့တစ်ခုဟာ တိုးတက်နိုင်သလို ဆုတ်ယုတ်မှုလည်း ရှိလာနိုင်ပါတယ်။ Bishop အနေနဲ့ ခေါင်းဆောင်ဆိုတဲ့ အရာကို ဘယ်လိုမြင်ပါသလဲ။

B: အသင်းအဖွဲ့တိုင်းမှာ ခေါင်းဆောင်ထက် ခေါင်းဆောင်ကောင်းရရှိဖို့ အလွန်အရေးကြီးပါတယ်။ ခေါင်းဆောင်တစ်ဦး ညံ့ဖျင်းလာပြီဆိုရင် အသင်းအဖွဲ့တစ်ခုလုံး ကျဆင်းနိုင်ပါတယ်။ ခေါင်းဆောင်ကောင်းတစ်ဦး ဦးဆောင်လာပါက ကြောက်ခမန်းလိလိ အဘက်ဘက်မှ တိုးတက်လာမည်ကို မြေကြီး လက်ခတ် မလွဲမြင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အသင်းအဖွဲ့တိုင်းမှာ ခေါင်းဆောင်ကောင်းရဖို့ လိုအပ်တဲ့ အကြောင်း သုံးသပ်မိပါတယ်။

S: တိုးတက်ပြောင်းလဲမှုတွေ မြန်ဆန်လွန်းနေချိန်မှာ

Angilican အသင်းတော်ဟာ နောက်များကျနေပါသလား။

B: တိုးတက်ပြောင်းလဲမှုတွေ မြန်ဆန်လွန်းနေချိန်မှာ Anglican အသင်းတော်ဟာ နောက်ကျနေပြီလို့ သုံးသပ်ရှိနေချိန်မှာ "ဘဲအုပ်က တစ်ရာနှစ်ရာ မပေဒါတစ်ပင်ထဲ ပန်းပန်လျက်ပဲ" ဆိုတဲ့ အရာ ကိုလည်း မမေ့နဲ့...

S: အသင်းတော် ရှင်သန်တိုးတက်ရေးမှာ ဖွံ့ ဖြိုးရေးရဲ့ အခန်းကဏ္ဍက ဘယ်အတိုင်းအတာအထိ ပါဝင်နေပါသလဲ။

B: အသင်းတော်ရှင်သန်တိုးတက်ရေးမှာ ဖွံ့ဖြိုးရေးကတော့ ရာနိုင်နှုန်းပြည့် ဖွံ့ ဖြိုးတိုးတက်မှုသာလျှင် အတုယူစရာ၊ နိလုံစရာ၊ အားထားစရာ ဖြစ်လာပြီး ရိတ်သိမ်းစရာလည်း ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

S: လှိုင်ကော်မှာရှိတဲ့ "စိုက်ပျိုးမွေးမြူရေး နည်းပညာ သင်ကြားခြင်းနှင့် ခေါင်းဆောင်သင်တန်းကျောင်းကို ဘယ်လို ရူပါရုံနဲ့ ဖွင့်ခဲ့ပါသလဲ။

B: အဲဒီကျောင်းရဲ့ ဆောင်ပုဒ်က "That we may be one"၊ သူ့ရဲ့အောက်မှာတွေ့နိုင်တဲ့ တစ်ခုကတော့ "Love your God, love your soil and love your neighbour" ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားအားလုံး ဘုရားသခင်ကို ချစ်တတ်ဖို့ ဘုရားဖန်ဆင်းတဲ့ မြေကို ချစ်တတ်ဖို့၊ ပတ်ဝန်းကျင်ကို ချစ်တတ်ဖို့ အတူတကွ ဖွံ့ဖြိုးတိုးတက်ကြဖို့က ကျောင်းရဲ့ ရူပါရုံ ဖြစ်ပါတယ်။

S: လက်ရှိ အသင်းတော်များမှာရှိတဲ့ အသင်းသူ အသင်းသားများရဲ့ ဝိညာဉ်ရေးနဲ့ ဆက်ကပ်ခြင်းအပေါ် Bishop ရဲ့ အမြင်လေး သိပါရစေ...

B: သခင်ခရစ်တော်အပေါ်ကို မြင်ပုံမြင်နည်းလေး လိုအပ်နေတယ်လို့ ထင်ပါတယ်။ သခင်ခရစ်တော်ဟာ ဘယ်သူလဲ၊ ဘယ်လိုသိခဲ့သလဲ၊ သာသနာပိုင်တွေ၊ ဘုန်းကြီးတွေပြောတဲ့ ခရစ်တော်ကိုသိတာလား။ သမ္မာကျမ်းစာထဲက ယေရှုအကြောင်းကို သိတာလား။ မိမိကိုယ်တိုင် ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် သိတာလား ဆိုတာကို ရှင်းရှင်းလင်းလင်း မြင်ဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။

S: အသင်းတော်ရှိ အမှုတော်ဆောင်ခေါင်းဆောင်များ မွေးထုတ်ခြင်းအပေါ် Bishop ဘယ်လို မြင်ပါသလဲ။

B: အနာဂတ်အတွက် ခေါင်းဆောင်မွေးထုတ်ရန် မလို ဟူသော အယူအဆဟာ HIV၊ ကင်ဆာရောဂါခံစားရသော ဝေဒနာရှင်နဲ့ တူပါတယ်။

S: ဗွဲကပင်မြေအတွက် Bishop ရဲ့ သာသနာလုပ်ငန်း ရူပါရုံလေးကို ပြောပါပေးပါလား။

B: ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် ၂၀၀၉ခုနှစ် နှစ်ဆန်းပိုင်းတွင် စည်းလုံးညီညွတ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘားအံသာသနာပိုင်နယ် မိသားစုမိတ်သဟာယပွဲတော်ကို ကျင်းပမှာ ဖြစ်ပါတယ်။ နောက်ပြီး (၉)နှစ်အတွင်း မိမိကိုယ်ပိုင် ရပ်တည်နိုင်ရေးအတွက် စီမံကိန်းကြီးတစ်ခု ချမှတ်ပြီး ပန်းတိုင်အရောက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဝေငလီနှင့် သာသနာပြုအထူးဒေသကြီးတစ်ခုကို နိုင်မာစွာ တည်ထောင်လျက်၊ လူမှုဖွံ့ဖြိုးရေးနှင့် ဝိညာဉ် ရိတ်သိမ်းရေးကို အထူးတလည် တည်ဆောက် သွားမယ်။ ပညာရေး၊ ကျန်းမာရေး၊ ခေါင်းဆောင်ကောင်း ပေါ်ထွက်ရေးအတွက် အမြင့်ဆုံးမျှော်မှန်းလျက် ဆောင်ရွက်သွားမယ်။ ၂၀၁၇ခုနှစ် ဘားအံသာသနာပိုင်၊ မဟာဂျူဘလီနှစ် နှစ်တစ်ရာပြည့်ပွဲကို ကျင်းပသွားဖို့ ရှိပါတယ်။

S: ရှာလုမ်စာဖတ်ပရိတ်သတ်တွေကို ပြောချင်တဲ့ Bishop ရဲ့ ရင်တွင်းစကားလေး ပြောပေးစေချင်ပါတယ်။

B: ရှာလုမ်ဆိုတဲ့ ငြိမ်းချမ်းခြင်း မဂ္ဂဇင်းဖတ် ပရိတ်သတ်တွေကို တိုးတိုးလေး တစ်ခုပြောချင် ပါတယ်။ "ယေရှုက ဘယ်သူလဲ..."

S: ရှာလုမ်ကို အချိန်ပေးပြီး ဖြေကြားပေးသွားတဲ့ Bishop ကို အထူးကျေးဇူးတင်ပါတယ်။

B: ရှာလုမ်ကို Bishop အနေနဲ့လည်း အထူး ကျေးဇူးတင်ပါတယ်။





# ပင်ပန်းသော်လည်း မောပန်းခြင်းကင်းသူ

## ဘုန်းတော်ကြီး အက်စ်ထန်အုပ်

လက်ထောက်သာသနာပိုင်

အားကစားသမားများသည် အစဉ်လေ့ကျင့်ခန်းဝင်နေကြရသည်။ လေ့ကျင့်ခြင်းအားနည်းသူများသည် ရေရှည်တွင် အမောမခံနိုင်။ ကျွမ်းကျင်မှုလည်း အားနည်းတတ်သည်။ လက်ငှေသမားများသည် လေ့ကျင့်မှုများလျှင်၊ ကျွမ်းကျင်မှုတိုးတက်လာသကဲ့သို့ သက်လုံကောင်းမှုလည်း ပြည့်ဝတတ်သည်။ အားကစားမျိုးစုံအတွက် သက်လုံကောင်းမှုသည် အောင်မြင်မှုအတွက် အရေးကြီးသော အချက် ဖြစ်သည်။ ဆရာဝန်ကြီးများသည်လည်း သမားတော်ကောင်းများဖြစ်လာရန် ရောဂါနှင့်ပတ်သက်သော အကြောင်းအရာများကို လေ့လာကျက်မှတ်ကြရသည်။ လေ့လာသိရှိသောအရာများကိုလည်း လက်တွေ့လုပ်ဆောင်ခြင်းဖြင့် စမ်းသပ်ကြရသည်။ ကျွမ်းကျင်မှုအတွက် လေ့ကျင့်မှုပြုရသကဲ့သို့ စေတနာလည်းထားရသည်။ လူမမာများ သက်သာပျောက်ကင်းအောင် နည်းလမ်းမျိုးစုံကို အသိနှင့် လက်တွေ့ပေါင်းစပ်ကာ အကောင်းအထည်ဖော် လုပ်ဆောင်ကြရသည်။ သို့မှသာ အမှန်တကယ်ကျွမ်းကျင်သော သမားတော်ကောင်း ဖြစ်လာမည်ဖြစ်သည်။

**လူတိုင်းသည် လုသားများဖြစ်နိုင်သည့် အခြေအနေကို ရယူနိုင်ကြသည်။** အရည်အချင်းများကိုလည်း တည်ဆောက်နိုင်ကြသည်။ သို့သော် မိမိတို့ လုပ်ငန်းတွင် မေတ္တာ၊ စေတနာနှင့် ကျွမ်းကျင်မှုပေါင်းစပ် လုပ်ဆောင်သည့်သူ နည်းပါးတတ်ကြသည်။ ယနေ့ လူသားအများစုမှာ မိမိတို့ စားဝတ်နေရေးအတွက် ဦးစားပေး အသက်ရှင်တတ်ကြသည်။ မိသားစုအတွက် ရုန်းကန်နေကြရသည်။ မိမိတို့အတွက် လိုအပ်သော ဝတ္ထုပစ္စည်းများကို ရယူနိုင်အောင် နည်းမျိုးစုံ ရှာကြသည်။ တရားသောနည်းလမ်းဖြစ်စေ၊ မတရားသော နည်းလမ်းဖြစ်စေ၊ ဘာသာတရားနှင့်ကိုက်ညီသည်ဖြစ်စေ၊ ဘုရားအလိုတော်နှင့် ဆန့်ကျင်သည်ဖြစ်စေ မိမိတို့အလိုပြည့်စုံလျှင် ကျေနပ်နေကြသည်က များသည်။ မိမိတို့ ဆန္ဒပြည့်လျှင် ဘုရားအလိုတော်ဟု ပုံချတတ်ကြတော့သည်။ ခက်ခက်ခဲခဲ ကြိုးစားလုပ်ဆောင်ရမည့်အလုပ်မျိုးကို တတ်နိုင်သမျှ ရှောင်လိုကြတော့သည်။

ရှေး ဘိုးဘေးများ၏ အသက်တာ၊ ယုံကြည်မှုအတွက် တည်ဆောက်အသက်ရှင်ခဲ့ကြသည်ကို ပြန်ပြောင်းသတိရသင့်ပါသည်။ စည်းစိမ်နှင့်နေနိုင်သော်လည်း ၎င်းကို စွန့်ကာ မြန်မာပြည်သို့ လာရောက်အသက်ပေးကြသူများမှာ စံထားသိသင့်သော အသက်တာ ဖြစ်ပါသည်။ မျက်မမြင်များအတွက် မြန်မာစာကို ပထမဦးဆုံးတီထွင်ပေးသည့် ဟာသာဂျက်ဆင်သည် အင်္ဂလန်တွင် ကောင်းစွာနေထိုင်နိုင်သူဖြစ်သည်။ သို့ရာတွင် မြန်မာပြည်တွင်သာ မိမိအသက်ကို ပေးသည်အထိ မျက်မမြင်များဘဝကို မြှင့်တင်ပေးခဲ့သည်။ မျက်မမြင်များ စာဖတ်တတ်၊ ရေးတတ်အောင် တီထွင်



# ဘုရားသခင်၏ အမှုတော်ကို ဆောင်ရွက်တော့မည်ဆိုလျှင်

မြည်ငြိမ်းအေး

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် သန့်ရှင်း သော ကားတိုင်ဓမ္မတက္ကသိုလ်၏ ၂၀၀၈-၂၀၀၉ ခုနှစ်၏ ဆောင်ပုဒ်မှာ "ဝိညာဉ်စိတ်အားထက်သန်စွာ၊ ဘုရားသခင်၏ အမှုတော်ကို ဆောင်ရွက်ကြလော့" (ရော ၁၂း၁၁) "Keep your Spiritual fervor, serving the Lord" ဟူ၍ ဖြစ်ကြောင်း သိရှိရသည်။

ဤကျမ်းပိုဒ်တိုကလေးသည် စာတစ်ကြောင်းပင် မပြည့်သော်လည်း ဉာဏ်မီသလောက် အဓိပ္ပာယ်ဖွင့်ဆို ရလျှင် ရေး၍ပြီးဆုံးနိုင်ဖွယ် မရှိချေ။ ဆောင်ပုဒ်၏ အဓိပ္ပာယ်မှာ ရိုးရှင်းလှသော်လည်း၊ ဆောင်ပုဒ်အတိုင်း လိုက်နာဆောင်ရွက်အကောင်အထည်ဖော်ရမည်ဆိုလျှင် မည်မျှ ခက်ခဲနက်နဲသည်ကိုလည်း နားလည်နိုင်ကြမည် ဖြစ်ပါသည်။



ဤကျမ်းပိုဒ်ကလေးသည် ဓမ္မတက္ကသိုလ်တစ်ခု အတွက် တစ်နှစ်တာ ဆောင်ပုဒ်ဖြစ်သော်လည်း ယုံကြည်သူ ခရစ်ယာန်တစ်ဦးစီအတွက် အသက်တာဆောင်ပုဒ်လည်း ဖြစ်ဖို့ကောင်းပါသည်။ အထူးသဖြင့် ဝိညာဉ်တော်ခွန်အားဖြင့် ကင်း၍ ခရစ်ယာန်တစ်ဦးအနေဖြင့် အသက်မရှင်နိုင်သလို၊ ဘုရားသခင်၏ အမှုတော်ကို တစ်ထောင့် တစ်ကဏ္ဍမှ အမှုတော်မဆောင်နိုင်ပြန်လျှင်လည်း ခရစ်ယာန်တစ်ဦး အနေဖြင့် ခရစ်ယာန်အသိုင်းအဝိုင်းထဲ အသက်ရှင်နေခြင်းမှာ အဓိပ္ပာယ်မရှိ ဖြစ်နေပေလိမ့်မည်။

ဆိုလိုသည်မှာ ယနေ့ ခရစ်ယာန်အမည်ခံထား သော်လည်း ဝိညာဉ်တော်လမ်းပြမှုကို မခံယူသော၊ ဝိညာဉ် ခွန်အားမရှိသော၊ ဝိညာဉ်ခွန်အားဆိုသည်ကို မခံစားတတ်၊ နားမလည်သော ခရစ်ယာန်အမြောက်အမြား ရှိသကဲ့သို့၊ ခရစ်ယာန်အသိုင်းအဝိုင်းထဲ ခရစ်တော်၏ အမှုတော်ကို မသိကျိုးကျွံသဘောထား၍ လှည့်မကြည့်ဘဲ နေထိုင်သူ များလည်း ဒုနှင့်ဒေး ရှိနေကြသည်။

ပင်တေကုတ္တေပွဲနေ့၌ လူအပေါင်းတို့သည် တစ်ညီတစ်ညွတ်တည်း စုဝေးပြီးနောက် သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်ကြွလာသည့် အချိန်မှစ၍ အသင်းတော်ကို စတင်တည်ထောင်ခဲ့ခြင်းကို ကြည့်လျှင်၊ ဝိညာဉ်တော်မပါဘဲ၊ လူတစ်ဦးချင်း၌ ဝိညာဉ်ခွန်အားမရှိဘဲ အောင်မြင်သော အသင်းတော်ကို မတည်ဆောက် နိုင်ကြောင်း မှတ်ယူရမည်။ တစ်နည်းအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် မပြည့်ဝဘဲ မည်သည့်မျှအသင်းတော်၌ မည်သည့်အမှုကိုမှ ဆောင်ရွက်နိုင်စွမ်းရှိလိမ့်မည် မဟုတ်ချေ။ သန့်ရှင်းသောဝိညာဉ်တော် လမ်းပြမှုကို မခံယူ၊ သန့်ရှင်းသော ဝိညာဉ်တော်၏တန်ခိုးကို နားမလည်၊ မိမိ၏ တစ်ကိုယ်တည်း ဝိညာဉ်ခွန်အားမရှိခြင်းဖြင့် အသက်ရှင်သော ယုံကြည်သူ တစ်ဦး၏ အသက်တာသည် လောကဗ္ဗရာဆိုင်ရာ အနာဂတ်မရှိသူနှင့် အတူတူပင် ဖြစ်သည်။

ဝိညာဉ်ရေး၌ သေဆုံးသူတို့သည် မိမိတို့၏ အပြစ်များကို ဝန်ချတောင်းပန်ခြင်းမပြု။ အပြစ်လွှတ်ပါရန် လည်း တောင်းခံခြင်းမရှိသော အပြစ်သားများဖြစ်သည်။ သူတို့သည် ရုပ်ခန္ဓာအားဖြင့် အသက်ရှင်နေသော်လည်း သေနေသူ များသာ ဖြစ်သည်။ ဝိညာဉ်ရေး၌ သေနေသူတို့သည် နောက်ဆုံး၌ ထာဝရသေခြင်းတွင်သာ အဆုံးသတ်ကြရသည်။ ထိုနောက် ဘုရားသခင်၏ ထာဝရ အပြစ်ဒဏ်ခတ်ခြင်းကို ခံရကြမည်။ ဤသို့ သေခြင်းကို ဒုတိယသေခြင်းဟု ခေါ်ဆိုသည်။ (ဗျာ ၃း၁)

(၁ကော ၁၂)တွင် ဝိညာဉ်တော်ဆုကျေးဇူးနှင့် ပတ်သက်၍ ရှင်းလင်းစွာ ဖော်ပြထားသည်။ ဝိညာဉ်တော်နှင့် ကင်းနေသူများအဖို့ အသက်တာ၌ ဆုကျေးဇူးများနှင့် ဝေးနေ ဦးမည်သာဖြစ်သည်။ ဝိညာဉ်တော်ဆုကျေးဇူးနှင့် ကင်းဝေး ပြီဆိုကတည်းက ထိုသူ၏ဘဝသည် အသက်ရှင်စဉ်အတွင်း တဖြည်းဖြည်း ခမ်းခြောက်ပျက်စီးခြင်းနှင့်သာ အဆုံးသတ် ရပေလိမ့်မည်။

ဤကျမ်းတွင် ဖော်ပြထားသော ဝိညာဉ်ဆု ကျေးဇူးတွင်၊ အချို့သော ဆုကျေးဇူးများသည် မိမိကိုယ်ကို တည်ဆောက်ရန်အတွက်ဖြစ်သကဲ့သို့၊ အဓိကအားဖြင့် ခရစ်တော်အကြောင်းကို သက်သေခံရန်လည်းကောင်း၊ အခြားသူများ(လောကကြီး)ကို စေခံရန်လည်းကောင်း၊ အသင်းတော်ကို တည်ဆောက်ရန်လည်းကောင်း၊ ယုံကြည်သူများကို ပြင်ဆင်ပေးနေခြင်းဖြစ်သည်။ ဝိညာဉ် ဆုကျေးဇူးကို ပေးသူက ပေးနေသလို၊ ခံယူသူက အလေး အနက် ခံယူပါလျှင် ခရစ်တော် ကိုယ်ခန္ဓာတည်းဟူသော အသင်းတော်ကို တည်ဆောက်ရာ၌ အထူးသဖြင့် အောင်အောင်မြင်မြင် ကူညီလာနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ခရစ်ယာန်တစ်ဦးစီ၌ ဝိညာဉ်သဘော ရှိရန် လွန်စွာအရေးကြီးလှပါသည်။ ဝိညာဉ်သဘောရှိခြင်း ဆိုသည်မှာ ဘုရားသခင်ကို ညွတ်ပျရှိခိုးခြင်း၊ နှုတ်ကပတ် တော်ကို ဆင်ခြင်အောက်မေ့ခြင်းနှင့် ဆုတောင်းခြင်းအလို့ငှာ ဘုရားသခင်အတွက် အချိန်ပေးခြင်း ဖြစ်ပါသည်။ သားတော် ယေရှုအပါအဝင် ဘုရားသခင်လူများသည် ဘုရားသခင်နှင့် တစ်ဦးချင်း မိတ်သဟာယဖွဲ့ရန်အလို့ငှာ ဆိတ်ငြိမ်ရာအရပ်၌ အချိန်ယူကြရပါသည်။ ဘုရားသခင်၏ ငြိမ်သက်ခြင်းဖြင့် ပတ်စည်းခြင်းခံရသောအခါ သူတို့သည် စိန်ခေါ်ခြင်းများနှင့် အခက်အခဲများကို ရင်ဆိုင်ဖို့ရန် တတ်စွမ်းနိုင်ခဲ့ကြသည်။

သို့သော် ဝိညာဉ်တော်နှင့် တန်ခိုးကို ယုံကြည်သူ


အမည်ခံများကိုယ်၌ လေးလေးနက်နက် ယုံကြည်ကြပုံ မပေါ်ချေ။ ယနေ့ ရှုပ်ထွေးမှုပွေလီလာသော စားဝတ်နေရေးနွံအတွင်း ချာလပတ်လည်နေခြင်း၊ မယ်မယ်ရရ ဖော်ပြနိုင်စွမ်း မရှိသော အလုပ်များနှင့် လုံးလည်လိုက်နေခြင်းတို့ကြောင့် ဘုရားသခင်၏စကားအား နားထောင်ဖို့ရန် အချိန်မပေးနိုင်ကြတော့ပါ။ အသင်းတော်အတွက် အမှုတော်ဆောင်ဖို့ လှည့်ကြည့်မအားတော့ပါ။ ထို့ကြောင့် လူ့ဘဝအခြေအနေသည် လှုပ်လေမြုပ်လေ၊ ရုန်းလေနစ်လေ၊ ပျံ့လေဝေးလေ ဖြစ်နေပေသည်။

အထက်ပါအချက်များကို လေ့လာ၍ ဝိညာဉ်သဘောမရှိခြင်း၊ ဝိညာဉ်ခွန်အားမရှိခြင်း၊ ဝိညာဉ်ဆုကျေးဇူး မရှိဘဲနှင့် မည်သည့်အမှုကိုမှ မဆောင်ရွက်နိုင်ကြောင်း သိသာပေါ်လွင်နေပြီဖြစ်သည်။ တစ်နည်းအားဖြင့် ဝိညာဉ်ခွန်အားရှိခြင်းဆိုသည်ကို စာရေးသူအနေဖြင့် အဓိပ္ပာယ်ဖွင့်ဆိုလိုသည်မှာ ဘုရားသခင်ကို သိခြင်း၊ နှုတ်ကပတ်တော်ကို အစဉ်အောက်မေ့ခြင်း၊ ဆုတောင်းခြင်းအသက်တာ၌ ပြည့်ဝခြင်း၊ ဘုရားသခင်၏အလိုတော်ကို ဝန်ခံနိုင်စွမ်းရှိခြင်း၊ ကြင်နာခြင်း၊ သနားခြင်း၊ နှိမ့်ချခြင်း၊ သိမ်မွေ့ခြင်းနှင့် သည်းခံခြင်းတို့ပင် ဖြစ်သည်။

ဓမ္မတက္ကသိုလ်၏ဆောင်ပုဒ်ဖြစ်သော "ဝိညာဉ်စိတ်အားထက်သန်စွာ ဘုရားသခင်အမှုတော်ကို ဆောင်ရွက်ကြလော့" ဆိုသည့် စာပိုဒ်တွင် ဝိညာဉ်ဆိုင်ရာ အကြောင်းကို အတော်အသင့် ဆင်ခြင်ပြီးဖြစ်၍ အမှုတော်ကို မည်သို့ဆောင်ရွက်က မည်သည့်အချက်ကိုလည်း စဉ်းစားဆင်ခြင်ဖို့ လိုလာပါသည်။

အမှုတော်ဆောင်ခြင်း အမျိုးမျိုးရှိသော်လည်း ဤနေရာ၌ သိက္ခာတော်ကို ခံယူ၍ အမှုတော်ဆောင်ခြင်းနှင့် သာမန်တပည့်တော်ဘဝဖြင့် အမှုတော်ဆောင်ခြင်း (၂)မျိုးကိုသာ စဉ်းစားလိုပါသည်။ တစ်နည်းအားဖြင့် ခေါင်းဆောင်နှင့် နောက်လိုက်နှစ်မျိုးနှစ်စား၏ အမှုတော်ဆောင်ခြင်းအကြောင်းကိုသာ စဉ်းစားလိုပါသည်။ ပထမဦးစွာ အမှုတော်ဆောင်ဘဝဖြင့် အသင်းတော်ဘောင်အတွင်း အချိန်ပြည့် တာဝန်ယူခြင်းသဘောကို ဆန်းစစ်ရန် လိုအပ်ပါသည်။

# အမှုတော်ဆောင်ဘဝသည် သြဇာအာဏာနှင့် အခွင့်အရေးကို ရယူပိုင်ဆိုင်ခွင့်ရှိသည်ဟု မျှော်လင့်ထားပါသလော။





သိက္ခာတော်ကို ရယူပြီး အဘယ်ကြောင့် ဘုရားသခင်၏အမှုတော်ကို ထမ်းဆောင်လိုကြသနည်း။ ဆယ်တန်းပညာကိုအောင်မြင်၍ တက္ကသိုလ်ပညာကို ဆက်တက်ခါ၊ လိုအပ်သော ခေတ်မီပညာရပ်များကို ဆက်လက်သင်ကြားပြီး ပြင်ပလုပ်ငန်းခွင်များ၌ အဘယ်ကြောင့် မလုပ်လိုကြသနည်း။

ယနေ့ ဓမ္မတက္ကသိုလ်ပညာသင်ကြားလျှင် တစ်နှစ်လျှင် အနည်းဆုံးကျောင်းစရိတ် ငါးသိန်းနှင့် အခြားစရိတ်ထည့်တွက်လျှင် ရှစ်သိန်းလောက် ကုန်ကျနိုင်ပါသည်။ ပြင်ပလောကီပညာများကို သင်ကြားလျှင်လည်း ထိုမျှလောက်နီးနီးပင် ကုန်ကျနိုင်ပါသည်။ လေးနှစ်တက်လျှင် သိန်းသုံးဆယ်ကျော်၊ သိန်းလေးဆယ်ပတ်ဝန်းကျင် ကုန်ကျသည်။ သည်တော့ ဘဝအာမခံချက်အတွက် မည်သည့်လိုင်းကို ရွေးမည်နည်း။ ဤနေရာတွင် ခံယူချက်၊ ယုံကြည်ချက်၊ မျှော်လင့်ချက်ဆိုသည့် အရာများ ပေါ်လာသည်။

လက်တွေ့စဉ်းစားလျှင် ပြင်ပလောကီလုပ်ငန်းအတွက် မိဘများက ရင်းနှီးမြှုပ်နှံမှု မပြုလုပ်နိုင်လျှင် သာမန်သူလိုငါလိုဘဝနှင့်သာ ကုန်ဆုံးသွားရမည်။ မိမိကိုယ်၌ ထူးထူးချွန်ချွန်၊ ထက်ထက်မြက်မြက်မရှိလျှင် သာမန်လခစားဘဝဖြင့် ကုန်ဆုံးသွားရမည်။ တက္ကသိုလ်ဘွဲ့ရ ဆိုစေဦးတော့၊ အလုပ်တစ်ခုရဖို့ရန် သိပ်တော့မလွယ်လှချေ။ နယ်ဘက်မှလူငယ်များ ဆယ်တန်းအောင်၍ ကျောင်းဆရာလုပ်လိုလျှင် လိုအပ်သော ဆရာအတတ်သင်တက်၍ ကျောင်းဆရာဖြစ်နိုင်သော်လည်း နယ်စွန်နယ်ဖျားသွားရသည့်အတွက် တွက်ချေမကိုက် ရှိကောင်းရှိနိုင်သည်။ ဤအချက်သည် စဉ်းစားချက်တစ်ချက်မျှသာ ဖြစ်သည်။

ဓမ္မတက္ကသိုလ်တက်ရောက်သူများဘက်မှမူ မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ်ရန် လိုအပ်မည်ဖြစ်သည်။ အဘယ်ကြောင့် အမှုတော်ဆောင်ဖြစ်လိုသနည်း။ မည်သည့် ရည်ရွယ်ချက်ကြောင့် ဖြစ်လိုသနည်း။ မိမိ၏ စစ်မှန်သော ဘဝပန်းတိုင်ကား အဘယ်နည်း။ အသေအချာ တွက်ချက်ဆန်းစစ်ရမည်။

သိက္ခာတော်ရ အမှုတော်ဆောင်များ၏ဘဝသည် အနေအစားချောင်သည်ဟု မှတ်ယူပါသလော။ အမှားကြီးမှားသွားနိုင်သည်။

သိက္ခာတော်ရ အမှုဆောင်များတွင် ပြည့်ပအခွင့်အရေးများ ပေါ်တတ်သည်ဟု ထင်မြင်ပါသလော။ တက်တက်စင်အောင် လွဲသွားနိုင်သည်။ (ကြံဖန်၍ တစ်ကိုယ်ကောင်းအကြံအစည်ဖြင့် ဆောင်ရွက်လျှင်တော့ မပြောတတ်ပါ။)

သိက္ခာတော်ရအမှုဆောင်များ၏ဘဝသည် အစစအရာရာ ဦးစားပေးခြင်းခံရ၍ သာယာမှုရှိမည်ဟု ယူဆပါသလော။ စိန့်ဩဂတ်စတင်း ဘာပြောသနည်း။ သခင်ခရစ်တော် မည်သို့သော အသက်တာဖြင့် ပုံစံပြသွားသနည်း။ စစ်မှန်သော အမှုတော်ဆောင်ကျင့်ဝတ်အတိုင်း တည်ဆောက်ရလျှင် ဝေးလေကောင်းလေဟု ဆုံးဖြတ်လာပါမည်။

အမှုတော်ဆောင်ဘဝသည် သြဇာအာဏာနှင့် အခွင့်အရေးကို ရယူပိုင်ဆိုင်ခွင့် ရှိသည်ဟု မျှော်လင့်ထားပါသလော။ သခင်ခရစ်တော်သည် တန်ခိုးရှင်ဖြစ်သော်လည်း နောက်ဆုံးအချိန်၌ လူသားအားလုံး၏ အပြစ်သွေးကို မိမိဦးခေါင်းပေါ်အတင်ခံ၍ ကားတိုင်ပေါ်၌ ရက်ရက်စက်စက် အသေခံသွားသည်ကို သဘောပေါက်သင့်သည်။

အမှန်တကယ် အလေးအနက်ထား ဆင်ခြင်စဉ်းစားလျှင် အပြစ်သားလူသားများ၏ အပြစ်သွေးများကို မိမိခေါင်းပေါ် အသားလွတ်အတင်ခံ၍ မိမိဘဝကို အမှုတော်ဆောင်ခြင်း၌နှစ်မြှုပ်နိုင်သူတို့၏ စွန့်လွှတ်စွန့်စားရဲသော စိတ်ဓာတ်ထက် မြင့်မြတ်သောစိတ်ထား ဤကမ္ဘာတွင် မရှိနိုင်ပြီ။

နဂိုမူလကတည်းက ရည်ရွယ်ချက်မမှန်၊ ခံယူချက်မကောင်း၊ ယုံကြည်ချက်မရှိဘဲ ဓမ္မတက္ကသိုလ် လာရောက်တက်သူများ ရှိနေမည်ဆိုလျှင် မိမိအခြေအနေမှန်ကို အသေအချာ ပြန်လည်စဉ်းစားဖို့သင့်ပြီ၊ မိမိရွေးချယ်သည့်လမ်း မှန်မမှန်ပြန်လည်ဆန်းစစ်သင့်သည်။ မိမိသည် ရိုးသားဖြူစင်စွာဖြင့် အသင်းတော်ကို တည်ဆောက်မည့်သူလော၊ သို့မဟုတ် ကောက်ကျစ်သောအကြံဉာဏ်ဖြင့် ဘုရားသခင်နာမတော်၌ လုပ်စားမည့်သူလော။ မိမိပင်ကိုယ်ဆုံးဖြတ်ချက်မှန်လျှင်၊ ဘုရားသခင်၏ အပြစ်ဒဏ်စီရင်ခြင်းမှ ကင်းလွတ်နိုင်မည် ဖြစ်သောကြောင့် အချိန်မီနိုင်သေးသည်။

အချိန်မီနိုင်သေးသည်ဆိုသောအချက်မှာ ကျောင်းမှထွက်ရန်မဟုတ်၊ မမှန်ကန်သောစိတ်ဓာတ်ကို ပြုပြင်ရန် ရိုးသားမှုမရှိသော အကျင့်ကို ပြောင်းလဲရန်၊ အားနည်းလျက်ရှိသော ခံယူချက်ကို အားဖြည့်ရန်၊ မှေးမှိန်နေသော ယုံကြည်ချက်ကို အသစ်တဖန် ပြန်လည်နိုင်မာစေရန်ဖြစ်သည်။ တစ်နည်းအားဖြင့် ဝိညာဉ်သဘော၊ ဝိညာဉ်ခွန်အား၊ ဝိညာဉ်တန်ခိုးတို့ဖြင့် ယခုကတည်းက ဖြည့်စွက်အားမွေးဆောင်ရွက်နိုင်မှသာလျှင်၊ တစ်နေ့အမှန်တကယ် အမှုတော်ထမ်းရမည့် အချိန်ကာလများ၌ အောင်အောင်မြင်မြင်၊ ထူးထူးချွန်ချွန် အစေခံနိုင်မည် ဖြစ်ပေသည်။

ဤကဲ့သို့ပင် သာမန်တပည့်တော်များအနေဖြင့်လည်း ယုံကြည်သူခရစ်ယာန်တစ်ဦး ဖြစ်ပါလျက်၊ အသင်းတော်သောင် အဝန်းအဝိုင်းအတွင်း နေထိုင်အသက်ရှင်နေပါလျက်၊ စစ်မှန်သော ဝတ်ပြုကိုးကွယ်ခြင်းမရှိ ဘုရားသခင်အလိုရှိသော သက်သေခံခြင်းအမှုလည်း မပြုလုပ်၊ အသင်းတော်နှင့်ဆိုင်သော အကျိုးပြုလုပ်ငန်းများကိုလည်း မဆောင်ရွက်၊ သမ္မာကျမ်းစာမှအစ ဘာသာတရားနှင့် အခြားစာပေများကိုလည်း လေ့လာဖတ်ရှုခြင်းမရှိ၊ လူမှုအသိုင်းအဝိုင်းအတွင်း၌လည်း ခရစ်ယာန်စိတ်သဘောဖြင့် မိတ်သဟာယဖွဲ့နိုင်ခြင်းလည်း ရှိမနေပါက အဓိပ္ပာယ်မဲ့သော ခရစ်ယာန်တစ်ဦး တန်ဖိုးမရှိသော လူသားတစ်ဦး ဟူ၍သာ ဆိုရပါလိမ့်မည်။

ခရစ်ယာန်တစ်ဦးဖြစ်လာရခြင်း၌ မည်သည့် ယုံကြည်ချက်ကြောင့်၊ မည်သည့်ခံယူချက်ကြောင့်၊ မည်သည့် မျှော်လင့်ချက်ကြောင့်ဆိုသော ခိုင်မာသည့် အကြောင်းပြချက် တစ်စုံတစ်ရာ ယနေ့ထက်တိုင် မရှိသေးလျှင်၊ အသက်သာရှင်နေသော်လည်း ဝိညာဉ်သေဆုံးနေသူတစ်ဦး ဟူ၍ ကောက်ချက်ဆွဲယူရမည်သာ ရှိတော့သည်။ ထိုသူ၏ ခရီးအဆုံးမှာ သေဆုံးခြင်းဖြစ်၍ သူ၏ဝိညာဉ်နိုးထနေရာသည် ယေရှုရှင်ခွင် မဖြစ်နိုင်တော့ချေ။ ထိုသူဘဝသည် လောကအတွင်း အသက်ရှင်စဉ်၌ ငြိမ်းချမ်းခြင်း မရှိသကဲ့သို့ သေဆုံးသည့်အချိန်၌လည်း သူ၏ဝိညာဉ်သည် ငြိမ်သက်ခွင့် မရသောကြောင့် ထိုအဖြစ်ထက် ကြောက်မက်ဖွယ်ရာ ဖြစ်စဉ်ဤစကြဝဠာတွင် မရှိတော့ပြီ။

ထို့ကြောင့် (ရောမ ၁၂:၁၁)တွင် ဖော်ပြသော **"ဝိညာဉ်စိတ်အား ထက်သန်စွာ ဘုရားသခင် အမှုတော်ကို ဆောင်ရွက်ကြလော့"** ဆိုသည့် ကျမ်းစကားကို အမှန်တကယ် နှလုံးသွင်းမည့်သူတိုင်းသည် အောက်ပါအကြောင်းအရာများကို အလေးအနက်၊ အသေအချာထား၍ စဉ်းစားဆင်ခြင်ရမည်ဖြစ်သည်။

**(၁) မိမိဘယ်ကလာသနည်း။**

**(၂) မိမိ မည်သူနည်း။**

**(၃) မိမိဘာကို ယုံကြည်သနည်း။**

**(၄) မိမိဘာကြောင့် အသက်ရှင်နေသနည်း။**

**(၅) မိမိဘဝသည် မည်သည့်အဓိပ္ပာယ်ကို ဆောင်နေပါသနည်း။**

**(၆) မိမိ၏တန်ဖိုးသည် အဘယ်အရာနည်း။**


**(၇) အသင်းတော်အတွက် မိမိဘာလုပ်ပေးနိုင်သနည်း။**

သခင်ခရစ်တော်ကို ယုံကြည်သော လူသားတစ်ဦးသည် ဤလူ့ဘဝ၌ အသက်ရှင်စဉ်အတွင်း တန်ဖိုးရှိသောလူ၊ အဓိပ္ပာယ်ရှိသောဘဝဖြင့် အသက်ရှင်ခြင်းမှတပါး အခြားနည်းလမ်းမရှိချေ။ တစ်ခုတော့ရှိသည်၊ တန်ဖိုးရှိသောလူဖြစ်ဖို့ရန် မိမိတတ်သိထားသော ပညာရပ်များဖြင့် ဖော်ပြနိုင်မည်မဟုတ်။ သခင်ခရစ်တော်နှင့် ထိမိစွာ ချိတ်ဆက်နိုင်မှသာ တန်ဖိုးကို ဖော်ပြမြှင့်တင်လာနိုင်မည်ဖြစ်သည်။ တန်ဖိုးရှိလာမည် ဖြစ်သည်။

အဓိပ္ပာယ်ရှိသော ဘဝဆိုသည်မှာလည်း မိမိအစွမ်းအစဖြင့် ဖော်ပြနေ၍မရ၊ သခင်ခရစ်တော်နှင့် ထပ်တူထပ်မျှ အသက်ရှင်ပြနိုင်မှသာလျှင် ပေါ်လွင်ထင်ရှားလာမည်ဖြစ်သည်။ အဓိပ္ပာယ်၏အနှစ်သာရကို လေးနက်စေမည်ဖြစ်သည်။

ဝိညာဉ်စိတ်အား ထက်သန်စွာဖြင့် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်သူသည် တန်ဖိုးရှိသောလူနှင့် အဓိပ္ပာယ်ရှိသောဘဝကို ပိုင်ဆိုင်ခွင့်ရမည်ဖြစ်သည်။ ဘုရားရှေ့ လူရှေ့တွင်လည်း မျက်နှာသာရမည် ဖြစ်သတည်း။ ☐





# မိုင်းဆက် (Mind Set)

မောင်ဆုရှင်

နှစ်ဆန်းပိုင်းတုန်းက နိုင်ငံတကာသတင်းတစ်ပုဒ်မှာ "မိုင်းဆက်" ဆိုတဲ့ ဝေါဟာရတစ်လုံး ဖတ်လိုက်မိပါတယ်။ ကျွန်တော်တို့ ဖတ်ဖူး၊ သုံးဖူးတဲ့စကားမဟုတ်လို့ အဓိပ္ပာယ်စိမ်းနေသလိုပဲ။ အဘိဓာန်ထဲကြည့်တော့မှ မစိမ်းပါဘူး။ အဓိပ္ပာယ်က တွေးနေကျအတွေး၊ ထားနေကျသဘောထား၊ ကျင့်သားရနေတဲ့စိတ်အနေရယ်လို့ ဆိုလိုတာပါ။

မူလသတင်းမှာပါတာက အနောက်နဲ့အရှေ့ အင်အားကြီးနိုင်ငံနှစ်ခု ရှုမြင်သုံးသပ်ပုံသဘောထားမှာ အနောက်နဲ့ တွေးပုံမြင်ပုံ၊ သဘောထားပုံနဲ့ အရှေ့ရဲ့တွေးပုံမြင်ပုံ သဘောထားပုံတို့ မတူတာရှိတယ်။ အဲဒါကို တစ်ဘက်က သဘောမပေါက်မိဘူးလို့ဆိုပြီး နိုင်ငံတကာဖြစ်ရပ်တစ်ခုကိုမှီပြီး သတင်းရေးထားတာပါ။ ကျွန်တော်ကတော့ အဲဒီသတင်းထဲကလို နိုင်ငံတကာနဲ့ချီပြီး တွေးကြည့်ချင်တာမဟုတ်ပါဘူး။ လူအချင်းချင်းဆက်ဆံရေးနဲ့ယှဉ်ပြီးတော့ တွေးတာတွေရှိမယ်လို့ထင်ပါတယ်။ စကားလုံးဝေါဟာရများကပြောပြတဲ့ လူ့စရိုက်၊ လူ့သဘောကို ဆန်းစစ်ကြည့်ဖို့ကောင်းတာကိုပြောချင်ပါတယ်။

ကျွန်တော် ဖတ်ဖူး၊ ကြားဖူးတာကတော့ စိတ်ထားအတွေးခွင် (Frame of mind)၊ စိတ်ထားသဘောထား (Mentality)၊ ရေးရှုတဲ့သဘောထား (Attitude)၊ ပင်ကိုစိတ်အနေ (Temperament) အစရှိတဲ့ အသုံးအနှုန်းတွေပဲလို့တွေးမိတယ်။ ဒါပေမဲ့ "မိုင်းဆက်" က သတင်းစာဆရာတွေ ရွေးသုံးလိုက်တဲ့ စကားလုံးမို့လားမသိဘူး။ လွယ်လွယ်ရှင်းရှင်းနဲ့ လှတယ်ထင်ပါတယ်။ ဒီဝေါဟာရကို ၁၉၂၅ ခုနှစ်လောက်ကစပြီး သုံးတယ်လို့ အဘိဓာန်မှာဆိုပါတယ်။ ဒါပေမဲ့ စကားလုံးဝေါဟာရများဆိုတာ သူ့ခေတ်နဲ့သူ တွင်ကျယ်တတ်ပြီး သူ့ပညာနဲ့သူ၊ သူ့အသိုင်းအဝိုင်း၊ သူ့ပတ်ဝန်းကျင်နဲ့သူ သုံးကြတာဖြစ်လေတော့ ကျွန်တော်တို့ မကြားဖူးတာ မဆန်းလှဘူးလို့ထင်ပါတယ်။

"မိုင်းဆက်" ဟာ တစ်နည်းအားဖြင့် လူတစ်ဦးကို ကိုယ့်ပတ်ဝန်းကျင်က ဒီလိုတွေး၊ ဒီလိုခေါ်လို့ သိုင်းဝိုင်းဖန်တီးတဲ့ပယောဂလည်းပါတယ်။ သူ့နဂိုက စိတ်နေစိတ်ထားလည်းပါနိုင်တယ်လို့ ဆိုရမှာပါ။ လေ့နံ့ဓားထစ်အမြင်တစ်မျိုး၊ အတွေးအမြင်ပုံစံတစ်မျိုးလို့လည်း ဆိုနိုင်ပါတယ်။ ခဆောင်းပါးအစမှာ ရေးလိုက်တဲ့ သတင်းထဲက ဝေါဟာရကတော့ အမျိုးသားစရိုက်လက္ခဏာ (National Character) လို့ ပြောရမယ့်ကိစ္စဖြစ်ပါတယ်။ လူမျိုးအလိုက် ယေဘုယျအထင်အမြင်တွေ ကမ္ဘာပေါ်မှာရှိတတ်ကြပါတယ်။ ပုံစံပြောရရင် ပြင်သစ်လူမျိုးတွေဟာ အပျော်အပါး၊ အလှအပကို ဝါသနာပါတယ်။ အင်္ဂလိပ်တွေက လျှို့ဝှက်သိုသိပ်ပြီး အတွင်းကျိတ် လုပ်တတ်တယ်။ အမေရိကန်တွေဆိုရင် ပေါင်ဖွာပေါင်ဖွာနဲ့ ပိုက်ဆံရှိရင်

ဘာမဆိုလုပ်လို့ရတယ်ဆိုတဲ့ အထင်အမြင်မျိုး ရှိတတ်ကြတယ်။ တရုတ်လူမျိုးတွေက စီးပွားကိုရအောင်ရှာပြီး သုံးလည်းသုံးတယ်။ အိန္ဒိယတွေကျတော့ ရှာလို့ရသမျှ မသုံးမစွဲရက်ဘဲ ကုပ်ကုပ်ကပ်ကပ် စုဆောင်းတယ်။ ရဟူဒီ ဂျူးတွေကျတော့ ပိုပြီးတော့ ကပ်ကပ်သေးတယ်ဆိုတဲ့ သဘောနဲ့ပြောကြပါတယ်။ ဒါကတော့ ယေဘုယျ အထင်အမြင်ပါ။ ဂျပန်တွေကျတော့ သံယောဇဉ်ကြီးတတ်တယ်။ ခေါင်းဆောင်ပြောတာကိုလိုက်နာကြတယ် ဆိုတဲ့ အထင်အမြင်မျိုးလည်း ရှိပါတယ်။ ဂျာမန်တွေလည်း "ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွား" ဆိုတဲ့အဆိုလို ခေါင်းဆောင်ထက်မြက်ပြီဆိုရင် ရိုကျိုးစွာ နောက်လိုက်လုပ်တတ်ကြတယ်လို့ အရပ်သဘော၊ အရပ်ပြောနဲ့ ယူဆကြပါတယ်။ ဒါဟာ "မိုင်းဆက်" ဆိုတဲ့ အတွေးခွင်လို့ ဆိုရမှာပါ။

ဒီလိုအတွေးခွင်မျိုးဟာ လူမျိုးတစ်မျိုးရဲ့ မျိုးထောင်ကြီးပြင်းလာတဲ့ဝေလေ့စရိုက်၊ အစဉ်အလာနဲ့လည်း ဆိုင်ပါတယ်။ မြန်မာတွေဟာ ပျော်ပျော်ပါးပါး နေတတ်တယ်။ ဖြူးပျော်ရွှင်မှု ပိုများတယ်။ သွေးဆူလွယ်တယ်။ ဒါပေမဲ့ ခွင့်လွှတ်တတ်တယ်။ ရောင့်ရဲတင်းတိမ်တတ်တယ် ဆိုတဲ့အရည်အသွေးမျိုးရှိကြတာကို ပဒေသရာဇ်ခေတ်နှောင်းနဲ့ ကိုလိုနီခေတ်ဦးမှာ မြန်မာပြည်ကို ရောက်လာတဲ့ နိုင်ငံခြားသားများက မှတ်တမ်းတင်ခဲ့ကြပါတယ်။

ကမ္ဘာနဲ့အဝှမ်းကြည့်ရင်တော့ အရှေ့တိုင်းသားနဲ့ အနောက်တိုင်းသားတို့ဟာ သိသိသာသာ စိတ်အနေကွာခြားကြတာကိုလည်း သတိပြုမိနိုင်ပါတယ်။ အရှေ့တိုင်းသားက ဖော်ရွေတယ်။ အားနာတယ်။ စိတ်ကူးယဉ်တယ်။ ခင်မင်လွယ်တယ်။ အသင့်အတင့်နလုံးသွင်းတယ်လို့ ဆိုလို့ရကောင်းပါတယ်။ အနောက်တိုင်းသားကတော့ တစ်ကိုယ်ရည်လွတ်လပ်ခွင့်ကို အရေးထားတယ်။ လက်တွေ့ကျတယ်။ ပြောစရာဆိုစရာရှိရင် အားမနာဘူး။ အသင့်အတင့်နလုံးသွင်းဖို့ထက် စိတ်လိုက်မာန်ပါဖြစ်ဖို့က များတယ်ဆိုရင် ရနိုင်ကောင်းပါတယ်။ ဒါတွေဟာ "မိုင်းဆက်" ရဲ့သဘောနဲ့ အကျုံးဝင်တာပါပဲ။

လူတစ်ဦးချင်းမှာလည်း ဘယ်လူမျိုးဖြစ်ဖြစ် "မိုင်းဆက်" ရဲ့လက္ခဏာတွေကို တွေ့နိုင်ပါတယ်။ လိုချင်တာကို လွယ်လွယ်ရတဲ့လူမျိုးဟာ လောကမှာ ဘာမှ ခက်ခဲစရာမရှိဘူးဆိုတဲ့သဘောမျိုးနဲ့ တွေးတတ်ပါတယ်။ အဆောင်အယောင်၊ အဆောင်အရွက်တွေနဲ့ ပြည့်စုံတဲ့ လူဟာ ဟံသာဝတီရောက် မင်းတရားကြီး မဟာဓမ္မရာဇာဓိပတိ စပ်ဆိုသလို "လုဋ္ဌတိ ပလုဋ္ဌတိတိလောကော သဘောနိယံ၊ လောကဓံနှင့် ဆက်ဆံကြုံကြိုက်၊ ကိန်းခန့်လိုက်ဖြင့်" ဆိုတာလို လောကဆိုတာ အဖန်တလဲလဲ ပျက်တတ်တဲ့သဘောလို့ ရိပ်စားမိဖို့ အခွင့်သာဟန်မတူတတ်ပါဘူး။

ဒီလိုလူမျိုးထဲကပဲ ပြင်သစ်ပြည်မှာ (၁၈) ရာစုနှစ်တုန်းက ပြင်သစ်ဧကရာဇ်မျိုးတွေ ပေါင်မုန့်တောင်းကြတာကို "ပေါင်မုန့်မရှိရင် ကိတ်မုန့်စားကြပစေပေါ့" လို့ဆိုတဲ့ လူ့ဘုရင်ရဲ့မိဖုရား မေရီအင်တွိုင်းနက်တို့လို လူတွေဟာလည်း ဒီသာဓကတစ်ရပ်ပါပဲ။ ခုလို တစ်ဖြောင့်တည်းတွေတာကို တစ်လမ်းသွားစိတ် (One track mind) လို့ ဆိုတာရှိသလို ဥမင်လိုဏ်ခေါင်းထဲကအမြင် (Tunnel vision) ဆိုတဲ့ အသုံးအနှုန်းနဲ့လည်း နီးစပ်ပါတယ်။

တစ်နည်းအားဖြင့်တော့ စိတ်အချိုးတစ်မျိုးတည်းလို့ ဆိုလိုတာပါ။ လောကကြီးမှာ စိတ်အချိုးချင်း ကွဲပြားကြတာကို သင့်တင့်အောင် ညှိနှိုင်းဆောင်ရွက်ဖို့ လိုအပ်ချက်ဟာ အမြဲရှိနေတတ်တဲ့အတွက် ကိုယ်စီမှာ စိတ်အချိုးပြောင်းတတ်ဖို့လည်း လိုအပ်ပါလိမ့်မယ်။ "မိုင်းဆက်" ကို ပြုပြင်ရင် တစ်မျိုးပြောင်းပြီး တွေးတတ်ဖို့ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ တစ်ပါးသူရဲ့ "မိုင်းဆက်" ကို ကိုယ်က ကြိုတင်သိထားရင် ဆက်ဆံရေး ပြေလည်နိုင်တာလည်း ရှိနိုင်တာပေါ့။

အခုခေတ် လူတို့မှာ ဓလေ့စရိုက်ချင်း အလွယ်တကူ ကူးလူးရောယှက်နိုင်တဲ့ အခြေအနေတွေများလာတော့ ကိုယ့်စိတ်အနေက ကောင်းရင်၊ ကိုယ့်လောက် မကောင်းတဲ့စိတ်အနေမျိုးကို မကူးစက်မိဖို့ သတိထားရပါလိမ့်မယ်။ ဒီအခါမှာ တတ်ခံမကောင်းဘူး။ အခြေခံနှံ့ရှိများဟာ သူများတတ်ခံနောက်ကို ရောယောင်ပါသွားတတ်တာကို အမျိုးသားရေးအမြင်နဲ့ ကြည့်တတ်ဖို့အထိ ကျယ်ဝန်းတဲ့သဘောရှိနေတာကို ပြောချင်မိပါတယ်။ ❑



# ယေရုရှလင်မြို့သစ် (သို့မဟုတ်) လူ့ဘောင်သစ်

ဇောချစ်ခိုင်

ဒီကနေ့ ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာကြီးကို ကြည့်ရင်း ဓာကွပင်လယ်ဝေနေတယ်လို့ဆိုရင် ခြင်းဖို့ခက်လှပါတယ်။ မြို့ဘက်ကင်း မိဂ်ပါဝါ အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးအကျပ်အတည်း၊ အဲဒီကနေ ရိုက်ခတ်လာတဲ့ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းအပေါ် ပူပန်စိုးရိမ်ရမှုဟာ လတ်တလောအနေနဲ့ ကမ္ဘာသားများခံစားနေရသော စိတ်မချမ်းမြေ့ဖွယ် အခြေအနေဖြစ်ပါတယ်။

ဒါတင်မကသေးပါဘူး။ ကမ္ဘာကြီးပူနွေးလာမှုရဲ့ နောက်ဆက်တွဲအဖြစ် လူသားတုကြုံတွေ့ခံစားလာနေကြရတဲ့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ ဆိုင်ကလုန်းတိုင်ဖုန်း၊ ဟာရီကိန်း စတဲ့ မုန်တိုင်းအမျိုးမျိုးရဲ့တိုက်ခိုက်ဖျက်ဆီးမှု၊ ကြောက်မက်ဖွယ်ပြင်းထန်တဲ့ မြေငလျင်များ ကမ္ဘာတစ်ဝန်း မကြာခဏ လှုပ်ခတ်မှု၊ ရေကြီးမှု၊ မြေပြိုမှု၊ တောမီးလောင်မှု စတဲ့ သဘာဝဘေးအန္တရာယ်များမှာ လူ့ယောကမကင်းဘူးလို့ ပြောရင်ရနိုင်ပါတယ်။



စစ်အေးတိုက်ပွဲပြီးသွားတဲ့နောက် ကမ္ဘာစစ်ကြီးဖြစ်မှာကို သိပ်မစိုးရိမ်ရတော့ပေမယ့် ပြည်တွင်းစစ်တွေ၊ နယ်စပ်ပြဿနာတွေကနေ စတင်လောင်မြိုက်သော နိုင်ငံအချင်းချင်း တိုက်ခိုက်ကြတဲ့စစ်ပွဲတွေ၊ လူမျိုးရေးအာဃာတနဲ့ လူမျိုးတစ်မျိုးနဲ့တစ်မျိုး၊ မျိုးနွယ်စုတစ်စုနဲ့တစ်စု လူမျိုးတုန်းသတ်ဖြတ်ပစ်ဖို့ အားထုတ်ကြတဲ့ သွေးထွက်သံယိုဖြစ်ရပ်တွေကြောင့် သေဆုံးကြရတဲ့ လူ့အသက်ပေါင်းများစွာ ရှိပါတယ်။ အဆိုးဆုံးကတော့ မျှတမှုမရှိတဲ့ စီးပွားရေးစနစ်ကြောင့် မတရားခေါင်းပုံဖြတ်အမြတ်ထုတ်ခံရပြီး ဆင်းရဲတွင်း နက်သထက်နက်နေကြရတဲ့ ကမ္ဘာတစ်ဝှမ်းက အများစုသော ကမ္ဘာ့ပြည်သူတွေဟာ ကမ္ဘာကြီးရဲ့ ကြွယ်ဝချမ်းသာမှု နေ့ဥစ္စာအများစုကို လက်ဝါးကြီးအုပ်ပိုင်ဆိုင်ထားကြတဲ့ လက်တစ်ဆုပ်စာမျှသာရှိတဲ့ လူနည်းစုကလေးရဲ့ ပြဿမျှ နရတဲ့ဘဝကို ရောက်လို့နေရခြင်းပါပဲ။

ကမ္ဘာ့ကုလသမဂ္ဂကလည်း ကမ္ဘာပေါ်မှာရှိတဲ့ ဆင်းရဲမွဲတေမှုကို အစွမ်းကုန်တိုက်ဖျက်နေတယ်လို့ ဆိုပါတယ်။ လက်ရှိအားဖြင့် ကမ္ဘာကြီးပေါ်မှာ လူဦးရေ သန်းပေါင်း (၆၃၀၀) ကျော် ရှိနေပါပြီ။ အဲဒီအထဲက လူ သန်းပေါင်း (၁၉၀၀) ဟာ ဆင်းရဲသား/လူမွဲတွေဖြစ်တယ်လို့ ကုလသမဂ္ဂအဖွဲ့ ကြီးရဲ့အစီရင်ခံစာတစ်ရပ်က ဆိုပါ

ဘာမဆိုလုပ်လို့ရတယ်ဆိုတဲ့ အထင်အမြင်မျိုး ရှိတတ်ကြတယ်။ တရုတ်လူမျိုးတွေက စီးပွားကိုရအောင်ရှာပြီး သုံးလည်းသုံးတယ်။ အိန္ဒိယတွေကျတော့ ရှာလို့ရသမျှ မသုံးမစွဲရက်ဘဲ ကုပ်ကုပ်ကပ်ကပ် စုဆောင်းတယ်။ ရဟူဒီ ဂျူးတွေကျတော့ ပိုပြီးတောင် ကုပ်ကပ်သေးတယ်ဆိုတဲ့ သဘောနဲ့ပြောကြပါတယ်။ ဒါကတော့ ယေဘုယျ အထင်အမြင်ပါ။ ဂျပန်တွေကျတော့ သံယောဇဉ်ကြီးတတ်တယ်။ ခေါင်းဆောင်ပြောတာကိုလိုက်နာကြတယ် ဆိုတဲ့ အထင်အမြင်မျိုးလည်း ရှိပါတယ်။ ဂျာမန်တွေလည်း "ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွား" ဆိုတဲ့အဆိုလို ခေါင်းဆောင်ထက်မြက်ပြီဆိုရင် ရိုကျိုးစွာ နောက်လိုက်လုပ်တတ်ကြတယ်လို့ အရပ်သဘော၊ အရပ်ပြောနဲ့ ယူဆကြပါတယ်။ ဒါဟာ "မိုင်းဆက်" ဆိုတဲ့ အတွေးခွင်လို့ ဆိုရမှာပါ။

ဒီလိုအတွေးခွင်မျိုးဟာ လူမျိုးတစ်မျိုးရဲ့ မျိုးထောင်ကြီးပြင်းလာတဲ့ခေတ်ဝရိုက်၊ အစဉ်အလာနဲ့လည်း ဆိုင်ပါတယ်။ မြန်မာတွေဟာ ပျော်ပျော်ပါးပါး နေတတ်တယ်။ ပြုံးပျော်ရွှင်မှု ပိုများတယ်။ သွေးဆူလွယ်တယ်။ ဒါပေမဲ့ ခွင့်လွှတ်တတ်တယ်။ ရောင့်ရဲတင်းတိမ်တတ်တယ် ဆိုတဲ့အရည်အသွေးမျိုးရှိကြတာကို ပဒေသရာဇ်ခေတ်နှောင်းနဲ့ ကိုလိုနီခေတ်ဦးမှာ မြန်မာပြည်ကို ရောက်လာတဲ့ နိုင်ငံခြားသားများက မှတ်တမ်းတင်ခဲ့ကြပါတယ်။

ကမ္ဘာနဲ့အဝှမ်းကြည့်ရင်တော့ အရှေ့တိုင်းသားနဲ့ အနောက်တိုင်းသားတို့ဟာ သိသိသာသာ စိတ်အနေကွာခြားကြတာကိုလည်း သတိပြုမိနိုင်ပါတယ်။ အရှေ့တိုင်းသားက ဖော်ရွေတယ်။ အားနာတယ်။ စိတ်ကူးယဉ်တယ်။ ခင်မင်လွယ်တယ်။ အသင့်အတင့်နလုံးသွင်းတယ်လို့ ဆိုလို့ရကောင်းပါတယ်။ အနောက်တိုင်းသားကတော့ တစ်ကိုယ်ရည်လွတ်လပ်ခွင့်ကို အရေးထားတယ်။ လက်တွေ့ကျတယ်။ ပြောစရာဆိုစရာရှိရင် အားမနာဘူး။ အသင့်အတင့်နလုံးသွင်းဖို့ထက် စိတ်လိုက်မာန်ပါပြုဖို့က များတယ်ဆိုရင် ရနိုင်ကောင်းပါတယ်။ ဒါတွေဟာ "မိုင်းဆက်" ရဲ့သဘောနဲ့ အကျုံးဝင်တာပါပဲ။

လူတစ်ဦးချင်းမှာလည်း ဘယ်လူမျိုးဖြစ်ဖြစ် "မိုင်းဆက်" ရဲ့လက္ခဏာတွေကို တွေ့နိုင်ပါတယ်။ လိုချင်တာကို လွယ်လွယ်ရတဲ့လူမျိုးဟာ လောကမှာ ဘာမှ ခက်ခဲစရာမရှိဘူးဆိုတဲ့သဘောမျိုးနဲ့ တွေးတတ်ပါတယ်။ အဆောင်အယောင်၊ အဆောင်အရွက်တွေနဲ့ ပြည့်စုံတဲ့ လူဟာ ဟံသာဝတီရောက် မင်းတရားကြီး မဟာဓမ္မရာဇာဓိပတိ စပ်ဆိုသလို "လုဋ္ဌတိ ပလူဋ္ဌတိတိလောကော၊ သဘောနိယံ၊ လောကဓံနှင့် ဆက်ဆံကြုံကြိုက်၊ ကိန်းခန်းလိုက်ဖြင့်" ဆိုတာလို လောကဆိုတာ အဖန်တလဲလဲ ပျက်တတ်တဲ့သဘောလို့ ရိပ်စားမိဖို့ အခွင့်သာဟန်မတူတတ်ပါဘူး။

ဒီလိုလူမျိုးထဲကပဲ ပြင်သစ်ပြည်မှာ (၁၈) ရာစုနှစ်တုန်းက ပြင်သစ်လူမျိုးတွေ ပေါင်မုန့်တောင်းကြတာကို "ပေါင်မုန့်မရှိရင် ကိတ်မုန့်စားကြပစေပေါ့" လို့ဆိုတဲ့ လူ့ဘုရင်ရဲ့မိဖုရား မေရီအင်တွိုင်းနက်တို့လို လူတွေဟာလည်း ဒီသာဓကတစ်ရပ်ပါပဲ။ ခုလို တစ်ဖြောင့်တည်းတွေတာကို တစ်လမ်းသွားစိတ် (One track mind) လို့ ဆိုတာရှိသလို ဥမင်လိုဏ်ခေါင်းထဲကအမြင် (Tunnel vision) ဆိုတဲ့ အသုံးအနှုန်းနဲ့လည်း နီးစပ်ပါတယ်။

တစ်နည်းအားဖြင့်တော့စိတ်အချိုးတစ်မျိုးတည်းလို့ ဆိုလိုတာပါ။ လောကကြီးမှာ စိတ်အချိုးချင်း ကွဲပြားကြတာကို သင့်တင့်အောင် ညှိနှိုင်းဆောင်ရွက်ဖို့ လိုအပ်ချက်ဟာ အမြဲရှိနေတတ်တဲ့အတွက် ကိုယ်ပိုင်မှာ စိတ်အချိုးပြောတတ်ဖို့လည်း လိုအပ်ပါလိမ့်မယ်။ "မိုင်းဆက်" ကို ပြုပြင်သင့်ရင် တစ်မျိုးပြောင်းပြီး တွေးတတ်ဖို့ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ တစ်ပါးသူရဲ့ "မိုင်းဆက်" ကို ကိုယ်က ကြိုတင်သိထားရင် ဆက်ဆံရေး ပြေလည်နိုင်တာလည်း ရှိနိုင်တာပေါ့။

အခုခေတ် လူတို့မှာ လောဘရိုက်ချင်း အလွယ်တကူ ကူးလူးရောယှက်နိုင်တဲ့ အခြေအနေတွေများလာတော့ ကိုယ့်စိတ်အနေက ကောင်းရင်၊ ကိုယ့်လောက် မကောင်းတဲ့စိတ်အနေမျိုးကို မကူးစက်မိဖို့ သတိထားရပါလိမ့်မယ်။ ဒီအခါမှာ တတ်ခံမကောင်းဘူး။ အခြေခံနဲ့ ဘဝများဟာ သူများဓာတ်ခံနောက်ကို ရောယောင်ပါသွားတတ်တာကို အမျိုးသားရေးအမြင်နဲ့ ကြည့်တတ်ဖို့ အတော် ကျယ်ဝန်းတဲ့သဘောရှိနေတာကို ပြောချင်မိပါတယ်။ □



# ယေရုရှလင်မြို့သစ် (သို့မဟုတ်) လူ့ဘောင်သစ်

ဇော်ချစ်ခိုင်

ဒီကနေ့ ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာကြီးကို ကြည့်ရင်း ဓာကွပင်လယ်ဝေနေတယ်လို့ဆိုရင် ခြင်းဖို့ခက်လှပါတယ်။ ပြင်ဘက်ကင်း မီဂါပါဝါ အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးအကျပ်အတည်း၊ အဲဒီကနေ ရိုက်ခတ်လာတဲ့ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းအပေါ် ပူပန်စိုးရိမ်ရမှုဟာ လတ်တလောအနေနဲ့ ကမ္ဘာသားများခံစားနေရသော စိတ်မချမ်းမြေ့ ဖွယ် အခြေအနေဖြစ်ပါတယ်။

ဒါတင်မကသေးပါဘူး။ ကမ္ဘာကြီးပူနွေးလာမှုရဲ့ နောက်ဆက်တွဲအဖြစ် လူသားထုကြုံတွေ့ ခံစားလာနေကြရတဲ့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ ဆိုင်ကလုန်း၊ တိုင်ဖုန်း၊ ဟာရီကိန်း စတဲ့ မုန်တိုင်းအမျိုးမျိုးရဲ့တိုက်ခိုက်ဖျက်ဆီးမှု၊ ကြောက်မက်ဖွယ်ပြင်းထန်တဲ့ မြေငလျင်များ ကမ္ဘာတစ်ဝန်း မကြာခဏ လှုပ်ခတ်မှု၊ ရေကြီးမှု၊ မြေပြိုမှု၊ တောမီးလောင်မှု စတဲ့ သဘာဝဘေးအန္တရာယ်များမှာ လုံ့ယောဂမကင်းဘူးလို့ ပြောရင်ရနိုင်ပါတယ်။

စစ်အေးတိုက်ပွဲပြီးသွားတဲ့နောက် ကမ္ဘာစစ်ကြီးဖြစ်မှာကို သိပ်မစိုးရိမ်ရတော့ပေမယ့် ပြည်တွင်းစစ်တွေ၊ နယ်စပ်ပြဿနာတွေကနေ စတင်လောင်မြိုက်သော နိုင်ငံအချင်းချင်း တိုက်ခိုက်ကြတဲ့စစ်ပွဲတွေ၊ လူမျိုးရေးအာဃာတနဲ့ လူမျိုးတစ်မျိုးနဲ့တစ်မျိုး၊ မျိုးနွယ်စုတစ်စုနဲ့တစ်စု လူမျိုးတုန်းသတ်ဖြတ်ပစ်ဖို့ အားထုတ်ကြတဲ့ သွေးထွက်သံယိုဖြစ်ရပ်တွေကြောင့် သေဆုံးကြရတဲ့ လူ့အသက်ပေါင်းများစွာ ရှိပါတယ်။ အဆိုးဆုံးကတော့ မျှတမှုမရှိတဲ့ စီးပွားရေးစနစ်ကြောင့် မတရားခေါင်းပုံဖြတ်အမြတ်ထုတ်ခံရပြီး ဆင်းရဲတွင်း နက်သထက်နက်နေကြရတဲ့ ကမ္ဘာတစ်ဝှမ်းက အများစုသော ကမ္ဘာ့ပြည်သူတွေဟာ ကမ္ဘာကြီးရဲ့ ကြွယ်ဝချမ်းသာမှု နေ့ညှာအများစုကို လက်ဝါးကြီးအုပ်ပိုင်ဆိုင်ထားကြတဲ့ လက်တစ်ဆုပ်စာမျှသာရှိတဲ့ လူနည်းစုကလေးရဲ့ ပြဿနာ နရတဲ့ဘဝကို ရောက်လို့နေရခြင်းပါပဲ။

ကမ္ဘာ့ကုလသမဂ္ဂကလည်း ကမ္ဘာပေါ်မှာရှိတဲ့ ဆင်းရဲမွဲတေမှုကို အစွမ်းကုန်တိုက်ဖျက်နေတယ်လို့ ဆိုပါတယ်။ လက်ရှိအားဖြင့် ကမ္ဘာကြီးပေါ်မှာ လူဦးရေ သန်းပေါင်း (၆၃၀၀) ကျော် ရှိနေပါပြီ။ အဲဒီအထဲက လူ သန်းပေါင်း (၁၉၀၀) ဟာ ဆင်းရဲသား/လူမွဲတွေဖြစ်တယ်လို့ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့အစီရင်ခံစာတစ်ရပ်က ဆိုပါ



ချင်း ကရုဏာထားလျက် စာနာစိတ်ဖြင့် ဝေမျှဖလှယ်ခြင်း၊ တရားမျှတသော လူမှုဆက်ဆံရေးကိုတည်ဆောက်ခြင်းတို့ ရှိလာစေဖို့၊ ပြည့်ဝစုံလင်လာစေဖို့ အားထုတ်ကြရပါမယ်။

ကမ္ဘာကြီးမှာ စားနပ်ရိက္ခာပြဿနာဖြစ်နေရတဲ့ နောက်ထပ် အကြောင်းတရားတစ်ခုကတော့ ရာသီဥတု ဖောက်ပြန်ပြောင်းလဲခြင်းကြောင့် ဖြစ်ပါတယ်။ ကျွန်တော် ယုံကြည်တာကတော့ ကျွန်တော်တို့လူသားတွေအနေနဲ့ ဘုရားသခင်ရဲ့မှန်ဆင်းခြင်း၊ သဘာဝပတ်ဝန်းကျင်နဲ့ မြေပေါ် မြေအောက် ရေပေါ်ရေအောက်သယံဇာတတွေကို လောဘ ဇောတိုက်ပြီး ပိုင်ဆိုင်အုပ်စီးလိုမှု၊ အတင်းအဓမ္မ အလွန် အကျွံ ထုတ်ယူသုံးစွဲမှု၊ ညစ်ညမ်းပျက်သုဉ်း ပြုန်းတီးစေမှု တွေကို ရပ်တန့်ကာရပ်ပြီး ထိန်းသိမ်းစောင့်ရှောက်ကြမယ် ဆိုရင် ရာသီဥတု မှန်ကန်မျှတလာပြီး လူသားထုအတွက် စားနပ်ရိက္ခာတွေဟာ ဖူလုံလောက်ငံ့မက ပိုလျှံကြွယ်ဝ လာမှာ စောင့်အမှန်ပါ။

❖

ဘုရားသခင်ရဲ့အလိုတော်ပြည့်စုံလာစေဖို့ (တစ်နည်း) လူ့ဘောင်သစ်တည်ဆောက်ရေးကို နှောင့်ယှက် ဟန့်တား၊ ဆန့်ကျင်ဖျက်ဆီးနေတဲ့ အင်အားစုများလည်း ကျွန်တော်တို့အနီးအပါးမှာ အခိုင်အမာဖွဲ့တည်လျက်ရှိနေ ပါတယ်။ လူလူချင်း မေတ္တာမထားဘဲ အကြင်နာကင်းမဲ့စွာနဲ့ ညှဉ်းဆဲသတ်ဖြတ် ဖိနှိပ်ခွဲခြားခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်လျက် ဓိုလ်ကျလွှမ်းမိုးအနိုင်ယူခြင်း၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံပြိုင်ဆိုင်လျက် စစ်လက်နက်အင်အားကြီးမား သည်ထက်ကြီးမားအောင် တည်ဆောက်ခြင်း၊ အခြားနိုင်ငံများကို မိမိပုံစံသွင်းရန် ကြိုးပမ်းအားထုတ်ခြင်း၊ ဆင်းရဲမွဲတေမှုရဲ့ အကြောင်းတရား စစ်မြစ်ကို သိလျက်နှင့် လျစ်လျူရှုခြင်း စတဲ့ မတရားမှုတွေဟာ ဘုရားသခင်ရဲ့ အလိုတော်ကိုဆန့်ကျင်တဲ့အင်အားစုတွေကြောင့် ဖြစ်ရတာပါ။ အဲဒီအင်အားစုတွေကို အပြီးတိုင် ဖြိုချပစ်ဖို့ ကျွန်တော်တို့ လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။

အဲဒီလိုလုပ်ဆောင်ဖို့ ကျွန်တော်တို့အနေနဲ့ ဆရာသခင်ဖြစ်တဲ့ ယေရှုဘုရားရဲ့ကားတိုင်လမ်းကို ရွေးချယ်လိုက်ပြီဆိုရင် ထင်ရှားကျော်ကြားခြင်း၊ လူပုံအလယ် မျက်နှာရလျက် ဂုဏ်သိက္ခာမြင့်မားခြင်း၊ ဩဇာအာဏာနဲ့ စည်းစိမ်ချမ်းသာ ကြွယ်ဝခြင်းတွေကို မမျှော်လင့်ပါနဲ့တော့ လို့ ပြောချင်ပါတယ်။ စွန့်လွှတ်ရခြင်း၊ အစွပ်စွဲခံ-အဖမ်းခံ-ညှဉ်းဆဲခံ-အသေသတ်ခြင်းခံရတဲ့ ယေရှုခရစ်တော်ဘုရားရဲ့ ရှုန်းကန်ရမှုမျိုးကိုသာ မျှော်လင့်နိုင်ကြပါမယ်။ ဘာပဲဖြစ်ဖြစ် ဘုရားသခင်ရဲ့အစေခံကျွန်ဖြစ်တဲ့ ကျွန်တော်တို့ အနေနဲ့ ပြည်သူလူထုကြီးအတွက်၊ လူသားထုတစ်ရပ်လုံး အတွက် ဖြစ်တာကြောင့် လုံးဝမညည်းတွား၊ စိတ်မပျက်၊ အော်ဟစ်ခြင်းမရှိ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ တည်ငြိမ်စွာပဲ ဆက်ကပ်အစေခံကြရမှာဖြစ်ပါတယ်။

ဘုရားသခင်အလိုတော်ပြည့်စုံခြင်းအတွက် စွန့်လွှတ်ပူဇော် အစေခံရုန်းကန်သော ကျွန်တော်တို့အတွက် အဖိုးအခနှစ်မျိုးရှိပါမယ်။ တစ်မျိုးကတော့ ရှေ့မှာ ဖော်ပြခဲ့တဲ့ အဖိုးအခမျိုးပါ။ နောက်ထပ်ဖော်ပြမယ့် အဖိုးအခကလည်း ကျွန်တော်တို့အတွက် အထူးပဲ အဓိပ္ပာယ်ရှိလှပါတယ်။

(ဟေရှာယ ၅၂း၁၃-၁၅) "ကြည့်ရှုလော့၊ ငါ့ကျွန်သည် အမှုဆောင်၍ အောင်လိမ့်မည်။ ချီးမြှင့်ခြင်းသို့ရောက်၍ အထွင့်အမြတ်ဖြစ်လိမ့်မည်။ ချီးမြှောက်ထိုအတူ သူသည် အများသောလူမျိုးတို့ကို သန့်ရှင်းစေလိမ့်မည်။ ရှေ့တော်၌ ရှင်ဘုရင်တို့သည် မိမိတို့နှုတ်ကို ပိတ်၍နေရကြလိမ့်မည်။ သူတစ်ပါးမပြဖူးသောအရာကို သူတို့သည် မြင်ကြလိမ့်မည်။ မကြားဖူးသောအရာကိုလည်း နားလည်ကြလိမ့်မည်"။

(ဝတ်ပြုရာ ၂၆း၃-၁၃) "သင်တို့သည် ငါထုံးဖွဲ့ရာလမ်းသို့လိုက်၍ ငါ့ပညတ်တို့ကို ကျင့်စောင့်လျှင် **အချိန်တန်မှ** ငါသည် သင်တို့အဖို့ မိုးရွာစေသဖြင့် မြေသည် မိမိဘဏ္ဍာကိုပေး၍ ဥယျာဉ်အပင်တို့သည် အသီးသီးကြလိမ့်မည်။ စပါးနင်းနယ်သောအမှုသည် စပျစ်သီးညှစ်ရာ ကာလတိုင်အောင်လည်းကောင်း၊ စပျစ်သီးညှစ်သောအမှုသည် မျိုးစေ့ကြဲရာကာလတိုင်အောင်လည်းကောင်း နိုသဖြင့် သင်တို့သည် **ဝစွာစား၍** ကိုယ့်ပြည်၌ ဘေးလွတ်လျက် နေရကြလိမ့်မည်။ သင်တို့ပြည်၌ **စစ်မှုကို ငါငြိမ်းစေ၍ ခြိမ်းခြောက်သောသူမရှိဘဲ** သင်တို့သည် **အိပ်ရကြလိမ့်မည်။** ဆိုးသောသားရဲတို့ကိုလည်း ငါ ပယ်ရှားမည်။ တစ်ပြည်လုံးသည် စားဘေးနှင့်ကင်းလွတ်လိမ့်မည်။ သင်တို့သည် ရန်သူများကိုလိုက်၍ ဓားလက်နက်ဖြင့်အောင်ကြလိမ့်မည်။ သင်တို့တွင် လူ ငါးယောက်သည် ရန်သူ တစ်ရာကို လိုက်လိမ့်မည်။ လူ တစ်ရာသည် ရန်သူ တစ်သောင်းကိုပြေးစေ၍ ဓားလက်နက်ဖြင့် အောင်ကြလိမ့်မည်။ သင်တို့ကို ငါစောင့်မသဖြင့် တိုးပွားများပြားစေ၍ **သင်တို့နှင့် ငါပြုသောပဋိညာဉ်ကို ငါ မြဲမြံစေမည်။** သိုထားသော **စပါးဟောင်းကို စား၍မကုန်မီ စပါးသစ်ပေါ်သော ကြောင့်** အဟောင်းကို ထုတ်ရကြမည်။ ငါသည် စက်ဆုပ်ရွံရှာခြင်းမရှိဘဲ **သင်တို့တွင် တဲတော်ကိုဆောက်မည်။** သင်တို့တွင်လည်း လှည့်လည်၍ သင်တို့၏ဘုရားသခင်ဖြစ်မည်။ သင်တို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်။ အဲဂုတ္တုပြည်၌ အစေကျွန်ခံရသောသင်တို့ကို ငါလွှတ်၍ နှုတ်ဆောင်သော သင်တို့၏ဘုရားသခင် ထာဝရဘုရားဖြစ်၏။ **သင်တို့၏ ထမ်းပိုးကြိုးကို ငါဖြတ်၍ သင်တို့ကို တည့်မတ်စေပြီ**"။

လူသားတို့အကြားတွင်တည်ရှိလျက် ပြည်သူလူထု/လူသားထုရဲ့ရုန်းကန်မှုများအတွင်း အစဉ်သက်ဝင်လှုပ်ရှားသော ထာဝရဘုရားဟာ လူသားထုအပေါ်ချည်နှောင်လျက်ရှိသော ထမ်းပိုးကြိုးကိုဖြတ်တောက်လျက် လွတ်မြောက်စေမှာ ဖြစ်ပါတယ်။ ဒီအခြေအနေဟာ ကောင်းကင်သစ် မြေကြီးသစ်၊ မေရှိယအုပ်စိုးခြင်း၊ ဘုရားသခင့်နိုင်ငံတော်တည်ထောင်ခြင်း၊ ဘုရားသခင်အလိုတော်ပြည့်စုံခြင်း ဖြစ်ပြီး ကျွန်တော်တို့မျှော်လင့်တဲ့ လူ့ဘောင်သစ်ဖြစ်ပါတယ်။ ဖန်ဆင်းခြင်းရဲ့ မူလသွင်ပြင်လက္ခဏာ ပြန်လည်ပေါ်လွင်ထင်ရှားလျက် ဘုရားသခင်ရဲ့သဏ္ဍာန်တော်နဲ့ပြည့်စုံသော လူသားရဲ့သရုပ်မှန် ပြန်လည်ရရှိခြင်းအခြေအနေ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ အသက်ရှင်ခြင်းရဲ့အခွင့်နဲ့တန်ဖိုးကို လူတိုင်း အပြန်အလှန်လေးစားနေပြီဖြစ်တဲ့အတွက် သွေးဆာပြီး ရက်စက်ကြမ်းကြုတ်တဲ့ "တောခွေး" လို တိရစ္ဆာန်မျိုးတောင် "သိုးသူငယ်" လို နူးညံ့တဲ့တိရစ္ဆာန်မျိုးနဲ့ ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်နိုင်မှာဖြစ်ပါတယ်။ မင်းမှုကြီးစိုးသောသဘာဝရှိတဲ့ "ခြင်္သေ့" မျိုးဟာလည်း သွေးသံရဲရဲနဲ့ အသားစားရခြင်းအပေါ်ခုံမင်မှုကို စွန့်လွှတ်ပြီး အစေခံ အလုပ်အကျွေးပြုတတ်သောသဘာဝရှိတဲ့ "နွား" မျိုးလို စားသောက်ပြုမူလာလိမ့်မှာဖြစ်တယ်။

ဒီနေရာမှာ ကျွန်တော်တို့သတိပြုရမယ့်အချက်ကတော့ ဘုရားသခင်အလိုတော်နဲ့ပြည့်ဝစုံလင်တဲ့ လူ့ဘောင်သစ်မှာ တောခွေး၊ ခြင်္သေ့နဲ့မြွေဆိုးမျိုးတွေအတွက် နေရာရှိတယ်ဆိုတာကိုပါပဲ။ ကုန်လွန်ခဲ့တဲ့ကာလတွေတုန်းက လူ့ပတ်ဝန်းကျင်မှာ အနိဋ္ဌာရုံတွေနဲ့ အရုပ်ဆိုးအကျည်းတန်မှုတွေကို ဖန်တီးဖြစ်ပွားစေခဲ့တဲ့ တောခွေး၊ ခြင်္သေ့နဲ့ မြွေဆိုး စတဲ့ သားရဲမျိုးကို လက်စတုံး သုတ်သင်ဖယ်ရှားခြင်းမပြုဘဲ ခွင့်လွှတ်လျက် အဲဒီသားရဲမျိုးတွေရဲ့ ဘဝပြောင်းခြင်း (Conversion) ကို လက်ခံရမှာ ဖြစ်ပါတယ်။

❖

ဒါကြောင့် ကျွန်တော်တို့ အလေးအနက် ဆင်ခြင်သတိပြုဖို့ကတော့ လူ့ဘောင်သစ်ဆီချီတက်နေကြတဲ့ ခရီးဟာ ခရီးရှည်ကြီးဖြစ်ပါတယ်။ နို့နဲ့ပျားရည်စီးသော ခါနာန်ပြည်တည်းဟူသော လူ့ဘောင်သစ်ကို နေ့ချင်းညချင်း တည်ဆောက်လို့မရပါဘူး။ အသစ်သောဖွဲ့စည်းတည်ဆောက်မှုပုံစံတိုင်းဟာ အသိတရားသစ်ပေါ်မှာသာ အခြေခံရမှာဖြစ်ပြီး အဲဒီလိုဖြစ်ဖို့ဆိုရင် ယေရှုခရစ်တော်လို ကျိုးနွံနာခံမှုမျိုး ရှိရမှာဖြစ်ပါတယ်။ ဝိညာဉ်စိတ်အားထက်သန်စွာနဲ့ ဘုရားသခင်အမှုတော်ကို ဆောက်ရွက်ကြစို့။ ❑

Ref:
- "အလိုတော်ပြည့်စုံပါစေသော" (ကျမ်းသဘောအမြင်လေ့လာခြင်း)၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၊ စိန်ရတုနှစ်အထိမ်းအမှတ်ထုတ်စာအုပ်

# ချောင်းများ သီဩလော်ဂျီ

ဆဲဗင်းမွန်း




"သီဩလော်ဂျီ"ဆိုသည်မှာ ဘုရားအကြောင်း လေ့လာခြင်းဖြစ်သည်။ ကမ္ဘာပေါ်ရှိ ဘုရားကိုးကွယ်သော ဘာသာတိုင်း၌ သက်ဆိုင်ရာသီဩလော်ဂျီ ရှိသည်။ ခရစ်ယာန်ဂိုဏ်းဂဏများစွာရှိသလို သီဩလော်ဂျီအမြင်များစွာရှိသည်။ ဘုရားသခင်အကြောင်း တစ်နည်းနည်းဖြင့် သိရသဖြင့် ကောင်းလှသည်။ သို့သော် ကွဲပြားသော သီဩလော်ဂျီအမြင်နှင့် ဘုရားသခင်တစ်ဆူတည်းရှေ့မှာ လူတွေ ကွဲပြားနေကြသည်။ ဘုရားအကြောင်း များများမသိပေမယ့် စိတ်နှလုံးဖြူစင်ဖို့ အရေးကြီးသည်။ စိတ်နှလုံးဖြူစင်မှ ဘုရားကိုမြင်ရမည်။ စိတ်နှလုံးမဖြူစင်ဘဲ ပညာတွေ အများကြီးတတ်လိုက်မှု ဘုရားကိုမမြင်ဘဲ မိမိကိုယ်ကိုသာ ပြန်မြင်ရလိမ့်မည်။ လူကို ဘုရားပုံသဏ္ဌာန်နှင့် ဖန်ဆင်းသည်ဆိုရာ၌ မိမိအသက်တာ၏ အနက်အဓိပ္ပာယ်သည် ဘုရားသခင်၏ အလိုဆန္ဒကို ဖော်ပြနိုင်သည်ဟု ကျွန်ုပ် နားလည်ပါသည်။

ပိုးကရင်သီချင်းလေးတစ်ပုဒ်ရှိသည်။ တောမှလာသောကြောင့် တောကျောင်း ကျောင်းတော် သီဩလော်ဂျီ ဟုခေါ်ချင်ခေါ်နိုင်သည်။ မည်သည့်ဓမ္မတက္ကသိုလ်၌မှ ကြားဖူးမည်မဟုတ်သော ကျေးလက်တောရွာ သီဩလော်ဂျီ ဖြစ်သည်။

"မြတ်ဘုရားရှင် ငါးဖမ်းသွားသည် - မြှုံးကိုသုံးသည်၊
ငါးပြေမတစ်ကောင်ရသည်
ချဉ်ပေါင်ရွက်နှင့်ချက်ကာစားသည်
အရသာရှိသောဟင်းတစ်ခွက် ဖြစ်ပါသည်။"

"ကရင်အို ချောင်းကြိုချောင်းကြား" ဆိုသလို ကရင်နဲ့ငါးကား ခွဲမရပါ။ ငါးဖမ်းကျွမ်းသောကရင်ဆင်းရဲသားတစ်ယောက် ဘုရားကိုသတိရသည်မှာ ရယ်စရာဖြစ်သည်။ ခက်တာက အဲဒီကရင်က ဘုရားကို ငါးဖမ်းခိုင်းသည်။ ဂါလီလဲအိုင်မှာတော့ ကျွန်ုပ်တို့၏သခင်က ပေတရုတို့ကို ပိုက်ချခိုင်းသည်။ စုစုပေါင်း (၃)ခါ ငါးဖမ်းခိုင်းဖူးသည်။ အမှုတော်အတွက် တံငါသည်များကိုခေါ်စဉ် ဗိမာန်တော်အခွန်ငွေကိုစွန့်တစ်ကြိမ်၊ ရှင်ပြန်ပြီးနောက် စုစုပေါင်း (၃)ကြိမ်ပါ။ ကရင်သီချင်းမှာတော့ မြှုံးထောင်သည်။ ကောင်းကင်ဘုံ၌ရှိသောဘုရားသခင်၊ မြင့်မြတ်သော အနန္တတန်ခိုးရှင်သည် အပြစ်သားဆင်းရဲသူ တောကြိုအုံကြားမှ ကရင်တစ်ယောက်ကို ပစ်မထားဘဲ အတူတူရှိလျက် ငါးဖမ်းပေးသည်ဟု ခံစားနိုင်ခြင်းပင် ဖြစ်သည်။ ဆက်လက်ပြီး တိုင်းရင်းသားလူငယ်များ၏ သီဩလော်ဂျီကိုလည်း ဖတ်ကြည့်ပါဦး...။

## တင်ပြချက် (၁)

ဘုရားသခင်ဟာ ဒီသီချင်းလေးထဲကလိုပဲ ကျွန်တော်တို့နဲ့ အမြဲတမ်းရှိနေပေမယ့် ကျွန်တော်တို့တွေကတော့ ဘုရားသခင်နဲ့ အမြဲတမ်းရှိမနေပါဘူး။ "ခလုတ်ထိမှ အမိတ"ဆိုသလိုပဲ ဒုက္ခတွေတွေ့မှ ဘုရားသခင်ကို သတိရတတ်ကြပါတယ်။ ဒီကရင်သီချင်းလေးထဲကလို အဖဘုရားသခင်က "မြှုံး"တော့ သွားမထောင်ပါဘူး။ သူ့ရဲ့ တစ်ပါးတည်းသောသားတော်ကိုတော့ လူ့လောကထဲ စေလွှတ်လိုက်ပါတယ်။ ငါးပြေမတစ်ကောင်ဖမ်းမိတာမဟုတ်ပါဘူး။ အပြစ်သားတွေအများကြီးကို ကယ်တင်လိုက်တာပါ။ ချဉ်ပေါင်ရွက်နဲ့ ချက်မစားပါဘူး။ တရားဒေသနာ ဟောကြားပေးလိုက်တဲ့အတွက် အလွန်ကောင်းတဲ့ ဟင်းတစ်ခွက်လိုမျိုးပဲ။ အလွန်တော်တဲ့နောက်လိုက်တွေကိုရရှိသွားခဲ့ပုံကို ဖွဲ့ဆိုထားတဲ့ သီချင်းလေးတစ်ပုဒ်ဖြစ်ပါတယ်။

**စ'နိုင်ထွန်းဦး** (၂၀·၇·၀၆)

## တင်ပြချက် (၂)

ဘုရားသခင်က တကယ်ပဲ မြှုံးသွားထောင်ပြီး ငါးဖမ်းမိပြီး ကျွန်မတို့ကိုလာကျွေးသလို ကျွန်မရဲ့စိတ်ထဲမှာ ခံစားရတယ်။ လောကကြီးဟာလည်း ဟင်းတစ်ခွက်နဲ့ တူပါတယ်။ ဟင်းဆိုတာ အမြဲမကောင်းပါဘူး။ ဒီလိုပဲ လောကကြီးမှာ ပျော်ရွှင်မှုရှိသလို ဝမ်းနည်းစရာတွေ ကြုံတွေ့ရပါတယ်။ ပျော်ရွှင်မှုနဲ့ကြုံတွေ့ရတဲ့အခါ လောကကြီးဟာ အရမ်းကောင်းတဲ့ ဟင်းတစ်ခွက်နဲ့တူတယ်လို့ပြောရင် လောကလူသားတွေဟာ လက်ခံကြမှာပါ။ ဝမ်းနည်းစရာတွေနဲ့တွေ့ကြုံရရင်တော့... လောကကြီးဟာ အရမ်းကောင်းတဲ့ဟင်းတစ်ခွက်ဖြစ်တယ်လို့သွားပြောရင် ဘယ်လိုလူမျိုးတွေကမှ လက်ခံမှာမဟုတ်ဘူး။ ဝမ်းနည်းစရာတွေကြုံရပါစေ၊ ပျော်ရွှင်စရာတွေ ရရှိပါစေ၊ ကျေးဇူးတော်ချီးမွမ်းခြင်းနဲ့ ခွန်အားယူဖို့... ကောင်းကင်ဘုံမှာရှိတဲ့ အဖ တစ်ပါးတည်းသာ လောကသားတို့ကို ဝမ်းမြောက်ခြင်း၊ ရွှင်လန်းခြင်း၊ ထာဝရနိုင်ငံတော်ကို ရောက်ဖို့ ကယ်တင်နိုင်သောအရှင်ဖြစ်တယ်လို့ ဒီသီချင်းလေးကို နားထောင်ပြီး ဒီလိုပဲ ခံစားရပါတယ်။

**နော်ကေသီမိုး**

## တင်ပြချက် (၃)

မြှုံးထောင်သောအလုပ်သည် မရှိဆင်းရဲသော ကျွန်တော်တို့သာ လုပ်သောအလုပ် ဖြစ်သည်။ သို့သော် ဤသီချင်းကိုနားထောင်ခံစားခြင်းဖြင့် အဖဘုရားရှင်ဟာ ကျွန်တော်တို့ဆင်းရဲသားများနှင့် ပိုမိုနီးကပ်စွာရှိကြောင်း တွေ့ရှိခံစားရပါသည်။ ... ငါးနှင့် ကောင်းချီးမင်္ဂလာသည် ကုန်ခမ်းသွားခြင်းမရှိသော ဂုဏ်ရည်တူဖြစ်ပြီး ဘုရားရှင်၏ ကောင်းချီးမင်္ဂလာသည် ကျွန်တော်တို့အပေါ်မှာ အမြဲထာဝရ သက်ရောက်နေမည်ဟုတွေ့မြင်ပါသည်။ ချဉ်ပေါင်ရွက်သည် ချဉ်၏။ အပြစ်ဒုစရိုက်သည် ချဉ်ပြီး ရွံမုန်းဖွယ်ကောင်းသည်။ သို့သော် ချဉ်ပေါင်ရွက်ကိုချက်စားရာ၌ အရသာပြောင်းလဲသွားပြီး ဆိုးညစ်သောဒုစရိုက်ကိုပြုပြင်ပါက ပြောင်းလဲသွားနိုင်ပါသည်။ အဖဘုရားသခင်၏ ကောင်းချီးမင်္ဂလာနှင့် ဆိုးညစ်သောအပြစ်များကိုပြောင်းလဲစေနိုင်ကြောင်း တွေ့ရှိရပါသည်။

**မျိုးမင်းထွန်း**

## တင်ပြချက် (၄)

ကမ္ဘာလောကကြီးသည် လောဘ၊ မောဟ စတဲ့ ဆိုးသွမ်းတဲ့အငွေ့များနှင့်ပြည့်လျက်ရှိသောကြောင့် ချဉ်သော အရသာရှိနေပါသည်။ ငါးပြေမအား ချဉ်ပေါင်ရွက်နှင့်ချက်စားသောအခါ ချိုသောအရသာ ပျက်ပြယ်သွားသကဲ့သို့ လူတို့သည်လည်း လောက၏ဆွဲဆောင်မှုနောက်သို့ လိုက်ပါသွားကြသောအခါ ပျက်စီးသွားတတ်ကြပါသည်။ ငါးပြေမနှင့် ချဉ်ပေါင်ရွက်ရှိရုံဖြင့် မလုံလောက်သေးပါ။ ဆီ၊ ဆား၊ အချိုမှုန့်၊ အရောင်တင်မှုန့်၊ နနွင်းစတဲ့ ဟင်းခတ် အမွှေးအကြိုင်များကို အချိုးကျကျ ရောစပ်၍ထည့်မှသာလျှင် အလွန်ကောင်းသောဟင်းတစ်ခွက် ဖြစ်လာနိုင်ပါသည်။ ထိုအတူ လူတစ်ယောက်၏အသက်တာတွင်လည်း တပေါ၊ ယဉ်ကျေးမှု၊ ဘာသာတရား စသည့်အရာများနှင့် ဘုရားသခင်၏အလိုတော်အတိုင်း အသက်တာလိုက်လျှောက်မှသာလျှင် ဘုရားသခင်ချစ်မြတ်နိုးသော အဓိပ္ပာယ်ရှိသော ဘဝဖြစ်လာပါမည်။

ဘုရားသခင်သည် နေရာတိုင်းတွင်ရှိသောကြောင့် ကျွန်ုပ်တို့ပြုလုပ်သောအရာအားလုံးကို သိမြင်တော်မူ၏။ ကျွန်ုပ်တို့ မည်သည့်အရာများကိုဆောင်ရွက်သင့်ကြောင်းကို နေ့စဉ်တွေ့ မြင်ထိတွေ့နေရသော ပတ်ဝန်းကျင် မိဘ၊ မိတ်ဆွေ၊ သူငယ်ချင်းများအားဖြင့် ပြောဆိုလမ်းပြနေပါသည်။ မခံယူတတ်ပါက ဘုရားသခင်၏ပြောဆိုလမ်းပြမှုများကို ယနေ့ဆုံးရှုံးသွားနိုင်ပါသည်။ ဘုရားသခင်သည်လည်း ကျွန်ုပ်တို့အား အဆင်မပြေမှုများနှင့်တွေ့ ကြုံရန် ဘယ်သောအခါမှ အလိုမရှိခဲ့ပါ။

မိုင်ဆွေဆွေလွင်

## တင်ပြချက် (၅)

အဲဒီသီချင်းလေးထဲကလူဟာ ဘုရားသခင်ကို အရမ်းယုံကြည်ပါသည်။ သူနဲ့သွားတဲ့နေရာတိုင်းမှာ ဘုရားပါပါတယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ သူ့နေရာမှာ ဘုရားကို အစားထိုးတဲ့အတွက် ဘုရားသခင်ဟာ မြူးသွားတော်တယ်လို့ ပြောဆိုခြင်းဖြစ်ပါတယ်။ သူ့ရဲ့ယုံကြည်ခြင်းအတိုင်းပဲ သူဟာ အရမ်းကြိုက်တဲ့ ငါးပြေမတစ်ကောင် ရပါသည်။ ကရင်ကျေးလက်သီချင်းလေးထဲကသူက အမှန်တကယ်လိုအပ်လို့တောင်းတယ်။ ပြီးတော့ ချက်စားတဲ့အခါမှာ အလွန်ကောင်းပါသည်လို့ ကျေးဇူးတော်ချီးမွမ်းပါသည်။

ကျွန်တော်တို့ကတော့ မလိုအပ်တဲ့အရာတွေ တောင်းပြီး ပြည့်စုံမလာရင် ဘုရားသခင်ကိုအပြစ်တင်တတ်ကြပါသည်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဘုရားသခင်ကို အမှန်တကယ်ယုံကြည်ပြီး သူများတွေရဲ့ရှေ့မှာ ကြွားဝါချင်တဲ့စိတ်၊ ထည်ဝါချင်တဲ့စိတ်နဲ့တောင်းရင်တော့ ဘယ်တော့မှ ပြည့်စုံလာမှာမဟုတ်ဘူး။ အမှန်တကယ်လိုအပ်ရင် တောင်းကြည့်ပါ။ ဘုရားသခင်က တောင်းကြလော့၊ တောင်းလျှင်ရမည်။ ရှာကြလော့၊ ရှာလျှင်တွေ့မည်ဟု မဿဲ ၇း၇ မှာ ကတိပေးပြီးသားဖြစ်ပါသည်ဟု ခံစားမိပါသည်။

အစ်ဘရှီ:စ်

ကဲ … ချစ်သောစာဖတ်သူ၊ သင့်ရဲ့အမြင်က ဘယ်လိုရှိပါသလဲ။ ရေခံမြေခံသီချင်းလော်ကီများ ရှိသင့်သည်ဟု သာသနာပိုင်ချုပ်မှ မိန့်ကြားခဲ့သည်။ အထက်ပါ တင်ပြချက် စုစုပေါင်း (၆)ခုသည် MACS ကျောင်းသား ရန်ကုန်သာသနာပိုင်ကျမ်းစာကျောင်းသားများ၏ သီချင်းလော်ကီ ဖြစ်သည်။ ရန်ကုန်၊ ပြည်၊ မြစ်ဝကျွန်းပေါ်ဒေသမှ တသင်းသားများ။ သူတို့အသက်အရွယ်၊ ပညာအရည်အချင်း၊ လောကအတွေ့အကြုံ၊ ကိုးကွယ်ယုံကြည်မှုတို့ကို အခြေခံလျက် ထွက်ပေါ်လာသော ရေခံမြေခံစစ်စစ် သီချင်းလော်ကီ ဖြစ်ပါသည်။ "ချောင်းဖျား သီချင်းလော်ကီ" ဟု ကိုရီးယားသံ ပါပါနှင့်တော့ အမည်မမှည့်လိုက်ပါနှင့်။ ❑

စုပေါင်းတင်ပြသူ

ဆဲဗင်းမွန်း

၂၈-၁၀-၂၀၀၈



# မေတ္တာ၊ ကရုဏာ၊ သစ္စာ

## သာသနာပိုင်ဒေးဗစ်သန်းလွင်

ပရောဖက်ယေရမိကို ဘုရားသခင်က ရွေးကောက်တဲ့အခါ မိန့်မှာတဲ့စကားတွေကို အင်မတန်ကြိုက်နှစ်သက်မိတယ်။

ငါစေလွှတ်တဲ့နေရာကိုသွား။ မိန့်မှာသမျှကိုဆင့်ဆို၊ ငါသည်သင်နဲ့အတူရှိမယ်။ ဘာမှမစိုးရိမ်နဲ့၊ ဘာမှမကြောက်နဲ့၊ ဒီနေ့ကစပြီး ငါ့ရဲ့အမှုတော်မှာ သင့်ကို ငါခန့်ထားပြီ။

ဆိုတော့ - ဘုရားရဲ့ အမိန့်တော်ကိုနာခံရင် အကာနဲ့ဖြစ်စေရမယ်၊ ဘုရားကိုတကယ်ယုံကြည်စိတ်ချရင် အောင်မြင်ရမယ်။ ဘုရားသခင်ရဲ့ အမှုတော်ဆောင်ရွက်ဖို့ရာ ဘုရားသခင်က တိတိကျကျကို အာမခံချက်ပေးထားတယ်။ ဇဝေဇဝါ မသေမချာနဲ့ စေခိုင်းနေတာမဟုတ်။

ဘုရားသခင်စေခိုင်းတဲ့နေရာမှာ ယေရမိကိုပြတဲ့ ရူပါရုံရဲ့ သဘောသဘာဝကိုလည်း ဝေမျှလိုပါတယ်။

ယေရမိ - သင်ဘာမြင်ရသလဲ။

ဗာဒံခက်ကို မြင်ရပါတယ် အရှင်ဘုရား။

အပွင့်လေးကဖြူဖြူ၊ အသီးကလည်းစားလို့ကောင်း။ အဲဂုဏ္ဍာပြည်မှာမရှိလို့ ပါလေတိန်ပြည်ကနေ တမြတ်တနိုးနဲ့ လက်ဆောင်ပေးခဲ့ရတဲ့ အပင်မျိုး။

ဗာဒံခက်ကို မြင်ရပါတယ်အရှင်ဘုရား။

အဓိပ္ပာယ်က အခက်မြင်ရပြီဆိုရင် အသီးအပွင့်လိုက်လာတော့မှာ သေချာတာပေါ့။

ဒီတော့ - ဘုရားရှင်စေခိုင်းတဲ့နေရာမှာ ဘုရားဆီကလာတဲ့ မျှော်လင့်ခြင်း၊ ဘုရားဆီက ကတိတော် များကို ကျွန်တော်တို့တွေအားရပါးရ ဟောကြားရတော့ မှာပေါ့။

ဘုရားက ယေရမိကို ဆက်မေးသေးတယ်။

ယေရမိ - ဘာထပ်မြင်ရသေးလဲ။

မြောက်အရပ်ကို ကျောနိုင်းနေတဲ့ ဇရဲအိုးကို မြင်ရပါတယ် အရှင်ဘုရား။

အဓိပ္ပာယ်က မြောက်မျက်နှာကလာတဲ့ ဘေးအန္တရာယ်သည် သင့်ရောက်လိမ့်မယ်။

ဒီတော့ ဘုရားရှင်ပြတဲ့ ရူပါရုံကိုကြည့်လိုက်ရင်- တစ်ဘက်က လူတို့ရဲ့ မျှော်လင့်ခြင်းနဲ့ ဘုရားရဲ့ ကတိတော်၊ တစ်ဘက်က ဖြောင့်မတ်တော်မူသော ဘုရားရှင်ရဲ့ တရားစီရင်ခြင်းကို တွေ့ရပါတယ်။

ဒီခေတ်၊ ဒီအခါ အမှုတော်ဆောင်တဲ့အခါမှာ ပတ်ဝန်းကျင်က အမျိုးမျိုး၊ ဒေသနာတွေက အဖုံဖုံ၊ ပြဿနာ အခက်အခဲတွေက စုံလင်စွာနဲ့ အမှုတော်ထမ်းရတဲ့ အချိန်အခါဆိုတော့ စိုးရိမ်စရာပဲပေါ့။

ဘုရားက မစိုးရိမ်နဲ့ ဘုရားရှင်ရဲ့ အမှုတော်ဆောင်များနဲ့အတူတူ ရှိနေခြင်း။ ဘုရားရှင်ရဲ့တန်ခိုးသည် ကျွန်ုပ်တို့နှင့်အတူတူ ရှိနေခြင်းသည် ကျွန်ုပ်တို့အတွက် ခွန်အားဖြစ်ပါတယ်။

ယေရမိ ဝန်ခံတယ်။ အိုထာဝရဘုရား၊ နာမတော်ဖြင့် သမုတ်ခံသည့်အလျောက် အကျွန်ုပ်တွေ့၍ သုံးဆောင်ရာ ဗျာဒိတ်တော်သည် စိတ်အားရ ရွှင်လန်းဘွယ်ရာ အကြောင်း ဖြစ်လှပါ၏ (၁၅း၁၆)။

ယေရမိ အမှုတော်ဆောင်တဲ့ အသက်တာမှာ အခက်အခဲ၊ ဝမ်းနည်းကြေကွဲဖွယ်ရာများနဲ့ ရင်ဆိုင်ကြုံတွေ့ စေကာမူ ရွှင်လန်းခြင်းကို ရရှိခဲ့ပါတယ်။

ဘာကြောင့်လဲ။ နှုတ်ကပတ်တော်၌ မွေ့လျော်ခြင်း၊ နှုတ်ကပတ်တော်ကို ချစ်မြတ်နိုးခြင်း၊ ဆုတောင်းခြင်း၌ မွေ့လျော်ခြင်း၊ ဆုတောင်းခြင်းကို မြတ်နိုးခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။

ပရောဖက် ယေရမိဟာ မိမိရဲ့ အမှုတော်ဆောင်ခြင်း အသက်တာကို ကျေနပ်မှုရခဲ့တယ်။ စိတ်ချမ်းသာမှုရခဲ့တယ်။ စိတ်ရွှင်လန်းမှု ရခဲ့တယ်။ ဒီတော့ ယေရမိတစ်ယောက် ဘုရားဝတ်မှာ မွေ့လျော်သွားပြီပေါ့။

ဘုရားရဲ့ မေတ္တာ၊ ဘုရားရဲ့ ကရုဏာ၊ ဘုရားရဲ့ သစ္စာတရားဟာ ကျွန်တော်တို့ အမှုတော်ဆောင်တွေအပေါ်မှာ အင်မတန်ကြီးမားလှပါတကား။ ❑



# ခရစ်တော်ကဲ့သို့ အစေခံခြင်း

## ဘုန်းတော်ကြီး ဒေါက်တာစံမြတ်ရွှေ

ခရစ်ယာန်ဘာသာ၏ သဘောသဘာဝသည် လောကအမြင်အရ တစ်ခါတစ်ရံ နားလည်ရန် ခက်ခဲ လိမ့်မည်။ ဥပမာ အားဖြင့် လက်ဝါးကပ်တိုင်တင်ခံရသော မေရှိယ၊ ရန်သူကို ခွင့်လွှတ်ရန်နှင့် ချစ်ရန်၊ အကြိမ်ကြိမ် ခွင့်လွှတ်ရန်၊ အပြစ်သားများ၊ အားနည်းသူများကို ဘုရား သခင်ချစ်ကြောင်း စသည်ဖြင့်တွေ့ရသည်။ မဿဲ ၂၀း၂၈ တွင် "သင်တို့တွင် အကဲအမှူး ပြုလိုသောသူကို သင်တို့ အစေခံဖြစ်စေ။ သင်တို့တွင် အထွဋ်အမြတ်လုပ်ချင်သော သူကိုလည်း သင်တို့ကျွန်ဖြစ်စေ"ဟု သခင်ခရစ်တော် မှာကြားခဲ့သည်။ ဤအချက်များကြောင့် ခရစ်ယာန်ဘာသာ အနေဖြင့် ကဲ့ရဲ့ခံရသည်မှာ မဆန်းပေ။ အချို့က ခရစ်ယာန် ဘာသာသည် ကျွန်စိတ် မွေးမြူပေးနေသည့်အတွက်၊ လောကကိုအောင်နိုင်ရန်နှင့် လွှမ်းမိုးနိုင်ရန် စွမ်းအားမရှိကြောင်း ဝေဖန်ကြသည်။



ကနဦးအသင်းတော် အချိန် ကတည်းကစပြီး၊ ခရစ်ယာန်ဘာသာသည် အခြားသူများ အတွက် ထူးဆန်းသည့်သဘော နားလည်ရန်ခက်ခဲသည့် သဘောများ တွေ့ရသည်။ တစ်ဘက်တွင်လည်း အချိန် ကာလပြောင်းလဲသည်နှင့်အမျှ ခရစ်ယာန်ဘာသာတရား၏ အခြေခံအနှစ်သာရများသည် တဖြည်းဖြည်း မေးမှိန်လာပြီး၊ ခေတ်ကာလ၏စိန်ခေါ်မှုကို ပြန်လည်တုံ့ပြန်နိုင်စွမ်း မရှိတော့သည့်အနေအထားမျိုး ဖြစ်နိုင်သည်။ ယနေ့ ကမ္ဘာ့ နိုင်ငံရေးအခြေအနေသည် ဤအနေအထားသို့ ရောက်ရှိ နေသည်။ ဤစာတမ်းတွင် သခင်ခရစ်တော်၏ ခေါင်းဆောင် မှုပုံစံဖြစ်သည့် အစေခံခေါင်းဆောင်ခြင်း၏သဘော သဘာဝကို သမ္မာကျမ်းစာ၏ ဖော်ပြထားချက်များကို အခြေခံပြီး၊ ယနေ့ခေတ်အချိန်နှင့် ပြန်လည်နှိုင်းယှဉ်ကြည့်ကာ၊ သင်ခန်းစာယူရန် ဖြစ်သည်။

### ခရစ်တော်အစေခံခြင်း၏ ဇာစ်မြစ်

ဘုရားသခင်လူ့ဇာတိခံယူခြင်းသည် အစေခံခြင်း၏ အစမူလသဘာဝပင်ဖြစ်သည် (ဖိလိပ္ပိ ၂း၆-၁၁)။ ဘုရား၏ ထူးခြားသော သဘာဝနှင့် အစွမ်းတန်ခိုးများကို စွန့်ပယ်ပြီး၊ လူသားများကို ကယ်တင်ရန်၊ လူ့အဖြစ်အနေကို ခံယူပြီး။ သူတစ်ပါးအစေကို ခံခြင်း၊ မိမိအသက်အသေခံသည့် တိုင်အောင် နာခံခြင်းအားဖြင့်၊ မိမိကိုယ်ကို နှိမ့်ချခဲ့သည်။ ကနဦးခရစ်ယာန်များ၏ ပတ်ဝန်းကျင်တွင် အထူးသဖြင့် ဂရိယုံကြည်ကိုးကွယ်မှုများ၌ တွေ့ရှိရသော အယူအဆတစ်ခု မှာ၊ ဘုရားသည်လောကသို့လာရောက်သည့်အခါ၌ လူကဲ့သို့ အယောင်ဆောင်လျက် လာရောက်ပြီး နောက်ဆုံးတွင် မိမိ၏နေရာသို့ပြန်သွားကြောင်း တွေ့ရသည်။ လူ့လောက သည် မပြည့်စုံသဖြင့် ဘုရားများလာရောက်ပြီး ထပ်တူထပ်မျှ နေထိုင်ရန်မှာ မဖြစ်နိုင်ပေ။

သခင်ခရစ်တော်အားဖြင့် ဖော်ပြခဲ့သော ဘုရား၏ သဘောသဘာဝမှာ၊ ထိုအချိန်ကရှိသော ဘုရားကိုနားလည်မှု ပုံစံများကို ပြောင်းပြန်လှန်လိုက်သည့် သဘောဖြစ်သည်။ လူသားများထံသို့လာသည့်ဘုရား၊ လူသားများကို လိုက်ရှာသည့်ဘုရား၊ အပြစ်ကိုနားလည် ခွင့်လွှတ်သည့်ဘုရား။ လူသားများအတွက် ဒုက္ခခံသည့် ဘုရားအဖြစ် မြင်တွေ့ ရသည်။ လူများအလုပ်အကျွေး ပြုခြင်းကိုခံခြင်း၊ တင်းကျပ်သည့် ကိုယ်ကျင့်တရားစည်းကမ်းများဖြင့် ဘောင်ခတ်ထားခြင်း၊ မိမိအတွက် လူသားများ၏ အသက်ကိုစတေးခြင်း စသည့်လက္ခဏာများမတွေ့ရပေ။ ဤကဲ့သို့သော ခရစ်တော် အားဖြင့် ဖော်ပြသော ဘုရား၏ အနစ်နာခံခြင်း၊ အစေခံခြင်း၊ အသက်ရှင်ခြင်း သဘောပင် ဖြစ်သည်။ သခင်ခရစ်တော်၏ သတင်းစကားတွင် အဓိကကျသောအချက်မှာ ဘုရားသခင်၏နိုင်ငံတော် ဖြစ်သည်။ လူသားများ၏ အသက်တာတွင် ဘုရားသခင် အုပ်စိုးသော အခြေအနေရှိရန်လိုအပ်ကြောင်း တွေ့ရသည်။ ထိုအခြေအနေ၏ သဘောသဘာဝကို မင်္ဂလာတရားတော် ထဲတွင် တွေ့နိုင်သည်။ ရုပ်သဘောအရ၊ စိတ်သဘောအရ ဒုက္ခရောက်သူများသည် ဘုရားသခင်ထံမှ ပို၍ မင်္ဂလာခံစားရပြီး ကောင်းကင်နိုင်ငံတော်သို့ ဝင်ရောက်နိုင်သည်။ ဘုရားသခင်၏ နိုင်ငံတော်သည် တန်ဖိုးကြီးမားသောအရာ၊ အကောင်းအဆိုးခွန်တွဲနေသောသဘော၊ ကလေးသူငယ် ကဲ့သို့ နှိမ့်ချစွာဖြင့် ခံယူရန်၊ ဘုရားသခင်၏ ခွင့်လွှတ်ခြင်းနှင့် သနားခြင်းကရုဏာတော်တည်ရှိရာ၊ လူသားများအနေဖြင့် လက်ခံရန်နှင့် အသင့်ပြင်ဆင်ရန် စသည်ဖြင့် ကျမ်းစာထဲတွင် ဖော်ပြထားသည်။ ဘုရားသခင်၏ နိုင်ငံတော်သည် လောကနိုင်ငံတော်မှ ခွဲခြားရန် လိုအပ်သည်။

### လောက၏ ပုံစံ

လောကီမင်းတို့သည် အစိုးတရပြုတတ်ကြ၏။ အကဲအမှူးတို့သည် အာဏာထားတတ်ကြသည်။ (မဿဲ ၂၀း၂၆)

လောက၏တန်ဖိုးထားပုံနှင့် ဘုရားသခင်၏ နိုင်ငံတော်တန်ဖိုးထားပုံများ ကွာခြားကြသည်။ တန်ခိုးအာဏာ ရယူခြင်း၊ မိမိ တိုးတက်ကြီးပွားရန်နှင့် ကျော်စောရန်အတွက် ဦးစားပေးခြင်းများသည် လောကခေါင်းဆောင်မှု၏ အမှတ်လက္ခဏာများ ဖြစ်သည်။ တန်ခိုးအာဏာ၏ အခြေခံ အဓိပ္ပာယ်မှာ တစ်စုံတစ်ခုကိုပြုလုပ်ရန် တတ်စွမ်းခြင်း၊ အခွင့်အရေးရှိခြင်းဆိုသည့် သဘောဖြစ်သည်။ သို့ဖြစ်၍ လူ့အသိုင်းအဝန်းတွင် တန်ခိုးအာဏာပိုင်ဆိုင်သူများနှင့် တန်ခိုးအာဏာမဲ့သူများဟူ၍ နှစ်မျိုး ခွဲခြားနိုင်သည်။ မိမိ

ပိုင်ဆိုင်သော တန်ခိုးအာဏာကို အသုံးချသည့်အပေါ် မူတည်ပြီး အကောင်းအဆိုးရလဒ်များ ပေါ်ပေါက်လာပေမည်။ ကုမ္ပဏီအကြီးအကဲများအနေဖြင့် လက်အောက်ငယ်သားများ၏ ဘဝအာမခံချက် နိုင်လုံဖို့ရန်ထက်၊ မိမိ၏အကျိုးအမြတ်ကိုဦးတည်၍ ဆုံးဖြတ်ချက်များ ချနိုင်သည်။ ခေါင်းဆောင်တစ်ဦး၏ မြင့်မားသောစွမ်းရည်၊ လုပ်ဆောင်မှုအပေါ်မူတည်၍ သူ၏လက်အောက်ငယ်သားများထက် အကျိုးခံစားခွင့် ပိုပြီးမြင့်မားလိမ့်မည်။ ခေါင်းဆောင်တစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာအရည်အသွေးများသည်လည်း အရေးပါသော အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်လာသည်။ အထူးသဖြင့် အပြောအပြောကောင်းသူ၊ စည်းရုံးတတ်သူ၊ သူတစ်ပါးအား လွှမ်းမိုးနိုင်သူ စသည့်အရည်အသွေးများ ဖြစ်သည်။ လူမှုရေးနယ်ပယ်တွင်လည်း လူနည်းစု (သို့) လူများစုအကျိုးစီးပွားကို ရည်ရွယ်ပြီး၊ နိုင်ငံရေး၊ စီးပွားရေး ဆုံးဖြတ်ချက်များကို ချမှတ်လေ့ရှိသည်။ တန်ခိုးအင်အား ရှိသူ/ကြီးသူများနှင့် တန်ခိုးအင်အား မရှိသူ/နည်းသူများ အကြား ပဋိပက္ခမှာ ပိုမို ကြီးထွားလာသည်။

**ခရစ်တော်၏ပုံစံ-၁**

ငါတို့သခင်ယေရှုခရစ်တော်သည် စည်းစိမ်ရှိသော်လည်း၊ ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ်ရှိစေခြင်းငှာ၊ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကို ခံတော်မူသော ကျေးဇူးတော်ကို သင်တို့ သိကြ၏။ (၂ကော ၈:၉)

တန်ခိုးအာဏာနှင့်ပတ်သက်၍ မည်ကဲ့သို့ ကိုင်တွယ်ရမည်ကို ဖြေရှင်းပေးထားသော နည်းတစ်နည်း ဖြစ်သည်။ အင်အားကြီးသူ၊ တန်ခိုးရှိသူက အင်အားနည်း သူ၊ တန်ခိုးမရှိသူထံ ဦးစွာချဉ်းကပ်မှုပြု၍ အကူအညီပေးရန် မိမိ၌ ရှိသောအရာကိုဝေငှခြင်းအားဖြင့်၊ မိမိကဲ့သို့သော အခြေအနေမျိုးအတိုင်းအတာတစ်ခုအထိ ဖြစ်လာစေရန် အတွက်ဖြစ်သည်။ ဘုရားနှင့်လူသားများကြားတွင် ဘုရားသည် အစပြုသူ၊ ခရစ်တော်နှင့် တမန်တော်များ ကြားတွင် ခရစ်တော်သည် အစပြုသူ၊ ခေါင်းဆောင်နှင့် လက်အောက်ငယ်သားများကြားတွင် ခေါင်းဆောင်သည် အစပြုသူဖြစ်ရမည်။ (ဥပမာ- သခင်ခရစ်တော်တပည့်တော် များကို ခြေဆေးခြင်း) ဤကဲ့သို့သော ပေါင်းသင်းဆက်ဆံမှု သဘောသဘာဝသည် ယနေ့ခေတ်အခြေအနေအတွက် အလိုအပ်ဆုံး၊ အခြေခံကျသော ပုံစံတစ်ခုဖြစ်သည်။ ဆင်းရဲ ချမ်းသာမှု ပိုမိုကွာဟလာခြင်း၊ အင်အားကြီးသော အနောက် နိုင်ငံများနှင့် အင်အားငယ်သော အခြားနိုင်ငံများအကြား ကွာဟမှုများလာခြင်းတို့သည် ယနေ့ခေတ် အခြေအနေများ ဖြစ်သည်။ မကြာသေးမီက ချမ်းသာသော နိုင်ငံများက ဆင်းရဲသော အာဖရိကနိုင်ငံများ၏ ကြွေးမြီများကို လျှော်ပစ် လိုက်သည့် လုပ်ဆောင်မှုသည် ဤပေါင်းသင်းဆက်ဆံမှု ပုံစံနှင့် ဆီလျော်မှုရှိသည်။ ထို့ပြင် ယနေ့ခေတ်တွင် ပေါ်ပေါက်နေသော ကမ္ဘာနှင့်အဝှမ်းဖြစ်ပွားနေသော အကြမ်းဖက်မှု ပြဿနာများ၊ လူနည်းစုဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်ရန် နည်းလမ်းတစ်ခုဖြစ်မည်။

**ခရစ်တော်ပုံစံ-၂**

အစိုးရသောသူနည်းတူ ဆုံးမဩဝါဒပေးတော်မူ၏၊ (မာကု ၁:၂၂)

သခင်ခရစ်တော်၏ အမှုတော်ဆောင်ခြင်း၌ သင်ကြားခြင်းသည် အရေးကြီးသော အခန်းကဏ္ဍအဖြစ် ပါဝင်သည်။ ထိုသို့ သင်ကြားရာတွင် သင်ရိုးထင်ရှားခဲ့သော ပုဂ္ဂိုလ်တစ်ဦးအား ရည်ညွှန်း၍ သင်ကြားခြင်းမဟုတ်ဘဲ၊ ဘုရားသခင်ထံမှ တိုက်ရိုက်လာသော အခွင့်အာဏာဖြင့် သင်ကြားခြင်းဖြစ်သည်။ သခင်ခရစ်တော်ကဲ့သို့ ဘုရားအုပ်စိုးခြင်းကို ဝန်ခံသောသူများအတွက် အခွင့်အာဏာသည် ဘုရားထံမှသာ ရရှိသည်။ ဘုရားသခင်၏ နိုင်ငံတော်နှင့်ပတ်သက်၍ အများဆုံးသင်ကြားခဲ့သည်။ လောကနိုင်ငံနှင့် ဘုရားသခင်၏နိုင်ငံ ရောထွေးမှုမရှိရန် ခွဲခြားပြခဲ့သည်။ သခင်ခရစ်တော်သည် သင်ကြားရာတွင်လည်း မိမိကိုယ်တိုင် လက်တွေ့ပြသသည့်သဘောလည်း တွေ့ရသည်။ ရှေ့ဆောင်လမ်းပြအနေဖြင့် ပြုလုပ်ခြင်းလည်း ဖြစ်သည်။ (ဥပမာ- ခရစ်တော် တပည့်တော်များအားခြေဆေးခြင်း အဖြစ်အပျက်တွင် ပေတရုအား ပြောသည်မှာ၊ မိမိကဲ့သို့မလုပ်နိုင်လျှင်၊ ထိုသူသည် မိမိနှင့်မဆိုင်)

**ခရစ်တော်ပုံစံ-၃**

သင်တို့သည် မြွေကဲ့သို့ လိမ္မာလျက်၊ ချိုးငှက်ကဲ့သို့ အဆိပ်ကင်းလျက် ရှိကြလော့ (မဿဲ ၁၀:၁၆)။

> ကောင်းသောသိုးထိန်း၏ သဘောသဘာဝသည် အနစ်နာခံသော ခေါင်းဆောင်၏သဘာဝကို ဖိပြင်စေသော အချက်တစ်ခုဖြစ်သည်။

တစ်ခါတစ်ရံ ခေါင်းဆောင်များ ကြုံတွေ့ရသော အခြေအနေသည် ခက်ခဲခြင်း၊ ရှုပ်ထွေးခြင်းများ ဖြစ်လိမ့်မည်။ ထိုအချိန်တွင် မည်သို့ တုံ့ပြန်ရမည်ကို ခရစ်တော်က ညွှန်ပြခဲ့သည်။ ပထမအရည်အသွေးအဖြစ် လိမ္မာပါးနပ်ရန်ဟု ဆိုရာတွင်၊ ခက်ခဲသောအခြေအနေတစ်ခုကို သတိရှိရှိ၊ ခေါင်းအေးအေးဖြင့် တုံ့ပြန်ရင်ဆိုင်သည့် သဘောဖြစ်သည် (ကမ္ဘာဦး ၃:၁)။ ချိုးငှက်ကဲ့သို့ အဆိပ်ကင်းရန်ဟု ဆိုရာတွင် မှန်ကန်သည့်အရာကို ဆောင်ရွက်ရာ၌ မြင့်မြတ်သော ရည်ရွယ်ချက်၊ နိုင်မာသည့်ခံယူချက်များဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။ ဥပမာ- သခင်ခရစ်တော် ဖာရိရှဲများအား ဒါဝိဒ်နှင့်ပတ်သက်၍ မေးမြန်းခြင်း (မဿဲ ၂၂:၄၁-၄၆)၊ ကဲသာဘုရင်အား အခွန်ဆက်ခြင်းနှင့်ပတ်သက်၍ ဖြေကြားခြင်း (မဿဲ ၂၂:၁၅-၂၂)။ ခေါင်းဆောင်တစ်ဦးအနေဖြင့် အဖွဲ့အစည်းအတွင်း၌ တစ်ဘက်နှင့်တစ်ဘက် မသင့်မတင့်သောအခြေအနေတွင်လည်းကောင်း၊ နိုင်ငံရေးအခြေအနေအရ ရှုပ်ထွေးသော အခြေအနေတွင်သော်လည်းကောင်း ဤအရည်အသွေးများသည် အမှန်တကယ်ပင် လိုအပ်လာမည်ဖြစ်သည်။

**ခရစ်တော်ပုံစံ-၄**

"became obedient to death- even death on a cross (Philippians 2:8)

ဘုရားသခင်၏အလိုတော်ကို နာခံခြင်းသည် သခင်ခရစ်တော်အမှုတော်ဆောင်ခြင်း၏ အဓိကကျသော အချက်ဖြစ်သည်။ ခွက်ဖလားကို သောက်ခြင်းသည် ဒုက္ခဝေဒနာခံစားရခြင်းနှင့် လူများ၏ ငြင်းပယ်ခံရခြင်းတို့ကို ရင်ဆိုင်ရမည့်အကြောင်း တင်စား၍ ဖော်ပြခြင်းဖြစ်သည် (မဿဲ ၂၀:၂၂၊ ၂၆:၄၂)။ ဤနေရာတွင် မိမိအလိုကို ငြင်းပယ်ခြင်း၊ အများအတွက် အနစ်နာခံခြင်းသဘောများ ပါဝင်သည်။ သခင်ခရစ်တော်၏ သွန်သင်မှုတွင် ကောင်းသောသိုးထိန်း၏ သဘောသဘာဝသည် အနစ်နာခံသော ခေါင်းဆောင်၏သဘာဝကို ဖိပြင်စေသော အချက် တစ်ခုဖြစ်သည်။ အတုအယောင်ခေါင်းဆောင်များသည်လည်း အနည်းနှင့်အများရှိမည်ဖြစ်သည်။ တစ်ခါတစ်ရံ အမှန်တရားအတွက်၊ ဘုရားအတွက် ဒုက္ခခံရခြင်း၊ မိမိဦးဆောင်မှုနောက်သို့ လိုက်သူများအတွက် အနစ်နာခံရခြင်း စသည့် အခြေအနေများလည်း ရှိမည်ဖြစ်သည်။

**နိဂုံး**

သခင်ခရစ်တော်သည် လက်ဝါးကပ်တိုင်တင်ခံရပြီးနောက် တပည့်တော်များသည် ကွဲလွင့်ကြပြီး၊ မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်ဦးတည်ခဲ့ကြသည်။ ခရစ်တော်၏ ခေါင်းဆောင်မှု မပီပြင်ခဲ့ပါသလားဟု မေးရန်ရှိသည်။ ဤအဖြစ်အပျက်မှနေ၍ ညွှန်ပြသည့်အချက်မှာ ခေတ်ကာလ အခြေအနေအရ ခေါင်းဆောင်ရခြင်းသည် မည်မျှ ခက်ခဲကြောင်း တွေ့ရသည်။ ယခုခေတ်တွင်လည်း ပို၍ ခက်ခဲလာမည်ဖြစ်သည်။ သို့သော် ရှင်ပြန်ထမြောက်သော အရှင်ခရစ်တော်အားဖြင့် နောက်လိုက်တပည့်တော်များသည် ရဲရင့်ခြင်း၊ ယုံကြည်ချက်ခိုင်မာခြင်းတို့ဖြင့် ကယ်တင်ခြင်း သတင်းကောင်းကို စိတ်အားထက်သန်စွာ ဖြန့်ဝေကြသည်။ မိမိတို့သည်လည်း နောက်လိုက်ကောင်းများမှ ခေါင်းဆောင်ကောင်းများ ဖြစ်လာကြသည်။ ဤနေရာတွင် ဘုရားသခင်၏ လုပ်ဆောင်မှု၊ သန့်ရှင်းသောဝိညာဉ်တော်၏ ခွန်အားပေး လမ်းပြမှု စသည့်အခန်းကဏ္ဍသည်လည်း အရေးကြီးကြောင်း တွေ့ရသည်။ ခရစ်ယာန်ခေါင်းဆောင်တစ်ဦး အနေဖြင့် ဘုရားကို ယုံကြည်ကိုးစားခြင်း၊ မိမိကိုယ်ကို ဘုရားသခင်ကို ဆက်ကပ်အပ်နှံခြင်းသည်လည်း အရေးပါကြောင်းတွေ့ရသည်။ ခေါင်းဆောင်တစ်ဦးအနေဖြင့် မိမိ၏ အစွမ်းအစ၊ လုပ်ဆောင်မှု၏ အကန့်အသတ်သဘောကို နားလည်လက်ခံရမည်ဖြစ်ပြီး၊ တစ်ဘက်တွင်လည်း ဘုရားသခင်သည် အရာရာကို ပြီးပြည့်စုံနိုင်သော အရှင်အဖြစ် ယုံကြည်ကိုးစားလျက် လုပ်ဆောင်ရမည်ဖြစ်သည်။



အသင်းတော်ရှင်သန်တိုးတက်အောင်

# ဘယ်လိုတွေးကြမလဲ

ဆလိုင်းရှီမုန် (ပန်းတောင်း)

အသင်းတော်သည် ခရစ်တော်၏ ကိုယ်ခန္ဓာ ဖြစ်သကဲ့သို့ လူ့အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းထားသော အသင်းအဖွဲ့လည်း ဖြစ်ပါသည်။ အသင်းတော်သို့ ဝင်ရောက်ရန်ထုံးနည်းမှာ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံမင်္ဂလာကို ခံယူရမည် ဖြစ်ပါသည်။ ဗတ္တိဇံမင်္ဂလာအားဖြင့် ရရှိသော အတွင်းဆုကျေးဇူးမှာ အသစ်မွေးဖွားခြင်းနှင့် ဘဝအသက်တာကို ခရစ်တော်အားဖြင့် အစပြုခြင်းလည်း ဖြစ်ပါသည်။ ဘုရားသခင်ထံတော်ပါးမှ အကန့်အသတ်မရှိသော ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် စတင်အသက်ရှင်ခြင်းလည်း ဖြစ်ပါသည်။ ထို့ကြောင့် လူတစ်ဦးအသက်တာတွင် အသစ်မွေးဖွားခြင်းမှာ ဝိညာဉ်ဆိုင်ရာအသက်တာနှင့် လောကီဆိုင်ရာ အသက်တာတို့ အမြဲဖွံ့ဖြိုးတိုးတက်နေရန် ဖြစ်ပါသည်။ ယုံကြည်သူအားလုံး၏ အသက်တာသည်လည်း အစဉ် ဖွံ့ဖြိုးတိုးတက်နေရန် ဖြစ်ပါသည်။

ရှင်သန်နေသော အသင်းတော်တစ်ခုတွင် ပါဝင်သော သားသမီးများတို့သည် ဝိညာဉ်ရေးရာ၌ လည်းကောင်း၊ အသိပညာအရာ၌လည်းကောင်း ရှင်သန်တိုး တက်ပြီး အသင်းတော်၏ သာသနာပြုစုပျိုးထောင်ခြင်းကို စိတ်အား ထက်သန်သော အသင်းတော်ဖြစ်ပါသည်။ ထို့အပြင် ဝိညာဉ်အသီးအပွင့်များ သီးပွင့်လာပြီး မိမိကိုယ်တိုင် ရပ်တည်နိုင်သည်သာမက အခြားသူများကို ဝေငှပေးကမ်း၍ လျှံအိန်ခြင်း၌လည်း ခွန်အားရှိသော အသင်းတော်ဖြစ် ပါသည်။ ရှင်သန်ကြီးထွားသောအသင်းတော်ဖြစ်ရန် အမျိုးမျိုး တွေးခေါ်ကြံစည် ကြပါသည်။ ယနေ့လက်ရှိ အခြေအနေတွင် မည်သို့ကြိုးစားလုပ်ဆောင်ရမည်ကို စဉ်းစားခြင်းလည်း အရေးကြီးမည်ဖြစ်ပါသည်။

ရှင်သန်တိုးတက်သော အသင်းတော်တစ်ခု ဖြစ်လာရန် အသင်းသူ/သားတိုင်း ယုံကြည်ခြင်း၌ ရင့်ကျက်ပြီး ဆက်ကပ်မှုအပြည့်ဖြင့် စုပေါင်းလုပ်ဆောင် နိုင်ခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ခေါင်းဆောင်လုပ်သူများအနေနှင့် ခေါင်းဆောင်မှုအပြည့်အဝပေးတတ်ပြီး လုပ်ငန်း၏ သဘောတရားကို ကျွမ်းကျင်သဘောပေါက်နားလည်သူ ဖြစ်ရမည်။ ထို့အပြင် ဘုရားသခင်၏ ဘုန်းတော်ထင်ရှား စေလိုသည့် စိတ်နေသဘောထားနှင့် လုပ်ဆောင်တတ် ရန်လည်း လိုပါသည်။ ဘုရားသခင်၏ ဘုန်းတော်ထင်ရှား အောင် ရည်မှန်းချက်၊ ရည်ရွယ်ချက်များထား၍ ထိုအရာကို အကောင်အထည်ဖော်နိုင်အောင် အာရုံစူးစိုက်ရမည် ဖြစ်ပါသည်။ နောက်လိုက်များသည်လည်း မိမိတို့ရရှိ ထားသော ဘုရားသခင်ထံတော်ပါးမှ ဆုကျေးဇူးများ၊ အခွင့် အရေးများ၊ အသုံးမပြုရသေးသော စွမ်းရည်များကိုထုတ်၍ ဘုရားသခင် ဘုန်းတော်ထင်ရှားစေရန် ဆက်ကပ်လိုသည့် စိတ်ဆန္ဒပြင်း ပြသူများလည်း ဖြစ်ရမည်။ သို့မှသာ အသင်းတော်၌ အသီး အပွင့်များ ဝေဆာ၍ ရှင်သန်တိုးတက် နေမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ အခြေခံ စည်းမျဉ်း၊ မွေ့ဥပဒေနှင့် နည်းဥပဒေများကို လေ့လာလျှင် အသင်းတော် ရှင်သန်တိုးတက်ရန် ယုံကြည်သူ ခရစ်ယာန်တိုင်း စိတ်အားထက်သန်စွာဖြင့် ဘုရားသခင် ဘုန်းတော်ထင်ရှားအောင် ကြိုးစားဆောင်ရွက်ရမည် ဖြစ်ပါသည်။ အသင်းတော်အခြေခံစည်းမျဉ်း၊ မွေ့ဥပဒေနှင့် နည်းဥပဒေစာမျက်နှာ (၁၀)၊ ဗတ္တိဇံမင်္ဂလာခံယူပြီးသော ခရစ်ယာန်တိုင်းသည် အောက်ဖော်ပြပါအချက် (၃)ချက်ကို လုပ်ဆောင်ရန်-

(က)ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ရန်။

(ခ) ပရဟိတလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် အသင်းတော် ခွန်အား တိုးတက်ကြီးပွားရန်။

(ဂ) သာသနာတော် ပြုစုပျိုးထောင်ရန်တို့ ဖြစ်ပါသည်။

ထို့အပြင် ရှင်သန်တိုးတက်သော အသင်းတော် ဖြစ်လိုသော် တပည့်တော်များလည်း ပါဝင်ဆောင်ရွက်ရပေမည်။ အသင်းသူ/သားများတို့သည် အချိန်၊ အရည်အချင်းနှင့် ပစ္စည်းဥစ္စာစောင့်ရှောက် ထိန်းသိမ်းမှု၌ ဦးဆောင်ရပါမည်။ ယုံကြည်မှု၊ ကျင့်သုံးမှုနှင့် အသင်းတော်ကို စီမံခန့်ခွဲမှုများသည် အသင်းသူ/သားများ၏တာဝန် ဖြစ်ပါသည်။ အသင်းသူ/သားများသည်လည်း သဘောဆန္ဒပေးရုံများသာမက ပြည့်ပြည့်စုံစုံ နားလည်လျက် တာဝန်သိသိနှင့် လက်ခံကျင့်သုံးရပေမည်ဟု ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်တွင် ခန့်ထားခြင်းခံရသော ဘုန်းတော်ကြီးများသည် သာသနာပြုစုပျိုးထောင်ရေးတွင် လုံးဝတာဝန်ရှိပါသည်။ အင်္ဂလီကန်အသင်းတော်ရှိ အမှုတော်ဆောင်များ၏ အဓိကလုပ်ဆောင်ရမည့် တာဝန်များမှာ-

(၁) ဘုရားသခင်၏ သိုးတော်စုရှိ သိုးများကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(၂) ဘုရားသခင်၏ နှုတ်ကပတ်တော် ဟောပြောသွန်သင်ရန်။

(၃) သွန်သင်ခြင်းများကို ပုံသာဓကပြလျက် အသက်ရှင်ပြရန်။

(၄) အသင်းတော်၏ စက္ကရမင်တမင်္ဂလာများနှင့် ဝတ်ပြုခြင်းထုံးနည်းများကို စောင့်ထိန်းရန်။

(၅) ဝတ်ပြုခြင်းများကို စနစ်တကျ ဦးဆောင်ရန်။

(၆) အသင်းတော် စီမံအုပ်ချုပ်ရေးကို စနစ်တကျ အုပ်ထိန်းခြင်းတာဝန်ကို ယူရန်တို့ ဖြစ်သည်။

အသင်းတော် ရှင်သန်တိုးတက်ရန် အမှုတော်ဆောင်များနှင့် တပည့်တော်တို့က ဘုရားသခင်၏အလိုတော်ကိုသိမြင်၍ ပြုပြင်ပြောင်းလဲရန် လိုအပ်ပါသည်။ အထူးသဖြင့် (၂၁)ရာစုလို ခေတ်ကာလတွင် ပြုပြင်ပြောင်းလဲရန် တစ်နည်းအားဖြင့် ဘုရားသခင်အလိုတော်နှင့်အညီ အသက်ရှင်ရန် အလွန်ခဲယဉ်းသောအချိန် ဖြစ်သည်။ သွေးဆောင်မှုအမျိုးမျိုး၊ တပ်မက်မှုအမျိုးမျိုးက ဘုရားသခင်အလိုတော် မလိုက်လျှောက်နိုင်ရန် ကြိုးမားစွာ ဟန့်တားနှောင့်ယှက်နေမည် ဖြစ်သည်။ သမ္မာကျမ်းစာထဲတွင် "သင်တို့သည် လောကီပုံသဏ္ဌာန်ကိုမဆောင်ကြနှင့်၊ ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာ၊ ဘုရားသခင်အလိုရှိသောအရာသည် ဘယ်အရာဖြစ်သည်ကို သိနိုင်မည်အကြောင်း ပုံသဏ္ဌာန်ပြောင်းလဲခြင်းသို့ ရောက်ကြလော့ (ရောမ ၁၂း၂)ဟု ရှင်ပေါလုက မိန့်ဆိုထား၏။ အထူးသဖြင့် မိမိအသက်ရှင်နေထိုင်မှုသည် သမ္မာကျမ်းစာသွန်သင်ချက်နှင့် ညီမညီ အမြဲတမ်းဆန်းစစ်ရန် ဖြစ်ပါသည်။ ပြုပြင်သင့်သည်များကိုလည်း အချိန်မဆွဲဘဲ ပြုပြင်ရန် လိုအပ်ပါသည်။

သိက္ခာရရှိထားသော အမှုတော်ဆောင်များသည် မိမိကတိပြုထားသော တာဝန်များကို ပြည့်စုံအောင် အမြဲတမ်း သတိထားစောင့်ရှောက်ပြီး တပည့်တော်များသည်လည်း သူ့နေရာနှင့်သူ ဆက်ကပ်အမှုတော်ဆောင်ရန် လိုအပ်ပါသည်။ တပည့်တော်များ၏တာဝန်ကိုလည်း ပြည့်ပြည့်စုံစုံ နားလည်ထားရန် လိုအပ်ပါသည်။

"အသင်းတော်တွင် ယုံကြည်သူတိုင်း အမှုတော်ဆောင်ခြင်း မပြုသေးပါက ကျွန်ုပ်တို့သည် သမ္မာကျမ်းစာတွင် ဖော်ပြထားသော အမှန်တရားကို လက်တွေ့ကျင့်သုံး အသက်ရှင်ခြင်းမပြုကြသေး။ အသင်းတော်တွင် ရှိသော ခေါင်းဆောင်မှုစွမ်းအားကို အပြည့်အဝထုတ်ဖော်၍ အသုံးမပြုသေး။ အသင်းသူ/သားအားလုံး၏ အရင်းအမြစ် နှင့် စွမ်းအားကိုလည်း ထုတ်နှုတ်၍ အသုံးမပြုရသေး" ဟု မိန့်ဆိုချက်ရှိ၏။

ဤမိန့်ဆိုချက်သည် ယနေ့ကျွန်ုပ်တို့၏ လက်ရှိအခြေအနေတွင် မှန်ကန်သည်ဟု ဆိုနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အသင်းတော်တွင်ပါဝင်ကြသော ယုံကြည်သူတိုင်းသည် ဘုရားသခင်ကို အကြွင်းမဲ့အားကိုး၍ မိမိတွင်ရှိနေသော ဆုကျေးဇူးများကို အပြည့်အဝထုတ်ဖော်ပြီး အသုံးပြုရန် အားနည်းနေဆဲ ဖြစ်ပါသည်။ အမှုမဲ့အမှတ်မဲ့ဖြင့် အသက်ရှင်နေကြဆဲ ဖြစ်သည်။ ယေဘုယျအားဖြင့် ပြောရလျှင် မိမိတို့အသက်တာကို ဘုရားရှင်၌ ယုံကြည်စွာ အပ်နှံ၍ အသက်ရှင်ခြင်း၊ ဆက်ကပ်လျက်အားထုတ် လုပ်ဆောင်မှုတွင် အားနည်းပြီး ရုပ်ပိုင်းဆိုင်ရာ ကိစ္စများ ကိုသာ အာရုံပြုနေသောကြောင့်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် အသင်းတော်ကရရှိမည့် စွမ်းအားများ လေလွင့်ဆုံးရှုံးနေပါသည်။ ခရစ်တော်၏ တပည့်တော်ဖြစ်ခြင်း အသက်တာကို လိုက်လျှောက်မှုအားနည်းနေဆဲ ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် အနေဖြင့် မိမိအသင်းသားများအား ဆက်ကပ်မှုအားကောင်း လာအောင် တိုးမြှင့်လုပ်ဆောင်ရန် လိုအပ်ပါသည်။

သီဩလော်ဂျီသဘောတရားအရ ရှင်သန်တိုးတက်သော အသင်းတော်သည် ဘုရားသခင်နှင့်အတူ လုပ်ဆောင်နေသည့် အသင်းတော် ဖြစ်ပါသည်။ ဘုရားသခင်နှင့်အတူ လုပ်ဆောင်လိုသည့်အသင်းတော်သည် ဘုရားသခင်ချစ်သောလူများကို အာရုံစိုက်ရပေမည်။ လူ့ပတ်ဝန်းကျင်တွင် ရောယှက်ပါဝင်ရပါမည်။ ကိုယ်တော်နှင့်အတူ ဝေဒနာခံစားနိုင်ရပါမည်။ အသင်းတော်က အမြတ်တနိုးထားသော စက္ကူရမင်တမင်္ဂလာများကို စောင့်ထိန်းရန် လိုအပ်သကဲ့သို့ စက္ကူရမင်တမင်္ဂလာမှ ရရှိသော တန်ခိုးခွန်အားများဖြင့် လိုအပ်သောသူများကို

အစေခံနေသောခြေလက်များ၊ ရန်ငြိမ်းခြင်းကို ဖြစ်စေသော အသက်ရှင်မှုများသာ ဖြစ်ရပါမည်။ နေ့စဥ်တွေ့ကြုံနေရသော ပြဿနာ၊ နေ့စဥ်ရှင်သန်နေသော အသက်တာအတွက် အထောက်အကူပြုသော ခွန်အားများ ဖြစ်ရပါမည်။ ထို့အပြင် ယုံကြည်သူတိုင်း မေတ္တာ၊ ကရုဏာ၊ စေတနာတို့ဖြင့် သူတစ်ပါးကို ကူညီရန် အမြဲတမ်းအဆင်သင့်ရှိသော အသင်းတော် ဖြစ်နေရပါမည်။

လူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သည့်အခါ လူမျိုးမရွေး၊ လူတန်းစားမရွေး၊ ဘာသာမရွေး ရှိသမျှသော ထိုသူတို့နှင့် လက်တွဲ၍ ဘုရားသခင်၏ အမှုတော်ကို ထမ်းဆောင်နိုင်သော ဘုရားသခင်၏သားသမီးများ ဖြစ်ရပါမည်။ အသင်းတော်သည် လူမှုပတ်ဝန်းကျင်တွင် ဖြစ်ပျက်သမျှတို့နှင့် ကင်းကွာပြီး ထီးထီးကြီး ရပ်နေခြင်း မဟုတ်ဘဲ သူတစ်ပါးတို့၏ နာကျင်မှုကို ကုသပေးခြင်း၊ ဝန်ထုပ်များကို ဝင်ရောက်ထမ်းပေးခြင်း၊ စိတ်အားငယ်နေသူများကို နှစ်သိမ့်ခြင်းပေးနေသော အသင်းတော် ဖြစ်ရပါမည်။

အချုပ်အားဖြင့် အသင်းတော်ကြီး ရှင်သန် တိုးတက်ရန် မိမိ၏ လက်ရှိအခြေအနေကို မှန်ကန်စွာ သုံးသပ်၍ အနာဂတ်ကာလ၏ ပန်းတိုင်ကို တိကျစွာ ချမှတ်ရပါမည်။ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်အောင်သွားနိုင်ရန် အတိတ်နှင့် ပစ္စုပ္ပန်ကာလတွင် တွေ့ကြုံခဲ့ရသော အားသာချက်၊ အားနည်းချက်များကို သတိချပ်၍ သခင်ဘုရား၏ ဧဝံဂေလိတရားကို စိတ်စေနာဖြင့် လည်းကောင်း၊ အကြွင်းမဲ့ယုံကြည်ခြင်းဖြင့်လည်းကောင်း၊ ဝိညာဉ်တော်၏ လမ်းညွှန်မှုဖြင့်လည်းကောင်း၊ အစွမ်းကုန် ဆက်ကပ်မှုဖြင့်လည်းကောင်း ကြိုးစား၍ ဆောင်ရွက်ရပါမည်။ ထို့အပြင် သာသနာပိုင်ချုပ်ကြီး ဝေဗင်သန့်မြင့်ဦး ရှုမြင်ရှိသည့်အတိုင်း ကိုယ်ပိုင်ရပ်တည်နိုင်ရေးကို ရှေ့ရှုကာ ပြင်ပအကူအညီများအပေါ်တွင် အာရုံပြုနေမည့်အစား မိမိ အသင်းတော်အတွင်း၌ရှိသော လူ့စွမ်းအား၊ ငွေကြေးစွမ်းအားနှင့် ဉာဏစွမ်းအားတို့ကို ထုတ်ဖော်အသုံးပြု၍ အဖက်ဖက်မှ ပြည့်စုံလာအောင် ကြိုးစားဆောင်ရွက်ရမည့် အချိန်ရောက်လာပြီဟု ယူထင်မြင်မိပါသည်။ သင့်အနေနှင့် အသင်းတော် ရှင်သန်တိုးတက်အောင် မည်သို့တွေးဆ နေပါသနည်း။ ☐





# ခရစ်တော် သက်တော်စဉ်မှ ဝင်(၁၈)နှစ် အပိုင်းအစများ

ဝင်းမြင့် (မန္တလေး)

(ရှင်မဿဲ ၂၂:၄၂) ယေရှုက သင်တို့သည် ခရစ်တော်ကို အဘယ်သို့ ထင်မှတ်ကြသနည်း။ အဘယ်သူ၏ သားဖြစ်သနည်းဟု မေးတော်မူလျှင်၊ ဒါဝိဒ်၏ သားဖြစ်သည်ဟု လျှောက်ကြ၏။

အရှင်ဘုရားက သူ၏တပည့်တော်များကို မေးသောမေးခွန်းတိုလေး ဖြစ်ပါသည်။ ထိုမေးခွန်းသည် တိုတောင်းလှ၏။ ရိုးစင်းလှ၏။ သို့သော် ခရစ်တော်ကို အဘယ်သို့ ထင်မှတ်သနည်းဟူသော မေးခွန်းသည် ခရစ်ယာန်များ၏ အသက်တာဖို့ ထာဝရအသက်သရဖူကို ရရှိရန် မေးလျက်ရှိသော မေးခွန်းတစ်ရပ်ပင်ဖြစ်ပေသည်။ ဤမေးခွန်းကို တိကျစွာဖြေဆိုနိုင်သူသည် ယုံကြည်ခြင်း တစ်ရပ်၌ တည်တံ့လျက်၊ သေသည့်တိုင်အောင်သစ္စာစောင့်ပြီး အသက်သရဖူကို ရရှိပေလိမ့်မည်။

ယနေ့ခရစ်ယာန်ဘာသာဝင်တိုင်း ခရစ်တော်၏ အကြောင်းကို ဂယာနန မသိကြသောကြောင့် လောကသွေးဆောင်မှုများကြားထဲတွင် ရေစုန်မျောလွင့်ပါးလျက် ရှိကြ၏။ အချို့ခရစ်ယာန်တို့သည် မြင်းစီး၍ အထီးမှန်း၊ ကိုးကွယ်မှုအမမှန်းမသိဟူသော မြန်မာစကားပုံကဲ့သို့ ဆိုင်ရာ၌ သောင်တင်ရေမကျ ဖြစ်ခဲ့ရသည်။

ကျွန်တော်တို့ လက်စုံမိုး၍ ရှိခိုးပူဇော်နေကြသော ခရစ်တော်ယေရှုကို အဘယ်သို့သော ပုဂ္ဂိုလ်၊ အဘယ်သို့သောဘုရားဟူသော အချက်ကလေးကို တင်ပြလိုပါသည်။

**ခရစ်တော်သည် မာရ်ငါးပါးကို အောင်မြင်သည်။**

ကျွန်တော်တို့၏ မိတ်ဆွေများဖြစ်သော ဗုဒ္ဓဘာသာများအနေဖြင့် မာရ်ငါးပါးကို အောင်မြင်မှသာ ဘုရားဖြစ်ကြောင်း "ဝံ" တင်ကြသည်။ ထိုငါးပါးကို ခရစ်တော်သည် အောင်မြင်ခဲ့သည်။

၁။ ဒေဝပုတ္တမာရ် - မာနတ်ကို အောင်နိုင်ခြင်း
၂။ ခန္ဓမာရ် - မိမိခန္ဓာကိုယ်ကို အောင်မြင်ခြင်း
၃။ ကိလေသာမာရ် - တဏှာကို အောင်မြင်ခြင်း
၄။ မစ္စုမာရ် - သေခြင်းကို အောင်မြင်ခြင်း
၅။ အဘိသင်္ခါရမာရ် - ပဋိသန္ဓေယူခြင်း မရှိတော့ခြင်း။

ထို့ကြောင့် ခရစ်တော်ယေရှုသည် ဘုရားစင်စစ်ကေန်ဖြစ်ကြောင်းကို ထင်ရှားစွာ ဖော်ပြလို့ရပေသည်။

ခရစ်ယာန်ဘာသာဝင်အပေါင်းတို့ သခင်ယေရှုသည် မည်သူဖြစ်ကြောင်း ထင်ရှားစွာ သိမှတ်ကြပေအံ့။

"ငါ့ရှေ့မှာ ဖန်ဆင်းရာထဲက အဘယ်ဘုရားသခင်မျှ မဖြစ်၊ ငါ့နောက်မှာလည်း အဘယ်ဘုရားသခင်မျှ မရှိရာ။ ငါမှတစ်ပါး ကယ်တင်သော သခင်မရှိ၊ ငါသည် ဗျာဒိတ်ထားနှင့်သည့်အတိုင်း ကယ်တင်ပြီ" (ယေရှာယ အနာဂတ္တိကျမ်း ၄၃း၁၂)

## ခရစ်တော်၏ သက်တော်စဉ်

ယေရှုခရစ်တော်၏ သက်တော်စဉ်ကို ဖတ်ရှုလေ့လာကြသောအခါ၊ ခရစ်တော်မွေးဖွားတော်မူခြင်း အကြောင်းကို အားလုံးသိရှိနားလည်ပြီး ဖြစ်ပါသည်။ အကျယ်တဝင့်တော့ ရှင်းပြဖို့မလိုတော့ပါ။ သို့သော်... သက်တော် (၁၂)နှစ်မှ (၃၀)အတွင်း ကြားကာလ (၁၈) နှစ်တွင် ယေရှုခရစ်တော်သည် ဘယ်မှာရှိနေသနည်း။ ထိုကာလ၌ ယေရှုခရစ်တော်၏ ဘဝအစိတ်အပိုင်းနှင့် ပတ်သက်၍၊ ခရစ်ယာန်ဘာသာဆိုတာ ဓမ္မဟောင်းကို အခြေပြုထားတာမို့ အလွန်ရှေးကျတဲ့ ဘာသာလို့ ပြောဆိုနိုင်ပါသည်။ သို့သော်လည်း တကယ့်တကယ်တော့ ခရစ်တော်သာလျှင် ခရစ်ယာန်ဘာသာတရားကို စတင်တည်ထောင်သူ ဖြစ်ပါသည်။ ဓမ္မဟောင်းကျမ်းကာလဟာ ဂျူးဘာသာကာလလို့ ပြောရင်မမှားနိုင်ပါ။ လောကကြီး စတင်ဖန်ဆင်းခြင်းခံရပြီး၊ ပထမလူသားအာဒံမှ ခရစ်တော် မပေါ်မီကာလတိုင်အောင်ဖြစ်တဲ့ ဓမ္မဟောင်းကျမ်း အယူအဆကို ဂျူးဘာသာ၊ အစ္စလာမ်ဘာသာနဲ့ ခရစ်ယာန်ဘာသာ တို့က လက်ခံခဲ့ကြပါသည်။

အေဒီ(၃၀) ပတ်ဝန်းကျင်မှာ ယေရှုခရစ်တော်က မိမိထာဝရဘုရားသခင်က စေလွှတ်လိုက်တဲ့ ကယ်တင်ရှင်ဖြစ်တဲ့အကြောင်း ဟောပြောကြေညာခဲ့ပေမယ့်၊ ဂျူးလူမျိုးအများစုက မယုံကြည်ခဲ့ပါဘူး။ ခရစ်တော်ကို ငြင်းပယ်ပြီး မိမိတို့ ပရောဖက်ဟောထားတဲ့ ကယ်တင်ရှင်ကိုပဲ ဆက်လက်မျှော်လင့်နေတာမို့ ဂျူးဘာသာဟာ သီးခြား ကျန်ရစ်ပြီး၊ ခရစ်ယာန်ဘာသာ သီးခြားပေါ်ပေါက်လာခဲ့ပါတယ်။ ခရစ်တော်အားဖြင့် ပြောရမှာဖြစ်ပါတယ်။ ခရစ်ယာန်တွေရဲ့ ကျမ်းစာကတော့ ဂျူးတို့ရဲ့ ကျမ်းစာဖြစ်တဲ့ ဓမ္မဟောင်းကျမ်းကို မိမိတို့ရဲ့ ကျမ်းရင်းတစ်ခုအဖြစ် အသိ အမှတ်ပြုပြီး၊ ခရစ်တော်ပေါ် ပြီးနောက်၊ ခရစ်တော်နဲ့ ပတ်သက်ပြီး ရေးထားတဲ့ကျမ်းများကိုတော့ ဓမ္မသစ်ကျမ်းလို့ သတ်မှတ် အသုံးပြုခဲ့ ကြပါသည်။

## သခင်ခရစ်တော်၏ ငယ်စဉ်ဘဝ

ယေရှုခရစ်တော်ရဲ့ ငယ်စဉ်ဘဝကို ခရစ်ဝင်ကျမ်းတွေမှာ ပြည့်ပြည့်စုံစုံ ဖတ်ရှုရတဲ့အခါမှာလည်း အင်မတန်မှ လှုပ်လှုပ်ရှားရှားနိုင်ခဲ့တာကို တွေ့ရပါသည်။ ကိုယ်ဝန်ဆောင်စဉ်ကတည်းက ပဟေဠိဆန်တဲ့ ဘဝတစ်ခုဟာ မိဘများ ခရီးသွားရင်း မွေးဖွားခဲ့ရပါသည်။ အဲဒီနောက် တစ်မြေရပ်ခြားကိုသွားပြီး ပုန်းနေရသေး။ အသက်ဘေးကလည်း ပွတ်ကာသီကာ လွတ်ရုံကလေး၊ ပြေးရလွှားရ၊ သက်တော် (၁၂) နှစ်မှာ ယေရုရှလင်ရှိ တစ်ခုတည်းသော ဗိမာန်တော်ကို သွားခဲ့သေးသည်။ တကယ့်ကျမ်းတတ် ပုဂ္ဂိုလ်များနဲ့ တရားစကားဆွေးနွေးခဲ့ကြတာကို ဓမ္မသစ်မှာတွေ့ရပါသည်။ အဲဒီနောက်... သက်တော်စဉ်ရဲ့ အခန်းကဏ္ဍအပိုင်းအစများ ပျောက်သွားခဲ့ပါသည်။ နောက်တဖန် ပြန်ပေါ်လာတဲ့အခါ၊ သက်တော် (၃၀)အရွယ် ရှိနေပါပြီ။ ဒီကြားထဲမှာ (၁၈)နှစ် တိတိ ဆိတ်ငြိမ်သောနှစ်ကာလ မိဘများနှင့်အတူ ရှိနေခဲ့ပါသည်။

ဓမ္မသစ်ကျမ်းမှာတော့... ယေရှုသည် အစဉ်အတိုင်း ကြီးထွား၍ ပညာတိုးပွားလျက် ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာ မျက်နှာရတော်မူ၏ (လုကာ ၂း၅၂)ကို ဖော်ပြထားပါသည်။

ဒီမှာ သက်တော်စဉ်ဖော်ပြခြင်းရဲ့ အားနည်းမှုတစ်ခုကို တွေ့ရမှာပါ။ ရှင်လုကာဟာ ခရစ်ဝင် ကျမ်းရေးသူတွေထဲမှာ ပညာအတတ်ဆုံး၊ အသေးစိတ်ဆုံး ပုဂ္ဂိုလ်ဖြစ်ပါသည်။ ရေးချက်တွေသိပ်ကောင်းတာကိုလည်း တွေ့ရပါသည်။ ဒါပေမဲ့ အခန်းကြီးနှစ်ခုကြား၌ ခရစ်တော်၏ (၁၈)နှစ်ကာလကို တိတိကျကျ ဖြတ်တောက်ထားပါသည်။

ရှင်လုကာခရစ်ဝင်ကျမ်းကို "အကြား"နဲ့တင် ရေးတာမဟုတ်ဘူး။ The Great Argisiciau ဆိုတဲ့ စာအုပ်မှာ လုကာရဲ့အကြောင်းကို နှစ်ပေါင်း (၂၀) သုတေသနပြုခဲ့တဲ့ စာရေးဆရာက လုကာဟာ မယ်တော် မာရိကို တွေ့ဆုံပြီး မေးမြန်းပြီးမှ ဒီခရစ်ဝင်ကျမ်းကို ရေးကြောင်း၊ တွေ့ဆုံတဲ့ နေရာ၊ မေးခွန်းအချို့နှင့်ပတ်သက်တဲ့ မှတ်တမ်းတွေရှိခဲ့သတဲ့။ လုကာဟာ ခရစ်တော်ရဲ့ (၁၈) နှစ်ကာလ အကြောင်းကို မမေးဘဲ မနေပါဘူး။ မာရိကလည်း မပြောဘဲ မနေပါဘူး။ သို့သော် ဘာဖြစ်လို့ ဒီအကြောင်း အရာကို ခရစ်ဝင်ကျမ်းထဲ ထည့်မရေးခဲ့တာလဲ။ ရေးရဲ့သားနဲ့ ဓမ္မသစ်ကျမ်းစာကို လေ့လာမှတ်သားသူတွေက (Edit) တည်းဖြတ်လိုက်တာလား။ မဟုတ်ပါဘူး။ လုကာကိုက မရေးခဲ့တာ ဖြစ်နိုင်ပါသည်။

သူမရေးခဲ့တာက ပြဿနာမဟုတ်ဘူး။ (၁၈)နှစ်ကာလကို တတစ်ကြောင်းတည်းနဲ့ သူက ပိုင်းဖြတ်သွားပေမဲ့ နောက်ပိုင်းမှာ ခရစ်ယာန်ဘာသာကို ဆန့်ကျင်သူတွေက ဒီနေရာကို ဟာကွက်သဘောနဲ့ ဝေဖန်ပုတ်ခတ်ပြီး ပစ်မှတ် ဖြစ်လာပါသည်။ အခြားသောဘာသာမှ ပုဂ္ဂိုလ်တွေက စာအုပ်စာပေတွေ ရေးသားထုတ်ဝေ တိုက်ခိုက်လာသည်။ ဒါကိုဖတ်မိတဲ့ အချို့သော ပုဂ္ဂိုလ်တွေက ရင်ထဲမှာ ခံစားကြရပါသည်။ ဒီပြဿနာနဲ့ ပတ်သက် ပြီး မေးမြန်းလာကြပါသည်။ ခက်တာကလည်း ဒီပြဿနာ ကို ဖြေရှင်းဖို့က အထောက်အထား ခိုင်လုံစွာဖြင့် ပြန်လည် ဖြေရှင်းပေးနိုင်ဖို့က အရေးကြီးပါသည်။

## တိဗက်ပြည်သို့ သခင်ခရစ်တော်သွား/မသွား လေ့လာချက်။

အမေရိကန်ပြည်ထောင်စု ရှိကာဂိုမြို့ ကမ္ဘာကျော် ခရီးလှည့်လည်သူ၊ သုတေသနပုဂ္ဂိုလ် ဟိုးရစ်(ခ်)က ယေရှုခရစ်တော်ဟာ သက်တော် (၁၂)နှစ်မှ (၃၀)နှစ် အတွင်း တိဗက်ပြည်သို့သွားပြီး ဘာသာတစ်ခုကို လေ့လာဆည်းပူးခဲ့တယ်လို့ ဆိုပါသည်။

RWF Woolton ကတော့ သူ့ရဲ့ Christian Worship စာအုပ်မှာ But We don't Know of any other visit in the first 30 years of His life (pg 41) မှာ ဖော်ပြထားပါသည်။

ခရစ်တော်ယေရှု (၁၂)နှစ်သားမှ (၃၀)နှစ် အတွင်း (၁၈)နှစ်ကာလ၊ သမ္မာကျမ်းစာတွင် ပျောက်ဆုံးနေခြင်းကို တိဗက်ပြည်တွင် သွားရောက်၍ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး၏ တပည့်ခံယူနေကြောင်း ပြောကြားမှုအား ပြန်လည်ရှင်းလင်းလိုသည်မှာ

## သမိုင်းအထောက်အထားတွေ့ရှိချက်။

၁။ သမိုင်းပညာရှင် H.G. Well ၏ ပြုစုချက်အရ တိဗက်ပြည်သို့ ဗုဒ္ဓဘာသာ သာသနာရောက်သည့်နှစ်မှာ AD (၆)ရာစု၊ AD 500, 600။

၂။ Christian Han Free ၏ ပြုစုချက်အရ AD (၇)ရာစုအလယ် (AD 650)

၃။ ရန်ကုန်မြို့ သမိုင်းဌာနမှာက (AD 629)ခန့်ဟု ဖော်ပြထားပါသည်။

မှတ်ချက်။ ။ AD 500, 600, 700 အချိန်တွင် ခရစ်တော်သည် ကောင်းကင်ဘုံသို့ တက်ကြွသွားပြီး (AD 33) ဖြစ်၍ ဖြစ်နိုင်မည် မဟုတ်ပါ။ မည်သို့ ဖြစ်နိုင်မည်နည်း။

ပထဝီမြေအရ တိဗက်နှင့် ယေရုရှလင် အကွာအဝေး မိုင်ပေါင်း ၃၈၅၀-၄၀၀၀၊ မြေပုံပေါ်တွင် အတိုဆုံး မျဉ်းဖြောင့် အတိုင်းအတာဖြစ်သည်။ ထိုအချိန်က လူတစ်ဦး၏သွားနှုန်းနှင့်တွက်သော် မိုင် ၃၈၅၀ကို (၁၀)နှစ် ခန့် သွားရမည်။ အသက် (၁၂)မှ စတွက်သော် (၁၀)နှစ်ကြာသော် (၂၂)နှစ် တိဗက်ပြည်ရောက်၍ နောက်ပြန်ပြန်သော် (၃၂)နှစ်ကြာ ယေရုရှလင်သို့ ပြန်ရောက်မည်။ ...သမ္မာကျမ်းစာတွင် အသက်(၃၀)တွင် အမှုတော်စတင်ထမ်းဆောင်နေပြီဖြစ်၏။ ကျမ်းပယ်များတွင် သခင်ယေရှုရေခပ်သည့်အကြောင်း။ ငှက်ရုပ်ကလေးများပြုလုပ်၍ လက်ခုပ်တီးပြီး အသက်ရှင်ပျံစေတာ တွေ့ရသည်။ အသက် (၁၂-၃၀)အထိ (၁၈)နှစ်ကာလသည် မုဆိုးမ မိခင်ကြီးအား လုပ်ကျွေးသမှုပြုချိန်ဖြစ်သည်။ "စကားကြီး ခုနစ်ခွန်း"၏ တတိယစကားတော်အရ ရှင်ယောဟန်အား ဆက်လက်ကြည့်ရှုထိန်းသိမ်းရန် မိခင်ကြီးကို အပ်နှံခဲ့သည်။

ကျမ်းသဘောအရ လေ့လာတွေ့ရှိချက်။

"မဿဲ ၂း၂၃"မှာ ခရစ်တော်ကို နာဇရက်လူ Jesus of Nazareth ဟု ခေါ်ကြလတ္တံ့ဟူသော ပရောဖက်တို့၏ နှုတ်ထွက်နှင့်အညီ နာဇရက် အမည်ရှိသော မြို့သို့ရောက်၍ အမြဲနေထိုင်လေ၏။ (လု ၄း၁၆)တွင်မူ ကြီးပွားတော်မူရာ နာဇရက်မြို့သို့ရောက်တော်မူလျှင်၊ ... စသည့် ခရစ်ဝင်ကျမ်းပါ စကားများသည် ခရစ်တော်က ဘယ်မှမသွားကြောင်းကို ဖော်ပြထားပါသည်။ သင်းအုပ်ဆရာတစ်ပါးကမူ၊ ခရစ်တော် သွားခဲ့ရင် မှတ်တမ်းရှိရမည်။ အနည်းဆုံး ဂျူးသမိုင်းမှာ ပါကို ပါရှိရမည် ဖြစ်ပါသည်။

နာဇရက်မြို့မှာ (၁၈)နှစ်တိုင်နေထိုင်ခဲ့သော ခရစ်တော် ဘာလုပ်နေသနည်း။ ဤမေးခွန်းမှာလည်း စိတ်ဝင်စားစရာ ဖြစ်ပါသည်။ သူသည် လက်သမားသား မဟုတ်၊ မာရိသားမဟုတ်လော၊ ယာကုပ်၊ ယောသေ၊ ယုဒ၊ ရှိမုန်... တို့၏ အစ်ကိုမဟုတ်လောဟု ဖော်ပြထားပါသည်။ ဤအချက်များမှ၊

ယေရှုသည် လက်သမားသားဖြစ်သည်။ ယုဒထုံးစံ၌ သားသမီးတို့တွင် အကြီးဆုံးသောသားသည် မိမိဝါသနာပါရာ ကြိုက်နှစ်သက်ရာလုပ်ငန်းကို လုပ်ကိုင်ရွေးချယ်၍ အသက်မွေးဝမ်းကျောင်း မပြုရပေ။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ ဖခင်၏ လုပ်ငန်းကို ဝိုင်းဝန်းကူညီလုပ်ကိုင်၍ အသက်မွေးရ၏။ ကျန်သားသမီးများက မိမိစိတ်ကြိုက်၊ နှစ်သက်ရာ၊ ဝါသနာပါရာတို့ကို လွတ်လပ်စွာ ရွေးချယ်၊ လုပ်ကိုင်ခွင့် ရကြသည်ကိုလည်းကောင်း။ အသက် (၃၀) ပြည့်မှသာ ယုဒလူမျိုးတို့သည် လူရာဝင်၍ ဘာသာရေးကို လုပ်ကိုင်ခွင့်ပေးသည်။ အသက် (၃၀) မပြည့်မချင်း ဘာသာရေးဝင်ရောက် ဦးစီးခေါင်းဆောင် ပါဝင်လှုပ်ရှားခွင့်ကို ထုံးစံမရှိ၊ သဘာဝလည်းကျပါသည်။ အသက် (၃၀)ရှိမှ အတွေ့အကြုံရင့်ကျက်မှု၊ ဗဟုသုတစုံလင်မှုရှိပြီးဖြစ်၍ ဘာသာရေးလုပ်ငန်းကို ဝင်ရောက်ခွင့်ပေးမြဲဖြစ်သည်ကိုလည်းကောင်း။ ကောက်နုတ်၍ (၁၈)နှစ်ကာလသည် ခရစ်တော် နာဇရက်မြို့မှာပဲ လက်သမားလုပ်နေကြောင်း သက်သေထူခဲ့ပါသည်။

H E Dania က ယေရှုခရစ်တော်၏ ဖခင် ယောသပ်သည် အသက်ငယ်စဉ် ကွယ်လွန်ခဲ့သည်ဆိုသဖြင့် မိခင်မုဆိုးမနှင့် ညီ ညီမများတို့အား (၁၈)နှစ်တိတိ လုပ်ကိုင်ကျွေးမွေးပြုစုခဲ့ကြောင်း ပြောဆိုသည်မှာ ယုတ္တိတန်ပါသည်။

အကယ်၍ ထိုအချိန်တွင် တိဗက်သို့ ယေရှုခရစ်တော်ရောက်ရှိနေပါက မုဆိုးမ မိခင်အိုနှင့် ညီ ညီမငယ်များကို ဘယ်လိုများ ဝအောင်ကျွေးမွေးစားသောက်၍ နေထိုင်နိုင်မှာလဲ၊ မိမိ မိသားစုအတွက် ရင်ငြိမ်းအေးအောင် ဆောင်ရွက်ခဲ့သည်ကို မယုံနိုင်စရာ မရှိပါ။

တကယ်တော့ အထက်ဖော်ပြပါ အကြောင်းအရာများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် ခရစ်တော် တိဗက်ကို မသွားပါဘူးဆိုတာနဲ့ ပြီးပြတ်သွားပါပြီ။ အဖြစ်အပျက် အမှန်တကယ်ကတော့ သမ္မာကျမ်းစာမှာ ပါရှိပြီးသားပါ။ သေသေချာချာ စေ့စေ့ငုငု ဖတ်ရှုရင်ပြီးပြည့်စုံအောင် သိနိုင်မှာပါ။ သမ္မာကျမ်းစာဟာ ပြီးပြည့်စုံတဲ့ နှုတ်ကပတ်တော်ဆိုတာကိုပဲ ယုံကြည်လက်ခံရပါလိမ့်မည်။ တစ်လုံးတစ်ပါဒမှ မပိုစွန်းသလို၊ တစ်ပုဒ်တစ်လေမှ မလိုလွန်းဘူးဆိုတာကိုလည်း စိတ်နှလုံး မှတ်ယူရပါလိမ့်မည်။

ယေရှုခရစ်တော်ရဲ့ (၁၈)နှစ်ကာလကို စာရေးဆရာ (ဘာသာတရားများစွာကို သုတေသနပြုသူ) က... ယေရှုသည် ဖခင်ယောသပ်ကဲ့သို့ လက်သမားလုပ်၍ မိသားစုနှင့်အတူ နေထိုင်ခဲ့သည်မှာ အသက် (၃၀)တိုင်အောင် ကြာညောင်းခဲ့လေသည်။

သမ္မာကျမ်းစာကို ဖတ်ရှုလေ့လာချက်အရ၊ ကျွန်တော်တို့ ယုံကြည်သူများအနေဖြင့် အထက်ဖော်ပြပါကိစ္စနှင့် ပတ်သက်၍ ပြန်လည်ဖြေရှင်းရာတွင် ကျွန်တော်တို့ ယုံကြည်ထားသည့် ကယ်တင်ရှင်ခရစ်တော် သက်တော်စဉ် ပဲပေါ်လိုသာ ပြန်လည်ဖြေကြားဖို့ပဲ ဖြစ်ပါကြောင်း ရှာဖွေတင်ပြ လိုက်ရပါသည်။

မှီငြမ်းစာအုပ်များ

၁။ ဇတ်လင်ကြယ်စာစောင် အတွဲ (၁၃)ဧွန်လ ၂၀၀၂ (ဆိုး)

၂။ မေတ္တာစမ်းရေ လှုင်ယ်စာစောင် အတွဲ (၂-၃)၁၉၈၄-၈၅

# ဒုတိယ မွေးခြင်း

ဒေါ်ဒေါ်ရီ



၁။ "ဒုတိယမွေးခြင်း"ဆိုသည်မှာ ကျွန်ုပ်တို့သည် အပြစ်၌ သေနေသောသူများဖြစ်၍ ဒုတိယအကြိမ်မွေးဖွားရန် လိုအပ်ပါသည်။ ဒုတိယအကြိမ်မွေးဖွားခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်ဘုရားဆောင်ရွက်သောအမှုတစ်ခုဖြစ်သည်။ သခင်ယေရှုကိုယုံကြည်သည့်အခါ ဝိညာဉ်ရေးရာ ပြန်လည်မွေးဖွားလာခြင်းဖြစ်ပေါ်လာပြီး ခရစ်တော်အားဖြင့် ကယ်တင်ခြင်းကိုလည်းကောင်း၊ ဝိညာဉ်တော်အားဖြင့် အသက်တာသစ်ကိုလည်းကောင်း၊ ထာဝရအသက်စိတ်ချမှုကိုလည်းကောင်း၊ အပြစ်ရှိသောအသက်တာအဟောင်းအပေါ် အောင်မြင်မှုကို လည်းကောင်း ရရှိလာသည်။

ထိုသို့ရရှိခြင်းသည် ဘုရားသခင်၏ အသစ်ဖန်ဆင်းတော်မူခြင်းခံရ၍ မှန်သော အရာများကိုလုပ်ဆောင်ရန်နှင့်၊ စာတန်နှင့်သူ့နောက်လိုက်များ၏ တိုက်ခိုက်ခြင်း မှလုံခြုံမှု ရှိစေရန်အတွက် ဖြစ်သည်။

ယော ၃:၃-၇ တွင် ယေရှုက ဒုတိယမွေးခြင်းကို မခံသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်အကန်ဆိုသည်ဟု ပြန်၍မိန့်တော်မူ၏။ နိကောဒင်ကလည်း အသက်ကြီးသောသူသည် မွေးခြင်းကို အဘယ်သို့ခံနိုင်ပါမည်နည်း။ အမိဝမ်းထဲသို့ တစ်ဖန်ဝင်၍ မွေးခြင်းကိုခံနိုင်ပါမည်လောဟု လျှောက်၏။ ယေရှုကလည်း ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်သို့မဝင်ရဟု ငါအမှန်အကန်ဆို၏ဟု မိန့်တော်မူခဲ့ပါသည်။ ၂ကော ၅:၁၇ တွင်လည်း လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသော အရာတို့သည် အသစ်ဖြစ်ကြပြီဟု ဖော်ပြထားပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့သည် အပြစ်မှနောင်တရပြီး ခရစ်တော်အား မိမိအသက်သခင် ကယ်တင်ပိုင်ရှင်အဖြစ်လက်ခံလျှင် အသစ်မွေးဖွားခြင်းကို တွေ့ကြုံခံစားရမည် ဖြစ်ပါသည်။ ဤသည်ကား ဝိညာဉ်ရေးရာမွေးဖွားခြင်းဖြစ်ပြီး ဘုရားသခင်၏အိမ်ထောင်စုဝင်အဖြစ် မွေးဖွားသောသူဖြစ်သည့်အပြင် ဘုရားသခင်၏အလင်းထဲသို့ ဝင်ခွင့်ရပါသည်။ ၎င်းကို အသစ်တစ်ဖန်မွေးဖွားခြင်း (ဒုတိယမွေးခြင်း) ဟုလည်း ခေါ်ပါသည်။

၂။ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသည့် ယုံကြည်သူများ

(၁) တမန်တော် ၂:၄၊ ထိုသူအပေါင်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်၍ ဝိညာဉ်တော်ဟောပြောသော အခွင့်ကိုပေးတော်မူသည့်အတိုင်း အမျိုးမျိုးသောဘာသာစကားအားဖြင့် ဟောပြောကြ၏။

(၂) တမန် ၄:၈၊ ထိုအခါ ပေတရုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်လျက် ..၊

(၃) တမန်တော် ၇:၅၅၊ သတေဖန်သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်သဖြင့် ..၊

(၄) တမန် ၁၃:၉၊ ထိုအခါ ပေါလုအမည်တွင်သော ရှောလုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်သဖြင့်..

၃။ အသက်တာသစ် (ဒုတိယမွေးခြင်း) သို့ပြောင်းလဲရန် အတွက် လုပ်ဆောင်ရမည့်အချက်များ

(၁) ၁ယော ၁:၉၊ ကိုယ့်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့် လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏။

(၂) ဖိ ၂:၅၊ ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။

(၃) ကောလောသဲ ၃:၅၊ ထို့ကြောင့် မတရားသော မေထုန်၌မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာပွားခြင်း၊ ဆိုးညစ်သောတပ်မက်ခြင်း၊ ရုပ်ထုကိုကိုးကွယ်ခြင်းဖြစ်သော လောဘလွန်ကျူးခြင်းတည်းဟူသော မြေကြီးပေါ်မှာရှိသော သင်တို့၏ကိုယ်အင်္ဂါတို့ကို သေစေကြလော့။

(၄) ၁ကော ၁၅:၃၁၊ ငါသည် နေ့တိုင်းအသေခံရ၏။

(၅) ရောမ ၁၂:၂၊ သင်တို့သည် လောကီပုံသဏ္ဌာန်ကိုမဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း စိတ်နှလုံးကိုအသစ်ပြင်ဆင်၍ ပုံသဏ္ဌာန်ပြောင်းလဲခြင်းသို့ ရောက်ကြလော့။

(၆) ရောမ ၈:၂၆၊ ငါတို့မတတ်နိုင်သောအရာမှာ ဝိညာဉ်တော်သည် မစတော်မူ၏။

ဖိ ၄:၁၃။ တိတု ၃:၅-၆။ ဖိ ၁:၂၀။ ဟေဗြဲ ၃:၄။ ဖေက် ၄:၂၂-၂၄။ ရောမ ၈:၁၃။ ၂တိ ၃:၃-၄။

၄။ ဒုတိယမွေးခြင်းခံရသောသူ

သင်တို့သည် ခရစ်တော်၏ကိုယ်ဖြစ်ကြ၏။ အသီးသီး အင်္ဂါတော်ဖြစ်ကြ၏။ (၁ကော ၁၂:၂၇)

ခရစ်ယာန်အားလုံးသည် ခရစ်တော်၏ခန္ဓာကိုယ်၌



ပိုင်ဆိုင်ခြင်းခံရသောသူများ မဟုတ်ချေ။ ခရစ်တော်၏ ခန္ဓာကိုယ်၌ ပါဝင်သောသူများသည် ဒုတိယမွေးခြင်းခံပြီး သောယုံကြည်သူများဖြစ်ကြသည်။ ခရစ်တော်အား ပိုင်ဆိုင်သော သူသည် အလိုအလျောက် ခရစ်တော်၏ခန္ဓာကိုယ်၌ အဖွဲ့ဝင်ဖြစ်သောသူတစ်ယောက်ဖြစ်ပေသည်။ ခရစ်တော်၏ ခန္ဓာကိုယ်အစိတ်အပိုင်းဖြစ်ရန်အတွက် သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ ကိန်းဝပ်တံဆိပ်ခတ် ခြင်းအားဖြင့်သာလျှင် တတ်နိုင်သည်။ ဝိညာဉ်သာလျှင် ခန္ဓာကိုယ်၌ဆက်စပ်ပေးသည်။ ဦးခေါင်းတည်းဟူသော ခရစ်တော်၌ စစ်မှန်သောယုံကြည်သူအားလုံးကို ဆက်စပ်ပေးသည်။ ယုံကြည်သူအချင်းချင်း မိတ်သဟာယဖွဲ့ခြင်း သည် အစစ်အမှန် အလွန်အရေးကြီးပါသည်။ ဝိညာဉ်ရေးရာ ကျန်းမာကြံ့ခိုင်ဖို့အတွက် မိတ်သဟာယဖွဲ့ရန် အထူးလိုအပ်ပါသည်။

(၁) ဒုတိယမွေးခြင်းခံရသူသည် ဝိညာဉ်အသီး (၉)မျိုးနှင့် ပြည့်စုံလျက်ရှိပါသည်။ (ဂလာတိ ၅:၂၂-၂၃)

ဝိညာဉ်ပကာတိ၏ အကျိုးမှကား ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။

(၂) အပြစ်တရားကိုအောင်မြင်ခြင်း (ရောမ၆:၆-၇)

(၃) ခရစ်တော်နှင့်အတူ အစဉ်အောင်ပွဲခံနေရသူများ ဖြစ်သည်။

၂ကော ၂:၁၄ တွင် ငါတို့သည် ခရစ်တော်နှင့် အတူ အောင်ပွဲကို အစဉ်ခံစေခြင်းငှာလည်းကောင်းဟု ဖော်ပြထားပါသည်။ ဝိညာဉ်တိုက်ပွဲ၌ စာတန်မာရ်နတ်ကို ဆိုင်ပြိုင်တိုက်လှန်ဖို့ရန် ဘုရားသခင်ပြင်ဆင်ပေးသော လက်နက်စုံ (၆) မျိုးကို တွေ့ရပါသည်။ (ဧဖက် ၆:၁၄) ၎င်းလက်နက်တစ်ခုစီတိုင်းသည်လည်း ယေရှုခရစ်ကို ပုံဆောင်ကြောင်းတွေ့ရပါသည်။

(က)သစ္စာ (သမ္မာတရား) တည်းဟူသော ခါးပန်း။ သခင်ယေရှုသည် သမ္မာတရားဖြစ်သည်။ ယော ၁၄:၆

(ခ) ဖြောင့်မတ်ခြင်းဟူသော ရင်အုပ်တန်ဆာ သခင်ယေရှုသည် ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းဖြစ် သည်။ (၁ကော ၁:၃၀)

(ဂ) ဧဝံဂေလိတရားကိုဟောပြောအံ့သောငှာ ပြင်ဆင်သောအဖြစ်တည်းဟူသော ခြေစွပ်

ဧဝံဂေလိတရားသည် ယေရှုခရစ်တော်အကြောင်းပင် ဖြစ်သည်။ (တမန် ၈:၃၅)

(ဃ)ယုံကြည်ခြင်းဒိုင်းလွှား

သခင်ယေရှုသည် ယုံကြည်ခြင်းကို အစဦးစီရင်၍ ဆုံးစပ်စုံလင်စေသူဖြစ်သည်။ (ဟေဗြဲ ၁၂:၂)

(င) ကယ်တင်ခြင်း သံခမောက်

ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏ ကယ်တင်ခြင်း ဖြစ်သည်။ (မဿဲ ၁:၂၁)

(စ) ဘုရားသခင်၏ နှုတ်ကပတ်တော်တည်းဟူသော ဝိညာဉ်တော်ဓား

သခင်ယေရှုသည် ဘုရားသခင်၏နှုတ်ကပတ်တော် ဖြစ်သည်။ (ဗျာ ၁၉:၁၃)

၅။ ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်တော်မပါဘဲ ကယ်တင်ခြင်းမရနိုင်သကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော် မပါဘဲ ခရစ်ယာန်အသက်တာ အသက်တာသစ်ကို လျှောက်လှမ်းလို့မရနိုင်ပါ။ ဒုတိယမွေးခြင်းကိုခံရသော သူသည် သခင်ယေရှုခရစ်တော်ကို ယုံကြည်လက်ခံပြီး ခရစ်တော်၌ တည်နေသူ ခရစ်တော်၏ခန္ဓာကိုယ်၌ပါဝင်သူ ဖြစ်ပါသည်။ ခရစ်တော်၏ခန္ဓာကိုယ်အစိတ်အပိုင်းဖြစ်ရန် သန့်ရှင်းသော ဝိညာဉ်တော်က မစပါသည်။ ဒုတိယမွေးခြင်း ခံရသူသည် ခရစ်တော်ရဲ့အင်္ဂါတော်များဖြစ်လာပါသည်။ အပြစ်တရား ကိုအောင်နိုင်သူများ။ ခရစ်တော်နှင့်အတူ အောင်ပွဲအစဉ်ခံ သူများဖြစ်ပြီး ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း စသော ဝိညာဉ်အသီး (၉) မျိုးနှင့်ပြည့်စုံသူ များဖြစ်၍ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးထူး ကိုရရှိလျက် ဘုရားသခင်နိုင်ငံတော်ကို ဝင်ရမည့်သူများ ဖြစ်ပါသည်။

ဒုတိယမွေးခြင်းခံရသူများ ဖြစ်ကြပါစေ။ ❑



# ဆုတောင်းခြင်း

ဒေါ်ခင်နှယ်ဝင်း(အင်းစိန်)

ဆုတောင်းခြင်းဆိုသည်မှာ ဘုရားသခင်နှင့် စကားပြောခြင်း။ လူနှင့် ဖန်ဆင်းရှင်ဘုရားသခင်၊ ဆက်သွယ်မိတ်သဟာယဖွဲ့ခြင်း ဖြစ်ပါသည်။ ခရစ်ယာန်အသက်တာ၌ အမြင့်ဆုံးနှင့် အလေးနက်ဆုံးသော ဘုရားသခင်နှင့် အပြန်အလှန်စကားပြောခြင်းလည်း ဖြစ်ပါသည်။ လောကကြီး ထဲတွင် အလွယ်ကူဆုံးဖြစ်သော်လည်း အကျိုးအကြီးဆုံးနှင့် အံ့ဩဖွယ်ကောင်းမြတ်မှုအမျိုးမျိုး ခံစားစေသော အရာသည် ဆုတောင်းခြင်းအမှုပင် ဖြစ်ပါသည်။



ဆုတောင်းခြင်းသည် လူ့အတွင်းထဲ၌ ရှိနှင့် ပြီးသည့် သဘာဝတစ်ခုဖြစ်သည်။ ဆုတောင်းခြင်းသည် ဘုရားသခင်ကို တိုင်တည်၍ ပြုသောအမှုဖြစ်ပြီး၊ အသက်တာ၌ လက်တွေ့ခံစားရပြီး၊ တစ်ဖန်တစ်ကြိမ်ပြီး နောက်တစ်ကြိမ် ထပ်၍ ဆုတောင်းစေဖို့ရန် တွန်းအားကို ဖြစ်စေပါသည်။ လူတိုင်းလိုအပ်မှုတစ်ခုမဟုတ် တစ်ခု ရှိကြ စမြဲဖြစ်ပါသည်။ ထိုလိုအပ်မှုအတွက် တောင်းကြလော့၊ တောင်းလျှင်ရမည်ဟူသည့် ကတိတော်ကို အခြေထားပြီး ထာဝရဘုရားကို ကိုးစား၍ ဆုတောင်းခြင်းအားဖြင့် အမျိုးမျိုးသော မစမှုကို ခံစားကြရသောသူတို့ အသက်တာ၌ ဝါကြွား စိတ်မရှိ၊ ဘုရားကို ကျေးဇူးတင်သောစိတ်ဖြင့် မစမှု သက်သေအမျိုးမျိုးခံစားရပြီး ကြီးထွားလာသောသူ၏ အသက်တာမှာ စိုးရိမ်စရာမရှိပါ။

ဆုတောင်းခြင်းတွင် မည်သည့်အရာကိုမျှ မတောင်းခံမီ၊ ဦးစွာဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းသင့်ပါသည်။ ဒံယေလနှင့်နေဟမိတို့၏ ဂုဏ်တော်ကို လေ့လာ ပါက မိမိတို့လိုချင်သည့်အရာကို ဦးစွာမတောင်းဘဲ ဘုရားသခင်၏ဂုဏ်တော်ကို ဦးစွာချီးမွမ်းကြောင်း တွေ့ရပါသည်။ ချီးမွမ်းထိုက်သောဘုရားဖြစ်၍ ချီးမွမ်းသူသည် ကောင်းချီးမင်္ဂလာကို ခံစားရမည်ဖြစ်ပါသည်။ ဒုတိယနေနှင့် ဘုရားရှင် ပြုသောကျေးဇူးတော်များကို ရေတွက်၍ ချီးမွမ်းရပါသည်။ ယော ၁၄း၁၃ သင်တို့သည် ငါ၏နာမကို အမှီပြု၍၊ ဆုတောင်းသမျှအတိုင်း ငါပြုမည်။ လုကာ ၁း၃၇ ဘုရားသခင်တတ်နိုင်တော်မမူသော အမှုမရှိ၊ တတိယအနေနှင့် လူတိုင်း၏ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးဖြင့် ကိုယ်တော်ကို ဝမ်းနည်းစေခဲ့သော မှားယွင်းမှုအလုံးစုံအတွက် မိမိတို့ အပြစ်ကို ဝန်ချတောင်းပန်ရပါမည်။ ထိုသို့ပြုပြီး စတုတ္ထ အနေနှင့် အခြားသူများအတွက် ကြားခံ၍ ဘုရားသခင်ထံ တောင်းလျှောက်ပေးသင့်ပါသည်။ သခင်ခရစ်တော်ကိုယ်တိုင် လောကန္တ ကိုယ်စားပြုကာ ဘုရားသခင်ထံ တောင်းလျှောက်ပေးပါသည်။ နောက်ဆုံးမှ မိမိကိုယ်ရေးကိုယ်တာ လိုအပ်ချက်များ တောင်းလျှောက်သင့်ပါသည်။

ဆုတောင်းသံများကို ဘုရားသခင် နားညောင်း၍ တောင်းသည့်အတိုင်းရသည့်အခါရှိသလို မရသေးသည့်အခါများလည်း ရှိပါသည်။ တောင်းသည့်အတိုင်း မရသေးသူများသည် ဘုရားသခင်၏ ကတိတော်အပေါ် သံသယဖြစ်ခြင်း၊ ယုံကြည်အားကိုးမှု နည်းလာခြင်း၊ ဘုရားနှင့် မိတ်သဟာယ ဝေးကွာသွားခြင်းမျိုး ဖြစ်တတ်ပါသည်။ ထိုသို့ဖြစ်ခြင်းမှာ ဆုတောင်းခြင်းနှင့်ပတ်သက်၍ ဘုရားသခင် သွန်သင်သည့် အရာကို နားမထောင်၍ ဖြစ်ပါသည်။ ဆုတောင်းခြင်း အဖြေမရခြင်းတွင် အကြောင်းအမျိုးမျိုး ရှိပါသည်။

ဆုတောင်းခြင်းဖြင့် အဖြေရကြခြင်းမှာ ဘုရားသခင်ရေ့ နှိမ့်ချသောသဘောနှင့် တိုးဝင်ပြီး နှလုံးသားမှန်ကန်မှုရှိကာ နှုတ်ကပတ်တော်၏ သွန်သင်ချက်များနှင့် ကိုက်ညီကြ၍ ဖြစ်သည်။ တမန် ၁၂း၅-၁၁ ဇဝ်ဂေလိတရားကြောင့် ထောင်တွင်း၌ချုပ်နှောင်ခံရသော တမန်တော်ရှင်ပေတရုအတွက် ယုံကြည်သူတို့ ကြိုးစား၍ တစ်ညလုံး ဆုတောင်းခြင်းကို ဘုရားသခင်နားညောင်း၍ ပေတရုသည် ချုပ်နှောင်ခြင်းများမှ လွတ်ပြီး ဆုတောင်းပေးနေသည့် ယုံကြည်သူများထံ ရောက်လာခြင်း (မဿဲ ၁၄း၂၇-၃၃)၊ ရှင်ပေတရုသည် သခင်ယေရှု၏စကားတော်အရ ရေပေါ်၌ လမ်းလျှောက်လာရာ ပတ်ဝန်းကျင်၌ လေပြင်းသည်ကို မြင်၍ ကြောက်စိတ်ဝင်ပြီး နစ်မွန်းလုနီးအချိန်တွင် ကယ်မတော်မူပါရန် တောင်းလျှောက်ခြင်းကို သခင်ယေရှုသည် ချက်ချင်း ကယ်တင်ခဲ့ပါသည်။

အချို့သော ဆုတောင်းချက်များကို ချက်ချင်း အဖြေမပေးဘဲ စောင့်ခိုင်းပါသည်။ ယော(၁၁)တွင်လည်း လာဇရုများနေသဖြင့် အစ်မတို့က သခင်ယေရှုထံလူလွှတ်၍ အသိပေးသော်လည်း ရောက်မလာဘဲ၊ သေဆုံးပြီး (၄)ရက် ကြာမှသာရောက်လာကာ သင်္ချိုင်းသို့သွားပြီး ကယ်တင်ခြင်း အားဖြင့် လာဇရုအသက်ရှင်ခဲ့ခြင်းသည် ဘုရားသခင်၏ ဘုန်းတော် သာ၍ထင်ရှားစေခြင်း ဖြစ်ပါသည်။ အာဗြဟံ အသက်တာကို ကြည့်ပါက သားယောကျ်ားပေးမည်ဟု ဘုရားရှင် ကတိပေးသော်လည်း ချက်ချင်းမပေးဘဲ အချိန် အတန်ကြာမှပေးခြင်းကြောင့် ဆုတောင်းခြင်းပြည့်စုံဖို့ အချိန်ကြာသကဲ့သို့ထင်ကာ စိတ်ပျက်ခြင်းမရှိဘဲ၊ ကတိတော်အပေါ် သံသယကင်းစွာ စောင့်ဖို့လိုပါသည်။

ဆုတောင်းခြင်းသည် အောင်မြင်ခြင်း၏ သော့

ချက်ဖြစ်သည်။ ရှောဟန်း၌ ဘုရားသခင်၏ အမှုတော် မြတ်တွင် ပါဝင်လုပ်ဆောင်နေသူများအတွက် အမှုတော်မြတ်ဆောင်ရွက်ရာတွင်ရှိသော အခက်အခဲအမျိုးမျိုး အောင်မြင်ရန်အတွက်၊ ရော ၁၅း၃၀တွင် ဖော်ပြထားပါသည်။ တိုင်းပြည်ခေါင်းဆောင်များ၊ အာဏာပိုင်များအတွက်လည်း ဆုတောင်းပေးရန် လိုသည်။ ရော ၁၅း၃၁ ဆုတောင်း မိတ်သဟာယ၌ ပါဝင်ခြင်းသည် ထူးမြတ်သော ပါဝင်မှုဖြစ်ကြောင်း ဖိ ၁း၁၉-၂၀ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆုတောင်းပေးရန်လိုအပ်ကြောင်း ဖော်ပြထားပါသည်။


အမှုတော်ဆောင်များ၏ ဇနီးအတွက် ဆုတောင်းပေးရန် လိုပါသည်။ ယောက်ျားများ၏ အားနည်းချက်မှာ မိန်းမ၏အလိုသို့လိုက်တတ်ပြီး၊ မိန်းမများ၏ အားနည်းချက်မှာ လှည့်စားရလွယ်ခြင်းကြောင့် ယောက်ျားသည် မိန်းမအားဖြင့် စာတန်၏အလိုသို့ လိုက်သွားနိုင်ခြင်းကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် မိန်းမအား စာတန်အသုံးမချနိုင်ရန် အထူး ဆုတောင်းပေးရန်လိုပါသည်။ ကမ္ဘာ (၃) ဘုရားသခင်၏ စကားကို အာဒံနားမထောင်ရန် စာတန်အလိုရှိပါသည်။ ထိုအခါ စာတန်သည် ဇနီးဧဝထံသွားကာ လှည့်ဖျားခြင်းဖြင့် ဧဝမှတဆင့် စာတန်၏ကျော့ကွင်းထဲသို့ အာဒံပါ ရောက်ရှာပါသည်။ ကမ္ဘာ ၁၆း၁-၆ အာဗြဟံအား သားကိုပေးမည်ဟု ဘုရားသခင်က ကတိပေးခဲ့ရာ၊ စာတန်က ဖျက်လို၍ မယားစာရာထံချဉ်းကပ်လျက်၊ စာရာ၏အကြံအစည်အားဖြင့် အာဗြဟံသည် ကတိနှင့်ယှဉ်သော သားကိုရကာ သာယာနေသောအိမ်ထောင်၌ ပြဿနာများဝင်ရောက်လာပါသည်။ တ ၅း၁-၁၁ အာနနိနှင့် ရှဖိရေလင်မယားနှစ်ယောက်ကို စာတန်လှည့်ဖျားခြင်းကြောင့် ရှဖိရေက မိမိခင်ပွန်းအား နှစ်ဦးသဘောတူ မြေရောင်းရသောငွေထဲမှ တချို့ကို ဖယ်ထားကာ လှူဖို့အကြံပြုတဲ့အတိုင်း အာနနိ သဘောတူခြင်းအားဖြင့် ဘုရားအပေါ် လှည့်စားခြင်းကြောင့် သေဆုံးရပါသည်။ ထို့ကြောင့် အမှုတော်ဆောင်တစ်ဦး၏ လုပ်ငန်းဆောင်ရွက်ရာတွင် ဇနီးသည်၏ ကူညီပံ့ပိုးမှုများစွာ လိုအပ်ခြင်းကြောင့် အမှုတော်ဆောင်ဇနီးများအတွက် ဆုတောင်းပေးရန် လိုအပ်ပါသည်။

ထာဝရဘုရားထံတော်သို့ တိုးဝင်ဆုတောင်းခြင်း မပြုမီ သတိပြုသင့်သည့်အချက်မှာ (၁) အထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူကြောင်းကို ယုံကြည်ရမည်။ (၂) ကိုယ်တော်ကို ရှာသောသူတို့အား အကျိုးပေးတော်မူကြောင်း ယုံကြည်ရမည်။ (လု ၁၁း၁-၄) သခင်ယေရှု၏ တပည့်တော်များက သခင်ယေရှုထံ ဆုတောင်းတတ်ဖို့ သင်ပေးရန် (လု ၁၁း၂) ဆုတောင်းခြင်းသည် ကောင်းကင်ဘုံ၌ ရှိတော်မူသော ခမည်းတော်ဘုရားကို ဗဟိုပြုရန် (ယော ၁၇း၄) ကိုယ်တော်၏ဘုန်းတော်နှင့် နိုင်ငံတော်အတွက် ဆုတောင်းခြင်းပြုရန် (လု ၁၁း၄၃) အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌ ပြည့်စုံသည့်အပြင် အသက်မွေးလောက်သောအစာကို နေ့ရက်အစဉ်ပေးသနားတော်မူရန် ဆုတောင်းခြင်း (လု ၁၁း၄) အကျွန်ုပ်တို့ကို ပြစ်မှားသောသူရှိသမျှတို့၏ အပြစ်များကို လွှတ်ခွင့်တောင်းခြင်း၊ ဘုရားနှင့်ဆက်နွယ်မှု၊ လူလူချင်းဆက်နွယ်မှု မှန်ကန်စေရန် ဆုတောင်းခြင်း၊ အပြစ်သွေးဆောင်ရာသို့ မလိုက်ဘဲ မကောင်းသောအမှုအရာမှ ကယ်နှုတ်ရန် ဆုတောင်းကြဖို့ သွန်သင်ထားပါသည်။

သာသနာ့သမိုင်းကြောင်းများကို တစေ့တစောင်းကြည့်ပါက ဆုတောင်းခြင်းကြောင့်သာ နိုးထမှုနှင့် ပထမ ရာစုအသင်းတော် ပေါ်ပေါက်လာကြောင်း တွေ့ရပါသည်။ သခင်ခရစ်တော်သည် မိမိ၏ တပည့်တော်များနှင့် (၃)နှစ်ပတ်လုံး အနီးကပ်နေထိုင်စားသောက် သွန်သင်ပြီး၊ ကောင်းကင်ဘုံသို့ မတက်ကြွမီ သန့်ရှင်းသောဝိညာဉ်တော်ကို စောင့်နေရန် မိန့်မှာခဲ့ပါသည်။ ထိုစကားကို နားထောင်သော တမန်တော်တို့သည် သခင်ယေရှု၏ မယ်တော်မာရိနှင့် အတူတကွ လူအပေါင်းတို့သည် တညီတညွတ်တည်း ကြိုးစား၍ ဆုတောင်းပဌနာပြု၍ စောင့်နေကြောင်း (တ ၁း၁၄၊ ၂း၁) တို့တွင် ဖော်ပြထားပါသည်။ ထိုဆုတောင်းခြင်းကြောင့် ပထမဦးဆုံးသော နိုးထမှုနှင့် ကမ္ဘာတစ်ဝှမ်း ဧဝံဂေလိတရား ပြန့်ပွားခြင်း (တ ၁၃း၃၉) ဖြစ်ပွားခဲ့ပါသည်။

အမှုတော်မြတ်၌
ဒေါ်ခင်နွယ်ဝင်း (အင်းစိန်)





# ယုံကြည်သူအားလုံး အမှုတော်ဆောင်ခြင်း

# Ministry of all Believers

ဦးအောင်လှထွန်း
(သန့်ရှင်းသောကားတိုင်အသင်းတော်)

## ၁။ နိဒါန်း

သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ဘုရားသခင်၏ အကြံအစည်တော်ကို ဖော်ပြသော စာအုပ်ဖြစ်၏။ ခရစ်ယာန်များအတွက် ယုံကြည်မှုနှင့် ကျင့်ကြံနေထိုင်မှုဆိုင်ရာလမ်းညွှန်နှင့် ဘာသာရေး ဆိုင်ရာ လက်စွဲစာအုပ်ဖြစ်၏။ ထို့ပြင် အသင်းတော် ရှင်သန်ကြီးထွားရေးလုပ်ဆောင်ရန်အတွက် ညွှန်ကြားချက်များကို ရေးသားထားသည့် အရေးအပါဆုံး စာအုပ်လည်းဖြစ်၏။

ထို့ကြောင့် ယနေ့အသင်းတော်ရှင်သန်ကြီးထွားရေးကို ဦးတည်လုပ်ဆောင်မည်ဆိုပါက၊ သမ္မာကျမ်းစာထဲတွင် ဖော်ပြထားသော ကနဦးအသင်းတော်ကြီးကို မည်ကဲ့သို့ တည်ဆောက်ခဲ့သည်။ မည်ကဲ့သို့ ကြီးထွားလာသည်။ မည်ကဲ့သို့ ကျင့်ကြံလုပ်ဆောင်ခဲ့ကြသည်ကို ပြန်၍လေ့လာရမည်ဖြစ်ပါသည်။

ထို့အပြင် ရှေးဦးအသင်းတော်၌ ပါဝင်ခဲ့ကြသော ယုံကြည်သူများသည် အသင်းတော်ကြီးရင့်သန်ကြီး ထွားရန် မည်ကဲ့သို့ပါဝင်လုပ်ဆောင်ခဲ့ကြသည်၊ မည်ကဲ့သို့ အမှုတော်ဆောင်ခြင်းကို လက်တွဲတာဝန်ယူဆောင် ရွက်ခဲ့ကြသည်ကို လေ့လာရမည်ဖြစ်၏။

သမ္မာကျမ်းစာက ကနဦးအသင်းတော်ပုံစံအားဖြင့် "ယုံကြည်သူများအားလုံးသည် အမှုတော်ဆောင်များဖြစ်ကြသည်" (၁ပေ၊ ၂း၉) ဆိုသည့်အမှန်တရားကို ယနေ့ယုံကြည်သူများအား မီးမောင်းထိုးပြလျက်ရှိ၏။

## ၂။ သမ္မာကျမ်းစာမှ ကနဦးအသင်းတော်

### (က) ကနဦးအသင်းတော်

ခရစ်တော်ယေရှု ကောင်းကင်ဘုံသို့ တက်ကြွတော်မူပြီးနောက် (၁၀) ရက်မြောက်နေ့ ပင်တေကုတ္တေပွဲနေ့တွင် သန့်ရှင်းသော ဝိညာဉ်တော်သည် တမန်တော်ကြီးများအပေါ်သို့ ဆင်းသက်ကြွရောက်လာခဲ့၏။ ထိုအချိန်မှစ၍ ရှင်ပေတရုနှင့် တမန်တော်များ၏ ဟောပြောသက်သေခံမှုကြောင့် လူသုံးထောင်ခန့် ယုံကြည် ခြင်းသို့ ရောက်လာခဲ့ကြ၏ (တမန်၊ ၂း၁-၄၁)။ တမန်တော်ကြီးများသည် ပထမဆုံး ခရစ်ယာန်အသင်းတော် ကို ယေရုရှလင်မြို့၌ ယုံကြည်ခြင်းသို့ ရောက်လာသူများဖြင့် စတင်တည်ထောင်ခဲ့၏။ သမ္မာကျမ်းစာတွင် ပထမဆုံးတည်ထောင်ခဲ့သော ဤခရစ်ယာန်အသင်းတော်၌ မည်ကဲ့သို့ ကျင့်ကြံနေထိုင်ခဲ့ကြသည်ကို တမန်တော်ဝတ္ထု ၂း၄၁-၄၆ တွင် အောက်ပါအတိုင်း ဖော်ပြထား၏။

"ဗတ္တိဇံကိုခံ၍ ထိုနေ့၌ အရေအတွက်အားဖြင့် သုံးထောင်မျှလောက်သောသူတို့သည် ဝင်ကြ၏။ ထိုသူများသည် တမန်တော်များ၏ ဆုံးမဩဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက်၍ နေကြ၏။ လူအပေါင်းတို့သည် ကြောက်လန့်ခြင်းရှိသည်ဖြစ်၍ တမန်တော်တို့သည် များစွာသော နိမိတ်လက္ခဏာ အံ့ဖွယ်သောအမှုတို့ကို ပြုကြ၏။ ယုံကြည်သော သူအပေါင်းတို့သည် တစုတဝေးတည်းနေကြသဖြင့် မိမိတို့၌ရှိသမျှကို ဆက်ဆံ၍ သုံးဆောင်ကြ၏။ မိမိတို့ ဥစ္စာပစ္စည်းများကို ရောင်းပြီးလျှင် လူများဆင်းရဲသည့်အတိုင်း အသီးသီးတို့ကို ဝေငှခြင်းပြုကြ၏။ ထိုလူတို့သည်လည်း ဗိမာန်တော်၌ နေ့တိုင်းအစဉ် တစ်ညီတစ်ညွတ်တည်းနေ၍ ကိုယ့်အိမ်၌ မုန့်ကိုဖဲ့လျက်၊ ကြည်ဖြူရွှင်လန်းဝမ်းမြောက်သောစိတ်နှင့် အစာအာဟာရကို သုံးဆောင်ကြ၏။" (တမန်၊ ၂း၄၁-၄၆)

ဤအချက်ကိုကြည့်ခြင်းအားဖြင့် ကနဦးအသင်းတော်တွင် ယုံကြည်သူများသည် (၁) မိဿဟာယပြု ခြင်း၊ (၂) တစ်ဦးကိုတစ်ဦးကူညီမစခြင်း၊ (၃) အတူတကွဝတ်ပြုကိုးကွယ်ခြင်း၊ (၄) အမှုတော်ဆောင်ရန်အတွက် သင်ကြားလေ့လာခြင်း၊ (၅) ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ဟောပြောသက်သေခံခြင်းတို့ကို ပြုလုပ်ခဲ့ ကြသည်ကို တွေ့ရ၏။ ဤသို့ပြုလုပ်ခဲ့ကြသောကြောင့် တမန် ၂း၄၇ တွင် ဖော်ပြသည့်အတိုင်း ဤပထမ အသင်းတော်အတွင်းသို့ "ကယ်တင်ခြင်းသို့ ရောက်သူတို့ကိုလည်း နေ့စဉ်မပြတ် သခင်ဘုရားသည် သင်းဝင် စေတော်မူ၏။" တစ်နည်းဆိုသော် ယုံကြည်သူများသည် အထက်ဖော်ပြပါအတိုင်း နေထိုင်ကျင့်ကြံကြသဖြင့် အသင်း တော် ရှင်သန်ကြီးထွားလာခဲ့သည်ကို တွေ့ရ၏။

ဤပုံစံက ရှင်သန်ကြီးထွားသော အသင်းတော်အဖြစ်သို့ ရောက်ရန် ကနဦးအသင်းတော်သည် မည်ကဲ့သို့ ကျင့်ကြံနေထိုင်ခဲ့ကြသည်ကို သမ္မာကျမ်းစာထဲကနေ ညွှန်ပြနေခြင်းဖြစ်၏။ ဤကျင့်ကြံမှုပုံစံတွင် ပါရှိသောအချက်ကြီး (၅) ချက်ကို ကြည့်မည်ဆိုပါက၊

(၁) အသင်းတော်သည် မိဿဟာယပြုခြင်းအားဖြင့် ပိုမို၍ နွေးထွေးလာ၏။

(၂) အသင်းတော်သည် အမှုတော်ဆောင်ရန် သင်ကြားလေ့လာခြင်းအားဖြင့် ပိုမိုရင့်ကျက်လာ၏။



(၃) အသင်းတော်သည် ဝတ်ပြုကိုးကွယ်ခြင်းအားဖြင့် ပိုမိုအင်အားတိုးပွားလာ၏။

(၄) အသင်းတော်သည် အပြန်အလှန်ပေးကမ်းမစ၍ အမှုတော်ဆောင်ခြင်းအားဖြင့် ပိုမိုကျယ်ပြန့် ရင်းနှီးလာ၏။

(၅) အသင်းတော်သည် ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ဟောကြားသက်သေခံခြင်းအားဖြင့် ပိုမိုကြီးထွားလာ၏။

ကနဦးအသင်းတော်သည် ဤရည်ရွယ်ချက်ကြီးငါးချက်ဖြင့် ရှင်သန်ရပ်တည်ခဲ့ကြောင်း သမ္မာကျမ်းစာ က ဖော်ပြနေ၏။ ဤအချက်ကြီးငါးချက်ကို ကြည့်မည်ဆိုပါက ကနဦးအသင်းတော်မှ ယုံကြည်သူများသည် ဘက်စုံအမှု တော်ဆောင်ခြင်းကို ပြုလုပ်ခဲ့ကြောင်း တွေ့ရမည်ဖြစ်၏။

ထို့ကြောင့် ယနေ့အသင်းတော်သည် အမှန်တကယ် ဘက်စုံဖွံ့ဖြိုးရှင်သန်ကြီးထွားလိုပါက ကနဦး အသင်းတော်၏ ပုံစံနမူနာကိုယူ၍ အထက်ဖော်ပြပါ ရည်ရွယ်ချက်နှင့် ကျင့်ကြံမှုငါးရပ်ဖြင့် ရပ်တည်ကာ ဘက်စုံအမှုတော်ဆောင်ခြင်းကို ပြုရမည်ဖြစ်၏။ ဤသို့လုပ်ဆောင်ရာတွင် တစ်ဦးကောင်း တစ်ယောက်ကောင်း လုပ်၍မရ၊ ယုံကြည်သူတိုင်း မိမိ တတ်ကျွမ်းသည့်နေရာ၌ ပါဝင်အမှုတော်ဆောင်မှသာ အောင်မြင်မည်ဖြစ်၏။

### (ခ) ခရစ်တော်၏ ခန္ဓာကိုယ်ဖြစ်သော အသင်းတော်

သမ္မာကျမ်းစာတွင် အသင်းတော်ကို လူ၏ ခန္ဓာကိုယ်ပုံစံဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း ဖော်ပြထား၏။ ခရစ်တော်သည် အသင်းတော်၏ ဦးခေါင်းဖြစ်သည်၊ အသင်းတော်သည် ခရစ်တော်၏ ကိုယ်ခန္ဓာ ဖြစ်၏။ ဖေက်၊ ၁း၂၃ တွင်၊ "သူ့ကို ခရစ်တော်အလုံးစုံတို့၏ အချုပ်အခြာ ဦးခေါင်းဖြစ်စေတော်မူ၏။ ထိုအသင်းတော်ကား အလုံးစုံနှင့် ပြည့်စုံသောသူ၏ ပြည့်စုံခြင်းတည်းဟူသော ခရစ်တော်၏ ကိုယ်ဖြစ်သတည်း"။

ထို့ပြင် ရောမ၊ ၁၂း၄-၅ တွင်လည်း အသင်းတော်ကို ကိုယ်ခန္ဓာပုံစံဖြင့် "ကိုယ်တစ်ခု၌ အင်္ဂါအများရှိသည်ဖြစ်၍ ထိုအင်္ဂါများသည် ဆောင်ရွက်စရာ တစ်ခုတည်းမရှိသကဲ့သို့ ထို့အတူ အများဖြစ်ကြသော ငါတို့သည် ခရစ်တော်၌ တစ်ကိုယ်တည်းဖြစ်၍ အသီးသီးအင်္ဂါဖြစ်ကြ၏။" ဟု ဖော်ပြထားပြီး ၁ကော၊ ၁၂း၁၂-၁၃ တွင်လည်း "ကိုယ်တစ်ခု၌ အင်္ဂါအများရှိသည်ဖြစ်၍ ထိုတစ်ခုတည်းသော ကိုယ်ခန္ဓာအင်္ဂါအပေါင်းတို့သည် များလက်နှင့် ကိုယ်တစ်ခုတည်းဖြစ်သကဲ့သို့ ထိုနည်းတူ ခရစ်တော်ဖြစ်၏။ အကြောင်းမူကား ယုဒလူဖြစ်စေ၊ ဟေလသလူဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ ငါတို့ရှိသမျှသည် ထိုဝိညာဉ်တော်တစ်ပါးတည်းအားဖြင့် တစ်ကိုယ်တည်းထဲသို့ ဗတ္တိဇံခံကြ၏။ ငါတို့ရှိသမျှသည် တစိတ်တဝိညာဉ်ထဲသို့လည်း သောက်စေ၏" ဟု ဖော်ပြထား၏။

ထို့ကြောင့် ကိုယ်ခန္ဓာတစ်ခုသည် လုပ်ငန်းတာဝန်မတူညီသော ကိုယ်အင်္ဂါအစိတ်အပိုင်းများစွာဖြင့် ဖွဲ့စည်းတည်ဆောက်ထားသကဲ့သို့ အသင်းတော်သည်လည်း ပါရမီဆုကျေးဇူး မတူညီသောယုံကြည်သူများ စွာတို့ဖြင့် တည်ဆောက်ထား၏။ ကိုယ်ခန္ဓာအစိတ်အပိုင်းအသီးသီးက မိမိနှင့်သက်ဆိုင်သော တာဝန်ကို ထမ်းဆောင်ခြင်းပြုမှသာ ကိုယ်ခန္ဓာကျန်းမာ၍ ရှင်သန်ကြီးထွားခြင်းရှိနိုင်သကဲ့သို့ အသင်းတော်တွင်လည်း အသင်းသူအသင်းသားများအဖြစ် ပါဝင်သော ယုံကြည်သူများသည် မိမိအား ဘုရားသခင်က ပေးအပ်ထားသော ပါရမီဆုကျေးဇူးများနှင့်အညီ မိမိလုပ်ဆောင်ရမည့် နေရာတွင် ပါဝင်အမှုတော်ဆောင်ခြင်းပြုမှသာ အသင်းတော်သည် ကြံ့ခိုင်၍ ရှင်သန်ကြီးထွားခြင်းရှိမည်ဖြစ်သည်။

(ဂ) ဘုရားသခင်၏ မိသားစုဖြစ်သော အသင်းတော်

သမ္မာကျမ်းစာတွင် အသင်းတော်ကို ဘုရားသခင်၏ မိသားစုအသွင်ဖြင့်လည်း ဖော်ပြထား၏။ ထို့ကြောင့် ဖေက်သြဝါဒစာတွင် ရှင်ပေါလုက၊ "တို့သည် တစ်ကျွန်းတစ်နိုင်ငံသားမဟုတ် သန့်ရှင်းသူ (ယုံကြည်သူ) တို့၏ အမျိုးသားချင်းဖြစ်ကြ၏။ ဘုရားသခင်၏ အိမ်တော်သား (မိသားစု) လည်းဖြစ်ကြ၏" ဟု ဖော်ပြထား၏။ (ဖေက်၊ ၂း၁၉)

ထို့ပြင် သခင်ယေရှုကိုယ်တော်တိုင်ကလည်း မိမိသည် မိသားစုတွင် ယုံကြည်သူအားလုံး၏ အစ်ကို ကြီးဖြစ်ကြောင်းကို အောက်ပါအတိုင်းပြောခဲ့၏။

"ငါ့အမိ ငါ့ညီကား ဘယ်သူနည်းဟု မေးတော်မူ၍ ခြံရံလျက် ထိုင်နေသောသူတို့ကို ပတ်လည်ကြည့်ရှု၍ ဤသူတို့သည် ငါ့အမိ ငါ့ညီပေတည်း။ ဘုရားသခင်၏ အလိုတော်ကို ဆောင် ရွက်သောသူသည် ငါ့ညီ ငါ့နှမ ငါ့အမိ ဖြစ်သတည်း" (မာကု၊ ၃း၃၃-၃၅) ဟု ရှင်မာကုဧဝံဂေလိကျမ်းတွင် ဖော်ပြ ထား၏။



ထို့ကြောင့် ယုံကြည်သူများသည် ခရစ်တော်ယေရှုအားဖြင့် ဘုရား သခင်၏ သားသမီးများဖြစ်လာ၏။ ခရစ်တော်၏ ညီ၊ ညီမများဖြစ်လာ ၏။ ထို့ကြောင့် ဂလာတိဩဝါဒစာတွင် "သင်တို့အပေါင်းသည် ခရစ်တော် ယေရှုကို ယုံကြည်သဖြင့် ဘုရားသခင်၏ သားဖြစ်ကြ၏" (ဂလာ၊ ၃း၂၆) ဟု ဖော်ပြထား၏။

**ဘုရားသခင်၏ အမွေစားအမွေခံ**

ယုံကြည်သူများသည် ခရစ်တော်ယေရှုအားဖြင့် ဘုရားသခင်၏ သားသမီးအရာသို့ရောက်ရှိလာသောကြောင့် ဘုရားသခင်၏ အမွေစားအမွေခံများလည်း ဖြစ်လာကြ၏။ ထို့ကြောင့် ရောမဩဝါဒစာတွင် ရှင်ပေါလု က "ငါတို့သည် ဘုရားသခင်၏ သား (သမီး) ဖြစ်ကြသည်ဟု ဝိညာဉ်တော်သည် ငါတို့၏ ဝိညာဉ်တော်နှင့် အတူ သက်သေခံတော်မူ၏။ သားသမီးမှန်လျှင် ဘုရားသခင်၏ အမွေခံဖြစ်ကြ၏။ ခရစ်တော်နှင့်အတူ ဘုန်းဝင်စားမည့်အကြောင်း၊ ထိုသခင်နှင့်ဆက်ဆံသော အမွေခံလည်းဖြစ်ကြ၏" ဟု ဖော်ပြထား၏။ (ရောမ၊ ၈း၁၆-၁၇)

အထက်ပါအချက်များကို ကြည့်ခြင်းအားဖြင့် အသင်းတော်ကို ယုံကြည်သူအားလုံး၏ မိသားစုပုံစံဖြင့် သမ္မာ ကျမ်းစာတွင် ဖော်ပြထားသည်ကို ထင်ရှားစွာတွေ့ရမည်ဖြစ်၏။ ယုံကြည်သူများသည် ဘုရားသခင် သားသမီးများ၊ ခရစ် တော်ယေရှု၏ ညီအစ်ကိုမောင်နှမများ၊ ဘုရားသခင်ထံမှ အမွေခံထိုက်သော သားသမီး များအဖြစ် ဖော်ပြထားသည်ကို တွေ့ရ၏။

မိသားစုတစ်ခု တိုးတက်ရှင်သန်ကြီးထွားရန်အတွက် မိသားစုတိုင်း ကျရာတာဝန်ကို ကျေပြွန်စွာ ထမ်းဆောင် ကြရသကဲ့သို့ အသင်းတော်ရှင်သန်ကြီးထွားရန်အတွက်လည်း ယုံကြည်သူတိုင်းသည် ဘုရားသခင်ထံမှ မိမိခံစားရသော ဆုကျေးဇူးများနှင့်အညီ အမှုတော်ဆောင်ခြင်းကို ပြုရမည်ဖြစ်၏။ ဤသို့ ပြုမှသာ အသင်းတော်ကြီးသည် ဘက်စုံ ရှင်သန်ကြီးထွားလာမည်ဖြစ်၏။

ထို့အပြင် ယုံကြည်သူတိုင်းသည် ဘုရားသခင်က ပေးမည့်အမွေကို ခံထိုက်သော သားသမီးများ ဖြစ်လာရန်



အဖဖြစ်သော ဘုရားသခင်၊ အစ်ကိုကြီးဖြစ်သော ခရစ်တော်ယေရှုတို့က တာဝန်ပေးစေခိုင်းထားသည့်အတိုင်း နာခံခြင်း အပြည့်ဖြင့် အမှုတော်ဆောင်ကြရမည်ဖြစ်၏။

**ယုံကြည်သူများအားလုံး ဘုရားသခင်၏ အမှုတော်ဆောင်များဖြစ်ကြ၏။**

ဘုရားသခင်၏ အမှုတော်ကို ဆောင်ကြရာတွင် မည်သူက မည်သည့်အလုပ်ကို လုပ်ရမည်ဟု သမ္မာကျမ်းစာထဲ တွင် ဖော်ပြထားခြင်းမရှိသော်လည်း အမှုတော်ဆောင်ခြင်းသည် ယုံကြည်သူအားလုံးနှင့် သက်ဆိုင်သည်ဆိုသောအချက်ကိုမူ ပုံစံအမျိုးမျိုးဖြင့် ဖော်ပြထား၏။ ဖော်ပြခဲ့သော သမ္မာကျမ်းစာမှ ကနဦး အသင်းတော်ပုံစံများကို ကြည့်မည်ဆိုပါက အသင်းတော်ရှင်သန်ကြီးထွားရန်အတွက် ယုံကြည်သူတိုင်း အမှု တော်ဆောင်ခြင်းပြုရမည်ဆိုသော အချက်ကို ညွှန်ပြ လျက်ရှိ၏။

ဓမ္မဟောင်းကျမ်းတွင်လည်း ထာဝရဘုရားသခင်သည် လူကိုဖန်ဆင်းစဉ်ကပင် မိမိဖန်ဆင်းလေသမျှကို ကြည့်ရှု စောင့်ထိန်းရန် လူကို မိမိ၏ဘဏ္ဍာစိုးအဖြစ် ခန့်အပ်ခြင်းဖြင့် အမှုတော်ဆောင်စေခဲ့သည်ကို တွေ့နိုင်သည်။ (ကမ္ဘာ၊ ၁း၂၇-၂၈)။ ထို့ကြောင့် ဘုရားသခင်၏ အမှုတော်ကို ဆောင်ခြင်းသည် လူကိုဘုရားသခင်က စတင်ဖန်ဆင်း သည့် အချိန်ကပင် အစပြုခဲ့ပြီးဖြစ်၏။ ဓမ္မသစ်ကျမ်းတွင်လည်း ယုံကြည်သူများသည် ဘုရားသခင်၏ အမှုတော်ဆောင်များ ဖြစ်သည်ဆိုသော အချက်ကို အတိအလင်းထပ်၍ ဖော်ပြထား၏။

ရှင်ပေတရုက -

"သင်တို့သည် အမှောင်ထဲမှ အံ့ဖွယ်သော အလင်းတော်ထဲသို့ ခေါ်သွင်းတော်မူသော သူ၏ ဂုဏ်ကျေးဇူးတော်ကို ဖော်ပြစေခြင်းငှာ၊ ရွေးချယ်တော်မူသော အမျိုးဖြစ်၏။ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး (ဘုရားသခင်၏ အမှုတော်ဆောင်) ဟု ရှင်ပေတရုဩဝါဒပထမစာစောင်တွင် ဖော်ပြထား၏။ တနည်းဆိုသော် ယုံကြည်သူအား လုံးသည် ဘုရားသခင်က ရွေးကောက်ခြင်းကို ခံရသော အမှုတော်ဆောင်များဖြစ်သည်ဟု ပြောဆိုခြင်းပင်ဖြစ်၏။ သမ္မာကျမ်းစာတွင် ဖော်ပြထားသော ဤအမှန်တရားကို ယုံကြည်သူတိုင်း သိရှိနားလည်သဘောပေါက်ရန်လို၏။ သမ္မာကျမ်းစာတွင် အမှုတော်ဆောင်ခြင်းသည် ယုံကြည်သူအားလုံးနှင့် သက်ဆိုင် ပတ်သက်ကြောင်း အတိအကျ လမ်းညွှန်ဖော်ပြထားသော ကျမ်းချက်သုံးချက်ကို ညွှန်ပြလို၏။ ဤကျမ်းချက်များ၌ သမ္မာကျမ်းစာ တွင်ပါရှိသော အမှန်တရားသုံးရပ်ကို တွေ့ရှိရမည်ဖြစ်၏။

**ယုံကြည်သူတိုင်းအမှုတော်ဆောင်ခြင်း**

ပထမကျမ်းချက်သည် (ဖေက်သြဝါဒစာ၊ ၄း၇-၁၂) မှဖြစ်၏။ ဤကျမ်းချက်သည် ယုံကြည်သူတိုင်း ဘုရားသခင်၏ အမှုတော်ဆောင်ဖြစ်ကြသည်ဆိုသော သွန်သင်ချက်၏ အခြေခံကျောက်ဖြစ်၏။ ဤကျမ်းချက်တွင် -

"ခရစ်တော်က ဆုကျေးဇူးကို ပေးတော်မူသည်အတိုင်း ငါတို့သည် ကျေးဇူးတော်ကို အသီးသီးကိုယ်စီ ခံ စားရ၏" (ဖေက်၊ ၄း၇) ဟု ဖော်ပြထား၏။ ဤအချက်က ယုံကြည်သူတိုင်းကို ခရစ်တော်ယေရှုက ဆုကျေးဇူးအမျိုးမျိုးကို ခွဲဝေ၍ပေးထားကြောင်း ဦးစွာဖော်ပြပြီး ဆက်၍ -

"ခရစ်တော်၏ ကိုယ် (အသင်းတော်) ကို တည်ဆောက်၍ ဓမ္မဆရာအမှု (အမှုတော်ဆောင်ခြင်းအမှု) ကို ပြုတတ်မည့်အကြောင်း၊ သန့်ရှင်းသူ (ယုံကြည်သူ) သူတို့ကို ပြင်ဆင်ခြင်း (တပ်ဆင်ပေးခြင်း) ပြုစုပျိုး ထောင်ခြင်းအလို့ငှာ ထိုသခင်သည် လူအချို့တို့ကို သာသနာပြုရာ၌လည်းကောင်း၊ အချို့တို့ကို သင်းအုပ်ဆရာ (သင်ကြားပေးသော) ဆရာအရာ၌လည်းကောင်း ခန့်ထားတော်မူ၏။ ငါတို့သည် ယုံကြည်ခြင်းသို့လည်းကောင်း၊

ဘုရားသခင် သားတော်ကို သိကျွမ်းခြင်းသို့လည်းကောင်း၊ တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ ပြည့်စုံခြင်း ပမာဏအရပ်တည်းဟူသော ကြီးရင့်သောသူ (ခရစ်တော်ကဲ့သို့ ရင့်ကျက်သောသူ) အဖြစ်သို့ ရောက်ကြသည့် တိုင်အောင် ဖြစ်သတည်း။"

(ဧဖက်၊ ၄း၁၁-၁၃) ဟု ဖော်ပြထား၏။

ဤသင်ကြားခြင်းတွင် ယုံကြည်သူတိုင်း အမှုတော်ဆောင်များဖြစ်လာရန် တာဝန်ရှိသူများက သင်ကြားခြင်း၊ ပြင်ဆင်ခြင်း၊ တပ်ဆင်ခြင်းပြုလုပ်ပေးရန် ညွှန်ပြထား၏။ ထို့ပြင် စကားငါးလုံးသည် ကောင်းကင်၌ ထွန်းလင်းနေသည့် ကြယ်များအလား ပေါ်လွှင်ထင်ရှားနေသည်ကိုလည်း တွေ့ရမည်လည်းဖြစ်၏။ ၎င်းတို့မှ (၁) ကျေးဇူးတော် (၂) ဆုကျေးဇူး (၃) ပြင်ဆင်ခြင်း (၄) သန့်ရှင်းသူ (သို့) ယုံကြည်သူနှင့် (၅) အမှုတော် ဆောင်ခြင်းတို့ပင်ဖြစ်၏။

ဤစကားငါးလုံး၏ အဓိကသွန်သင်ချက်မှာ မိမိအသင်းတော်ကို တည်ဆောက်နိုင်ရန်အတွက် ခရစ်တော်က ကျေးဇူးတော်အားဖြင့် ပေးသနားသောဆုကျေးဇူးမျိုးမျိုးကို ယုံကြည်သူများ အမှုတော်ဆောင်နိုင်ရန် အတွက် တာဝန်ရှိသူများက တပ်ဆင်ပေးရန် မိန့်မှာခဲ့ခြင်းဖြစ်၏။

ဤကျမ်းချက်က အသင်းတော်ကို တည်ဆောက်ရန်အတွက် ယုံကြည်သူများကို ဆုကျေးဇူးအမျိုးမျိုးအရ တပ်ဆင်၊ ပြင်ဆင်ပေးပြီးနောက်

(၁) လူအများရှိရာသို့ ရောက်ရှိနိုင်ရန် စေလွှတ်ခြင်းပြုရမည်။
အသင်းတော်၏ တမန်တော်များ စေလွှတ်ခြင်းဆိုင်ရာ လုပ်ငန်းကိုလုပ်ခြင်း။

(၂) လူအများကြားနာနိုင်ရန် ကြေငြာပြောကြားခြင်းကို ပြုရမည်။
အသင်းတော်၏ ပရောဖက်ဆိုင်ရာလုပ်ငန်းကို လုပ်ခြင်း။

(၃) လူအများအား ကြည့်ရှုစောင့်ထိန်းခြင်းအမှုကို ပြုရမည်။
အသင်းတော်အား ကြည့်ရှုပျိုးထောင်ခြင်းလုပ်ငန်းတို့ကို လုပ်ခြင်း။

(၄) လူအများသိရှိနားလည်ရန် သင်ကြားခြင်းအမှုကို ပြုရမည်။
အသင်းတော်၏ သင်ကြားရေးဆိုင်ရာလုပ်ငန်းကို လုပ်ခြင်း။

(၅) ယုံကြည်သူဦးရေ တိုးပွားလာအောင်လုပ်ရမည်။
အသင်းတော်၏ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကြေညာခြင်းဆိုင်ရာလုပ်ငန်းတို့ကို ပြုရမည်ဟု

တိုက်တွန်းလိုက်ခြင်း ဖြစ်၏။

ထို့ကြောင့် သခင်ယေရှုခရစ်က ဤကျမ်းချက်အားဖြင့် ယုံကြည်သူအားလုံးအား - မိမိကိုယ်ကို ပြင်ဆင်၍ လူအများရှိရာသို့ သွားကြလော့။ လူအများတို့အား အမှန်တရားကို ကြေငြာပြောကြားကြလော့။ လူအများအား ကြည့်ရှုစောင့်ထိန်းခြင်းအမှု ပြုကြလော့။ လူအများတို့အား သင်ကြားပေးခြင်းပြုကြလော့။ လူအများတို့အား ဝမ်းမြောက်ဖွယ် သတင်းကောင်းကို ပြောကြား၍ ဖိတ်ခေါ်ခြင်းပြုကြလော့ဟု တပ်လှန့်နှိုး ဆော်လိုက်သကဲ့သို့ ဖြစ်၏။

ဤသည်ပင် ခရစ်တော်ယေရှုက ချမှတ်စေခိုင်းခဲ့သော အမှုတော်ဆောင်ခြင်းလုပ်ငန်းငါးရပ်ဖြစ်၏။ ထို့ကြောင့် ဤလုပ်ငန်းငါးရပ်သည် အသင်းတော်၏ ရည်မှန်းချက်ငါးရပ်လည်း ဖြစ်ရပေမည်။

**ပြောင်းလဲခြင်းကို ဖြစ်ပေါ်စေခြင်း**

အသင်းတော်ကို ရှင်သန်ကြီးထွားလိုပါက သမ္မာကျမ်းစာမှ ဖော်ပြသော ကိုယ်ခန္ဓာပုံစံကို ပြန်လည်ကျင့် သုံးရန် လိုအပ်လာ၏။ ဤသို့ ပြောင်းလဲခြင်းကို သက်ဆိုင်ရာအသင်းတော်များက လက်ခံလာရန် နည်းလမ်း လေးလမ်းဖြင့်



အကောင်အထည်ဖော်နိုင်၏။

(၁) **ယုံကြည်သူများ၏ အသိပညာကို တိုးပွားအောင် ပြုလုပ်ခြင်း။**
သိသင့်သည့်အချက်အလက်များကို သိအောင်ပြုလုပ်ပေးခြင်း၊ အသိဉာဏ်ပညာသည် လူ၏ စွမ်းအားတစ်ခုပင်ဖြစ်၏။ ခရစ်တော်ယေရှုက "သင်သည် အမှန်တရားကို သိသောအခါ ဤအမှန်တရားက သင့်ကိုလွတ်လိမ့်မည်" (ယော၊ ၈း၃၂) ဟု မိန့်ဆိုခဲ့၏။

(၂) **ခံယူချက်ကို ပြောင်းလဲပေးခြင်း။**
လူတစ်ယောက်၏ စိတ်ဝိညာဉ်အတွင်းသို့ အသိဉာဏ်ပညာ ထိုးဖောက်ဝင်ရောက်လာပါက ခံယူချက်လည်း ပြောင်းလဲလာစမြဲဖြစ်၏။ ထို့ကြောင့် သမ္မာကျမ်းစာမှ အမှန်တရားများကို သိလာပါက ခံယူချက်သည် ပြောင်းလဲလာမည်ဖြစ်၏။

(၃) **အမူအကျင့်ကို ပြောင်းလဲပေးခြင်း။**
လုပ်နေကျ လုပ်ငန်းတစ်ခုကို ပြင်ဆင်ရန် ပြောင်းလဲရန် အလွန်ခက်ခဲ၏။ ထိုနည်းတူ အမြစ်စွဲနေသော အစဉ်အလာနှင့် ဘာသာရေးဆိုင်ရာကျင့်သုံးမှုတို့ကို ပြောင်းလဲရန်မှာ သာ၍ပင် ခက်ခဲသေး၏။ ဤပြောင်းလဲမှုမျိုးကို အမှန်တကယ်ဖြစ်ပေါ်စေလိုပါက ဆုတောင်း ခြင်းနှင့် မဆုတ်မနစ်လုံ့လ အားထုတ်ခြင်းကို ပြုရမည်ဖြစ်၏။ ပြောင်းလဲမှုပြုခြင်းတွင် အန္တရာယ် ရှိ၏။ ဝေဖန်ပြောဆိုခြင်းကိုလည်း ခံရတတ်၏။ သို့သော် ပြောင်းလဲခြင်းသည် ပြန်လည် သစ်လွင်စေ၏။ ပြန်လည်ဖြစ်ပွားစေ၏။ ဤသည်မှာ သက်ရှိ ရုပ်တို့၏ သဘောသဘာဝပင် ဖြစ်၏။ အမူအကျင့်ပြောင်းလဲခြင်းများ ဖြစ်ပေါ်ခြင်း မရှိသေးသမျှကာလပတ်လုံး မည်သည့် အရာမှ အမှန်တကယ်ပြောင်းလဲခြင်း မဖြစ်သေးပေ။

**နိဂုံး**

**ဘက်စုံရှင်သန်ကြီးထွားသော အသင်းတော် (သို့) အရွယ်ရောက်သော အသင်းတော်သို့**

ယနေ့ အများလက်ခံနေသော အမှုတော်ဆောင်ခြင်းကို လေ့လာကြည့်မည်ဆိုပါက ဘာသာရေးဆိုင်ရာ အစဉ်အလာများဖြစ်သော သံယာဆရာက ဝတ်ပြုခြင်းကို ဦးဆောင်ခြင်း၊ တရားဒေသနာဟောကြားခြင်း၊ ဘဏ္ဍာငွေရှာကြံခြင်း၊ အသင်းဝင်မည့်သူများကို ဗတ္တိဇံပေးခြင်း၊ စုံတွဲများကို လက်ထပ်ပေးခြင်း၊ သေဆုံးသူများကို သင်္ဂြိုဟ်ပေးခြင်းစသည်တို့ဖြင့် လွှမ်းမိုးနေမည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် အသင်းတော်ထဲ၌ အမှုတော်ဆောင်ခြင်းသည် ဘက်စုံညီမျှခြင်းမရှိဘဲ တစ်ဘက်စောင်း နင်းဖြစ်နေသည်ကို တွေ့ရမည်ဖြစ်၏။ ထို့ပြင် လက်တွေ့အခြေအနေကို ကြည့်မည်ဆိုပါကလည်း အသင်းတော်သည် ကြီးထွားသင့်သည့်အတိုင်း ကြီးထွားခြင်းမရှိချေ။ ယနေ့ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်အတွင်းတွင်လည်း ဤအတိုင်းဖြစ်နေသည်ကို တွေ့ရမည်ဖြစ်၏။

အသင်းတော်၏ အမှုတော်ဆောင်ခြင်းတွင် ဝိညာဉ်ရေးနှင့် လူမှုရေး ဝမ်းမြောက်ဖွယ်သတင်းကောင်း ကြေငြာခြင်းနှင့် အသင်းတော်ကြည့်ရှုပြုစုပျိုးထောင်ခြင်း သံယာဆရာများနှင့် တပည့်တော်များ လက်တွဲ အမှုတော်ဆောင်ခြင်း၊ သင်ကြားခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်း စသည်တို့သည် မျှနေရမည်ဖြစ်၏။ တစ်နည်းဆိုသော် ဘက်စုံအမှုတော်ဆောင်ခြင်းကို ပြုရမည်ဖြစ်၏။

မေးစရာမေးခွန်းများရှိပါ၏။


ယုံကြည်သူများသည် နို့စို့ကလေးကဲ့သို့သာ အသက်ရှင်ပြီး ကြေခဲသောအစာကို စားနိုင်ရန် ကြိုးစား ကြပါသလော။

ယုံကြည်သူများသည် လေ့နှင့်တူသော အသင်းတော်ကြီးပေါ်တွင် လေ့စီးသူအဖြစ် ထိုင်လိုက်ပြီး လေ့လှော်သားများ
ဖြစ်အောင် ကြိုးစားအားထုတ်ခြင်းရှိပါသလားဟူ၍ မေးခွန်းပေါင်းများစွာကို မေးရမည်ဖြစ်၏။
ယနေ့ ယုံကြည်သူအားလုံးသည် နို့ကိုကလေးဘဝမှ လွန်မြောက်၍ ကြေခဲသောအစာကို စားနိုင်မှသာ ရင့်ကျက်
ကြီးထွားခြင်းသို့ရောက်ပြီး အမှုတော်ကို ထမ်းဆောင်နိုင်ကြမည်ဖြစ်၏။ ယနေ့ အသင်းတော်တည်း ဟူသော လေ့ကြီးပေါ်တွင်
ရှိသည့်ယုံကြည်သူတိုင်းသည် လေ့သူကြီး၏ ပဲ့ထိန်းမှုအောက်တွင် တက်ညီလက်ညီ လှော်ကြမှသာ လေ့သည်
ဖြောင့်မတ်စွာသွား၍ မည်မျှပင်လှိုင်းလေ့ခက်ထန်သော်လည်း လိုရာခရီးနှင့် ရည်မှန်း ချက်ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်၏။
အသင်းတော်တွင် ဘက်စုံအမှုတော်ဆောင်ခြင်းပြုမည်ဆိုပါက ဆုကျေးဇူးပေါင်းစုံကိုရသော ယုံကြည် သူအားလုံး
ပါဝင်လုပ်ဆောင်ရန် လို၏။ အထူးသဖြင့် ဦးစီးဦးဆောင်လုပ်သူများသည် ခရစ်တော်ယေရှုက ယုံကြည်သူများအား
အမှုတော်ဆောင်နိုင်ရန်အတွက် တပ်ဆင်ပေးရန် ညွှန်ကြားခဲ့သော ဆုကျေးဇူးများနှင့် ပြည့်စုံရန်လို၏။
ဤအချက်က စပေါင်းခေါင်းဆောင်မှုနှင့် အားလုံးလက်တွဲလုပ်ဆောင်ရန် ညွှန်ပြ၏။ အသင်းတော်သည်
အမြဲအသက်ရှင်ကြီးထွားနေရမည်ဖြစ်၏။ အသင်းတော်သည် ကြီးထွားခြင်းမရှိပါက သေခြင်းသို့ ဦးတည်သွား နေပြီး
ဖြစ်၏။
လူ့ခန္ဓာကိုယ်တွင် အစာအဟာရနှင့် သွေးလေညီမျှခြင်းမရှိပါက ရောဂါဖြစ်ပြီး ကိုယ်ခန္ဓာကြီးထွားခြင်းကို
အဟန့်အတားဖြစ်၏။ ထိုနည်းအတူ အသင်းတော်တွင်လည်း အမှုတော်ဆောင်ခြင်း၌ ပျက်ကွက်ပြီး ဘက်စုံမျှတမှု
မရှိလျှင် ရောဂါဖြစ်လာပြီး ကြီးထွားလာခြင်းကို အဟန့်အတားပြုနိုင်၏။ ထို့အကြောင့် အသင်းတော်ကို ခေါင်းဆောင်သူ
များသည် အသင်းတော်ကြီးထွားမှုကို အဟန့်အတားဖြစ်စေသော ရောဂါများ၊ ကျင့်သုံးမှုများ၊ လုပ်ဆောင်မှုများတို့ကို
တွေ့အောင်ရှာဖွေ၍ ဖယ်ရှားပစ်ရမည်ဖြစ်၏။
အသင်းတော်ကြီးသည် ဘက်စုံအမှုတော်ဆောင်ခြင်းပြုနိုင်ရန်အတွက် ယုံကြည်သူများအားလုံး အမှုတော်
ဆောင်ဖြစ်လာအောင် ပြုလုပ်ရမည်ဖြစ်၏ အဘယ်ကြောင့်ဆိုသော် -
"ယုံကြည်သူတိုင်းသည် ဘုရားသခင်၏ အမှုတော်ဆောင်များ ဖြစ်ကြ၏"။

တင်ပြသူ -

ဦးအောင်လှထွန်း
သန့်ရှင်းသောကားတိုင်အသင်းတော်
(၁၆-၁၀-၂၀၀၂)





အခုနောက်ပိုင်း ဓမ္မတေးသီချင်းခွေတွေမှာ
ခပ်စိတ်စိတ်ပါဝင်သီဆိုနေတဲ့
အသံအေးအေးပိုင်ရှင်လေးနဲ့
ကျွန်တော်တို့ ရှာလုပ်ပိုင်းတော်သားတွေ
တွေ့ဆုံဖြစ်ခဲ့ကြပါတယ်...

S ကျွန်တော်တို့ကတော့ သန့်ရှင်းသောကားတိုင် မွေတဂ္ဂသိုလ် "ရှာလုပ်မဂ္ဂဇင်း"ကပါ။ ပထမဆုံး "အစ်မ"ကိုယ်တိုင် ရှာလုပ်ပရိသတ်တွေကို မိတ်ဆက်ပေးစေလိုပါတယ်။

ဆုမွန် ကျွန်မကတော့ ခရစ်တော်ဘွဲ့နာမခံ အင်းစိန်အသင်းတော်မှ အသင်းသူတစ်ဦးဖြစ်ပါတယ်။ Gospel Song တွေဆိုတဲ့အခါမှာ "ဆုမွန်"ဆိုတဲ့ နာမည်နဲ့သီဆိုပါတယ်။ နာမည်အရင်းကတော့ "ဆုမွန်ကျော်"ဖြစ်ပါတယ်။ အခုအနေနဲ့တော့ ဓမ္မတေးစီးရီးခွေတွေမှာ အများဆုံးပါဝင်သီဆိုနေပါတယ်။

# သံစဉ်များဖြင့် ခရစ်တော်ကို ပုံဖော်နေသူနှင့်

တွေ့ဆုံခြင်း

ပြီးတော့ C.M.F ဆိုတဲ့အဖွဲ့မှာ ပါဝင်ဆက်ကပ်နေပါတယ်။ အဲဒါကတော့ နှစ်ခြင်းက အဖွဲ့ အစည်းတစ်ခုပါ။ နယ်ထွက်ပြီး ဓမ္မတေးသီချင်းအားဖြင့် ဧဝံဂေလိယုပ်တဲ့ အဖွဲ့ ဖြစ်တယ်။ အဲဒီအဖွဲ့မှာ အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး ဧဝံဂေလိသတင်းကောင်းကို ဓမ္မတေးသီချင်း အားဖြင့် ဝေငှသက်သေခံနေပါတယ်။

S. "အစ်မ" ဂီတလောကထဲကို စတင်ရောက်ရှိခဲ့ပုံလေး ပြောပြပေးပါလား။

ဆုမွန် ၂၀၀၀ ခုနှစ်၊ ဆယ်တန်းအောင်ပြီးတဲ့အခါမှာ ဘုရားကျောင်းမှာ ခရစ်စမတ်လုပ်တယ်၊ ဆရာတွေက သီချင်းဆိုဖို့ပြောတဲ့အခါ ပထမတော့ အခုလိုဆိုရမှာ အရမ်းကြောက်တယ်။ တစ်ယောက်တည်း တက်မဆိုရဲဘူး။ ဒါပေမဲ့လည်း ဆရာတွေပြောတဲ့အတိုင်းပဲ သီချင်းတစ်ပုဒ်ကို စဆိုလိုက်တဲ့အခါမှာ အကုန်လုံးက နှစ်သက်ကြတယ်။ နောက်ပိုင်းမှာ သူတို့ကလည်း ဘုရားကျောင်းမှာ ပွဲရှိတိုင်း။ သူတို့ မိသားစုတွေရဲ့ သားသမီးတွေ မင်္ဂလာဆောင်ပွဲရှိတိုင်း ကျွန်မကို သီချင်းလာဆိုဖို့ ခေါ်တယ်။ နောက်ပိုင်းမှာကျတော့ Holy Cross တို့၊ ကသီဒြယ်တို့လို အခြားအသင်းတော်တွေ၊ အင်္ဂလီကန်အသင်းတော်ထဲကပဲ သူတို့ဆီမှာ လုပ်တဲ့ Tea party တို့ အခြား Fun Fair တို့ (၁၂၅)နှစ်မြောက် အင်္ဂလီကန်အသင်းတော်နဲ့ ပတ်သက်တဲ့ပွဲတွေမှာ ဆိုတယ်။ (၂၀၀၁) လောက်မှာပေါ့။ ကျမတို့ အသင်းတော်က ဦးစန်းချိုလင်း (Drumer) ကနေပြီးတော့ အင်္ဂလီကန်အသင်းတော်ရဲ့ "အမွေ" ဆိုတဲ့ ဓမ္မတေးစီးရီးကို စီစဉ်တဲ့အခါမှာ သူ့ သီချင်းလေးတွေ ဆိုခိုင်းတယ်။ အဲဒီကနေစပြီး ဒီလောကထဲကို ရောက်ခဲ့ပါတယ်။

S အခု "အစ်မ" ဟာ Gospel စီးရီးတွေများ လုပ်နေပါသလဲ။

ဆုမွန် အခုလက်ရှိ ဒီရက်ပိုင်းမှာ "ခရစ် စမတ်ချိန်ခါ ရွှင်လန်းဝမ်းသာ" ဆိုတဲ့ ခရစ်စမတ် တေးစီးရီးတစ်ခုမှာ ပါဝင်သီဆိုနေပါတယ်။ အဲ့ဒီမှာ ညီမသီချင်းတစ်ပုဒ် ကိုယ်တိုင်ရေး/ဆိုထားတယ်။ နောက်စီးရီးတစ်ခုလုံးမှာ ဟာမိုနီ (Harmony) ပိုင်းကို လိုက်ဆိုပေးထားပါတယ်။ အဲဒီအခွေလေးကို VCD လည်း လုပ်နေတယ်။ ကျန်ခဲ့တဲ့ တစ်ပတ်လောက်ကတော့ "အနှိုင်းမဲ့သခင်တော်" MTV ဓမ္မတေးစီးရီးမှာ ဆိုခဲ့ပါတယ်။ Title Song ကို သီဆိုထားပါတယ်။ တခြားထွက်ပြီးတဲ့ အခွေလေးတွေကတော့ Gospel Song (၁၈)ခွေလောက်ရှိပြီပေါ့။ အခုလက်ရှိ မထွက်သေးတာကတော့ (၆)ခွေ ရှိပါသေးတယ်။

S အခုလို အဆိုတော်တစ်ယောက်ဖြစ်ဖို့ ဘယ်လိုကြိုးစားခဲ့ရပါသလဲ။ အသံပိုင်းဆိုင်ရာမှာကော ဘယ်လိုလေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ပါသလဲ။

ဆုမွန် ညီမက အခုအပြင်လောကမှာ အောင်မြင်နေတဲ့ အဆိုတော်တစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဓမ္မတေးပိုင်းမှာ အရင်ကထက်စာရင် တခြားအသင်းတော်တွေ၊ အင်္ဂလီကန်မဟုတ်တဲ့ တခြားနှစ်ခြင်းအသင်းတော်တွေ၊ တခြားအဖွဲ့အစည်းတွေ ခေါ်ပြီး ဓမ္မတေးစီးရီးပိုင်းမှာ ပါဝင်ခဲ့ရတယ်။အဲ့ဒီမှာ ကျမက သီချင်းဆိုတဲ့ လူတစ်ယောက်လောက်ပဲပေါ့။ အောင်မြင်တဲ့လူတော့ မဟုတ်ပါဘူး။ ဒီလိုမျိုး ဆက်ကပ်ခွင့်ရအောင် "အစိက" ကတော့ ဘုရားသခင်ရဲ့ ကျေးဇူးတော်သက်သက်ပါပဲ။ အသံပိုင်းဆိုင်ရာမှာ ဘယ်လိုကြိုးစားသလဲဆိုတော့ သီးသန့် Music School တို့လို သင်တန်းတွေဘာတွေ မတက်ခဲ့ဖူးပါဘူး။ ဒါပေမဲ့ နိုင်ငံခြားအဆိုတော်တွေ တခြားအဆိုတော်တွေ ဆိုပုံဆိုပေါက်တွေကိုတော့ လေ့လာတယ်။ တခြား ထွေထွေထူးထူးတော့ မရှိပါဘူး။

S "အစ်မ" ရှိုးပွဲတွေများ ဆိုဖြစ်ပါသလား။

ဆုမွန် ရှိုးပွဲတွေကတော့ မင်္ဂလာဆောင်တို့ တခြားနယ်ပွဲတွေမှာလည်း ဆိုဖြစ်ပါတယ်။

S ရှိုးပွဲတွေဆိုရင် ကိုယ့်အတွက် မေ့မရတဲ့ အဖြစ်အပျက် တစ်ခုလောက် ပြောပြပါလား။

ဆုမွန် ဆိုခဲ့တဲ့ ရှိုးပွဲကတော့ မနည်းတော့ပါဘူး။ ပွဲ (၁၀၀)ကျော်လောက်ရှိပြီ။ နယ်လည်း အစုံသွားခဲ့ရပြီး Gospel လည်းရှိတယ်။ Love Song လည်း ရှိတယ်။ မေ့မရတဲ့ ပွဲဆိုရင်တော့ ပွဲတွေကတော့အများကြီး သိပ်တော့မမှတ်မိတော့ဘူး။ အဲ... တစ်ခုတော့ရှိတယ်။ အဲ့ဒါက ပဲခူးပင်လုံကြီးဘက်သွားတဲ့ပွဲ အဲဒီမှာက မိုးလုံလေလုံမလုပ်ထားဘူး။ ကွင်းပြင်ကြီးထဲမှာဆိုရတဲ့အခါ လူတွေက တော်တော်များတယ်။ ဖြစ်ချင်တော့ အဲဒီညက မိုးအရမ်းရွာတယ်။ စတိတ်စင်တစ်ခုလုံး မိုးတွေရွှဲရော၊ မှတ်မှတ်ရရ မိုက်တွေကော၊ ဂီတာ သမားတွေရော၊ ဆိုတဲ့လူတွေရော အကုန် ဓာတ်လိုက်ကြတယ်။ ဇက်ပစ္စည်းတွေ အကုန်လုံး ရေစိုသွားတဲ့အခါ မိုက်တွေလည်း ဓာတ်လိုက်တဲ့အခါမှာ အောက်ကပရိသတ်တွေကလည်း ကိုယ်ဖြစ်နေတာ သူတို့မသိကြဘူး။ ဒါပေမဲ့လည်း ကိုယ့်ရဲ့ အစီအစဉ် မပြီးမချင်း ဓာတ်လိုက်နေတာကို လုံ၀ လျစ်လျူရှုပြီး မိုက်ကို ကိုင်ပြီး ဆိုခဲ့ရတယ်။ အဲ့ဒါကိုတော့ တော်တော်လေးကို အမှတ်ရခဲ့ပါတယ်။ (ရယ်လျက်)

S "အမ" က မျက်နှာသစ်ဆိုတော့ ဒီအနုပညာလောကထဲကို စဝင်တဲ့အခါမှာ အခက်အခဲများ ရှိခဲ့ပါသလား။

ဆုမွန် အခက်အခဲတွေကတော့ အများကြီးရှိပါတယ်။ နောက်ပိုင်း Love Song ပိုင်းမှာတော့မဟုတ်ဘူး။ Gospel ပိုင်းတွေ စဆိုကတည်းကပါ။ ကျမက အခု CMF (Christian Musician fellowship) ဆိုတဲ့ အဖွဲ့ကြီးမှာ ပါဝင်ခွင့်ရခဲ့ပါတယ်။ သူတို့က ဘယ်လိုလဲဆိုတော့ တကယ့်အဆိုတော်ကြီးတွေ၊ အနုပညာရှင်တွေ တကယ့်ခရစ်ယာန် အဆိုတော်ကြီးတွေ အများကြီးပါတဲ့ အဖွဲ့ ကြီးတစ်ခုပါ။ လူငယ်တွေလည်းသိပါတယ်။ဒါပေမဲ့ တချို့လူငယ်တွေကတော့ အရမ်းကို ရှိန်ကြတာပေါ့။ တကယ့်အဆိုတော်ကြီးတွေကြားမှာ တွဲဆိုရတယ်။ လူငယ်တွေဆိသွားတဲ့အခါမှာလည်း တခြား church တော်တော်များများက သူတို့ ကြည့်ချင်တာက တကယ့်နာမည်ကြီး အဆိုတော်တွေကိုကြည့်ချင်ကြတာလေ။ ကျမတို့က နာမည်လည်းမရှိဘူး။ အခွေတွေဘာတွေလည်း မထွက်ဖူးဘူး။ ဓမ္မတေးလောက်ပဲ တကယ်တမ်း Stage စင်ပေါ်တက်လာတဲ့အခါမှာ တခါတလေ သူတို့ မကြည့်ချင်ကြဘူးပေါ့။ ဒါပေမဲ့ ကျေးဇူးတော်ကြောင့်ပဲ သီချင်းဆိုလိုက်တဲ့အခါမျိုးမှာ သူတို့က တကယ်ပဲ "သူတို့လည်း ဆိုနိုင်တယ်" ဆိုပြီး လက်ခံနိုင်တဲ့ အနေအထား ရောက်တဲ့ အခါ လက်ခုပ်သြဘာသံတွေကြားရတဲ့ အခါမျိုးတွေ ရှိပါတယ်။ အဲဒီလိုမျိုးမှာ ပထမတော့ အရမ်းစိတ်မကောင်းဖြစ်တယ်။ ဒါပေမဲ့လည်း သူတို့နဲ့ အတူတူတွဲသွားတာကိုက အရမ်းစိတ်မကောင်းဖြစ်ရတယ်။ CMF ကလုပ်တဲ့ မိုဘိုင်း(Mobile) ခရီးစဉ်တွေဆိုရင် တောက်လျှောက် တစ်ပတ်ဆယ်ရက်လောက်ကြာတော့၊ အဲဒီလို ခရီးမျိုးဆိုရင် အဆိုတော်တွေ အများကြီးပဲ။ ဒီကြားထဲမှာ တကယ့်မျက်နှာသစ်ဆိုလို့ နှစ်ယောက်သုံးယောက်လောက်ပဲ ရွေးခေါ်တာဆိုတော့ ရှင်းရှင်းပြောရရင် ကိုယ့်မှာ အပေါင်းအဖော်မရှိဘူး။ ကိုယ့်ရဲ့အိမ်က အပိုလည်း ခေါ်လို့မရဘူး။ ခရီးစဉ်က အကုန်အကျများတဲ့အခါမှာ ဆိုမယ့်လူတစ်ယောက်ပဲ လိုက်ရတဲ့အခါမျိုး ရှိတယ်။ အဲဒီလိုမျိုးဆိုရင် အဆိုတော်ကြီးတွေနဲ့ မပေါင်းရဲဘူးပေါ့နော်။ အရမ်းပဲအားငယ်တဲ့အခါမျိုးတွေရှိတယ်။ ဒါပေမဲ့ ကျေးဇူးတော်ပဲ ဘုရားက အားလုံးကို အဆင်ပြေအောင်ပြုလုပ်ပေးတယ်။ သူတို့နဲ့လည်း မိတ်သဟာယဖြစ်လာတယ်။ နောက်ပိုင်းမှာ တစ်ယောက်နဲ့ တစ်ယောက် မစိမ်းတော့ဘူး။ ပြီးတော့ ကျွန်မကို နယ်ကပရိသတ်တွေက မတွေ့ဖူးတဲ့အခါ သူတို့လက်မခံချင်တဲ့ ပုံစံလေးတွေ ရှိတယ်။ ကျေးဇူးတော်ကြောင့်ပဲ နောက်ပိုင်းသူတို့ လက်ခံ

ကြတယ်။ သူတို့ လက်ခံမှုကို တွေ့ရတဲ့အခါ အရမ်းပဲဝမ်းသာမိတယ်။ အခက်အခဲရှိပေမယ့်လည်း နောက်ပိုင်းမှာ ကျေးဇူးတော်ကို ခံစားရပါတယ်။

S Gospel ပိုင်းမှာ အခုလို အောင်မြင်မယ့်သူ တစ်ယောက်ဖြစ်လာမယ်လို့ရော မျှော်လင့်ဖူးသလား။

ဆုမွန် အင်း… မျှော်လင့်ဖူးပါသလားဆိုတော့… ဟိုးအရင်တုန်းကတော့ သီချင်းတွေသာဆိုတယ်။ ပြီးပြီးရောပဲ။ ဖြစ်သလိုပေါ့။ စိတ်ထဲမှာဖြစ်ရမယ်ဆိုတာတော့ မရှိဘူးပေါ့။ ဒါပေမဲ့ အခုနောက်ပိုင်း ဘုရားနဲ့ပိုပြီးတော့ နီးကပ်လာတယ်။ အခက်အခဲတွေကြားထဲမှာ တကယ့်ကို ခက်ခက်ခဲခဲနဲ့ ဒီလိုမျိုး ဆက်ကပ်ခွင့် ရတာလာတဲ့အခါမှာ ရတဲ့အတိုင်းအတာလေးတစ်ခုကို အရမ်းပဲ တန်ဖိုးထားတတ်လာပါတယ်။

S "အမ"အခုလို သီချင်းဆိုဖို့အတွက် မိသားစုက ဘယ်အတိုင်းအတာအထိ ကူညီပံ့ပိုးပေးပါသလဲ။

ဆုမွန် ကျမမိသားစုကတော့ အဓိကအားဖြင့် အမေက အတတ်နိုင်ဆုံးလွှတ်တယ်။ Show ပွဲတွေအတွက် သွားတဲ့ခရီးတွေ ဘယ်လောက်ပဲ ကြမ်းကြမ်း ဥပမာ မူဆယ်၊ ကွပ်နိုင်၊ ရွှေလီ အဲ့ဒီဘက်တွေဆိုရင် တအားဝေးတယ်ပေါ့နော်။ စိတ်မချတာတွေ ရှိပေမယ့်လည်း ဘယ်လောက်ပဲဝေးဝေး ဘုရားရဲ့ အလုပ်လုပ်တဲ့အတွက် စေလွှတ်ပေးတယ်။ CMF ခရီးစဉ်တွေမှာဆိုရင် အပို မလိုက်ရပေမဲ့ အနောက်ကနေ ဆုတောင်းပေးတယ်။ လိုအပ်တာတွေ စီစဉ်ပေးပါတယ်။

S "အမ" အနေနဲ့ အားကျတဲ့ အနုပညာရှင်များ ရှိပါသလား။

ဆုမွန် Gospel ပိုင်းမှာ အားကျတဲ့ အဆိုတော်တွေ အများကြီးရှိပါတယ်။ ဥပမာ ဆရာစောဝင်းလွင်၊ ကိုစံပီး Love Song ပိုင်းမှာဆိုရင်လည်း အများကြီး ရှိပါတယ်။

S ကိုယ့်ဝိညာဉ်ရေးတိုးတက်ဖို့ အမအနေနဲ့ ဘာများလုပ်ပါသလဲ။

ဆုမွန် အမ အရင်တုန်းကပေါ့နော်… ဘုရားကျောင်းတက်တယ်။ ဒီလောက်ပဲပေါ့နော်။ ဝိညာဉ်ရေးပိုင်းမှာ အရမ်းပဲအားနည်းခဲ့ပါတယ်။ ဒါပေမဲ့ တကယ်တမ်း နောက်ပိုင်းမှာ ဘုရားရှင်နဲ့ ထိတွေ့ပြီး ကောင်းချီးမင်္ဂလာခံစားလာရတယ်။ သူပေးတဲ့ ဆုကျေးဇူးကို ပြန် အသုံးချခွင့်ရတဲ့အတွက် အရမ်းကျေးဇူးတင်တယ်။ ဒါပေမဲ့ ဝိညာဉ်ရေးပိုင်းမှာ ကိုယ့်ကိုယ်ကို ပြန်စမ်းစစ် ကြည့်တဲ့အခါ အားနည်းနေသေးတယ်။ ကျမ်းစာဖတ်၊ ဆုတောင်းတာတွေကအစ ကျွန်မ အရမ်း အားနည်းတယ်။ တစ်ရက်မှာ ဘုရားကို အချိန်ပေး တာဆိုလို့ မနက်ပိုင်းနေ့စဉ်ခွန်အား ဖတ်တယ်။ အဲ့ဒီက တစ်နေ့တာကျမ်းချက်ကို ဖတ်တယ်။ ဆုတောင်းပြီး ညကျရင် တစ်ခေါက်ဆုတောင်းတယ်။ အဲ့ဒီလောက်ပဲ ရှိပါတယ်။ ဒါပေမဲ့ အခု နောက်ပိုင်း သူငယ်ချင်းတစ်ယောက်က ကျမ်းစာကျောင်းက ဆရာမလေးတစ်ယောက်ကို ခေါ်ပေးတယ်။ သူက တနင်္လာနေ့တိုင်း အိမ်မှာ လာပြီး ကျမ်းစာသင်ပေးတယ်။ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် Share လုပ်တဲ့ အခါမှာ တဖြည်းဖြည်းနဲ့ ဘုရားရဲ့ ကောင်းမြတ် ခြင်းကို သိလာရပါတယ်။

S အခု အသင်းတော်မှာ ဘယ်အပိုင်းကနေ ပါဝင် ဆက်ကပ်နေပါသလဲ။

ဆုမွန် ကျမအခု အင်းစိန်အသင်းတော်မှာ Sunday School ကလေးတွေကို ခေတ်ပေါ်မွှေတေး သီချင်းသင်ကြားပေးနေပါတယ်။ တစ်ပတ် တစ်ပတ် လူငယ်ပိုင်းမှာ မပါဝင်ပဲ Sunday School ပိုင်းမှာပဲ ပါဝင်နေပါတယ်။

S ထွက်ခဲ့ပြီးတဲ့ Love Songs စီးရီးတွေများ ရှိပါသလား။

ဆုမွန် ရှိခဲ့ဖူးပါတယ်။ ၂၀၀၆-၂၀၀၇ ခုနှစ်လောက်က Plus 12 ဆိုတဲ့ ပထမဆုံး Love Song စီးရီး ထုတ်ဖြစ်ခဲ့ပါတယ်။ အဲ့ဒါက Tape&CD နဲ့ပဲ ရပ်သွားတယ်။ ပရိုဂျူဆာက VCD ဆက်မလုပ်တော့ဘူး။ တစ်ခွေလုံးက မျက်နှာသစ်တွေချည်းပဲ အဲ့ဒီမှာ နာမည်ပြောင်းထားတော့ သူများ သိပ် မသိလိုက်ကြဘူး။ အခုတော့ ကျမရဲ့ တစ်ကိုယ်တော် စီးရီးလုပ်နေတယ်။ တော်တော်လေးကို ပြီးနေပြီ။ ဟာမိုနီပိုင်းပဲ ကျန်ပါတော့တယ်။ နောက်ပြီး ကောင်မလေး တစ်ယောက်နဲ့ အတွဲခွေ ထွက်ဖို့ ရှိပါတယ်။ အားလုံး သုံးခွေလောက် ထွက်ဖို့ ရှိပါတယ်။

S ကိုယ်တိုင်ရေး ကိုယ်တိုင်ဆိုတာတွေရော ရှိပါသလား။

ဆုမွန် ရှိပါတယ်။ ကျမရဲ့ တစ်ကိုယ်တော် စီးရီးမှာ ကျမကိုယ်တိုင် ရေးထားတာ ခုနစ်ပုဒ်လောက် ပါပါတယ်။

S သီချင်းဆိုတဲ့အခါမှာ Gospel Song နဲ့ Love Song ဘယ်ဟာက ပိုပြီး အားသန်ပါသလဲ။

ဆုမွန် အခုလောလောဆယ်တော့ Gospel ပိုင်းမှာ ဆိုနေရတာများတော့ အခုလောလောဆယ် Gospel ပိုင်းမှာ အားသန်နေပါတယ်။

S နောက်တစ်ခုအနေနဲ့ "အမ" ပါဝင်နေတဲ့ အသင်းတော်မှာ လူငယ်တွေရဲ့ ပါဝင်ဆက်ကပ်မှုကို ဘယ်လိုမြင်ပါသလဲ။

ဆုမွန် လူငယ်တွေကတော့ အရင်နဲ့ဆိုရင် ပြန်စည်းလုံးမှု ရှိလာတယ်။ အရင်က လူငယ်တွေကို ကြည့်လိုက်ရင် လုံးဝကို မရှိဘူး။ ကိုယ်ကိုယ်တိုင်လည်း ပျောက်နေတယ်။ ဒါပေမဲ့ အခုနောက်ပိုင်းတက်တက်လာတဲ့ လူငယ်လေးတွေက အားလုံး တက်တက်ကြွကြွနဲ့ ပါဝင်လာတဲ့အခါ အရင်ကလိုပဲ စည်းစည်းလုံးလုံး တက်တက်ကြွကြွ ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။

S အကယ်၍များ နိုင်ငံကျော် အဆိုတော်ဖြစ်သွားရင် အသင်းတော်ကို မေ့သွားမလား။

ဆုမွန် အဲဒီလိုမျိုးတော့ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားရဲ့ ကျေးဇူးတော်သက်သက်ကြောင့် ဖြစ်လာရတဲ့အတွက် မေ့စရာအကြောင်း မရှိပါဘူး။

S "အမ" အနေနဲ့ နောက်တက်လာမယ့် လူငယ်လေးတွေကို လက်တွဲခေါ်ဖို့ အစီအစဉ်များ ရှိပါသလား။

ဆုမွန် ဟုတ်ကဲ့ ရှိပါတယ်။ လူငယ်တွေတင် မဟုတ်ပါဘူး။ Sunday School မှာလည်း သီချင်းနဲ့ ပတ်သက်ပြီး စိတ်ဝင်စားတဲ့ ကလေးတွေရှိတယ်။ ဆိုလည်း ဆိုနိုင်ကြတယ်။ သူတို့ကိုပါ လက်တွဲခေါ်ဖို့ အစီအစဉ် ရှိပါတယ်။

S "အမ"ရဲ့ တစ်ကိုယ်တော်အခွေဘယ်တော့လောက် ထွက်ဖို့ ရှိပါသလဲ။

ဆုမွန် ဒီနှစ်ထဲမှာတော့ ထွက်ဖို့ ရှိပါတယ်။ ဒါပေမဲ့ ဘယ်တော့လောက်လည်းလို့လောက် တိတိကျကျ မပြောနိုင်သေးပါဘူး။ သီချင်းပိုင်းကတော့ အားလုံး ပြီးသွားပါပြီ။ ဆက်ပြီး ဆုတောင်းနေတုန်းပါ။

S နောက်ဆုံးအနေနဲ့ ရှာလုမ်ကို ဖြေကြားပေးတဲ့ အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ ရှာလုမ် ပရိသတ်အတွက် စကားလက်ဆောင်လေး ပြောပေးပါဦး။

ဆုမွန် အခုလို ကျမကို တကူးတကလာမေးမြန်းပေးတဲ့ ရှာလုမ်မဂ္ဂဇင်းကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့လည်း ပိုမိုအောင်မြင်တဲ့ မဂ္ဂဇင်း တစ်ခုဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းပေး လိုက်ပါတယ်။

S ကျွန်တော်တို့ ရှာလုမ်အနေနဲ့လည်း "ဆုမွန်" ဒီထက်မက အောင်မြင်တဲ့သူတစ်ယောက်ဖြစ်ပြီး ဘုရားသခင်အပေါ် ဒီထက်မက ဆက်ကပ်နိုင်ပါစေ လို့ ဆုတောင်းပေးလိုက်ပါတယ်။



# နှင်းမြူကို အကြိုထောက်လှမ်းခြင်း

ဒီဇင်ဘာမွန်း

ဟေမာန်ဆောင်းတွင် မသိမသာ ရောက်လာတတ်သည့် နှင်းပွင့်ကလေးများကို လူတိုင်း ချစ်မြတ်နိုးကြသည်။

ကျွန်မလည်း နှင်းများကို ချစ်သည်။ ဆောင်းဝင်စပြုသည်နှင့် နှင်းဦးများ ကျရောက်တော့မည်ဟုတွေးလျက် ငယ်စဉ်ကပင် ပျော်ရွှင်စမြဲဖြစ်သည်။ လောကသဘာဝအရ ဆိုလျှင်လည်း ပူလောင်ခြင်းထက် အေးမြခြင်းကို လူများ ပို၍နှစ်သက်ကြမည်ဟု ထင်မိသည်။ နှင်းအကြောင်း ဖွဲ့ဆိုသည့် ကဗျာတွေ၊ ဝတ္ထုတွေကို နှစ်ခြိုက်စွာဖတ်ရှုတတ်သလို နှင်းအကြောင်းသီချင်းများစွာကို ကျွန်မ ခွဲခြိမ်ခဲ့သည်ပင်။

နှင်းအလှသည် မြူဖွေးလှပပြီး ကဗျာဆန်သည်။ လွမ်းစရာလည်း ကောင်းသည်၊ ချစ်စရာလည်း ကောင်းသည်ဟု စာဖွဲ့ကြသည်။ နှင်းဖျန်းသဖြင့် ပန်းတို့လည်း လန်းကြရသည်။ နှင်းမြှားသဖြင့် အသီးအနှံတို့ ရွှမ်းရည်ကြသည်။ ကမ္ဘာလောကကြီး သာယာလှပအောင် ဆောင်ကြဉ်းဖြည့်ဆည်းပေးရာများတွင် နှင်းလည်း အပါအဝင်ဖြစ်သည်။

မြန်မာ့ဆောင်းဥတု၏ ဂုဏ်ရည်တွင် ငွေနှင်းတို့ ကြွေသက်ခြင်းလည်း ပါဝင်ပေသည်။ ပြင်ဦးလွင်၊ ပေလီ၊ တောင်ကြီး၊ ဒီမောဆိုး၊ ကရိန်နော်၊ ပခုက္ကူ၊ တာချီလိတ် စသည်တို့တွင် ကျရောက်တတ်သည့် မြူဖွေးလှပသည့် နှင်းများနှင့် ခင်မင်ရင်းနှီးခဲ့ဖူး ပါသည်။



ဒီဇင်ဘာနံနက်ခင်း နှင်းမြူတောထဲတွင် ကန်တော်ကြီးကိုပတ်လျက် အားကစားပြိုင်ပွဲများ ဆင်နွှဲ ခဲ့ဖူးသည်။ ဇန်နဝါရီနံနက်ခင်း နှင်းများကို တိုးဝင်ကာ လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများတွင် ပါဝင်ပျော်ရွှင်ခဲ့ဖူး သည့်အပြင် ဖေဖော်ဝါရီနှင်းမှုန်များကြား၌ ပြည်ထောင်စု နိုင်ငံတော်အလံကို ကြိုဆိုခဲ့ဖူးသည်။ နှင်းများနှင့် ကျွန်မ မည်မျှကျွမ်းဝင်ပါသနည်း။

မနှစ်တစ်နှစ်က မြန်မာနိုင်ငံအနှံ့ နှင်းမြူတို့ ဝတ်ကျေတမ်းကျေမျှသာ ကြွေဆင်းကြသည်။ "နှင်းရေ၊ မင်း ဘယ်မှာလဲ"ဟု ရေရွတ်ရအောင်ပင် နှင်းတို့ ရှားပါးခဲ့သည်။ ထို့ကြောင့် နှင်းထူထပ်စွာကျတတ်သည့် ရှခင်းဒေသ များကို တမ်းတလျက် နှင်းလာမည့်လမ်းကို မှန်းမျှော်ခဲ့မိ ပါသည်။

❖

နှင်းဟူသည်မှာ လေထုအထက်ပိုင်းရှိ ရေငွေ့များ ဖြစ်ပေါ်ခြင်းဖြစ်သည်။ ကမ္ဘာ့မြေပေါ်တွင် လတ္တီတွဒ် ၃၀ ဒီဂရီမှ ၇၅ဒီဂရီအထက်အတွင်းရှိ ဒေသတို့၌ နှင်းအထူ အပါး ကွဲပြားစွာ ဖြစ်ပေါ်တတ်သည်။ မြန်မာနိုင်ငံသည် ထိုမျဉ်း ၉ ဒီဂရီနှင့် ၂၈ ဒီဂရီတို့အကြားတွင် တည်ရှိသည်။ လတ္တီတွဒ် ၇၅ ဒီဂရီအထက်ရှိ ဒေသတို့တွင်မူ ကုန်းမြေ ရှိသောနေရာတိုင်းလိုလို တစ်နှစ်ပတ်လုံး နှင်းကျဆင်းလျက် ရှိသည်။

အီကွေတာအထက်တွင်မူ ပင်လယ်ပြင်အထက် ပေ ၁၇၀၀၀အမြင့်လောက်မှ စ၍ နှင်းသည် အရည်မပျော်တော့ပေ။ ထိုအမြင့်ကို ပထဝီဝင်ဘာသာစကားဖြင့် နှင်းမျဉ်း (Snow Line) ဟူ၍ ခေါ်ပါသည်။ ထိုမှတက်လျှင် နှင်းကို ထာဝစဉ်တွေ့ရပြီဖြစ်သည်။ တောက်နက်သော တောင်စောင်းတွင် အပေါ်က နှင်း၏ အလေးကြောင့် အောက်သို့လျှောကျသော နှင်းခဲတို့ကို နှင်းခဲလျှောဟူ၍ ခေါ်သည်။

နှင်းပြင်၏အောက်ခြေ၌ နှင်းသည် ရေခဲမြစ် အဖြစ်သို့ ပြောင်းသွားသည်။

နှင်းတို့၌ လှပသော သဏ္ဌာန်များစွာရှိသည်။ အပွင့်သဏ္ဌာန်ရှိသောနှင်းကို နှင်းပွင့်ဟု ခေါ်၍ ဆန်စေ့သဏ္ဌာန်ရှိသောနှင်းကို ဆီးနှင်းဟု ခေါ်သည်။ နံနက်စောစောနှင့် နေဝင်ရီတရော၊ ညအချိန်များတွင် ပန်းပင်၊ သီးပင်နှင့် မြက်ခင်းများပေါ်၌ စိန်ကျောက်ရောင် တလက်လက်ဖြင့် စီရရီသီးနေသော နှင်းပေါက်ကလေးများကို တွေ့ဖူးကြပေလိမ့်မည်။

နှင်းပေါက်ကလေးများ ဖြစ်ပေါ်သည့် အပူချိန်ဒီဂရီကို သိပ္ပံပညာတွင် "နှင်းဖြစ်အမှတ်" သို့မဟုတ် "ပြည့်ဝအမှတ်" ဟု ခေါ်လေသည်။ ဆောင်းရာသီအခါ ရေခဲတတ်သည့်တိုင်းပြည်များ၌ ကောက်ပဲသီးနှံပင်များ အဖူးအညွန့်ထွက်ချိန်၊ အသီးအနှံများ မှည့်ချိန်တွင် မိုးလေဝသဌာနတို့က နှင်းပေါက်ခဲများ ကျရောက်မည်ကို သတိပေး ကြေညာကြသည်။

ကောင်းကင်၌ တိမ်မြူများ ကင်းစင်သည့် ညဉ့်အချိန်မျိုး၊ တိမ်များအုံ့ဆိုင်းနေသည့် ညဉ့်အခါမျိုးတွင် နှင်းပေါက်ခဲများ မကျရောက်တတ်ပေ။ နှင်းပေါက်ခဲ ကျရောက်ရာ၌ ကောက်ပဲသီးနှံများ ပျက်စီးတတ်သဖြင့် ယင်းတို့ မကျရောက်မီကပင် တောင်သူလယ်သမားတို့နှင့် ဥယျာဉ်စိုက်ပျိုးသူတို့သည် အပင်များကို ကြိုတင်၍ ကာကွယ်ထားကြလေသည်။

နှင်းတွင်ချစ်စရာအကြောင်းများရှိသလို အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေများလည်း ရှိပါသည်။

❖

လွန်ခဲ့သည့် သုံးနှစ်ခန့်က အဖြစ်အပျက်တစ်ခုကို သတိရမိသည်။ နှစ်စဉ်လိုပင် နှင်းလာမည့်လမ်းကို မှန်းမျှော်လျက် တမ်းတကြိုလင့်နေဆဲမှာပင် ကျွန်မတို့ အာရှဒေသအတွင်းရှိ ပါကစ္စတန်နိုင်ငံ၌ နှင်းလာမည်ကို ကြောက်ရွံ့ တုန်လှုပ်လျက် ရှိနေခဲ့ကြရသည့်အဖြစ် ရှိခဲ့သည်။

၂၀၀၅ခုနှစ်၊ အောက်တိုဘာလ (၈)ရက်၊ နံနက်စောစောပိုင်းတွင် ၇ ဒသမ ၆ ရစ်ချ်တာစကေးရှိ အင်အားပြင်းငလျင်တစ်ခုကြောင့် ပါကစ္စတန်နှင့် အိန္ဒိယနယ်စပ်ဒေသ အနီးရှိ ဟိမဝန္တာတောင်စွယ်တစ်လျှောက် လူပေါင်း (၂) သိန်းခန့် သေဆုံးပြီး လူ (၁)သိန်းခန့် ဒဏ်ရာရရှိကာ လူပေါင်း (၃)သန်းကျော် အိုးမဲ့အိမ်မဲ့ ဖြစ်သွားခဲ့ရပါသည်။

ပါကစ္စတန်ဝန်ကြီးချုပ် အဇက်ကက်ရှမားက မိမိကိုယ်မိမိ "တစပြင်တို့၏ ဝန်ကြီးချုပ်"ဟု အမည်တပ်ခဲ့ပြီး ကာတ်ရှမီးယားနှင့် အာဇက်ဂျိမ္မူမြို့တို့၏ မြို့တော် မူဇာဖာရဘတ်မြို့ကို "မရဏမြို့တော်"ဟု သမုတ်ခဲ့သည်။ တောင်တန်းတောင်စွယ်တစ်လျှောက် တည်ထားသော အိမ်ရာတွေလဲပြိုကာ မိသားစုများ၏ဘဝလည်း တစ်စစီ ကွဲကြေသွားခဲ့သည်။ ပျက်စီးသွားသော ကျောင်းများ၊ တက္ကသိုလ်များ၌ သေဆုံးခဲ့ကြရသော ကျောင်းသား/ ကျောင်းသူများလည်း မရေမတွက်နိုင်ခဲ့တော့ပေ။

ပါကစ္စတန် စစ်တက်ဆိုင်ရာ၊ အရပ်တက်ဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများက အင်အား အပြည့်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ ကြသည်။ ထို့မှုမက နိုင်ငံတကာမှ အဖွဲ့အစည်းအသီးသီး တို့ကလည်း လာရောက်ကြလျက် ကယ်ဆယ်ရေး လုပ်ငန်းများ၊ ရိက္ခာထောက်ပံ့ရေးလုပ်ငန်းများ၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ အားကြိုးမာန်တက် လုပ်ဆောင် ခဲ့ကြရပါသည်။

ယင်းသို့ လုပ်ဆောင်နေဆဲမှာပင် ဆောင်းဦးရာသီဖြစ်လာသဖြင့် နှင်းရောက်လာမည့်လမ်းကို မှန်းမျှော်ထိတ်လန့်ကာ ကြိုတင်ကာကွယ်မှုအမျိုးမျိုးကို ပိတ်ဆို့ မြင်ဆင်နေကြရပြီဖြစ်သည်။ ဤဒေသများ၌ ဒီဇင်ဘာလ၊ ဇန်နဝါရီလများဆိုလျှင် နှင်းထုက (၅)ပေအထိ ဖုံးလွှမ်းတတ်သဖြင့် ရိက္ခာထောက်ပံ့ခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ကယ်ဆယ်ခြင်းလုပ်ငန်းများအတွက် လမ်းခရီး မပေါက်နိုင်တော့ပေ။ ပါကစ္စတန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအနီးရှိ စခန်း(၁၀)ခုမှာ ကျောက်သားထူထပ်သော နေရာများဖြစ်သည်။ နေထိုင်ရာအဆောက်အဦများမှာလည်း ပျက်စီးကုန်ပြီဖြစ်သဖြင့် ဆောင်းဒဏ်နှင့် နှင်းဖုံးဒဏ်ကို ကာကွယ်ရန် နည်းလမ်းများ ·ကြိုတင်လုပ်ဆောင်နေခဲ့ကြ ရသည်။

သူတို့မှာ နှင်းလာမည့်လမ်းကို မတားသာချေ။ နှင်းက ရောက်လာချေတော့သည်။ နှင်းထုထပ်လာသဖြင့် နေရေး၊ စားရေးများ ပိုမိုခက်ခဲ ရှုပ်ထွေးကုန်သည်သာမက ကယ်ဆယ်ရေး ရိက္ခာထောက်ပံ့ရေးလုပ်ငန်းစဉ်များ ရပ်ဆိုင်းခဲ့ရသဖြင့် သူတို့အားလုံး ဒုက္ခဘေး ထပ်မံတွေ့ကြရပြန်သည်။

နှစ်စဉ်ကဲ့သို့ ကိုယ့်ရပ်မြေပေါ်သို့ ဖွေးကနဲ ကျလာတတ်သည့် နှင်းဦးကလေးများကို မြူးထူးခုန်ပေါက်လျက် ကြိုဆိုမနှုတ်ဆက်နိုင်ခဲ့တော့ပေ။ ချစ်စရာနှင်းအဖြစ်မှ မုန်းစရာနှင်းအဖြစ် သဘာဝဘေးအန္တရာယ် ကြုံတွေ့မှုက ပြောင်းလဲပေးလိုက်ခဲ့ပြီဖြစ်သည်။

❖

နှင်းတို့အကြောင်း အာရုံရောက်လျှင် ငယ်စဉ်ဘဝ ပထဝီသင်ခန်းစာ အန္တာတိကတိုက်အကြောင်းမှ နှင်းတောင်ဝံလေးများနှင့် စွပ်ဖားလှည်းကလေးများကို သတိရမိသည်။

ကျွန်မတို့ ရန်ကုန်လို မြေပြန့်လွင်ပြင်ဒေသတွင်သာမန်အားဖြင့် မိုးနှင်း၊ မြူနှင်း၊ နှင်းမှုန်ကလေးများကိုသာ မြင်တွေ့နိုင်သည်မဟုတ်လား။ ထို့ကြောင့်ပင် ငွေရောင်လှိုင်းတွေ အထပ်ထပ်ဆင့်ထားဟန်ရှိသည့် မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ထွတ် ခါကာဘိုရာဇီတောင်အတွက် အမြဲဂုဏ်ယူနေရသည်။ ဂျပန်နိုင်ငံ တိုကျိုမြို့အနီး ပန်းနုရောင်ပေါင်းကြီး၊ ဟောမာန်ဆောင်းရဲ့ ချစ်သံစဉ် (Winter Sonata) ကိုရီးယားရုပ်ရှင်ထဲက လူငယ်ချစ်သူနှစ်ဦးတို့ စက်ဘီးသွားစီးနေကျ နာမီကျွန်း (Nami's Island) က နှင်းဖုံး ဝက်သစ်ချတောတန်းများကိုလည်း အမြဲမြင်ယောင်သည်။

နှင်းထုထပ်သည့် နိုင်ငံများတွင် သွားရောက်နေထိုင်ခဲ့ဖူးသည့် မိတ်ဆွေတွေက ဆောင်းမှာသုံးရသည့် နှင်းစီးဖိနပ်နှင့် နှင်းကာမျက်မှန်တွေအကြောင်း၊ နှင်းမှန်တိုင်းကျပြီဆိုလျှင် ယာဉ်တွေမမောင်းနိုင်တော့တဲ့ ယာဉ်ပိတ်ဆို့မှုတွေအကြောင်း၊ ရုံးများ၊ ကျောင်းများ အချိန်ရွှေ့ပြောင်းရကြောင်း၊ အချို့ စက်မှုနိုင်ငံများတွင် စက်ရုံထုတ်တတ်ပစ္စည်းများကြောင့် နှင်းပုပ် (Smog) များ ကျဆင်းလာခြင်း၊ နှင်းမြူနှင့် ဖုန်မှုန့် (Dust) ရောလျက် အမည်းရောင်နှင်း (Black Snow) ကျဆင်းလာခြင်းတို့ကို ဗဟုသုတအဖြစ် ကြားသိရပါသည်။

ကမ္ဘာပေါ်တွင် နှင်းကျသည်ကို လုံးဝမတွေ့မမြင်ဖူးသော နေရာဒေသများရှိသကဲ့သို့ တစ်နှစ်ပတ်လုံး နှင်းကျနေရသော ဒေသများလည်း ရှိပါသည်။ ရာသီဥတုဖောက်ပြန်မှုများကြောင့် နှင်းကျရမည့်အချိန်တွင် နှင်းမကျဘဲ မကျရမည့်အချိန်တွင် နှင်းကျသဖြင့် ဥယျာဉ်လယ်ယာများ ပျက်စီးခြင်း၊ မအောင်မြင်ခြင်းတို့ ကြုံတွေ့နေရသည့် ဒေသများလည်း ရှိပါသည်။ ဆိုင်ကလုန်းမုန်တိုင်းများနှင့် မြေငလျင်စသည်တို့၏ဒဏ် ခံစားနေကြရသည့် ဒေသများတွင် ယခုနှစ် ဆောင်း၌ နှင်းဒဏ်သည်ကို မကြုံနိုင်သော အဖြစ်နှင့် ကြုံဆုံရပေဦးတော့မည်။

နှစ်ဝက်ခန့်အမြဲ နှင်းထုထပ်စွာ ကျတတ်သည့်နိုင်ငံတွင် ပညာသင်သွားရင်း နေ့တိုင်း နှင်းလျှောစီးမယ်ဟု အားခဲကြိုးဝါးသွားခဲ့သည့် သူငယ်ချင်းက -

"နှင်းတွေကို ချစ်တတ်တဲ့မင်းကို ဒီဒေသ လာစေချင်စမ်းပါတယ်။ နှင်းတွေနဲ့ တို့နဲ့က နေ့တိုင်း ပြဿနာဖြစ်နေရတာ။ အထူးသဖြင့်တော့ တို့ ငှားနေရတဲ့ အိမ်ရှင်အမျိုးသမီးကြီးက မိုးတောင်မလင်းသေးဘူး၊ နှင်းထိုးတဲ့ (Snow Plow)ကြီးကို ကိုင်ပြီး ငါ့ကို အိပ်ရာအတင်း နှိုးတော့တာပဲ။ ကျောင်းမသွားခင် တို့ခြံဝင်းထဲမှာ ကျနေတဲ့ နှင်းတွေကို ကိုယ်ထူကိုယ်ထ မနက်တိုင်း ရှင်းပေးနေရတာလေ" ဟု စာရေးဖူးသည်။

❖

ကမ္ဘာပေါ်တွင်သာမက မြန်မာနိုင်ငံတွင်ပါ သဘာဝ ဘေးအန္တရာယ်ဆိုးများ မကြာခဏ ကြုံတွေ့ရလေသည်။ ယင်းအဖြစ်တို့မှာ သဘာဝအရင်းအမြစ်များ အဆင်ခြင်မဲ့သုံးစွဲမှုနှင့် ကမ္ဘာ့ ရာသီဥတု ဖောက်ပြန်မှုတို့ ဆက်စပ်ခြင်းကို လူအများ သတိပြုမိကြဖို့ ဖြစ်လာသည်။ သက်ရှိသက်မဲ့တို့သဟဇာတ ဆက်နွယ်နေမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ကြိုးစားဆောင်ရွက်ကြရန် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်း သူတွေက နှိုးဆော်နေကြလေသည်။

သူ့ပတ်ဝန်းကျင်၊ ကိုယ့်ပတ်ဝန်းကျင်တွင် သဘာဝဘေးအန္တရာယ်များ လျှော့ချရေးလုပ်ငန်းများနှင့် သဘာဝအလှအပများ မပျက်သုဉ်းရေးကို ကမ္ဘာတစ်ဝှမ်း၌ နိုင်ငံအလိုက်၊ အဖွဲ့အစည်းအလိုက်၊ မိသားစုအလိုက်မှသည် တစ်နိုင်တစ်ပိုင် တစ်ဦးချင်းအလိုက် ထိန်းသိမ်းစောင့်ရှောက်ကြရန် တာဝန်ရှိကြသည်ဟုလည်း အတွေးဝင်မိပါသည်။

ခေတ်သစ်လူနေမှု ဘဝဟန်များတွင် အတောမသတ် ဖြုန်းတီးဖျက်ဆီးမှုများ ရှိနေသဖြင့် မြစ်ချောင်းအင်းအိုင် တောတောင်စသည့် ရေမြေသယံဇာတများသာမက မိုးကောင်းကင်အထိပါ လူ့ပတ်ဝန်းကျင်ဆိုးကျိုးများ ရိုက်ခတ်ခဲ့ပြီဖြစ်သည်။ ယင်း ဆင်ခြင်မဲ့မှုများမှတစ်ဆင့် ကမ္ဘာနှင့် ကျွန်မတို့နိုင်ငံတွင် မကြုံစဖူးသော ငလျင်ဒဏ်၊ မုန်တိုင်းဒဏ်များ ဖြစ်ပေါ်ရသည်ဟု အကြောင်းရင်းကို ရှာဖွေတွေ့ရှိလာကြသည်။ ထို့ကြောင့်ပင် သက်ရှိလောက သတ္တဝါများ အိုးအိမ်ပျက်စီးခဲ့ကြသလို၊ တွေ့မြင်နေကျ သဘာဝအလှတရားများလည်း ဖျက်ဆီးခံခဲ့ကြရသည်။ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့နေရသည့် မြင်ကွင်း များကို မြင်ရတိုင်း သူတို့ဘဝဒုက္ခများကိုတွေးလျက် မိမိ ကိုယ်တိုင်ခံစားရသကဲ့သို့ပင် စာနာမိပါသည်။

၂၀၀၈ခုနှစ်၊ မေလအတွင်းကမူ ယင်းသဘာဝဘေးဒဏ်ကို ကိုယ်တိုင်ကိုယ်ကျ ခံစားခဲ့ရသည် မဟုတ်ပါလား။

မြန်မာနိုင်ငံအတွင်း ဒေသအချို့တွင် နာဂစ်မုန်တိုင်း ပြင်းထန်စွာ တိုက်ခတ်ခဲ့ပါသည်။ ရေဝတီ၏ အော်ဟစ်သွေးပျက်သံနှင့် ငှက်ကလေးများ၏ ရင်ကွဲ ညည်းတွားသံများကို ယခုတိုင် မြင်ယောင်၊ ကြားယောင် နေရဆဲဖြစ်သည်။ ကျွန်မတို့ မျှော်လင့်စောင့်စားနေကြမဲ့ ဖြစ်သည့် ဟေမာန်ဆောင်းနှင့်အတူ ရောက်ရှိလာကြမည့် နှင်းမြူတို့၏ အခြေအနေအပေါ် ယင်းမုန်တိုင်း၏ အကျိုး ဆက်ကမည်သို့ အကျိုးသက်ရောက်မည်ဆိုသည်ကို ရင်ခုန်လှုပ်ရှားစွာ စောင့်စားနေခဲ့မိပါသည်။

နှင်းများကိုချစ်သည့် ကျွန်မအဖို့တော့ သဘာဝအလိုကျဖြစ်သော ဖြူဖွေးလတ်ဆတ်သည့် နှင်းများနှင့် နှစ်စဉ်တွေ့ဆုံခွင့်ရရန် မျှော်လင့်ဆုတောင်းနေရမည်သာပင်။

ဒီဇင်ဘာမွှန်း

# လူသားများကို ကယ်တင်ဖို့ ကမ္ဘာကြီးအား ကုသရန်



သဘာဝတရားက အဖျားရှိန်တက်နေတာနဲ့ တူတယ်။ ကျွန်တော်တို့ လူသားတွေက တုပ်ကွေးမိ နေတာနဲ့ တူတယ်။
ဝီလျံ ရပ်ကဲလ်ဟောက်စ်

နိဒါန်း

ယနေ့ကမ္ဘာမြေကြီးသည် ဆိုးရွားသော ပြဿနာနှင့် ရင်ဆိုင်နေရပါသည်။ ကမ္ဘာပေါ်ရှိ လှပသော သဘာဝတရားများနှင့် အသက်ရှင်နေသော သတ္တဝါတို့မှာ ခြိမ်းခြောက်ခံနေရပါသည်။ ယနေ့ လူသားတို့ ရင်ဆိုင်နေရသော သဘာဝတရားများ၏ ဆုတ်ယုတ်မှုများသည် မြင်နိုင်သော အပိုင်းရှိသလို မမြင်နိုင်သော အပိုင်းလည်း များစွာရှိပါသည်။ ပတ်ဝန်းကျင်အခြေအနေများသည် သိသိသာသာ ပျက်ပြားလာခြင်းမှာ တိုးတက်နေသော ဤခေတ်ကြီးတွင် စက်မှုပညာ ထွန်းကားလာမှုများကြောင့်လည်းကောင်း၊ သဘာဝတရားများကို ဖျက်ဆီးနေသောကြောင့် လည်းကောင်း ဖြစ်ပါသည်။ ယခု (၂၁)ရာစု ကမ္ဘာကြီးတွင် သဘာဝသယံဇာတများကို မဆင်မခြင် ထုတ်ယူသုံးစွဲနေသော လူသားများ၏ လောဘများ၊ ရာသီဥတု ဖောက်ပြန်မှု အန္တရာယ်များကြောင့် ကျွန်ုပ်တို့ မှီတင်းနေထိုင်သော ကမ္ဘာကြီးသည် ယိုယွင်း ပျက်စီးခဲ့ရပါသည်။

၁။ ကမ္ဘာမြေကြီးနှင့် လူသားများအပေါ် ဘုရားသခင်၏ အလိုတော်

ကမ္ဘာမြေကြီး ပုံမှန်လည်ပတ်နေသော ဂေဟစနစ်သည် ရှေးယခင်ထက်ပို၍ ပျက်ယွင်းနေပြီ ဖြစ်ပါသည်။ ဘုရားသခင်သည် လူသားများအတွက် ကမ္ဘာမြေကြီးကို ဖန်ဆင်းခဲ့ပါသည်။ ထို့အတူ ကမ္ဘာမြေကြီးအတွက်လည်း လူသားများကို ဖန်ဆင်းတော်မူခဲ့ပါသည်။ (ကမ္ဘာဦး ၁း၂၈-၃၀) ဘုရားသခင်သည် သူဖန်ဆင်းထားသောအရာများကို လူသားများအား အုပ်စိုးရန် အခွင့်ပေးတော်မူပါသည်။ ဤကျမ်းပိုဒ်၏ဖော်ပြချက်အရ ဘုရားသခင်သည် ထိုအခွင့်အာဏာကို လူသားများအား အပြည့်အဝ ပေးထားပါသည်။ ထိုအခွင့်အာဏာများကို ချစ်ခြင်းမေတ္တာဖြင့် အရင်းတည်၍ ဂရုတစိုက် ထိန်းသိမ်းရပါမည်။ လူသားများသည် ဘုရားပေးထားသော အခွင့်အာဏာအပေါ်တွင် သဘာဝ တရားကြီး တိုးတက်ပွားများလာအောင် ဆောင်ရွက်ရပေမည်။ သို့သော် လူသားများအနေဖြင့် ကမ္ဘာမြေကြီးအပေါ် မှီခိုအားထားနေရပါသည်။ အဘယ်ကြောင့်ဆိုသော် လူသားများ၏ စား၊ ဝတ်၊ နေရေးအတွက် ကမ္ဘာမြေကြီးသည် မရှိလျှင်မဖြစ်ပေ။ ကမ္ဘာမြေကြီး၏ မကျန်းမာမှုသည် လူသား များ၏ မကျန်းမာမှုပင်ဖြစ်သည်၊ ဤကမ္ဘာမြေကြီးအပေါ် အသက်ရှင်နေထိုင်သော လူသားများအနေဖြင့် ခရစ်ယာန် ရှုထောင့်မှ သုံးသပ်ကြည့်မည်ဆိုပါက ခရစ်တော်မိန့်မှာခဲ့သော ရွှေပညာတော် (၂)ပါးနှင့် မီးမောင်းထိုးကြည့်ရပေမည်။ ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ချစ်ရန်နှင့် ကိုယ်နှင့်စပ်ဆိုင် သောသူကို ကိုယ်နှင့်အမျှချစ်ရန် ဖြစ်ပါသည်။ (ရှင်မဿဲ ၂၂း၃၇-၄၀)

ကမ္ဘာမြေကြီးသည် ဘုရားသခင်ပိုင်ဆိုင်သော အရာ ဖြစ်ပါသည်။ ဘုရားသခင်ပိုင်သော ဤကမ္ဘာမြေကြီးကို ချစ်ခြင်းသည် ဘုရားသခင်ကို ချစ်ရာရောက်ပါသည်၊ လူသားများအတွက် ကမ္ဘာမြေကြီးသည် မရှိလျှင်မဖြစ်သောကြောင့် ကမ္ဘာမြေကြီးကို ချစ်ခြင်းသည် (လောကီတပ်မက်ခြင်းကို မဆိုလိုပါ) လူသားများကို ချစ်ရာရောက်ပါသည်၊ ဤအချက်များကြောင့်ပင် ကမ္ဘာမြေကြီးကို ချစ်သောသူသည် ရွှေပညတ်တော် (၂)ပါးကို ကျင့်ရာရောက်ပါသည်။

၂။ ကမ္ဘာမြေကြီးအပေါ် လူသားတို့၏ စိတ်သဘောထားနှင့် ပြုမူပုံ

လူသားအများစုသည် ခေတ်အဆက်ဆက်တွင် စကြဝဠာကြီးတစ်လုံးနှင့် သဘာဝပတ်ဝန်းကျင်ထဲတွင် ဘုရားသခင်တည်ရှိနေခြင်းကို မေ့လျော့ကာ မိမိကိုယ်ကို ကမ္ဘာကြီး၏ အရှင်သခင်အဖြစ် ပြုမူနေထိုင်ခဲ့ကြပါသည်။ ကမ္ဘာမြေကြီးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရမည့်အစား ပိုင်ဆိုင်ဖို့နှင့် အမြတ်ထုတ် ချယ်လှယ်ဖို့သာ ကြိုးစားခဲ့ကြပါသည်။

နစ်နာ ဆုံးရှုံးမှုနှင့် အကျိုးအမြတ်ရရှိမှုတို့တွင် လူသားများ၏ အကျိုးခံစားရမှုမှာ မတူညီကြပေ။ ဤအရာသည် လူအချို့ကြောင့်ဖြစ်သော်လည်း အမှန်တကယ်တွင် လူသားအားလုံးနီးပါး ကမ္ဘာမြေကြီးအပေါ်တွင် တရားမျှတမှုမရှိကြပေ။ ချမ်းသာသည့်သူက ချမ်းသာသည့်အလျောက်၊ ဆင်းရဲသည့်သူက ဆင်းရဲသည့်အလျောက် ကမ္ဘာမြေကြီးအပေါ် ဂုတ်သွေးစုပ် ဒုက္ခပေးနေကြပါသည်။ ဥပမာ - ကျွန်ုပ်တို့ခုတ်ခဲ့သော အပင်နှင့် ကျွန်ုပ်တို့ စိုက်ပျိုးခဲ့သော အပင်၊ ကျွန်ုပ်တို့ ထုတ်ယူသုံးစွဲခဲ့သော ကမ္ဘာမြေကြီး အတွင်းမှ သယံဇာတများနှင့် ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီး အပေါ် သိတတ်မှုစသည့်တို့ကို နှိုင်းယှဉ်ကြည့်စေလိုပါသည်။

ကမ္ဘာမြေကြီး နာမကျန်းဖြစ်ရခြင်း၏ အဓိက တရားခံမှာ လူသားများ၏ လောဘကြောင့်ပင်ဖြစ်ပါသည်။ (ဥပမာ - လိုသည်ထက်ပို၍ သစ်ပင်ခုတ်ခြင်း၊ မိမိ အကျိုးစီးပွားအတွက်သာ ကြည့်ခြင်း၊ အစရှိသဖြင့်) ခရစ်ယာန်ဘာသာ၏ အယူအရ ဘုရားသခင်၏စကားကို နားမထောင်ခြင်းသည် အပြစ်ဖြစ်သကဲ့သို့ လောဘလွန်ကျူးခြင်းသည်လည်း အပြစ်ဖြစ်ပါသည်။ ထင်ရှားသော ဥပမာတစ်ခုမှာ ဘုရားသခင်သည် ဣသရေလလူမျိုးများကို အီဂျစ်ပြည်မှ ထုတ်ဆောင်လာပြီး ခါနန်ပြည်မရောက်မီ လမ်းတစ်လျှောက်လုံးတွင် မန္နမုန့်နှင့် ငုံးငှက်တို့ကို ကျွေးမွေးတော်မူပါသည်။ ဘုရားသခင်သည် လူများအား မနက်ဖြန်အတွက် အပိုယူမထားရန် ပညတ်တော်မူပါသည်။ သို့သော် ဘုရားသခင်၏စကားကို နားမထောင်ဘဲ အပိုသိမ်းထားသောအခါ ပုပ်သိုးသွားကြောင်း တွေ့ရပါသည်။ ဥပုသ်နေ့အတွက် အပိုသိမ်းထားသောအခါတွင်မူ မပုပ်သိုးကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ဘုရားသခင်၏စကားကို နားမထောင်ဘဲ လောဘလွန်ကျူးခြင်းသည် အပြစ်ဖြစ်ပါသည်။ (ကမ္ဘာဦး ၁၆း၁၃-၃၁)

ဘုရားသခင်သည် လူကို ဖန်ဆင်းပြီး ကမ္ဘာမြေကြီးကို အုပ်စိုးစေခဲ့ခြင်းမှာ ကမ္ဘာမြေကြီးအား လူသားများ လက်ထဲသို့ ဝကွက်အပ်လိုက်ခြင်း မဟုတ်ပေ။ ကမ္ဘာဦး

# ကမ္ဘာမြေကြီးမှ သယံဇာတများကို ထုတ်ယူ သုံးစွဲခွင့်ရှိပါသည်။ သို့သော် ...

ကျမ်း ၂း၁၅၌ "လူကိုယူ၍ ဧဒင်ဥယျာဉ်ကို ပြုစု စောင့်နေစေခြင်းငှာ ထားတော်မူ၏။" ဟု ဖော်ပြထားသကဲ့သို့ လူသည် ကမ္ဘာမြေကြီးကို ဘုရားသခင်ကိုယ်စား စောင့်ရှောက်ထိန်းသိမ်းရမည့် သူများသာဖြစ်ကြပါသည်။ ဘုရားသခင်ပေးထားသော အခွင့်အာဏာအရ လူတို့သည် ကမ္ဘာမြေကြီးမှ သယံဇာတများကို ထုတ်ယူသုံးစွဲခွင့် ရှိပါသည်။ သို့သော် စိတ်ကြိုက် ချယ်လှယ်ဖျက်ဆီးရန် ခွင့်ပြုမထားပေ။ အမှန်တကယ်တွင် လူသားများသည် ဘုရားသခင်ဖန်ဆင်း ထားသော ဤကမ္ဘာမြေကြီးကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသော ဘဏ္ဍာစိုးများသာ ဖြစ်ကြပါသည်။ မိမိတို့၏ လိုအပ်ချက် အတွက် ထုတ်ယူသုံးစွဲခွင့် ရှိသကဲ့သို့ ထုတ်ယူသုံးစွဲခဲ့သမျှ အတွက် ပြန်လည်ဖြည့်ဆည်းရန်လည်း တာဝန်ရှိပါသည်။

"ကျွန်တော်တို့ဟာ ပတ်ဝန်းကျင်ရေးရာ ပြဿနာတွေကို ရှုမြင်ရာမှာ တရားမျှတမှုနှင့်ယှဉ်ပြီး ရှုမြင်သင့်ပါတယ်။ နိုင်ငံရေး၊ လူမှုရေး တရားမျှတမှုတွေဟာ သဘာဝပတ်ဝန်းကျင်ရေးရာတွေနဲ့ ဆက်စပ်နေပါတယ်။ သဘာဝပတ်ဝန်းကျင်အပေါ်မျှမျှတတ မဆက်ဆံဘဲနဲ့ လူမှုရေးရာတရားမျှတမှုကို မရနိုင်ပါဘူး။ ဒီလိုပဲ လူမှုရေး တရားမျှတမှုမရှိဘဲနဲ့ သဘာဝပတ်ဝန်းကျင်အပေါ် မျှမျှတတ ဖြစ်နိုင်ဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး။" ဟု အိန္ဒိယတိုင်းရင်းသား ဓမ္မအတွေးအခေါ် ပညာရှင် K. C. Araham မှ ပြောကြားခဲ့ပါသည်။

နိဂုံး


ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးအား အချိန်တိုတိုအတွင်း ထိရောက်စွာကုသနိုင်ကြမည် မဟုတ်ပေ။ သို့သော် ကျွန်ုပ်တို့ တစ်ဦးစီတွင် ကမ္ဘာမြေကြီးအပေါ် ကောင်းကျိုးပြုရန် ခွန်အားများကိုယ်စီ ရှိကြပါသည်။ ဥပမာ - သစ်ပင်စိုက်ခြင်း၊ ကမ္ဘာမြေ ညစ်ညမ်းစေသည့် အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်း၊ လေထုညစ်ညမ်းမှုကို ဖြစ်စေသော ဆေးလိပ်ကို ရှောင်ခြင်း စသည်တို့ ဖြစ်ပါသည်။ ထို့အတွက် ကျွန်ုပ်တို့ ခရစ်ယာန်များသည် အခြားသော ဘာသာဝင်များနှင့်ပါ အတူတကွလက်တွဲ၍ ဤတာဝန်များကို ထမ်းဆောင်ရပေမည်။ ကျွန်ုပ်တို့ တစ်ဦးစီ၏ ကမ္ဘာမြေကြီးအပေါ် အကျိုးပြု ကုသမှုဒုတိုင်းအတွက်သည် အလွန်သေးငယ်သော်လည်း ကျွန်ုပ်တို့အားလုံး စည်းလုံးညီညွတ်စွာ လုပ်ဆောင်ကြမည်ဆိုပါက ကြီးမားသော အကျိုးပြုကုသမှုကြီး ဖြစ်ပေါ်လာနိုင်ပါသည်။


Ref:

၁။ ဒီလိုင်းသံ "အမျိုးသမီးမဂ္ဂဇင်း"၊ အတွဲ (၂)၊ အမှတ်(၁)။
၂။ အောင်ပင်လယ်၊ "လူမှုဝန်းကျင်မဂ္ဂဇင်း"၊ အတွဲ(၂) အမှတ်(၂)၊ စက်တင်ဘာ၊ ၂၀၀၇။
၃။ နဂါး၊ "သီဩလော်ဂျီမှတ်စု"၊ အလင်းအိမ်၊ အောက်တိုဘာ၊ ၂၀၀၈။
၄။ ကျောက်ဘီလူး တင်မောင်အေး "ကမ္ဘာတစ်ခု အနာဂတ် တစ်ခု"၊ ၁၉၉၃။
၅။ Life Application Study Bible (INV), 2002.


ATEM ကျမ်းစာကျောင်းပေါင်းစုံ တွေ့ဆုံပွဲတွင် နောက်ဆုံး နှစ်ကျောင်းသား/သူများ တင်သွင်းသည့် စာတမ်း 10~13. 11. 2008





# သုတေသနပြုစာတမ်းနှင့် ပတ်သက်၍သိမှတ်ဖွယ်ရာများ

ဘုန်းတော်ကြီးဒေါက်တာရှိမုန်ဘိဘင်ထူး

(က) နိဒါန်း

သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်သည် ၁၉၉၉ခုနှစ်၊ မတ်လ (၃)ရက်မှစ၍ အရှေ့တောင်အာရှ ကျမ်းစာကျောင်းများအသင်း၏ ခွင့်ပြုချက်ဖြင့် (၃)ရက်မှစ၍ အရှေ့တောင်အာရှ ကျမ်းစာကျောင်းများအသင်း၏ ခွင့်ပြုချက်ဖြင့် ဓမ္မတက္ကသိုလ်အဖြစ် သတ်မှတ်ခံရပါသည်။ ဒီဂရီ ဒီဂရီအပ်နှင်း နိုင်သော ဓမ္မတက္ကသိုလ်ဖြစ်သည့်အားလျော်စွာ ဓမ္မပညာသင်ကြားခြင်း အပ်နှင်းသည့် ဓမ္မတက္ကသိုလ်ဖြစ်သည့်အားလျော်စွာ ဓမ္မပညာသင်ကြားခြင်း (၄)နှစ်ပြီးမြောက်သည်သာမကဘဲ ၄င်းသင်ကြားခဲ့ရသော ဓမ္မပညာများကို အခြေခံလျက် သုတေသနပြုစာတမ်းများလည်း တင်သွင်းရပါမည်။ သုတေ သနပြုစာတမ်းများသည် အနာဂတ်အတွက် အဖိုးမဖြတ်နိုင်သော အထောက် အထားများဖြစ်လာမည်ဖြစ်၍ စနစ်တကျ စိစစ်လျက် လက်ခံပါသည်။ အရည်အသွေး မပြည့်မီသော သုတေသနစာတမ်းများ၊ အထောက်အထား တိတိကျကျမရှိသော သုတေသနစာတမ်းများကို လုံးဝ လက်မခံပါ။

(ခ) သုတေသနပြုခြင်း။

သုတေသနပြုခြင်းဆိုသည်မှာ အကြောင်းအရာတစ်ခုခုကို အသေးစိတ်ရှာဖွေကာ တိတိကျကျဖြစ်နိုင်အောင် လေ့လာတင်ပြခြင်းကို ဆိုလိုပါသည်။

(ဂ) ရေးသားသူများ လိုက်နာရန် စည်းကမ်းများ

(၁) စာလုံးရေ ၅၀၀၀ မှ ၁၀၀၀၀ အထိ ရေးသားနိုင်သည်။

(၂) အခန်း(၃)ခန်း ရေးသားလျှင် လုံလောက်ပါသည်။

(၃) အခန်း(၁)တွင် တင်ပြလိုသော အကြောင်းအရာများကို လေ့လာဆန်းစစ်ခြင်း ဖြစ်ပါသည်။ (လူပုဂ္ဂိုလ်အကြောင်းရေးသားပါက သူ၏ ဘဝအသက်တာကို ဆန်းစစ်ခြင်း ဖြစ်ပါသည်။)

(၄) အခန်း(၂)တွင် အခန်း(၁)နှင့် ဆက်သွယ်သော မှန်သော၊ သမ္မာကျမ်းစာသဘောတရားအမြင်ကို ဖော်ပြရန်ဖြစ်ပါသည်။ (လူပုဂ္ဂိုလ်အကြောင်း ရေးသားပါက သူ၏အသက်တာ၌ လုပ်ဆောင်များ၊ ထူးခြားချက်များကို အခန်း(၁)နှင့် ကွင်းဆက် ဖြစ်အောင် တင်ပြရပါမည်။

(၅) အခန်း(၃)တွင် မိမိအမြင်ခံယူချက်ကို ရေးသားရန် ဖြစ်ပါသည်။ စာမျက်နှာ (၅)မျက်နှာခန့်ဆိုလျှင် လုံလောက်ပါသည်။ အခန်း(၁)၊ အခန်း(၂)တို့အပေါ် ကျိုးကြောင်း ဆက်နွယ်ပြီး မှန်သသော၊ ကျမ်းသသော၊ မိမိ သင်ကြားခဲ့သော ဘာသာရပ်တို့၏ သဘောတရားများဖြင့် သုံးသပ်တင်ပြရန် ဖြစ်ပါ သည်။ မိမိ၏ ခံယူချက်သဘောတရားကို တိုတိုနှင့်လိုရင်းကို ထိထိမိမိ၊ အပိုအလိုမရှိ တင်ပြရန် ဖြစ်ပါသည်။ ဤနေရာတွင် ပုံပြောခြင်း၊ တရားဟောခြင်း သဘောကဲ့သို့ ရှည်လျားစွာ ရှင်းပြနေရန် မလိုအပ်ပါ။

(၆) နိဂုံးရေးသားရာတွင် အခန်းတိုင်းမှ အကျဉ်းချုပ်ကိုသာ ရေးသားရန်ဖြစ်ပြီး နောက်ဆုံးအားလုံး၏ အကျဉ်းချုပ်ကို တိုတိုဖြင့်လိုရင်းကို ထိထိမိမိ ရေးသားရန် ဖြစ်ပါသည်။ စကားအပိုအလိုမရှိ ရေးသားရန် ဖြစ်ပါသည်။ ထိုရေးသားချက်သည် တင်ပြသော ခေါင်းစဉ်၊ နိဒါန်း၊ အခန်း(၁)၊ အခန်း(၂)၊ အခန်း(၃)တို့ကို ခြုံငုံစေရပါမည်။ မဆိုင်တော့သော အကြောင်းအရာများကို ထည့်သွင်းရန် မလိုတော့ပါ။

(၇) ကျမ်းကိုးစာရင်းတွင်

- မေးမြန်းသူများ၏ အမည်စာရင်း၊ တွေ့ဆုံသည့်နေ့ရက်။
- ဂျာနယ်မဂ္ဂဇင်းတို့၏ အမည်၊ နေ့ရက်၊ စာတွဲအမှတ်၊ ထုတ်ဝေသည့်လ၊ ခုနှစ်။
- ကိုးကားသော သင်ခန်းစာအမည်နှင့် ဘာသာရပ်ဆရာအမည်။
- ကိုးကားသော စာအုပ်အမည်။



(၈) နောက်ဆက်တွဲများ

နောက်ဆက်တွဲ(က) - လက်ရေးမူ အထောက်အထားများ

နောက်ဆက်တွဲ(ခ) - ဓာတ်ပုံများ

နောက်ဆက်တွဲ(ဂ) - မြေပုံများ၊ ဖွဲ့စည်းပုံဇယားများ

နောက်ဆက်တွဲ(ဃ) - တာဝန်ခံအမည်များကို ထည့်သွင်းလိုပါက ထည့်သွင်းနိုင်သည်။

(၉) စစ်ဆေးမေးမြန်းခြင်း (Oral Defence)

- ရေးသားသည့် အကြောင်းအရာကို မေးမြန်းပါမည်။
- တင်ပြချက်တစ်ခုလုံး၏ အကျဉ်းချုပ်ကို မေးမြန်းပါမည်။
- တင်ပြသော သဘောတရားနှင့် ပတ်သက်၍ မေးမြန်းနိုင်ပါသည်။
- တင်ပြသောအချက်အထဲမှ အရေးပါသော အပိုင်းကို မေးမြန်းပါမည်။
- အဓိကထားလျက် ရေးသားထားသော အချက်အလက်များကို သွယ်ဝိုက်သောနည်းဖြင့် မေးမြန်းပါမည်။

(၁၀) မေးမြန်းသည့် ဆရာ/မများ၏တာဝန်

- မေးမြန်းသော ဆရာသမားများသည် ရေးသားသူ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့် မေးခွန်းမျိုးကို မမေးသင့်ပါ။
- ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူသည် ယဉ်ကျေးသိမ်မွေ့စွာ ဖြေဆိုရပါမည်။ မိမိရေးသားသည့် အကြောင်းအရာကို ထိထိမိမိ၊ ပိုင်ပိုင်နိုင်နိုင် မဖြေနိုင်ပါက သတ်မှတ်ချက်ကိုမရဟု သတ်မှတ်ပါသည်။ ကြီးကြပ်သည့်ဆရာမှ လမ်းကြောင်း ပေးနိုင်ပါသည်။


(၁၁) စစ်ဆေးပြီးသောအခါ စစ်ဆေးချက်များကို ပြန်လည်သုံးသပ်သောအခါ ကြီးကြပ်သောဆရာ၊ ဆရာမ၏ ထောက်ခံချက် အရေးကြီးပါသည်။ ကြီးကြပ်သည့်ဆရာ၏ ထောက်ခံချက် မပေးပါက စစ်ဆေးရေးအဖွဲ့၏ စိတ်ကျေနပ်စေလောက်သော အရေးအသားတင်ပြမှု၊ အထောက်အထားနိုင်လုံမှုမရှိက ကျရှုံးသည်ဟု သတ်မှတ်ပါသည်။

(၁၂) ကျောင်းသူ၊ ကျောင်းသားများသည် ကြီးကြပ်သည့် ဆရာ၊ ဆရာမများနှင့် အနည်းဆုံး (၁၀) ကြိမ်ထက်မနည်း တွေ့ဆုံဆွေးနွေး ရေးသားသင့်ပါသည်။

(ဃ) သုတေသနပြုစာတမ်း အမှတ်ပေးစည်းမျဉ်း။

| | |
|---|---|
| (၁) နိဒါန်း (ရေးသားလိုသည့် အကြောင်းအရာအပေါ် အစပြုတင်ပြမှုကို စိစစ်ပါသည်။) | ၅ - မှတ် |
| (၂) အခန်းများ ဖွဲ့စည်းပုံ | ၅ - မှတ် |
| (၃) အချက်အလက်များ တိတိကျကျတင်ပြပုံ | ၂၀ - မှတ် |
| (၄) အထောက်အထား ခိုင်လုံမှု (စာအုပ်စာပေများ၊ တွေ့ဆုံမေးမြန်းသူများ) | ၂၀ - မှတ် |
| (၅) မိမိအမြင်သုံးသပ်ချက် (က) လိုရင်းကို တင်ပြနိုင်ခြင်း (ခ) မိမိအမြင်ကို ဖော်ထုတ်နိုင်ခြင်း | ၂၀ - မှတ် |
| (၆) မေးမြန်းသောအခါဖြေကြားမှု | ၂၀ - မှတ် |
| (၇) စစ်ဆေးပြီး စာတမ်းအရေးယူဆောင်ရွက်မှု | ၁၀ - မှတ် |
| စုစုပေါင်း | ၁၀၀ - မှတ် |

ဘုန်းတော်ကြီး ဒေါက်တာရှိမှန်ဘီဘင်ထူး



# သန့်ရှင်းသောကားတိုင်စမ္မတက္ကသိုလ်တွင် ၁၉၉၈-၂၀၀၂ ခုနှစ်အတွင်းအသုံးပြုခဲ့သော Credit System

နိဒါန်း

၁။ သန့်ရှင်းသောကားတိုင်စမ္မတက္ကသိုလ်တွင် Credit System ဖြင့်
သင်ကြားရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။
ထို့ကြောင့် ပညာရည်စစ်ဆေးတိုင်းတာအကဲဖြတ်ခြင်းကို Credit
Unit နှင့် Exam Grade များအပေါ်အခြေခံ၍ စစ်ဆေးတိုင်းတာ
ပါသည်။



**Credit ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် (Definition of Credit)**

၂။ စာသင်ချိန်တစ်ချိန်လျှင် မိနစ် (၅၀)သတ်မှတ်ပြီး၊ ထိုမိနစ် (၅၀)ကြာသော စာသင်ချိန်ပေါင်း (၃၅)ချိန်
ပြည့်ပါက One Credit ဟု သတ်မှတ်သည်။ သို့မဟုတ် အတန်းတက်ရောက်ချိန်နှင့် ကိုယ်ပိုင်စာလေ့လာချိန်
စုစုပေါင်း (၄၅)နာရီကြာသော ကာလအပိုင်းအခြားတစ်ခုကို One Credit ဟု သတ်မှတ်သည်။ ထိုသင်ယူရသော
ကာလမှာ များသောအားဖြင့် (၁၀)ပတ် သို့မဟုတ် (၁၅)ပတ်ကြာပါသည်။

**Semester အလိုက် သင်တန်းချိန် သတ်မှတ်ခြင်း**

၃။ သန့်ရှင်းသောကားတိုင် စမ္မတက္ကသိုလ်တွင် စာသင်ပတ် Semester အလိုက် သင်တန်းများပို့ချပေးလျက်
ရှိပါသည်။ Semester တစ်ခုတွင် (၄)လသတ်မှတ်၍ သင်ကြားချိန်အနည်းဆုံး (၁၇)ပတ် ရှိရပါမည်။
ထို့ကြောင့် သင်တန်းသားတစ်ဦးသည် ပထမစာသင်ပတ် First Semester (၄)လ သင်တန်းတက်ရောက်ပြီး
စာမေးပွဲ ဖြေဆိုရပါမည်။ သတ်မှတ်ထားသော အရည်အချင်းပြည့်မီပါက ဒုတိယစာသင်ပတ် Second
Semester ကို (၄)လ တက်ရောက်ပြီး အောင်မြင်ပါက သင်တန်းနှစ်တစ်နှစ် ပြီးဆုံးသည်ဟု သတ်မှတ်ပါသည်။
အကယ်၍ သင်တန်းသားတစ်ဦးသည် ပထမစာသင်ပတ် First Semester စာမေးပွဲတွင် သတ်မှတ်ထားသော
အရည်အချင်း မပြည့်မီပါက ဆက်လက်သင်ယူရန် မဖြစ်နိုင်တော့ဟု သတ်မှတ်ပါသည်။

၄။ သင်တန်းသားတစ်ဦးသည် Semester တစ်ခုပြီးတိုင်း ဖြေဆိုရမည့် စာမေးပွဲများတွင် (၂)ဘာသာ ကျရှုံးခဲ့လျှင်
အားလုံးပြန်ဖြေဆိုရန်မလိုဘဲ ကျရှုံးသည့်ဘာသာရပ်ကိုသာ နောက်ဆက်တွဲစာမေးပွဲ ပြန်ဖြေရမည်ဖြစ်ပါသည်။
(၂) ဘာသာအထက် ကျရှုံးပါက အရည်အချင်းပြည့်မီသူမဟုတ်ဟု သတ်မှတ်ပြီး ကျရှုံးသည်ဟုသတ်မှတ်
ပါသည်။ နောက်ဆက်တွဲစာမေးပွဲ ဖြေဆိုရမည့်ဘာသာနှင့်အချိန်ကို သင်ကြားရေးတာဝန်ခံမှ သတ်မှတ်ပေးပါမည်။

၅။ သန့်ရှင်းသောကားတိုင် စမ္မတက္ကသိုလ်၏ ပညာရည် အစဉ်အမြဲမြင့်မားစေရန်အတွက် စည်းမျဉ်းစည်းကမ်း
သတ်မှတ်ချက် Grade Point Average ထားရှိရန် လိုအပ်သည်။ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်
Grade Point Average "၂.၇" ရမှသာလျှင် စာမေးပွဲအောင်မြင်သည်ဟု သတ်မှတ်ရပါမည်၊ သို့သော်လည်း
စီမံအုပ်ချုပ်ရေးကော်မတီနှင့် သင်ကြားရေးတာဝန်ခံတို့၏ ဆုံးဖြတ်ချက်အရ G.P.A 2.00 ရလျှင်
Conditional Pass သတ်မှတ်၍ အအောင်ပေးနိုင်ပါသည်။

၆။ သင်တန်းသားတစ်ဦးသည် သင်တန်းနှစ် (၁)နှစ် အောင်မြင်ရန် ပထမစာသင်ပတ် First Semester တွင်
ဖြေဆိုခဲ့သည့် ဘာသာရပ်များ၏ Grade Point Average၊ ဒုတိယစာသင်ပတ် Second Semester
တွင် ဖြေဆိုခဲ့သည့် ဘာသာရပ်များ၏ Grade Point Average နှင့် Field Education ၏ Grade
Point Average များကို ပေါင်း၍ (၃)နှင့်စားပြီး Comprehensive Grade Point Average
(C.G.P.A) ကို ရှာရမည်။ (C.G.P.A)သည် ၂.၇ ရှိလျှင် ရှင်းရှင်းအောင်မြင်ပါသည်။

**စာသင်ပတ်များ (Semester) အတွက် Credit Unit သတ်မှတ်ခြင်း**

၇။ စာသင်ပတ် Semester တစ်ခုတွင် ဖြေဆိုရမည့် ဘာသာရပ်များအတွက် အတန်းတက်နှုန်းနှင့် ဝတ်ပြုချိန်များ
အရ Credit Units သတ်မှတ်ပေးရပါမည်။ 4 Credit Units ရှိသော ဘာသာရပ်များအတွက် စာသင်
ချိန်သည် (၇၅)ချိန် ရှိပါမည်။

**Credit Units အတွက် အတန်းတက်ခြင်းနှင့် ဝတ်ပြုချိန်များအရ သတ်မှတ်ခြင်း**

| | | |
|---|---|---|
| စဉ် | အတန်းတက်ချိန်ရာနိုင်နှုန်း | အတန်းတက်ရမည့်အချိန် | Credit Units |

| | | | |
|---|---|---|---|
| ၁ | ၉၅% - ၁၀၀% | ၈၀ချိန်နှင့် ၈၀ချိန်နှင့်အထက် | 4 Credit Units |
| ၂ | ၉၀% - ၉၄% | ၇၆ချိန်နှင့် ၇၉ချိန် အထိ | 3 Credit Units |
| ၃ | ၈၅% - ၈၉% | ၇၂ချိန်နှင့် ၇၅ချိန် အထိ | 2 Credit Units |
| ၄ | ၈၀% - ၈၄% | ၆၈ချိန်နှင့် ၇၁ချိန် အထိ | 1 Credit Units |

**Grade သတ်မှတ်ခြင်း**

၈။ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်တွင် တစ်ဘာသာချင်းအလိုက် စာမေးပွဲရမှတ်များကို အဆင့်ရမှတ်ကိန်း (Grade Number) များသို့ ပြောင်းလဲသတ်မှတ်ပေးရပါမည်။

**စာမေးပွဲရမှတ်ကိန်းများကို အဆင့်ရမှတ်ကိန်း (Grade Number)များအဖြစ် ပြောင်းလဲသတ်မှတ်ပုံပြဇယား**

| No. | Marking range | Grade No. | Letter Grade | Meaning |
|---|---|---|---|---|
| 1. | 96% - 100% | 5 | A+ | |
| 2. | 91% - 95% | 4 | A | Exceptional Work |
| 3. | 86% - 90% | 3.7 | A- | |
| 4. | 81% - 85% | 3.3 | B+ | |
| 5. | 76% - 80% | 3 | B | |
| 6. | 71% - 75% | 2.7 | B- | Good Work |
| 7. | 66% - 70% | 2.3 | C+ | |
| 8. | 61% - 65% | 2 | C | |
| 9. | 56% - 60% | 1.7 | C- | Average Work |
| 10. | 51% - 55% | 1 | D | Doubtful Work |
| 11. | 0% | 0 | F | Failure |

**Grade Point Average တွက်ယူခြင်း**

၉။ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်တွင် သင်ကြားရမည့် ဘာသာရပ်အလိုက် Credit Unit သတ်မှတ်ထားခြင်း ရှိပါသည်။ တစ်ဘာသာချင်းအလိုက် အဆင့်ရမှတ်ကိန်း (Grade Number) နှင့် (Credit Unit) သိရှိပြီးလျှင် ယင်းကိန်းနှစ်ခုကိုမြှောက်၍ Grade Point တွက်ယူရပါမည်။ ထို့နောက် Semester အလိုက်စစ်ဆေးခဲ့သည့် ဘာသာအားလုံး၏ Grade Point Averageကို အောက်ပါပုံသေနည်းကိုသုံးပြီး တွက်ယူရပါမည်။

$$GPA = \frac{\Sigma\{\text{Grade No.}\} \times \{\text{Credit Unit}\}}{\Sigma \text{ Credit Unit}}$$

$$GPA = \frac{\Sigma \text{ Grade Point}}{\Sigma \text{ Credit Unit}}$$

**Comprehensive Grade Point Average**

၁၀။ ပထမစာသင်ပတ် (First Semester) ဘာသာ၏ 24 Credits အတွက် G.P.A = 2.5၊ ဒုတိယစာသင်ပတ် (Second Semester) ဘာသာ၏ 24 Credits အတွက် G.P.A = 2.67၊ Field Education 15 Credits အတွက် G.P.A = 3 ရသည်ဆိုပါစို့။

$$GPA = \frac{\Sigma GPA}{3}$$



$$CGAP = \frac{8.15}{3} = 2.72$$

**Grade Point Average နှင့်ပတ်သက်သော သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ စည်းမျဉ်းဥပဒေ**

၁၁။ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်တွင် Grade Point Average အရ ရမှတ်များအပေါ် အခြေခံ၍ စာမေးပွဲ အောင်/ရှုံး ဆုံးဖြတ်ခြင်း၊ ဂုဏ်ထူးဖြင့် အောင်မြင်ခြင်းများကို သတ်မှတ်ပေးရပါမည်။

| No. | G.P.A | Specification | Remarks |
|---|---|---|---|
| 1. | 4 | Distinction | Excellent |
| 2. | 3.7 | Credit | Very Good |
| 3. | 2.7 | Pass | |
| 4. | 2.00 | Conditional Pass | Satisfactory |

**နည်းပြဆရာများအဖြစ် အရည်အချင်းသတ်မှတ်ခြင်း**

၁၂။ သင်တန်းသားတစ်ဦးသည် (၄)နှစ်သင်တန်းတွင် GPA = 3.7 နှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိခဲ့သော် နည်းပြဆရာ၊ ဆရာမအဖြစ် သတ်မှတ်နိုင်သည်။ သို့မဟုတ် ကျောင်းသားတစ်ဦးသည် (၄)နှစ်သင်တန်းတွင် GPA = 4.00 ရရှိပါကလည်း နည်းပြဆရာအဖြစ် သတ်မှတ်နိုင်သည်။

**Modular System**

၁၃။ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်တွင် သင်ကြားရေးစနစ်အဖြစ် Modular System ကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်တွင် Credit Systemကို ထိထိရောက်ရောက်ကျင့်သုံးနိုင်ရေးအတွက် Modular System ဖြင့် သင်ကြားခြင်းကို Credit System ဖြင့် အကဲဖြတ်နိုင်သည်။

၁၄။ လက်ရှိ ကျင့်သုံးနေသော Modular System တွင် ပညာသင်နှစ်တစ်ခုကို Semester (၂)ပိုင်း ခွဲထားပြီး Semester တစ်ခုလျှင် အထူးပြုဘာသာရပ်အလိုက် Module (၆)ခုစီ သင်ယူရပါမည်။ Module တစ်ခုအတွက် ပျမ်းမျှစာသင်ချိန် (၃)နာရီနှင့် စာဖတ်ချိန် (၂)နာရီစီ သတ်မှတ်ထားပါသည်။ Semester တစ်ခုပြီးတိုင်း Module အသီးသီးအတွက် စာမေးပွဲစစ်ဆေးပြီး စာမေးပွဲဖြင့် အောင်/ရှုံး သတ်မှတ်ပါသည်။

**နိဂုံး**

၁၅။ ယခုတင်ပြသွားသောအရာများတို့သည် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ ပညာသင်ကြားရေးကို ထိရောက်အောင်မြင်စေရန်နှင့် ကျောင်းသူ၊ ကျောင်းသားများကို ဓမ္မပညာသင်ပေးရာတွင် ထိရောက်အောင် ဆောင်ရွက်နိုင်ရန် နည်းလမ်းများဖြစ်ပါသည်။ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှ အပ်နှင်းသည့် B.Th Degreeသည် အရည်အချင်းပြည့်ဝသည့် ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်မည် ဖြစ်ပေသည်။

ဘုန်းတော်ကြီးဒေါက်တာရှိမုန်ဘိဘင်ထူး



# ရှာလုမ် အာဆီအာမိန့်ကဏ္ဍ

* Men's natures are alike; it is their habbits that carry them far apart.
လူ့သဘာဝက အတူတူပါ၊ အကျင့်စရိုက်ကြောင့်သာ တစ်ယောက်နဲ့ တစ်ယောက် ကွဲပြားသွားကြတာ။

Confucius

* Everything has its beauty but not everyone sees it.
အလှကိုယ်စီရှိကြတယ် ဆိုသည့်တိုင် ဒါကို လူတိုင်းမမြင်တတ်ကြပေဘူး။

Confucius

* The nearer the church the further from God.
ဘုရားကျောင်းနှင့်နီးလေလေ၊ ဘုရားသခင်နှင့် ဝေးလေလေပဲ။

Bishop Lancelot Andrews

* One should eat to live, not live to eat.
အသက်ရှင်ဖို့ စားတာပဲဖြစ်သင့်တယ်။ စားဖို့အသက်ရှင်တာ မဖြစ်သင့်ဘူး။

Moliere

* The glory of great men must always be measured by the means they have used to obtain it.
ကြီးမြတ်သူတို့ရဲ့ ဂုဏ်သတင်းကျော်စောမှုကို အဲဒီလို ဖြစ်လာအောင် သူတို့ဘယ်လိုလုပ်ခဲ့ကြရတယ်ဆိုတာနဲ့ တိုင်းတာရမှာပဲ။


Frangois

* All rising to Great Place is by a winding stair.
ကြီးမြတ်တဲ့နေရာဆီ လှမ်းတက်ဖို့က ကွေ့ကောက်တဲ့ လှေကားထစ်ပဲ ရှိတယ်။

Francis Bacon

Ref: လူငယ်များသို့စာအုပ်မှ





# အမေပြ ရဲ့ အတွင်းပုံရိပ်

ကိုးလင်း (လေးမြို့) (B.Th II)

ရှေးဦးစွာ အမိဝမ်းထဲမှပင် ဒီဘဝအရွယ်ထိ လမ်းပြပို့ဆောင်ခဲ့တဲ့ အဖဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်တော့်ရဲ့ နာမည်ကတော့ မာကု မျိုးကျော်လင်းလို့ ခေါ်ပါတယ်။ တချို့ကျောင်းနေဖက် ညီအစ်ကို မောင်နှမတွေကတော့ ချစ်စနိုးနဲ့ မျိုးလေး (ဒါမှ မဟုတ်) ကိုမျိုးလို့လည်း ခေါ်ကြသေးတယ်။ ရွာမှာကြတော့ လေးမြို့ ချင်းနာမည်နဲ့ အများအားဖြင့် ခေါ်ကြတယ်။ ကျွန်တော်ဟာ (၉)တန်းပညာသင်ကတည်းက ဘုရားသခင် အမှုတော်ကို ဆောင်ရွက်ရန် ရည်ရွယ်ချက်ထားခဲ့သလို (၁၀)တန်း ပညာအောင်မြင်ပြီး (၂)နှစ်မှာ ဓမ္မပညာဝင်ခွင့် စာမေးပွဲကို (၂)နှစ်တိုင် ဖြေဆိုခဲ့ပါတယ်။ (၂၀၀၇-၂၀၀၈) ဓမ္မပညာစာသင်နှစ်မှာ Holy Cross ကျောင်းတော်ကြီးကို ရောက်ရှိလာခဲ့ပါတယ်။ ကျွန်ုပ်အတွေးမှာတော့ ကျမ်းစာ ကျောင်းတက်တယ်၊ ဘုရားသခင်ရဲ့ အမှုတော်ဆောင်တာ တခြား လုပ်ငန်းထက်ပိုပြီး ပျော်စရာကြီးဖြစ်မယ်ပေါ့။ ကျွန်တော် ကျမ်းစာကျောင်းမတက်ခင် ကျွန်ုပ်ရဲ့ ဘုန်းကြီးက အမြဲပြောဖူးတဲ့ စကားတစ်ခွန်းကတော့ "ဘုရားသခင်ရဲ့ အမှုတော်ဆောင်ဆိုတာ "ဒုက္ခ"တွေကြုံတွေ့ရတိုင်း "သုခ၊ သုခ ..."ဆိုပြီး အမြဲကြိုဆိုလက်ခံနိုင်သူမှသာ ဘုရားသခင့် အမှုတော်ဆောင်ကောင်း ပီသတယ်"တဲ့။ ဘာလို့လည်း ဆိုရင် "ရှေးတမန်တော်ကြီး"တွေဟာ ဒီလိုပဲ အော်ခဲ့ကြတယ်။ ဒါပေမဲ့ ကျွန်တော့်ဘုန်းကြီးပြောတဲ့စကားကို အဓိပ္ပာယ် ဖွင့်လို့မရခဲ့ဘူး။

အဓိကအားဖြင့် သက်သေခံချင်တဲ့အကြောင်းရင်းကတော့ (၂၀၀၈-၂၀၀၉) ဓမ္မပညာစာသင်နှစ်ရဲ့ အဖြစ်အပျက်လေးပါ။ ကျွန်တော်တို့ရဲ့ ဒီနှစ်စာသင်နှစ်ကို ဩဂုတ်လ (၁၃)ရက်မှာ စဖွင့်ခဲ့ကြပါတယ်။ ကျောင်းပြန်ဖွင့်ပြီး တစ်ပတ်မှာ အင်မတန်ကြီးမားတဲ့ ရောဂါတစ်ခု

ခံစားလာပါတယ်။ ကျွန်တော့်ဘဝမှာ ကြီးမားတဲ့ စုံစမ်းခြင်း လို့လည်း ပြောနိုင်ပါတယ်။ ဖြစ်ပုံက (၂)ပတ်တိတိ အဖျား တက်လိုက်ကျလိုက် ဖြစ်နေတဲ့ အခိုက်မှာ "မနိုင်ဆေးခန်း" လို့ခေါ်တဲ့ ဆေးခန်းတစ်ခုမှာ (၂)ပတ်ဆေးကုခဲ့ပါတယ်။ အကောင်းဆုံးဖြစ်အောင် ကုသပေးပေမယ့် ရောဂါဟာ သက်သာခြင်းမရှိဘဲ ပိုပြီး စိုးရိမ်ဖွယ်ရာ ဖြစ်လာပါတယ်။ ဒီလိုအခြေအနေရောက်လာတဲ့အခါမှာ ကျွန်တော်တို့ရဲ့ ကျောင်းအုပ်ကြီး၊ ကျွန်တော်တို့ရဲ့ ကျောင်းသားရေးရာ တာဝန်ခံတို့မှညှိနှိုင်းပြီး အနောက်ပိုင်းဆေးရုံကြီး၌ ဆေးကုသစေခဲ့ပါတယ်။ အနောက်ပိုင်းဆေးရုံကြီးမှာလည်း (၂)လ ဆေးကုရပါတယ်။ ရောဂါဟာ တစ်မျိုးတည်းမဟုတ်ဘဲ အသားဝါရောဂါ၊ သွေးအားနည်းတဲ့ရောဂါ၊ ငှက်ဖျားရောဂါ စတဲ့ ရောဂါပေါင်းစုံဖြစ်နေတယ်။ အဖျားကလည်း ပုံမှန် ၁၀၄˚ မှ ၁၀၅˚ အထိ တက်နေတယ်။ (၂)ပတ်တိတိ အိပ်လို့လည်းမရ၊ စားလို့လည်းမရ၊ ရေနဲ့ပဲ အသက်ရှင်ခဲ့ပါတယ်။ တစ်နေ့မှာ ရေ (၆)လီတာ၊ (၇)လီတာ သောက်ရပါတယ်။ မသောက်ချင်ပေမယ့် သောက်ရတာပေါ့။ သွေးလည်း (၅)ပုလင်းတိတိ သွင်းရပါတယ်။ သွေးရောဂါ ဖြစ်တဲ့အတွက် သွေးစစ်ရတာလည်း အကြိမ်ပေါင်း များစွာပေါ့။ သွေးတစ်မျိုးစစ်ရင် ကျပ်တစ်သောင်းမှအထက် ရှိနေတယ်။ ကိုယ့်ကိုယ်ကို မျှော်လင့်ချက်မရှိတော့တာလည်း ညပေါင်း



နေ့ပေါင်းများစွာ ရှိပါတယ်။ အနောက်ပိုင်း ဆေးရုံမှဆင်းပြီးတော့ (၁)လတိတိ ရန်ကုန်ဆေးရုံကြီးမှာ ဆေးကုရပြန်တယ်။ ဒါပေမဲ့ ကျွန်တော်ရဲ့ မျှော်လင့်ချက်တွေဟာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် ပြန်လည်ရှင်သန်လာခဲ့ပါတယ်။ ဒီအဖြစ်ပျက်တွေအားလုံးဟာ ကျွန်တော့်ရဲ့ ဘဝ တစ်ခုလုံး အတွက် မေ့မရတဲ့ အဖြစ်ပျက်လေးပါ။ စောစောက ကျွန်တော့ဘုန်းကြီးပြောခဲ့တဲ့ စကားဟာ အခုချိန်မှာ နားလည်လာခဲ့ပါတယ်။ သခင်ခရစ်တော်ပြောခဲ့သလိုပဲ ဘုရားသခင်အမှုတော်ဆောင်အားလုံးဟာ ကိုယ့်လက်ဝါး ကပ်တိုင်ကို ထမ်းနေကြတာပဲမဟုတ်လား။ ဒီအဖြစ်အပျက် လေးမှာ လုပ်ဖော်ဆောင်ဖက်ဖြစ်ကြတဲ့ ညီအစ်ကို၊ မောင်နှမ တွေရဲ့ မြတ်နိုး၊ ယုယမှုတွေလည်း ခံစားရရှိပါတယ်။

ကျွန်ုပ်အတွက် ဆုံးရှုံးမှုတွေ ရှိခဲ့ပေမယ့် သူတစ်ပါးရဲ့ မြတ်နိုးယုယမှုကို ခံစားရတဲ့အခါ မေတ္တာရဲ့ အနှစ်သာရ သဘောတရားတွေကိုလည်း ပိုနားလည် လာပါတယ်။ သူတစ်ပါးရဲ့ မေတ္တာ စေတနာကို ခံစားရ သလို တစ်ဖက်မှာ ကိုယ်က သူတစ်ပါးကို ပြန်လည် ကူညီမယ့်နည်းလမ်း။ သင်ခန်းစာ ရရှိမှုတွေအတွက် ယုံကြည်ခြင်းအားအင်တွေ လည်း ဖြစ်ပါတယ်။ ဘဝမှာ သူတစ်ပါးရဲ့ မေတ္တာကို မခံစားဖူးတဲ့ လူတစ်ယောက်ဟာ သူတစ်ပါးရဲ့အခက်အခဲ၊ အားနည်းချက်တွေကို သိပြီး ကိုယ်ချင်းစာနာမှု ရှိမှာမဟုတ်ပါဘူး။ အတွေ့အကြုံနည်းတဲ့လူဟာလည်း အင်မတန်ကြီးမားတဲ့ ဘဝ မုန်တိုင်းတွေ တိုက်ခတ်လာချိန်မှာ ဘဝကို အရှုံးပေးတတ်မှာပါ။ ဆုံးရှုံးမှုတွေ တွေ့ကြုံရပေမယ့် ခံစားရတဲ့ မေတ္တာတွေဟာ တန်ဖိုးမဖြတ်နိုင်ဘူး။ သူတစ်ပါးလည်း မလုယူနိုင် ဘူး။ ကျွန်ုပ်ရဲ့ခန္ဓာကိုယ်ဟာ ကိုယ်လိုချင်သလို ကိုယ်ဖြစ် ချင်သလို စိတ်ကြိုက်ပုံသွင်းယူလို့မရပါဘူး။ ဒီခန္ဓာကိုယ်ဟာ ကျွန်ုပ်ကြိုက်ချင်လည်းကြိုက်မယ်၊ မုန်းချင်လည်းမုန်းမယ်၊ ဒါပေမဲ့ ဒီတစ်ဘဝအတွက်တော့ ဒီခန္ဓာကိုယ်ဟာ ကျွန်ုပ်ရဲ့ ခန္ဓာကိုယ်ပါပဲ။ ဒီအရာတွေဟာ အဆုံးမရှိ သင်ယူမှုတွေ ဖြစ်ပါတယ်။ "The failed experiments are much a part of the process as the experiments that ultimately works." အရာရာတိုင်းအတွက် လက်တွေ့ဖော်ဆိုတာ ဖန်ဆင်းရှင်တစ်ပါးတည်းသာရှိတယ်။ ❑





# စိုးရိမ်ကြောက်ရွံ့ခြင်းမှ လွတ်မြောက်စေသောအရှင်

ဆလိုင်းမောင်ဟိန် (B.Th III)
(ညောင်လုံတိုး)

ကျွန်တော့်ကို ဆင်းရဲတဲ့ ရပ်ကွက်လေးမှာ မွေးဖွားခဲ့ပါတယ်။ ကျွန်တော့်အမေသည်လည်း ကျွန်တော် ဘာမှမသိတတ်သေးသည့်အရွယ်ကပင် ကွယ်လွန်ခဲ့ပြီး အဖေမှာလည်း နောက်အိမ်ထောင်နှင့်မို့ အစ်မသုံးယောက်၏ လက်ဝယ်တွင် ကြီးပြင်းခဲ့ရပါတယ်။ ကျွန်တော်တို့၏ ပြင်းထန်လှသည့် ဘဝမုန်တိုင်းကြောင့် မျှော်လင့်ချက်ကင်းမဲ့သည့်ဘဝအဖြစ်သို့ ရောက်ရှိခဲ့ကြပါတယ်။ ထို့ကြောင့် ကျွန်တော်သည် ငယ်စဉ်ကလေးဘဝကတည်းက မိခင်မေတ္တာ၊ ဖခင်မေတ္တာကို အပြည့်အဝမရရှိခဲ့ပါ။ ထိုကဲ့သို့ ပြင်းထန်သော ဘဝမုန်တိုင်းဒဏ်တွေကြောင့် ကျွန်တော့်စိတ်ထဲတွင် စိုးရိမ်ခြင်း၊ အားငယ်ခြင်း၊ ကြောက်ရွံ့ခြင်းများသည် အမြစ်တည်ခဲ့ရပါတယ်။ "ဒီလောကကြီးမှာငါ့အတွက် ဘယ်လိုအရာကမှ နှစ်သိမ့်မှုပေးနိုင်မှာလဲ" ဒီလိုအခြေအနေနဲ့ တစ်ဆယ့်ငါးနှစ်လောက် ကြာခဲ့ပါတယ်။

ကျွန်တော့်အသက်တာမှာ ကျဆုံးမှုတွေအမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ကျဆုံးမှုတွေ ကြုံရလေတိုင်း စိုးရိမ်စိတ်၊ အားငယ်စိတ်တွေ ပိုပြီး ပြင်းထန်လာပါတယ်။

ကျွန်တော်ဆယ်တန်းကို အောင်မြင်ပြီးနောက် စိုးရိမ်စိတ်၊ ကြောက်ရွံ့စိတ်တွေ၊ အားငယ်စိတ်တွေ သက်သာရာရလိုရငြား မျှော်လင့်ချက်ဖြင့် ဓမ္မတက္ကသိုလ်ကို ရောက်ရှိခဲ့ပါတယ်။ ကျွန်တော်၏မျှော်လင့်ချက်တွင် ကျမ်းစာ ကျောင်းသည် ကျွန်တော်၏စိုးရိမ်စိတ်တွေကို သက်သာစေမယ့် ကောင်းကင်နိုင်ငံလေးလို့ သတ်မှတ်မိပါတယ်။ ဒါပေမဲ့ ကျမ်းစာကျောင်းရောက်သည့်အခါတွင်လည်း ကျွန်တော့်အတွက် အရာအားလုံးဟာ အသစ်အဆန်းတွေဖို့ ပိုပြီး ကြောက်ရွံ့စိတ်တွေဖြစ်လာပြန်တယ်။ ထို့ကြောင့် ၂၀၀၆ခုနှစ်၊ ပထမနှစ် တစ်နှစ်လုံး ကြောက်ရွံ့ခြင်း၊ အားငယ်ခြင်း၊ စိုးရိမ်ခြင်းနဲ့ပဲ အသက်ရှင်ခဲ့ရတယ်။ ထိုကဲ့သို့ အားငယ်တတ်သည့်စိတ်ကို ပျောက်ကင်းနိုင်ရန် ဘုရား သခင်ထံ အကူညီယူပြီး အကြိမ်ကြိမ်ဆုတောင်းခဲ့ဖူးပါတယ်။ "သို့သော်အဖြေမရခဲ့ပါ။"

ဒီလောကကြီးမှာ

ငါ့အတွက်

ဘယ်လိုအရာကမှ

နှစ်သိမ့်မှု

ပေးနိုင်မှာလဲ

၂၀၀၇ ခုတိယနှစ်သို့ ရောက်လာခဲ့ပါတယ်။ ထိုသို့ ဒုတိယနှစ်ရောက်လာသည့်အခါတွင်လည်း စိတ်ထဲတွင် ရှိမြဲနေသည့် စိုးရိမ်စိတ်တွေ ပျောက်ကင်းရန်အတွက် ဆုတောင်းခြင်းဖြင့် ကြိုးစားပြန်ပါတယ်။ ဒီလိုနဲ့ သံသရာလည်နေလိုက်တာ ၂၀၀၇ခုနှစ် ဇီဝင်ဘာလလောက်မှာ တနင်္ဂနွေနေ့ နံနက်ဝတ်အပြီး အသင်းတော်အိမ်တစ်အိမ်မှာ ကျေးဇူးတော်ချီးမွမ်းခြင်း ဝတ်ပြုခြင်းမှာ ဆရာတစ်ယောက်၏ တရားဒေသနာသည် ကျွန်တော်၏နှလုံးသားကို တိုက်ရိုက်ထိသွားခဲ့ပါတယ်။ "မစိုးရိမ်နှင့်၊ ငါသည်သင့်ဘက်မှာရှိ၏။ မကြောက်နှင့်၊ သင်၏ဘုရားသခင်ငါသည် သင့်ကို ခိုင်ခံ့စေမည်။ သင့်ကို စောင့်မမည်။ ငါ့သစ္စာလက်ျာလက်ဖြင့် ထောက်ပံ့မည်။" (ဟေရှာယ ၄၁:၁၀) ဆိုတဲ့ကျမ်းချက်ကို အခြေခံပြီး ဟောခဲ့ပါတယ်။ အဲဒီဟောချက်ဟာ ကျွန်တော့်အတွက် သီးသန့်ဖြစ်တယ်လို့ ခံယူမိပါတယ်။ ပြီးတော့ ကျမ်းချက်လေးကို အလွတ်ကျက်ခဲ့ပါတယ်။ ကိုယ်ပိုင်ကျမ်းချက်အဖြစ် မှတ်ယူလိုက်ပါတယ်။ ကျေးဇူးတော်ချီးမွမ်းခြင်းဝတ်ပြုပြီးတဲ့အခါမှာလည်း ထိုကျမ်းချက်ကို ပေးခဲ့တဲ့ဆရာကို ကျေးဇူးတင်တဲ့စိတ်ဖြင့် လက်ဆွဲနှုတ်ဆက်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး (၁၅)နှစ်လုံး အမြစ်တည်ခဲ့တဲ့ စိုးရိမ်စိတ်ပျောက်ကင်းခဲ့ပါတယ်။ ပြီးတော့ စိတ်လည်း သက်သာရာ ရခဲ့ပါတယ်။ အဲဒီနေ့ကစပြီး စိုးရိမ်စိတ်၊ ကြောက်ရွံ့စိတ်၊ အားငယ်စိတ်များ ကိန်းအောင်းသည့်နေရာတွင် ပျော်ရွှင်ဝမ်းမြောက်ခြင်းများဖြင့် အစားထိုးနိုင်ခဲ့ပါတယ်။

ထို့ကြောင့် လောကနှင့် လူရယ်လို့ဖြစ်လာသည့်အခါတွင် စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ အားငယ်ခြင်းများသည် အနည်းနှင့်အများ ကြုံရမည်မှာ ဓမ္မတာပင် ဖြစ်ပါမည်ဆိုလျှင် ကျွန်တော်တို့၏ ဘဝအသက်တာသည် စိုးရိမ်ခြင်း၊ ကြောက်ရွံ့ ခြင်းတို့တွင် နစ်မွန်းတိုးတက်သင့်သလောက် မတိုးတက်၊ ကြီးပွားသင့် သလောက် ကြီးပွားနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် စိုးရိမ်ကြောက်ရွံ့ ခြင်းတွေ ကြုံရသည့်အခါတိုင်း (ဟေရှာယ ၄၁:၁၀)ကို ဖတ်ကြည့်လိုက်ပါ။ သင်၏ ဘဝအသက်တာအတွက် ခွန်အား အင်အား ဖြစ်မည်ဟု မျှော်လင့်မိပါသည်။



# အားပေးမှု

လှိုင်လှိုင်

ကျွန်မကတော့ တောင်ငူသာသနာပိုင်နယ်၊ ပြူးချောင်းဘုန်းကြီးပိုင်နယ်၊ ရှင်ယုဒအသင်းတော်၊ ရွာကြီးရွာ၌နေထိုင်သော အင်္ဂလီကန်အသင်းသူတစ်ဦးဖြစ်ပါတယ်။ ဤသို့ သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ် တက်ရောက်ခွင့်ရတဲ့အတွက် ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။

ကျွန်မသည် ငယ်စဉ်ကတည်းက အရမ်း ချစ်ခင်သော သမီးတစ်ဦးဖြစ်ပြီး မိဘအား အမြဲဒုက္ခပေးခဲ့သော သမီးတစ်ဦးဖြစ်ပြီး မိဘအား အမြဲဒုက္ခပေးခဲ့ လည်း ယုံကြည်မှုနိမ့်သောသော ဆရာ၊ မိဘများ၏ ဆုတောင်း မေတ္တာပို့သခြင်းကြောင့် ပကတိကျန်းမာခြင်းကို ရရှိလာခဲ့ပါတယ်။

ကျွန်မရဲ့ အသက်တာမှာ ဘုရားရဲ့အလိုတော်အတိုင်း အသက်ရှင်နိုင်ရန် အမြဲလမ်းညွှန်ပြသပေးသူမှာ ကျွန်မအား ကိုးလလွယ်ဆောင်လာခဲ့သူ မေတ္တာရှင်ဖြစ်သော "အမေ" ဖြစ်ပါတယ်။ အမေသည် ဘယ်လိုအခြေအနေမျိုးမှာပဲ ကျွန်မအတွက် စံနမူနာယူထိုက်သော "စံပြ ခေါင်းဆောင်" (a good leader) တစ်ဦးပင်ဟု ဖော်ညွှန်းချင်ပါသည်။

ကျွန်မသည် ပညာရေးတွင် ကြိုးစားအားထုတ်မှု လျော့နည်းခဲ့၍ (၁၀)တန်းကို (၂)နှစ်ဆက်တိုက်မအောင်မြင်ခဲ့ပေ။ ထိုသို့မအောင်မြင်မှုကြောင့် အရမ်းစိတ်ဓာတ်ကျခဲ့ပါတယ်။ အဲဒီအချိန်မှာ အမေက ကျွန်မကို နှုတ်ကပတ်တော် (သုတ္တံ ၅:၁၀)တွင်ဖော်ပြသည့် "အရာရာ၌ ကျေးဇူးတော် ချီးမွမ်းပါ" ဟူ၍ အားပေးခဲ့ပါသည်။ အမေရဲ့ ဆုံးမမှုသည် ချိုမြိန်သော ပျော်ရည်တစ်ခွက်ကို သောက်ရသည့် အလား ခံစားမိခဲ့ပါတယ်။


အမေသည် ကျွန်မအား ဆိုဆုံးမှာ "သမီးရယ် လူ့ဘဝမှာ ဘယ်လောက်ပဲ ရုန်းကန်ခဲ့တွေ တွေ့ကြုံရင်ဆိုင်ရပါစေ ဘုရားကို ယုံယုံကြည်ကြည် မျှော်လင့်ခြင်းအပြည့်နဲ့ အသက်တာမှာ ဆက်ကပ်သွားမယ်ဆိုရင် ဘုရားရှင်က ဘယ်တော့မှ ပစ်ပယ်မထားပါဘူး" ဟူ၍ အားပေးခဲ့ပါတယ်။

အမေရဲ့ အားပေးမှုကြောင့် ကျွန်မသည် ဘုရားသခင်ကို ကတိပေးခဲ့ပါတယ်။ (၁၀)တန်းအောင်ခဲ့ပါက ဘုရားရှင်၏ အစေခံအမှုတော်ဆောင်တစ်ဦးလုပ်မည်ဟူ၍ ကတိပေးခဲ့တယ်။ ဤသို့ ကြိုးစားရန်ကာန်ရင်းဖြင့် (၁၀)တန်း အောင်မြင်ခဲ့သောအခါ သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်ကျောင်းတော်သို့ တက်ရောက်ခွင့် ရခဲ့ပါတယ်။ ကျွန်မခံယူထားသော အစေခံခေါင်းဆောင်မှုဆိုသည်မှာ အခြားသူများအတွက် တစ်စုံတစ်ခုလုပ်ပေးခြင်းသာမက အခြားသူများနှင့်အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းဟူ၍ ခံယူမိပါသည်။

ကျွန်မသည် ဓမ္မတက္ကသိုလ်သို့ တက်ရောက်ခွင့်ရသောအခါ အရမ်းပင်စိတ်လှုပ်ရှားမိခဲ့ပါတယ်။ လူတွေရဲ့ နှလုံးသားတစ်ချက်နှုန်းမျိုးစုံကို ဖတ်ခဲ့ပြီး ထိုအထဲမှ ပျော်ရွှင်မှုကို ဖန်တီးယူခဲ့ရတယ်။ ကျွန်မဘဝအမှောင်ထု ထဲ၌ အကြိမ်ကြိမ် လဲကျခဲ့သော်လည်း ဘုရားရှင်၏ နွေးထွေးသော မေတ္တာစစ်ကြောင့် အမှောင်ထုထဲမှ အလင်းပေါ်ပိုင်ရှင်ကို အမှန်တကယ်ပင် ရှာဖွေတွေ့ရှိခဲ့ပါသည်။

ဘုရားသခင်ရဲ့ အမှုတော်ဆောင်ခြင်းသည် ယန်းခင်းလမ်းမဟုတ်သော်လည်း ဆူးခင်းလမ်းဟု မဆိုနိုင်ပါ။ ထို့ကြောင့် ဘယ်လိုအခြေအနေမျိုးရောက်ရှိပါစေ ကျွန်မသည် သစ္စာရှိသော အစေခံအမှုတော်ဆောင်တစ်ဦးဖြစ်ရန် ကြိုးစားဆက်ကပ်မည်ဟူ၍ ဆန္ဒပြုခဲ့ပါသည်။ ခရစ်တော်ကို စံနမူနာယူ၍ ကြိုးစားရမည်ပင် ဖြစ်ပါသည်။ ဘုရားကို ယုံကြည်သူတိုင်းသည် အမှုတော်ဆောင်များ ဖြစ်ကြပါသည်။ ချစ်လှစွာသော မိတ်ဆွေအပေါင်းတို့ရှင် ဘုရားသခင်ကို အမှန်တကယ် စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်အားကိုးပါ။ နှုတ်ကပတ်တော်ကို ဖတ်ရှု၍ ဆုတောင်းပတ္ထနာပြုပါ။ ဘုရားရှင်ကို အကျွမ်းတဝင်မိတ်သဟာယဖွဲ့နိုင်ကြပါစေ။

## မျှော်လင့်စရာကင်းမဲ့ရာမှ ကျေးဇူးတော်ခံစားရတဲ့ ကျွန်တော့်ဘဝ



ဆလိုင်းဇေနောက် (B.Th II)

ဦးစွာ သက်သေခံခွင့်ရတဲ့အတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်တော်က စစ်တွေ သာသနာပိုင်နယ်၊ ရှင်သတေဖန်ဘုန်းကြီးပိုင်နယ်၊ မြင့်သောင်ရွာမှ ဖြစ်ပါတယ်။ သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်မှာ ဒုတိယနှစ်တက်ရောက်နေပါတယ်။ ယခု ကျွန်တော်သက်သေခံလိုသည်မှာ မျှော်လင့်စရာမရှိရာမှ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သို့ တက်ရောက်ရခြင်းသည် ဘုရားသခင်၏ ကူညီမစမှုပင် ဖြစ်သည်ကို ဝေမျှသက်သေခံခြင်း ဖြစ်တယ်။

ကျွန်တော်သည် အမေနဲ့သာနေပါတယ်။ ကျွန်တော်၏အဖေသည် ၂၀၀၁ခုနှစ်၊ မတ်လ နံနက် (၇)နာရီလောက်တွင် လောကကြီးမှ စွန့်ခွာသွားခဲ့ပါတယ်။ ထိုအချိန်တွင် ကျွန်တော်သည် ပဉ္စမတန်းအရွယ်ဖြစ်ပါတယ်။ မိသားစုအတွင်းမှာ စား၊ ဝတ်၊ နေရေးကလည်း အဆင်မပြေခဲ့ပါ။ အမေက အစစအရာရာ လုပ်ဆောင်ရပါသည်။ ဤကဲ့သို့ စားရေး ဝတ်ရေး အဆင်မပြေမှုဖြစ်နေသောအခါ ပညာရေးမှာ အဝေးကြီးသာလျှင် ဖြစ်လေတော့မည်။ သို့သော်လည်း အမေက သားလေးမျက်နှာမငယ်ရအောင် ဆို၍ ပညာသင်နိုင်းပါတယ်။ အမေက နေ့၊ မိုးရွာမရှောင်၊ သားလေးအတွက် ပို၍အလုပ်လုပ်ပါတယ်။ ကျွန်တော်သည် အတန်းထဲတွင် ပထမ၊ ဒုတိယအမြဲတမ်းရရှိခဲ့သည်။ ဤသို့ "ဆု" ရခြင်းမှာ ဘုရားသခင်၏ ကျေးဇူးတော်ခံစားရခြင်း ဖြစ်သည်။ ညဘက် အိပ်ရာဝင်ခါနီး ဆုတောင်းပြီး အိပ်ပါတယ်။အမေ၏ အမြဲတမ်းခွန်အားပေးသည့်စကားမှာ "အနာခံမှ အသာစံမည်"ဟု ပြောခြင်းဖြစ်သည်။

ဤကဲ့သို့ တစ်နှစ်တစ်တန်းအောင်မြင်ပြီး၊ (၁၀)တန်းရောက်သောအခါ ကျွန်ုပ်အတွက် ပို၍အခက်အခဲတွေ့ရပါတယ်။ တစ်ဘက်မှာ ကျူရှင်ခနှင့် တစ်ဘက်မှာက စားစရိတ်များနှင့် တွေ့ကြုံရသည်။ ဤကဲ့သို့အခက်အခဲများ တွေ့ကြုံရသော်လည်း ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်းအားဖြင့် အောင်မြင်မှုရရှိခဲ့ပါတယ်။ ဤကဲ့သို့ အခက်အခဲများကို ကျော်ဖြတ်နိုင်ရခြင်းမှာ ခရစ်တော်အားဖြင့် တတ်စွမ်းအောင်မြင်ခြင်းသာ ဖြစ်ပါတယ်။ (ဖိလိ ၄:၁၃)တွင် "ငါ့ကို ခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏" ဟု ရေးသားထားသည်။ ကျွန်တော်တို့၏အသက်တာတွင်လည်း အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်ရခြင်းသည် မိမိခွန်အားနှင့် တတ်နိုင်ခြင်းမဟုတ်သည်ကို သတိပြုရန် လိုအပ်လိမ့်မည်။ ကျွန်တော်၏အသက်တာမှာ မျှော်လင့်စရာကင်းမဲ့တဲ့ဘဝမှ သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်သို့ တက်ရောက်ရခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော်ခံစားရခြင်း ဖြစ်ပါတယ်။ လူတိုင်း၏အသက်တာတွင် ကျေးဇူးတော်ခံစားရကြမည်ဖြစ်ပြီး ၎င်းကျေးဇူးတော်ကို ရေတွက်ရင်း အသက်တာကို ဘုရားသခင်ထံ အပ်နှံကြပါစို့ဟု ဝေမျှသက်သေခံလိုက်ပါတယ်။☐



## စုံစမ်းခြင်းအားဖြင့် ရင့်ကျက်ပါ

ကိုမိုးမြေမှုစတီဗင်

စုံစမ်းခြင်းနဲ့ပတ်သက်ပြီး အနည်းငယ်သက်သေခံဝေငှခွင့်ရတဲ့အတွက် ဦးစွာဘုရားသခင်ကို ချီးမွမ်းပါတယ်။ သာသနာပိုင်နယ်အသီးသီးမှာရှိကြတဲ့ (Shalom) ရှာလုမ်စာဖတ်ပရိသတ်များကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်က ဝေးလံသောဒေသမှ ဘုရားသခင်ရွေးချယ်ခေါ်တော်မူခဲ့တဲ့ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် ဒုတိယနှစ်ကျောင်းသားဖြစ်ပါတယ်။ တကယ်တော့ ဒီ (Holy Cross Theological College) မှာ ၂၀၀၆ ခုနှစ်၊ မေလ (၁၅)ရက်ကတည်းက ပထမနှစ်ကျောင်းသား တစ်ဦးအဖြစ် ရောက်ရှိခဲ့ပါတယ်။ ဒီနှစ်နဲ့ဆို ဒီကျောင်းတော်ကြီးမှာ (၃)နှစ်ရှိပါပြီ။ ဒါပေမဲ့ လက်ရှိ ကျွန်တော်တက်နေတဲ့ အတန်းက ဒုတိယနှစ်ပါ။

အကြောင်းကတော့ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် နှစ်ဝက်စာမေးပွဲမှာ ကျွန်တော်လက်ဖဝါးပေါ်မှာ လူနာမည် သုံးလုံးရေးလိုက်ခြင်းအားဖြင့် ကျောင်းတစ်နှစ် အနားခံခဲ့ရတယ်။ တကယ်တော့ ဒါတွေဟာ ကျွန်ုပ်အမှားပါလို့ အဲဒီရှာလုမ်မဂ္ဂဇင်းမှတဆင့် ထပ်လောင်းဝန်ခံပါရစေ။ အဲဒီအချိန်မှာ ကျွန်တော်ဘယ်လိုမှ ခံစားလို့မရဖြစ်ခဲ့တယ်။ မိသားစုကျွန်တော်ရွာကိုရောက်ရင် ဘယ်လိုဖြေရှင်းမလဲ၊ ရွာရောက်တော့ မိဘနှင့်ကို ဘယ်လိုပြောမလဲ စသဖြင့်ပေါ့။ ဒါပေမဲ့ ထင်သလောက်ဇနီးသည်ကို ရင်ဖွင့်ပြောပြတယ်။ ဒါပေမဲ့ (Bishop တနေ့တော့ အဆင်မပြေခဲ့ဘူး။ ဒါပေမဲ့ (Bishop အများကြီးနားလည်ပေးတောင်ရေ့)က ကျွန်ုပ်အပေါ်မှာ အများကြီးနားလည်ပေးခဲ့တယ်။ (Bishop) က လူကြီးပီပီ လူတိုင်းမှာ စုံစမ်းနောက်ယှက်ခြင်းဆိုတာရှိတယ်။ မင်းတစ်ယောက်တည်းမဟုတ်ပါဘူး။ စုံစမ်းခြင်းဆိုတာ လူ့ဘဝအတွက် အသက်တာပြုပြင်ဖို့ ရင့်ကျက်ဖို့ ဘုရားပေးတဲ့အခွင့်အရေးတစ်ခုပဲလို့ ခံယူလိုက်ပါဆိုပြီး နှစ်သိမ့်အားပေးခဲ့တယ်။ ဒီလိုနဲ့ခွန်အားယူပြီး အသင်းတော်ထဲမှာ လက်လုပ်မီသလောက် ပါဝင်ဆက်ကပ်ခဲ့တယ်။ တစ်ခါတလေ အဲဒီအကြောင်းကို စဉ်းစားမိတိုင်း စိတ်မပျော်ဘူး။ အဲဒီအချိန်မှာ (၂တိ ၂:၁)ကို သတိရ လာခဲ့တယ်။ (ငါ့သား သင်သည် ယေရှုခရစ်၌ရှိသော ကျေးဇူးတော်အားဖြင့် ခိုင်ခံ့ခြင်းရှိလော့)ဆိုတဲ့ ကျမ်းအားဖြင့် အသက်တာကို ဆက်လက် ခွန်အားယူခဲ့တယ်။

ဒီကျမ်းချက်က ကျောင်းပိတ်မယ့်ညနေ ကျောင်းအုပ်ဆရာကြီးက ကျောင်းသားအားလုံးနဲ့ တွေ့ဆုံတဲ့အခါ ပြောသွားတဲ့ ကျမ်းချက်ပဲ ဖြစ်တယ်။

ဒါကြောင့် လောကမှာ လူရယ်လို့ အသက်ရှင်လာတဲ့အခါ လူတိုင်း စုံစမ်းခြင်းအရာတွေနဲ့ တစ်နည်းမဟုတ်တစ်နည်း ကြုံတွေ့ကြရမှာပါပဲ။ လောကမှာ လူတိုင်းအားနည်းချက်ကိုယ်စီ ရှိကြတယ်မဟုတ်လား။ လူတိုင်းမပြည့်စုံပါဘူး။ စာရေးဆရာတစ်ဦးက- "သင်ဟာ ဆိုးယုတ်တဲ့လူတစ်ယောက်ဖြစ်ဖို့ စုံစမ်းသွေးဆောင်ခြင်းမခံရဘဲ၊ ကောင်းမြတ်တဲ့သူဖြစ်တယ်လို့ မဆိုနိုင်ဘူး။ သင်ဟာ သစ္စာမဲ့စေတဲ့ အခွင့်အရေးမျိုးကို တစ်ခါမှမရရှိဘဲ သစ္စာရှိတဲ့လူတစ်ယောက်ဖြစ်တယ်လို့လည်း ကိုယ့်ကိုယ်ကို မဆိုနိုင်ဘူး" လို့ ဆိုထားတယ်။ ဒါကြောင့် ဘယ်အရာမဆို စုံစမ်းခြင်းအရာတွေနဲ့ ကျွန်တော်တို့ နေ့စဉ် တွေ့ကြုံတဲ့အခါ သခင်ဘုရားကို ခေါ်ပြီး ဆုတောင်းခွန်အားယူပါ။ တမန်တော်ကြီး ရှင်ပေါလုပြောသလို "ငါ့ကို ခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါ တတ်စွမ်းနိုင်၏" ဟု ပြောနိုင်ကြပါစေကြောင်း ဝေငှရင်း...☐

# မေမ့ရနိုင်သောအဖြစ်အပျက်

(သက်သေခံချက်)

ဦးစွာ ယနေ့တိုင်အသက်ရှင်ခွင့်၊ ကျန်းမာခွင့်ပေးတဲ့ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။

ခရစ်တော်က လူတိုင်း ကယ်တင်ခြင်းရရှိဖို့ အတွက် လူတိုင်းရဲ့စိတ်ကို နည်းအမျိုးမျိုး တို့ထိပေးတယ်။ ဒါကြောင့် ကယ်တင်ခြင်းရရှိဖို့အတွက် လူတစ်ဦးနဲ့ တစ်ဦးရဲ့ အသက်တာမှာ ခရစ်တော်ရဲ့ လုပ်ဆောင်မှု မတူကြောင်း တွေ့ရပါတယ်။ တစ်ယောက်ကို ဒုက္ခပြဿနာကြားထဲကနေ သူ့ကိုသိလာအောင်လုပ်ဆောင်ပေးသလို၊ နောက်တစ်ဦးကို ဘာမှမခံစားတဲ့ (ဒုက္ခမရှိတဲ့) အဖြစ်ကနေ သူ့ကိုသိလာအောင် လုပ်ဆောင်ပေးကြောင်းကို တွေ့ရပါတယ်။ ဒါပေမဲ့ ဘယ်လိုအကြောင်းအမျိုးမျိုး၊ ဘယ်လိုပုံသဏ္ဍာန်မျိုးနဲ့ဖြစ်စေ အဓိကရည်ရွယ်ချက်ကတော့ ကယ်တင်မှုဆိုတဲ့ အရာတစ်ခုအတွက်သာ ဖြစ်တယ်။

ကျွန်တော်ကတော့ သန့်ရှင်းသောကားတိုင် မေမ္တက္ကသိုလ်မှ တတိယနှစ်ကျောင်းသားတစ်ဦး ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ကောင်းမြတ်မှုကို လက်တွေ့ခံစားရတဲ့ အဖြစ်အပျက်တစ်ခုကို သက်သေခံချင်ပါတယ်။ ကျမ်းစာကျောင်း မရောက်ခင် အိမ်မှာနေတုန်း (၁၀)တန်းစာမေးပွဲဖြေပြီး နွေရာသီမှာ ဝင်ငွေရှိအောင်ဆိုပြီးတော့ အလုပ်ရှာထွက်ခဲ့ပါတယ်။ ကျွန်တော်အလုပ်ရှာတဲ့နေရာက "မာလုံ"ဆိုတဲ့ ရှမ်းရွာတစ်ရွာ ဖြစ်ပါတယ်။ အဲဒီရွာမှာ အလုပ်လိုက်ရှာတော့ အလုပ်က မရှိဘူး။ ဒါပေမဲ့ တိုက်တိုက်ဆိုင်ဆိုင် မြေပဲပေါ်တဲ့ အချိန်ဖြစ်နေတော့ မြေပဲစက်ပိုင်ရှင်တစ်ဦးက သူ့ရဲ့စက်မှာ အလုပ်လုပ်ဖို့ လူတစ်ယောက်လိုတယ်ဆိုလို့ ကျွန်တော်လည်း အတော်ပဲဆိုပြီး၊ အဲဒီစက်မှာ တစ်လ (၁၅၀၀၀) တစ်သောင်းခွဲနဲ့ တစ်လလုပ်ဖို့ ဆုံးဖြတ်ဝင်ရောက် လုပ်ကိုင်ခဲ့တယ်။ ဆီစက်မှာ အလုပ်လုပ်တယ်ဆိုလို့ အဲဒီ တစ်ခေါက်ပဲ ရှိတယ်။ ဆီစက်ဆိုတာမျိုးမှာ အလုပ်လုပ်ရတာတော့ မလွယ်ဘူး။ ဆီစက်မှာ အလုပ်လုပ်ဖူးသူတိုင်း သိကြမှာပါ။ နွေရာသီဆိုတော့ နေကလည်းပူ၊ စက်ကလည်းပူ၊ ပဲဆီကလည်းပူဆိုတော့ တစ်နေကုန် ချွေးထွက်တယ်၊ ရောကလည်း ခဏခဏဆာ၊ ချွေးထွက်များလာတော့ လူက အလိုလိုနေရင်း အားနည်းလာတယ်။ ဝမ်းကိုက်တဲ့ရောဂါကလည်း ခဏခဏပဲ။ အလုပ်ချိန်ကလည်း မနက် (၆)နာရီကနေ ည (၇)နာရီအထိ၊ တစ်ခါတစ်ရံ ည (၁၁)နာရီအထိတောင် အလုပ်လုပ်ရတယ်။ တစ်ရက်တစ်ရက်ကို အလုပ်လုပ်ချိန် (၁၅)နာရီကနေ (၁၇)နာရီအထိ အလုပ်လုပ်ရတော့ ကျန်းမာရေးလည်း ထိခိုက်လာတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တစ်လပြည့်တဲ့အထိ အလုပ်လုပ်ဖို့ ကိုယ့်မှာ ဆုံးဖြတ်ထားတာရှိနေတော့ အောင့်အီးပြီး လုပ်နေရပါတယ်။

ဒီလိုနဲ့ တစ်ရက်ပြီးတစ်ရက် လုပ်ရင်းလုပ်ရင်း တစ်နေ့ကျတော့ ခါတိုင်းလုပ်နေကျ ပဲဖတ်များကို ခြင်းတောင်းထဲထည့်မယ်ဆိုပြီး ပဲဖတ်များကို လက်နဲ့နှိုက်ယူတဲ့အခါမှာ မထင်မှတ်ဘဲ လည်နေတဲ့စက်ဝင်ရိုးမှာရှိတဲ့ သံချောင်းတစ်ခုနဲ့ ကျွန်တော်ဝတ်ထားတဲ့ ကြေးလက်ကောက် ငြိသွားတယ်။ ဒါနဲ့ ကျွန်တော် အရမ်းကို လန့်သွားတယ်။ ခဏအတွင်းမှာ လက်ပါသွားပြီ လို့တောင် အောက်မေ့မိပါတယ်။ ဒါပေမဲ့ အသက်ရှင်တဲ့ ဘုရားသခင်ရဲ့ မစမှုကြောင့် ဘာမှမဖြစ်ဘဲ သက်ဆိုင်မှုတစ်ခု ဖြစ်ပျက်ခဲ့တယ်။ ကျွန်တော်ဝတ်ထားတဲ့ ကြေး လက်ကောက်ဟာ အရှင်လုပ်ထားတဲ့ ကြေးလက်ကောက် ဖြစ်နေတယ်။ ကျွန်တော်ကတော့ သတိမထားမိဘူး။ ကြေး လက်ကောက်ဟာ အရှင်မလုပ်ထားရင် ကျွန်တော်ရဲ့ ညာဘက်လက်က စက်ထဲပါသွားမှာ သေချာတယ်။ အရှင် လုပ်ထားတဲ့အတွက် သံချောင်းနဲ့ချိတ်မိတဲ့အခါမှာ လက်ကောက်ဟာ ကွာလာပြီး လက်ကောက်ဝတ်ကနေ ကျွတ်သွားပါတယ်။ ဒီလို ကျွတ်သွားတဲ့အတွက်ပဲ ကျွန်တော့်လက်ဟာ စက်လည်ရာကို ပါမသွားခြင်း ဖြစ်ပါ တယ်။ အကယ်၍ လက်ကောက်ဟာ အရှင်မဟုတ်ခဲ့ ပါက လက်တစ်ဖက်ပြတ်တဲ့ ဒုက္ခိတဘ၀ ဖြစ်နေတော့မှာ ပါပဲ။

အဲဒီအချိန်ကစပြီး ဘုရားရှင်ဟာ ကျွန်တော်အတွက် အလွန်ကောင်းမြတ်ပါလား။ ကျွန်တော့်ကို ချစ်နေတယ်ပါလားဆိုပြီး သိရှိနားလည်လာတယ်။ အသက်ရှင်တဲ့ ဘုရားဟာ သူ့ရဲ့ သားသမီးတစ်ယောက်စီတိုင်းကို သတိတယနဲ့ အမြဲစောင့်ရှောက်တယ်ဆိုတာကို အကြွင်းမဲ့ ယုံကြည်သွားပါပြီ။ ကျွန်တော် ဒီအဖြစ်အပျက်ကို ပြန် မြင်ယောင်တိုင်း ထိတ်လန့်တုန်လှုပ်မိတယ်။ ဘုရားရှင် ကိုလည်း ပိုပြီးချီးမွမ်းမိပါတယ်။ အရေးမပါဘူးလို့ ထင်ခဲ့ရ ပေမယ့် အရေးကြီးတဲ့ သမိုင်းသက်သေဖြစ်ပေါ်စေတဲ့ အတွက် ကျွန်တော့်အတွက်တော့ မေ့မရနိုင်သော ဘုရား ရှင်ရဲ့ ကရုဏာတော်ဖြစ်ကြောင်း သက်သေခံ ဝေမျှပါတယ်။

ကင်းမူ

B.Th III

---

သက်သေခံချက်

ကျွန်မတို့ ဘ၀အသက်တာတစ်လျှောက်လုံးတွင် မေ့မရနိုင်သော နေ့ရက်များရှိသလို ထိုနေ့ရက်များထဲမှ
ကျေးဇူးတော်ခံစားခဲ့ရသော ရက်များလည်း လက်ချိုးရေ တွက်၍ မရနိုင်ပါ။ ကျွန်မတို့ မိသားစုလေးသည် မြန်မာနိုင်ငံ
အရှေ့တောင်ဘက်တွင်ရှိသော သံတောင်မြို့သစ်တွင် နေထိုင် ကြပါသည်။ ကျွန်မတို့ ညီအစ်ကိုမောင်နှမ (၇)ယောက်
ရှိပါသည်။ အဖေက တရားသူကြီးတစ်ဦးမှ မြို့နယ်ကောင် စီဥက္ကဋ္ဌရာထူးသို့ ပြောင်းရွှေ့ ခြင်းခံရသည်။ ကျွန်မတို့
ဘ၀လေး အင်မတန်မှ သာယာလှပခဲ့ပါသည်။ သို့သော်လည်း မမျှော်လင့်သောတစ်နေ့မှာ ကျွန်မတို့မိသားစု အိမ်မက်ဆိုးတစ်ခု
မက်ခဲ့ရပါသည်။ အိမ်မက်ဆိုးက မိုးလင်းလျှင် ပျောက်သွားနိုင်သော်လည်း ကျွန်မတို့ မိသားစု မှာ အလူးအလဲခံခဲ့ရသည်။
ထိုအဖြစ်အပျက်မှာ အဖေသည် လူမှုရေးလုပ်ငန်းလုပ်ရင်း ငွေများကိုပြန်လျော်ပေးရမည် ဖြစ်သည်။ ခေတ်အပြောင်း
အလဲဖြစ်၍ အဖေလည်း အလုပ်ပြုတ်ခဲ့သည်။ အဖေသည် အိမ်၌ရှိသော ဥစ္စာပစ္စည်းတစ်ခု မကျန်ရောင်းချကာ
အကြွေးများဆပ်ခဲ့ရသည်။ ကုန်းကောက် စရာမရှိအောင် ကျွန်မတို့ဘ၀ အပြောင်းလဲကြီး ပြောင်းလဲခဲ့ရသည်။ သို့သော်လည်း
အဖေသည် ကျွန်မတို့ ညီအစ်ကို မောင်နှမများကို ပညာရေးတွင် ဆုံးခန်းတိုင်အောင် သင်ပေး ခဲ့ပါသည်။ အဖေသည်
ခြံထဲတွင် မနားမနေအလုပ်လုပ်ရင်း ရောဂါဝေဒနာ ခံစားရသော်လည်း ကျွန်မတို့ စိတ်မကောင်းမှာ စိုးရိမ်ပြီး
ညည်းညူခြင်းမရှိပါ။ အမေသည်လည်း ကျွန်မတို့အား စောင့်ရှောက်ကာ ခွန်အားအမြဲပေးခဲ့ပါသည်။ တစ်နေ့လုပ်
တစ်နေ့စားဘ၀နှင့် အသက်ရှင်ခဲ့ရပါသည်။ တစ်ခါတစ်ရံ ဆန်ချေးစားရသော အချိန်ရှိခဲ့ပါသည်။ အမေက ဒူးနဲ့မျက်
ရည်သုတ်ရသောအချိန်များကိုလည်း ကျွန်မ မမေ့နိုင်ပါ။ ကျွန်မတို့ မိသားစုသည် ဝမ်းစာအတွက် ရုန်းကန် ခဲ့ရသော်လည်း
ဘုရားကျောင်းတက်ရန် တနင်္ဂနွေနေ့တိုင်း ဆုံစည်းကြပါသည်။ အမေနှင့် အဖေက ဘုရားကိုမမေ့ရန် အမြဲ သတိပေး
ပြောပြပါသည်။ Sunday School ကိုလည်း အမြဲပို့ပေးခဲ့ပါသည်။
ကျွန်မထိုအချိန်မှစ၍ ဖိလိပ္ပိ ၄း၁၃တွင်ပါသော "ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့်
ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏" ဟုဆိုသော ကျမ်းချက်က ကျွန်မဘ၀အသက်တာတစ်လျှောက်လုံးကို
ခွန်အားပေးခဲ့ပါသည်။ ကျွန်မ အဖေနှင့် အမေသည် အခက် အခဲပြဿနာများကြားထဲမှ ဘွဲ့ရ ပညာတတ်ဖြစ်အောင်
ကြိုးစားရုန်းကန်ပေးခဲ့ပါသည်။ ကျွန်မတို့ မိသားစုကို အိပ်မက်ဆိုးကြီးမှ နိုးထလာအောင် ပို့ဆောင်ကောင်းချီး ပေးခဲ့သော
ထာဝရအဘ ဘုရားရှင်အား ကျေးဇူးတော်ချီး မွမ်းသလို ပေးသနားတော်မူထားသော ထိုအဖေနဲ့ အမေ အတွက်
ကျေးဇူးတင်မိပါတယ်။

Karen Flower

B.Th IV

# သိနေတယ်

## စောကလိုထူးဝါး (B.Th I)




"လူမျိုးအပေါင်းတို့ ထာဝရဘုရားကို ချီးမွမ်းကြလော့။ လူနွယ်အပေါင်းတို့ အလွန်ချီးမွမ်းကြလော့။ အကြောင်းမူကား ငါတို့၌ ကရုဏာတော်ကြီးလှ၏။ ထာဝရဘုရား၏သစ္စာတော်သည် အစဉ်အမြဲတည်၏။"

(ဆာလံ ၁၁၇း၁-၂)

ရက်ပေါင်းများစွာ၊ အပတ်ပေါင်းများစွာ၊ လပေါင်းများစွာ သာမက တစ်နှစ်ပြီးတစ်နှစ် ကရုဏာတော်ကြောင့် နေထိုင်အသက်ရှင်လာခဲ့ရင်း ယခုအချိန်တွင်မူ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်တွင် ပထမနှစ်၌ ဓမ္မပညာနှင့်အတူ အမှုတော်ဆောင်ရန်ပြင်ဆင်မှုကို သင်ယူခွင့်ရရှိနေပါပြီ။ သခင်ဘုရား၏ ကြီးမားလှစွာသော ကျေးဇူးကရုဏာတော်ကို အတိုင်းမသိ ချီးမွမ်းမိပါသည်။ ခံစားရသော ကျေးဇူးတော်ကို ချီးမွမ်းမိသည်။ ရွေးချယ်လိုခြင်းများစွာ၊ စိတ်ဆန္ဒများစွာ ရှိသော်လည်း အမှုတော်ဆောင်ရန် ရွေးချယ်တော်မူသော သခင်ဘုရား၏ ကရုဏာတော်ကို မေ့၍ရနိုင်မည်မဟုတ်တော့ပေ။ "သခင်ဘုရား၏ ဘုန်းတော်သည် ကမ္ဘာအဆက်ဆက် တည်ပါစေ"ဟူ၍ ချီးမွမ်းထောမနာပြုမိသည်နှင့် တပြိုင်နက် အတိတ်မှ ခံစားရသော ကျေးဇူးတော်နှင့် ကရုဏာတော်များကို ပြန်၍ မြင်ယောင်မိသည်။ ကျွန်တော်သည် တောင်ငူသာသနာပိုင်နယ် ဗတ္တိဇံဆရာရှင်ယောဟန်အသင်းတော်မှ ဖြစ်ပါသည်။

ချမ်းသာကြွယ်ဝခြင်းများစွာ မရှိခြားသော်လည်း နေ့စဉ်လုံလောက်သောအစာကို ပေးသည့် သခင်ဘုရားကို ကျေးဇူးတင်ပါသည်။ ကျွန်တော်သည် ငယ်စဉ်အရွယ်မှစ၍ မိမိ၏ စိတ်၊ ဆုံးဖြတ်ချက်ကို မှန်သည်ဟု အမြဲထင်တတ်သူ ၍ မိမိသဘောအတိုင်း ပြောဆိုလုပ်ဆောင်ခဲ့သော အရာများလည်း ရှိပါသည်။ ပညာရေးလမ်းခရီးတွင် သခင်ဘုရား၏ ကျေးဇူးတော်၊ မိဘများ၏ ကျေးဇူးများကြောင့် စာပုံမှန်ကြိုးစား၍ တစ်နှစ်တစ်တန်း အောင်ခဲ့ပါသည်။ ဒသမတန်းတက်ရတော့မည်ဟုဆိုသည်နှင့် နွေကာလမှစ၍ စာသင်ယူကြိုးစားကာ ကျက်မှတ်ခဲ့ပါသည်။ နှစ်စဖြစ်၍ စာကိုအာရုံစိုက်၍ တစ်နေ့စာတစ်နေ့ လနီးပါးတွင် စာကို အာရုံစိုက်မှု နည်းပါးလာပါသည်။ ဤသို့ဖြင့် အချိန် (၃) စာများကို ကျက်မှတ်ခြင်းမပြုဘဲ နေ့ရွှေ့ ညရွှေ့ အချိန်ဆွဲခဲ့သည်။ ကျွန်တော်၏အမေသည် ကျွန်တော့်ကို (၁၀)တန်းသည် ကျောင်းသားတစ်ဦး၏ဘဝကို အဆုံးအဖြတ်ပေးမည့်အတန်းဖြစ်သောကြောင့် စာကျက်ရန် သွန်သင်ပါသည်။ ဆရာများကလည်း ချော့တစ်လှည့်၊ ခြောက်တစ်လှည့်ဖြင့် ဆုံးမပါသည်။ သို့သော်လည်း ဤဆုံးမသွန်သင်မှုကို ကျွန်တော်သည် မနာယူဘဲ နေမြဲနေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်တွင် မထားသင့်၊ မထား အပ်သော မာနလေး ထားခဲ့မိသည်။ ထိုအရာမှာ အလုပ် တစ်ခုကို လုပ်တော့မည့်အချိန် ဆုံးဖြတ်ထားလျှင် အခြား သူတစ်ယောက်က လုပ်ရန်ပြောလာလျှင် မလုပ်ချင်တော့ပေ။ အရွဲ့တိုက်၍ နေခဲ့သည်။ ဤသို့ မာနထားမှု ကြောင့် စာမရဘဲ စာမေးပွဲနီးချိန်၌ စိတ်မငြိမ်တော့ပေ။ မာနတရားနှင့်ပတ်သက်၍ သုတ္တံ (၁၅း၂၅)တွင် "မာန ထောင်လွှားသောသူ၏အိမ်ကို ထာဝရဘုရား ဖျက်ဆီးတော် မူမည်" ဟု ဆိုထားပါသည်။ ထို့ကြောင့် မာနတရားကို ခဝါချရန် လိုအပ်ပါသည်။ စာကြိုးစားသည်ဖြစ်စေ၊ မကြိုးစားသည်ဖြစ်စေ အချိန်တန်လျှင် စာမေးပွဲအောင်ချင်သည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ ကျွန်တော်သည် ကိုယ့်ကိုယ်ကို ပြန်မေးကြည့်မိသည်။ "ငါစာမေးပွဲအတွက် အသင့်ဖြစ်ပြီ လား"ဟူ၍ဖြစ်သည်။ စာမရသေးသောကြောင့် စိတ်ပူပန်ရပါသည်။ ထိုအချိန်တွင် ကျွန်တော်၏အမေသည် နှိမ့်ချသော စိတ်၊ နောင်တရသောစိတ်ဖြင့် ဘုရားသခင်ထံ ဆုတောင်း အသနားခံရန် လမ်းညွှန်ခွန်အားပေးပါသည်။ ကျွန်တော်သည် နှိမ့်ချသောစိတ်၊ နောင်တရသောစိတ်ဖြင့် ဆုတောင်းအသနားခံခဲ့ပါသည်။ စာမေးပွဲအောင်မြင်လျှင် အမှုတော်၌ တစ်ဖက်တစ်လမ်းမှ ပါဝင်မည်ဟု ဆုတောင်းခဲ့ပါသည်။ ဤသို့ဖြင့် စာမေးပွဲဖြေဆိုခဲ့ပါသည်။ သို့သော် ရူပဗေဒဘာသာရပ်၌ သိပ်မဖြေနိုင်ပေ။ ရှုံးမည်ဟု ထင်ထားပါသည်။ သို့သော်လည်း ယုံကြည်စွာဖြင့် ဆုတောင်းခဲ့ပါသည်။ ကျွန်တော့်အမေ သည်လည်း နေ့စဉ်ဆုတောင်းပေးသည်။ အောင်စာရင်း ထွက်သောအခါ စာမေးပွဲအောင်ခဲ့သည်။ ယုံကြည်ခြင်းအား ဖြင့် ကိုယ်တော်ရှင်ဘုရား ကျွန်တော့်အပေါ်ထားသော ကရုဏာတော်ကို ချီးမွမ်းမိသည်။ ကျွန်တော်တို့သည် အခက်အခဲများနှင့် ကြုံတွေ့ချိန်တွင် အဖဘုရားသခင်ထံ ယုံကြည်နှိမ့်ချစွာ ဆုတောင်းအသနားခံရပါမည်။ ထို့နောက် လောကီပညာကိုဆက်လက်သင်ယူခဲ့ပြီး နှုတ်ကပတ်တော် ကို ပိုမိုသိကျွမ်းပြီး အမှုတော်ဆောင်ရန် ကျမ်းစာကျောင်း တက်မည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ သို့ရာတွင် ကျမ်းစာကျောင်း ဝင်ခွင့် လျှောက်လွှာပိတ်ပြီဟူသော သတင်းစကားကို ကြားခဲ့ရ၍ သခင်ဘုရားအလိုတော်နှင့် မညီသောကြောင့် ဟု ထင်ခဲ့မိသည်။ ထို့နောက် အလုပ်တစ်ခုကို လျှောက်၍ လုပ်ကိုင်ခဲ့သည်။ အလုပ်ဝင်သည့် ပထမနေ့၌ပင် ကျောင်းတက်ရန် လျှောက်လွှာကို ဆရာတစ်ဦးမှ ယူလာပေး သည်။ ဤသို့ ပြင်ဆင်ပေးသော ဘုရားသခင်၏ ပြင်ဆင်မှု နှင့် ရွေးချယ်မှုကို ကျေးဇူးတင်မိသည်။ အမှုတော်ဆောင် မြောက်မြားစွာရှိသော်လည်း ကိုယ်တိုင်ပါဝင်ခွင့်ရသည့်အတွက် အလွန်ပင် ဂုဏ်ယူမိသည်။ "ပင်လယ်ကြီးထဲတွင် မိုးစက်ကလေးတစ်စက်မကျ၍ ဘာမှမဖြစ်နိုင်သော်လည်း ထိုမိုးစက်ကလေးများမရှိလျှင် ပင်လယ်သည်လည်း ဖြစ်လာ မည်မဟုတ်ပေ။" ထို့ကြောင့် မိုးစက်တစ်စက်ပမာ သေးငယ် လှသော ကျွန်တော်၏အသက်တာကို ကိုယ်တော်ရှင်အား ဆက်ကပ်ရန် ပြင်ဆင်ခွင့်ပေး သည့်အတွက် ကျေးဇူးတော် ကို ထပ်၍ချီးမွမ်းမိသည်။ ဤသို့ဖြင့် ကျောင်းတက်ရန် ပြင်ဆင်မှုများနှင့် လိုအပ်သည်များကို ကိုယ်တော်ရှင် ရှုကြည့်ရန် အသနားခံခဲ့သည်။ ပြီးပြည့်စုံအောင် မတတ်စွမ်း နိုင်သေးသော အခြေအနေနှင့် အသက်တာကို ကောင်းချီး ပေးရန် အမေနှင့်ကျွန်တော် ဆုတောင်းခဲ့သည်။ ဆုတောင်း သံကို ကိုယ်တော်ရှင် နားညောင်းတော်မူခဲ့သည်။ ထို့ကြောင့် ကျွန်တော်၏အသက်တာကို နှိမ့်ချစွာဖြင့် ဆက်ကပ်နိုင်ရန်၊ ကျွန်တော်၏ ဆက်ကပ်ခြင်းသည် ကိုယ်တော်ရှင်ထံ၌ သန့်စင်သော ပူဇော်သက္ကာဖြစ်ရန် အစဉ်ဆုတောင်းပါသည်။ အဖဘုရားသခင်သည် ကျွန်တော်တို့အတွက် အမှန် တကယ် လိုအပ်နေသော အရာကို အစဉ်သိနှင့်ပြီးဖြစ်သည်။ ထို့ကြောင့် ယုံကြည်၊ နှိမ့်ချစွာ အသနားခံရပါမည်။ လိုအပ်ချက်များကို ဖြည့်ဆည်းကောင်းချီးပေးသော အသက်တာ ကို ရွေးချယ်တော်မူသော ကျေးဇူးကရုဏာတော်ကို "ဟာလေလုယာ" ဟု အစဉ်ချီးမွမ်းထောမနာပြုမိ ပါတော့သည်။



# အသင်းသူ၊ အသင်းသားများနဲ့အတူ လက်တွဲအမှုတော်ဆောင်ခြင်း

Rev. Judson ဝင်းနန္ဒာထွန်း

"ငါသည်သူတို့၏ဘုရားဖြစ်မည်။ သူတို့သည်လည်း ငါ၏လူ ဖြစ်ကြလိမ့်မည်။ (ယေရမိ ၃၁း၃၃)

ယုံကြည်သူခရစ်ယာန်ဆိုတာ အသက်ရှင်တော်မူတဲ့ဘုရားအား ခန္ဓာ၊ စိတ်ဝိညာဉ်၊ ကိုယ်စွမ်းရှိသမျှ အသက်ဝိညာဉ်ရှိသမျှချစ်ပြီးတော့။ မိတ်သဟာရဖွဲ့ ဝတ်ပြုကိုးကွယ်ရမှာ ဖြစ်ပါတယ်။ နေရာတစ်ခုနဲ့သတ်မှတ်ပြီး ပြောရရင် ဘုရားကျောင်းဖြစ်ပြီး၊ ခပ်မြင့်မြင့်ပြောရင်တော့ အသင်းတော်ပဲပေါ့။

အသင်းတော်ဟာ မိသားစုတစ်စုလို ဘုရားရှင်နဲ့ မိတ်သဟာယဖွဲ့မှာဖြစ်သလို၊ အချင်းချင်းလည်း မိတ်သဟာယဖွဲ့ရမှာ ဖြစ်ပါတယ်။ ဒါမှလည်း ဖော်ပြထားတဲ့ ကျမ်းချက်နဲ့အညီ အသိအမှတ်ပြုနိုင်မှာပါ။

ယောက်ျား၊ မိန်း၊ လူငယ်၊ ကလေးသူငယ်ဆိုပြီး အသင်းတော်ထဲမှာ ပါဝင်နေခြင်းဟာ တူတူပုန်းတမ်း ကစားဖို့ မဟုတ်ပါဘူး။ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ ကစားနိုင်ဖို့ ဖြစ်ပါတယ်။

အဲဒီလိုဖြစ်နိုင်ဖို့ ဓမ္မအမှုတော်ဆောင်တွေမှာ တာဝန်ရှိပြီးတော့၊ လူတွေနဲ့ အမြဲတမ်းထိတွေ့နေရမယ်။ လူတွေကို ရှောင်လို့မရဘူး၊ လူတွေနဲ့ အလုပ်လုပ်ရမှာ ဖြစ်တယ်။

လူအမျိုးမျိုး စိတ်အထွေထွေဆိုတဲ့ စကား အတိုင်း၊ အသင်းတော်မှာ တကယ်အလုပ်လုပ်ပြီ ဆိုရင်တော့ လူမျိုးစုံနဲ့တွေ့ရမှာ မလွဲပါဘူး။ အမှုတော်ဆောင် တွေကို ချစ်တဲ့သူတွေ ရှိသလို၊ ဝေဖန်တဲ့သူတွေလည်း ရှိမှာပဲ။ ကနဦးအသင်းတော်ကတည်းက ပြဿနာဆိုတာ ရှိခဲ့သလို၊ ဒီနေ့ထိလည်း ရှိနေတယ်။ နောင်လည်း ရှိနေ ဦးမှာပဲ။ ကိုယ့်ဘက်ကတော့ မီးခွက် မထွန်းမိဖို့ပဲ။ တစ်ခုပဲ စဉ်းစားပါ၊ ကိုယ်ဘယ်သူ့အတွက် အသက်ရှင်နေသလဲ။

"သင်တို့သည် ခရစ်တော်၏ကိုယ်ဖြစ်ကြ၏"
(၁ကော ၁၂း၂၇)

ခရစ်တော်ရဲ့ကိုယ်ခန္ဓာတွေအနေနဲ့ မိမိလုပ်တဲ့ အလုပ်မှန်သမျှဟာ ခရစ်တော်အတွက်ဖြစ်သလို ခရစ်တော်အတွက်လုပ်တဲ့ အလုပ်မှန်သမျှကိုလည်း ဘုရားရှင်က ကောင်းချီးပေးနေမှာပါ။ ကိုယ့်ကို ဘုရားက ရွေးကောက်ထားတယ် (၁ပေ ၂း၉)ဘယ်နေရာမှာ အသုံးခံဖို့လဲ။

"ဓမ္မဆရာအရာရှိလျှင်၊ ဓမ္မဆရာ၏အမှုကို ဆောင်ရွက်ကြကုန်အံ့။" (ရော ၁၂း၇)

အမှုတော်ဆောင်ရွက်ခြင်းနဲ့ ပတ်သက်လို့ ခရစ်တော်ရဲ့ လမ်းညွှန်ချက်တွေကို ထည့်သွင်းစဉ်းစားရပါလိမ့်မယ်။

၁။ (ယော ၄း၃၄) အစားအစာ။
၂။ (လု ၉း၆၂) တွေဝေခြင်း။
၃။ (မာ ၃း၃၅) ဆွေမျိုးသားချင်း။
၄။ (လု ၁၀း၃) ခက်ခဲကြမ်းတမ်းခြင်း။
၅။ (ယော ၁၄း၂၃) နာခံခြင်း။
၆။ (မဿဲ ၂၀း၂၆-၂၈) အစေခံခြင်း။

ဝါကြွားစရာဆိုလို့ ခရစ်တော်ယေရှုအတွက် ဘုရားရှင်ဘုန်းတော်ထင်ရှားခြင်းအမှုမှာ ပါဝင်နေရပါလား ဆိုတာပါပဲ။ ကိုယ်ခံရတဲ့ဒုက္ခနဲ့ ရှင်ပေါလုခံရတဲ့ဒုက္ခတွေနဲ့ နှိုင်းယှဉ်ကြည့်ပါ (၂ကော ၁၁း၂၂-၂၇)။

အမှုတော်ဆောင်ခြင်းမှာ အခက်ခဲဆုံးကတော့ လူတွေကို အစေခံခြင်းပါပဲ။ လူတွေကို အစေခံတဲ့နေရာမှာ အကောင်းဆုံး အကြံပြုချင်တာက "**အကောင်းမြင်ခြင်း**"ပဲ ဖြစ်တယ်။

POSITIVE ကို အပေါင်းလက္ခဏာ (+)နဲ့ ပြပါတယ်။ အကောင်းမြင်မှ ပေါင်းနိုင်မှာဖြစ်သလို ပေါင်းနိုင်မှ ဘုရားရှင်ရဲ့ဘုန်းတော် ထင်ရှားမှာဖြစ်ပါတယ်။

Rev. Judson ဝင်းနန္ဒာထွန်း
(၁.၉.၂၀၀၈)

"စိတ်ရဲ့ ဟိုတွေး ဒီတွေး"

♦ သင်၏ အသင်းတော်တိုးတက်စေချင်လျှင် သင့်ကိုယ်သင် ပြုပြင်။

♦ သင်၏ အပြောထက် သင်ကိုယ်တိုင် အရင်လုပ်ပြပါ။

♦ အားငယ်ခြင်း၏သော့ချက်မှာ သင့်စိတ်ကိုလျှော့ချခြင်းပင်။

♦ အဟောအပြောကောင်းရုံနှင့်မပြီး သင့်ကိုယ်ကျင့်တရားကို သင်စိတ်ချရဲ့လား?

♦ သင်ကိုယ်တိုင် ပျော်ရွှင်လိုလျှင် သူတစ်ပါးအား ပျော်ရွှင် စေအောင် အရင်ပြုပါ။

♦ ခရစ်တော် ကားတိုင်မှာ အသေခံခြင်းကို သိချင်ရင် သင်ကိုယ်တိုင် လူ့ဘဝဒုက္ခကို နောကြေအောင်ခံစားပါ။

♦ အကယ်၍ ကျောင်းတော်ကြီးက သင့်ကို ဝေဒနာပေး သည်ဟု သင်ထင်လျှင် သင်ကိုယ်တိုင် ခရစ္စတော်ကား တိုးတက်အောင် ကြံဆပါ။

နော်ဝါဝါချို (B.Th III)

# လူငယ်နှင့် ဂီတရေစီးကြောင်း

အားခို
(B.Th III)



ယနေ့ လူငယ်များကို ဆွဲဆောင်နေသော အရာများစွာရှိသည်။ ထိုအရာများစွာမှ ဂီတသည် လူငယ်များစွာကို ဖမ်းစားနေသော အရာတစ်ခုဖြစ်သည်။ မိမိတို့၏ ပတ်ဝန်းကျင်၌ ထိုကဲ့သို့လူငယ်များကို တွေ့ရမည်ဖြစ်သည်။ အချို့သော လူငယ်တို့သည် ဂီတရေစီးကြောင်းကို ဘေးမှ နေ၍ ကြည့်ကြသည်။ အချို့က အမီလိုက်သည်။ အချို့က ဂီတရေစီးကြောင်းထဲ ခြေစုံပစ်ဝင်ပြီး လှိုင်းစီးသကဲ့သို့ လိုက်ပါကြသည်။ အချို့က ဂီတရေစီးကြောင်းမှတစ်ဆင့် ရှေ့သို့ ဆက်လက်ထိုးဖောက်ရန် ကြိုးစားကြသည်။

ထိုလူငယ်အုပ်စုများတွင် မိမိသည် မည်သည့် အုပ်စုတွင် ပါဝင်နေကြောင်း သုံးသပ်မိနိုင်ပါသည်။ ဂီတ ရေစီးကြောင်းထဲ မျောလွင့်လိုက်ပါနေခြင်းက အန္တရာယ် မရှိဟု မဆိုနိုင်ပါ။ ရေစီးကြောင်းအလယ်မှ လိုက်ပါ၍ ခရီးနှင်နေသောကြောင့် လေမုန်တိုင်းနှင့် ကြုံဆုံလာနိုင်သည်။ အန္တရာယ် အမျိုးမျိုးနှင့် တွေ့ကြုံလာနိုင်သည်။

အချို့သော လူငယ်များရှိသည်။ ဂီတပညာကို လေ့လာလိုက်စားရင်း လမ်းမှားဘက်သို့ရောက်ကုန်သည်။ ဘုရားသခင်အား မေ့လျော့ကာ မူးယစ်ဆေးဝါးဝဲဂယက်မှ ရုန်းမထွက်နိုင်ကြတော့ချေ။ နိုင်ငံတကာ၌ ဤသို့သော အဖြစ်အပျက်မျိုး များစွာရှိပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော လူငယ်များလည်း သတိထားရန် လိုအပ်ပါသည်။

ယနေ့ ကျွန်ုပ်တို့၏ အသင်းတော်တွင် ဂီတဝါသနာထက်သန်စွာဖြင့် ကြိုးစားအားထုတ်နေသော လူငယ်များစွာ ရှိပါသည်။ ထို့ကြောင့် လူငယ်များ လမ်းမှားသို့ မရောက်နိုင်စေရန် အသင်းတော်၌ တာဝန်ရှိပါသည်။ နည်းလမ်းအမျိုးမျိုးဖြင့် လမ်းကြောင်းတည့်ပေးနိုင်သည်။ သီဆိုရန် အားသန်သောသူများကို အသင်းတော်အတွင်း၌ လမ်းဖွင့်ပေးနိုင်သည်။ Guitar တီးခတ်ရန် အားသန်သောသူများကို ကျွမ်းကျင်တတ်သိသော ဂီတပညာရှင်များ ခေါ်ယူ၍ သင်တန်းပြုလုပ်ပေးနိုင်သည်။ Drum ကို စိတ်ပါဝင်စားသောသူများအတွက်လည်း ထိုနည်းတူ ပြုလုပ်ပေးနိုင်သည်။ ဤနည်းလမ်းကို အသုံးမပြုလိုလျှင်လည်း ဂီတသင်တန်းများသို့ စေလွှတ်၍ ကူညီပေးနိုင်သည်။ အခြားသော နည်းလမ်းများဖြင့်လည်း လူငယ်များအား ကူညီပေးနိုင်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် အသင်းတော်၌ အကျိုးမယုတ်တန်ရာ။ ဂီတနှင့်ပတ်သက်၍ အသင်းတော်အတွက် အနာဂတ်တွင် အားထားရမည့်သူများကို မွေးထုတ်ပေးစေလိုခြင်းမှာ စာရေးသူ၏ ဆန္ဒသာ ဖြစ်ပါသည်။

မျက်မှောက်ခေတ် ကျွန်ုပ်တို့၏ အသင်းတော် (မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်)၌ တေးဂီတနှင့်ပတ်သက်၍ အားပေးမှု၊ ကူညီမှုနည်းနေသေးကြောင်း တွေ့ရပါသည်။ လူငယ်များကလည်း ဂီတရေစီးကြောင်းကိုသာ အမီလိုက်နေကြသောကြောင့် Choir သီဆိုမှု လွန်စွာအားနည်းလာပြီဖြစ်သည်။ အချို့သော အသင်းတော်များဆိုလျှင် Choir သင်ကြားပေးနိုင်သူပင် မရှိတော့ချေ။ သံစုံသီဆိုခြင်းကို စိတ်ပါဝင်စားမှုမရှိသလောက် နည်းပါးလာပြီဖြစ်သည်။ ဝတ်ပြုခြင်း၌ ဘုရားသခင်အား Choir သံပြိုင်ကျူးခြင်းသည် အလွန်တရာသင့်တော်ပါသည်။ လိုအပ်သောအရာတစ်ခုအဖြစ်လည်း သတ်မှတ်နိုင်ပါသည်။ ဤသို့သော် လူငယ်များ စိတ်မဝင်စားလှတော့ချေ။ ဤသို့ဆိုလျှင် မည်သူ၌ တာဝန်ရှိသနည်း။ လူငယ်များ၌ တာဝန်ရှိကြောင်း သေချာသကဲ့သို့ အသင်းတော်ကို ကြည့်၍ အုပ်ချုပ်နေသော ခေါင်းဆောင်များကိုယ်တိုင်လည်း တာဝန်ရှိကြောင်း ငြင်းဆိုနိုင်မည် မဟုတ်ချေ။

လူငယ်များ Choir သံစုံဖြင့် ဘုရားသခင်အား ဂုဏ်တော်ကျူးနိုင်ရန် သူတို့ စိတ်ဝင်စားနေသော တေးဂီတဖြင့် လက်တွဲခေါ်ယူနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် Choir သီချင်းများသည်လည်း ဂီတရေစီးကြောင်းအတွင်းတွင်သာ ရှိနေသောကြောင့် ဖြစ်ပါသည်။

အသင်းတော်၏ အင်အား၊ လုပ်ငန်းတာဝန်နှင့် ကြိုးပမ်းအားထုတ်လုပ်ဆောင်မှုသည် လူငယ်အပေါ်၌ များစွာ မူတည်နေပါသည်။ လူငယ်ကဏ္ဍအားထုတ်မှု မရှိလျှင် အသင်းတော်၌ သိသာစွာ အားယုတ်စေပါသည်။ ထို့ကြောင့် အသင်းတော်ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်တော့မည်ဆိုလျှင် လူငယ်များကို မေ့လျော့ထား၍ မရပါ။ လူငယ်မှန်လျှင် ဂီတကို စိတ်ပါဝင်စားမှုအနည်းနှင့်အများတော့ ရှိကြသည်။ ယနေ့ ကျွန်ုပ်တို့ အသင်းတော်မှ လူငယ်များကိုမေးကြည့်လျှင် "ကျွန်တော်တို့ အသင်းတော်မှာ တေးဂီတနဲ့ပတ်သက်ရင် သိပ်အားမပေးဘူးဗျာ" ဟု ဆိုလေ့ရှိကြသည်။ စာရေးသူကိုယ်တိုင် ဤသို့သော ရင်ဖွင့်မှုကို များစွာကြုံဖူးပါသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် လူငယ်များ အသင်းတော်အပေါ် စိတ်ပျက်နေကြသော အချက်တစ်ခုလည်းဖြစ်ကြောင်း သိသာစေပါသည်။

မည်သူ၌ တာဝန်ရှိသနည်း။

စာရေးသူ နောက်ဆုံးတင်ပြလိုသည်မှာ ခေတ်ပေါ်တေးဂီတကို လူငယ်များက စိတ်ဝင်စားသည်။ လူငယ်သည် အသင်းတော်၏ အင်အားတစ်ခုဖြစ်သည်။ ထို့ကြောင့် အသင်းတော်တွင် လူငယ်များ စိတ်ဓာတ်တက်ကြွစွာ ပါဝင်လှုပ်ရှားကြရန် အသင်းတော်ခေါင်းဆောင်များအနေဖြင့် ခေတ်ပေါ်တေးဂီတကို လျစ်လျူရှုထား၍ မဖြစ်နိုင်ပါဟုသာ ဖေဖန်အကြံပြုရင်း နိဂုံးချုပ်ရပါသည်။

အားခို
(B.Th III)

# ဘုရားသခင်၏ လက်တော်

စောကြည်ဖြူ



တစ်ဆူတည်းသောဘုရားဆိုတာကို လူတွေ မသိတဲ့ ခေတ်ရှိခဲ့တယ်။

ရေလွှမ်းပြီး အာဗြဟံမတိုင်ခင်ကြားမှာပေါ့ဗျာ။

ကိုယ်ရေးတဲ့သီချင်းတစ်ပုဒ်၊ ကိုယ်ဆွဲတဲ့ ပန်းချီတစ်ချပ်ကို အခြားတစ်ယောက်က လိမ်ယူသွားရင် မကြိုက်သလိုပဲ ဘုရားသခင်ကလည်း အာမြကနေစပြီး လူတွေကို ပြန်လိုက်ရှာခဲ့ရတယ်။ ဒီလိုပြန်လိုက်ရှာတဲ့အခါမှာလည်း နည်းလမ်းပေါင်းများစွာကို သုံးခဲ့ရတယ်။ အဲဒီနည်းလမ်းတွေကို နားမလည်တဲ့အခါမှာ ဘုရားသခင်က မမျှတဘူး။ ရက်စက်တဲ့ဘုရား၊ ကြမ်းကြုတ်တဲ့ဘုရား၊ ညှာတာမှုမရှိတဲ့ ဘုရားဆိုပြီး အထင်လွဲကြတယ်။

သခင်ယေရှုခေတ်ပြီးသွားပြန်တော့ ဘုရားက ကိုယ့်အသက်ကိုတောင်စွန့်ပြီး ငါတို့ကို ကယ်တင်ပါလား။ အဂ္ဂပေ ချစ်မေတ္တာရှင်ပါလားလို့ နားလည်လာကြပြန်တယ်။ ဒီနေ့ခေတ်ကျတော့လည်း ဘုရားက အနားမှာရှိတယ်။ ခေါင်းကသိတယ်။ စိတ်ကမယုံကြဘူး။

ဘုရားမဖော်ပြတာကို စဉ်းစားပြီး တွေဝေနေကြ တာလည်း အများကြီး။ တချို့ကတော့ အကောင်းအဆိုးနှင့် ဗွန်တွဲနေတယ်။ ဘုရားကလည်း စာတန်နဲ့ ပြိုင်ဆိုင်နေတယ်လို့ နားလည်ကြတယ်။

တကယ်တော့ ဘုရားသခင်က ကျားထိုးနေတယ် ဆိုရင်တောင် စာတန်က အရုပ်တစ်ရုပ်ပဲဖြစ်မှာပါ။

"ဘုရားသခင်မတတ်နိုင်တော်မူသော အမှုမရှိ"




# ချစ်သော မေမေထံသို့ ပေးစာ

သမီး အမှုတော်ထမ်းဆောင်ဖို့ ပြင်ဆင်တာ (၄)နှစ် ပြည့်လုနီးပါပြီ။ ယနေ့အချိန်အထိ လောကကမ္ဘာထဲ အသက်ရှင်ရပ်တည်နိုင်ခြင်းဟာ ဘုရားသခင်ရဲ့ ကောင်းချီး ပေးမှုနဲ့ မေမေရဲ့ ပြုစုပျိုးထောင်မှုကြောင့်သာဆိုတာ ချစ်သမီးရွှေ ဝန်ခံပါရစေ။ ရှေးယခင်မှ ယနေ့အချိန်အထိ အမျိုးသမီးတွေကို အမျိုးသားနဲ့တန်းတူ အခွင့်အရေးပေးတယ် ဆိုပေမယ့် အမျိုးသမီးများအား တစ်ဆင့်နိမ့်အဖြစ် သတ်မှတ်ခံရခဲ့ဖြစ်သည်။ သမီး ဒီနောက်ဆုံးနှစ်မှာ ဘာသာရပ် (၁၀)ခု လေ့လာရတဲ့အထဲမှာ Feminist ဆိုတဲ့ ဘာသာရပ်ကို သင်ကြားရခြင်းဖြင့် မျက်မှောက်ခေတ် နိုင်ငံရေး ဘာသာရေး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများမှာ အမျိုးသမီးများဟာ အမျိုးသားများနှင့်တန်းတူ မလျှော့သော ဇွဲနှင့်ယှဉ်ကာ ရင်ဘောင်တန်း ကြိုးစားဆောင်ရွက်နိုင်ကြောင်း လေ့လာသိရှိရပါတယ်။ ဒါ့အပြင် အမျိုးသမီးများဟာ အမျိုးသားများထက် အားနည်းတယ်၊ ပျော့ညံ့တယ်၊ တန်ဖိုးပါဝါမဲ့တယ်ဆိုတဲ့ အတွေးအခေါ်တွေဟာ ရာစုနှစ်ဝက်လောက် နောက်ကျကျန်ခဲ့ပါပြီ။ သမီး (၃)တန်းတက်တဲ့နှစ်မှာပဲ ဖေဖေဟာ ဘုရားသခင်ရဲ့ ခေါ်တော်မူခြင်းကို ခံရတယ်။ တကယ့်ကို အမျိုးသမီးတွေဟာ အားနည်းတယ်၊ ပျော့ညံ့တယ်၊ တန်ဖိုးပါဝါမဲ့တယ်၊ အမျိုးသားတွေရဲ့ အထောက်အမသာဖြစ်တယ်ဆိုရင် မေမေဟာ သမီးတို့ မောင်နှမ(၇)ယောက်ကို ဘယ်လိုပြုစုပျိုးထောင်ပေးနိုင်မှာလဲနော်။ ခင်ပွန်းသည် ဆုံးပါးသွားပေမယ့် မေမေဟာ မိခင်နောက်အိမ်ထောင်မပြုဘဲ ထက်မြက်စူးရှသော မိခင် အမျိုးသမီးတစ်ဦးအဖြစ် မိမိရဲ့ သားသမီး (၇)ဦးကို ပညာရေး၊ စီးပွားရေး၊ လူမှုရေးတွေမှာ သူများထက် နောက်မကျအောင် ဦးဆောင်ပံ့ပိုး ပျိုးထောင်ပေးခဲ့တဲ့ ဘုရားသခင်ရင်ခွင်ထဲမှာ ရောက်နေပြီဖြစ်တဲ့ မေမေကို သမီး ဂုဏ်ယူပါတယ်။ သုတ္တံဆရာက "အမိ၏ တရားကိုလည်း မပယ်နဲ့"လို့ ပြောတဲ့အခါ မေမေဟာ သမီးကို ဘုရားကို သိကျွမ်းခြင်းဖြင့် အသက်ရှင်ရန်ဆိုတဲ့ ဘယ်လိုမှ တန်ဖိုးမဖြတ်နိုင်တဲ့ အမွေကို ပေးခဲ့ပါတယ်။ အဲဒါကြောင့် မေမေဟာ ပတ္တမြားထက်သာတဲ့ အမျိုးသမီး၊ သီလနဲ့ ပြည့်စုံတဲ့ အမျိုးသမီး၊ အမျိုးသားများရဲ့ အထောက်အပံ့ သက်သက် မဟုတ်ကြောင်းကို ချစ်သမီး ဂုဏ်ယူမိပါတယ်။

ချစ်သမီးရွှေ

ယုတ်မြတ်ဟူကြ၊ ဤလောကဋ္ဌ၊
မိန်းမယောက်ျား၊ သဘောအားဖြင့်၊
ခြားနားမရှိ၊ သားချစ်သိလော့၊
သတိပညာ၊ အရင်းသာတည်း။

(မဃဒေဝ - ၃၁၄)





# အမျိုးသမီးတစ်ဦးဖြစ်တဲ့ ကျွန်တော့်အမေ

ရှမ်းလေး

- နံနက်မိုးလင်းတာနဲ့ ငါ့သားသမီးတွေကို ဘာချက်ကျွေးရင် ကောင်းမလဲဆိုတာကို စဉ်းစားတာ **အမေ...**
- ချက်ပြုတ်ရာတွင် မိမိ မိသားစုတွေအတွက် အနှောင့် အယှက်မဖြစ်စေလိုဘဲ၊ မီးဖိုချောင်ထဲမှ တိတ်တဆိတ် ချက်ပြုတ်တဲ့ **အမေ...**
- သားသမီးတို့ကို ပညာတတ်ဖြစ်စေချင်လို့ နံနက်စောစော စာထကျက်ဖို့ နှိုးတဲ့ **အမေ...**
- ဈေးရောင်းမသွားခင် သားသမီးတို့ ဝတ်ရမယ့်အဝတ်နှင့် ထမင်းချိုင့်ထည့်ပေးခဲ့တဲ့ **အမေ...**
- ဈေးရောင်းလို့ကုန်ရင် ငါ့သားသမီးတွေအတွက် ဘာဝယ် ပေးရင်ကောင်းမလဲလို့ စဉ်းစားတဲ့ **အမေ...**
- မိမိ၏ ပင်းပန်းသမျှကို မငြီးငွေ့တတ်တဲ့ **အမေ...**
- သားသမီးတစ်ယောက်စီတိုင်းကို အစဉ်မပြတ် အကဲခတ် စောင့်ကြည့်နေတာ **အမေ...**
- ချစ်ခြင်းမေတ္တာ အပြည့်နဲ့ ဆုံးမတာ **အမေ...**
- သားသမီးများက မည်သို့ပင်ဆိုးဆိုး၊ မည်သို့ပင် မိုက်မိုက်၊ ဒုက္ခတပဲဖြစ်နေဖြစ်နေ ချစ်တဲ့ **အမေ...**
- ညအိပ်ရာမဝင်ခင် စာကျက်ဖို့၊ ဘုရားရှိခိုးဖို့ပြောတာ **အမေ...**
- အိမ်သားတွေအားလုံးအိပ်ပြီးမှ အိပ်တတ်တာ **အမေ...**
- သားသမီးတွေ နေမကောင်းဖြစ်ရင်လည်း စိုးရိမ်စိတ်နဲ့ ဂရုစိုက်ပြုစုပေးတာ **အမေ...**
- သားသမီးတစ်ယောက်စီတိုင်းကို ရဲရဲဝံ့ဝံ့ တာဝန်ယူနိုင်တာ **အမေ...**
- ကျွန်တော့်ဘဝမှာ အဓိကပံ့ပိုးပေးခဲ့တာ **အမေ...**
- သားသမီးတွေ အယောက်စီတိုင်းရဲ့ စိတ်ဓာတ်ကိုသိတာ **အမေ...**

ထို့ကြောင့် "ထာဝရဘုရားသည် ငါ၏ **မိခင်ကြီးသဖွယ်** ဖြစ်တော်မူ၏။ ငါ၌ လိုလေသေးမရှိရ"

ဒါကြောင့် ကျွန်တော့်အမေရဲ့ ဦးဆောင်မှုက ကျွန်တော့် အပေါ်ထက် အများကြီးသာလွန်တာကို တွေ့ရပါတယ်။

ဘဝအတွေ့အကြုံအရ ခံစားချက်
ရှမ်းလေး



16B

"ကြွပါရှင်... အကျႌအပ်မလို့ ထင်တယ်"

"ဟုတ်ပါတယ်... ကက်တလောက်ရှိလား"

"ဒီမှာပါ မမ... ကြိုက်တာရှာယူပါ"

ထိုအမျိုးသမီးသည် ကက်တလောက်ကို လှန်လှောကြည့်ရင်း...

"ဒီပုံစံချုပ်မယ်"

ကျွန်မက သူ၏ကိုယ်တိုင်းကိုယူပြီး ရေးမှတ်ထားလေ၏။

"ဘယ်နေ့ရမလဲ"


"နောက်တစ်ပတ် စနေနေ့ပါ"

ထိုအမျိုးသမီးသည် ဘောင်ချာကို ယူပြီးထွက်သွားလေ၏။ သူမ၏ အသက်မှာ (၃၀)ခန့် ရှိမည်ဟု ခန့်မှန်းရပါသည်။

"ရေရေလယ်လယ် မိုက်တယ်နော် အစ်မသူဇာ"

"အေးဟယ်... မိန်းမချောင်းတောင် အားကျမိတယ်။"

"သင်တော့ ကြည့်လို့မဝနိုင်ဘူး"



"အင်းလေ ကြည့်တာလည်းကြည့် ပေါ့။ ဒါပေမဲ့ သူမဟာ ဘယ်လိုလူလဲ၊ ဘာလုပ်လဲဆိုတာ မသိရသေးဘူးလေ သဇင်ရဲ့"

"ဟုတ်တယ်နော်... အစ်မသူဇာ လောကကြီးမှာ လူအမျိုးမျိုးရှိ ကြတယ်"

"အေးပေါ့... အရေးကြီးဆုံးက တို့ အမျိုးသမီးတွေဟာ ကိုယ့်ကိုယ်ကို တန်ဖိုးရှိရှိနေတတ်ဖို့နဲ့ အဝတ်အစားကို ကျနေ့ရှိရှိ ဝတ်ဆင်တတ်ဖို့ပဲ..."

"ရုပ်က အဓိကမဟုတ်ဘူးလို့ ဆိုလိုတာလား"

"အင်းပေါ့၊ လုတာမက်ရင် ညစခက်တယ်လေ။ အပြင်အလှထက် စိတ်ထားလှဖို့လိုတယ်လေ သဇင်ရဲ့။ ကဲ... လေရှည်နေလို့မဖြစ်သေးဘူး... အော်ဒါတွေ အချိန်မီပေးနိုင်ဖို့ လုပ်ကြစို့"

"ဟုတ်ကဲ့..."

◆◆◆

"မမ အင်္ကျီလာရွေးတာလား"

"ဟုတ်တယ်"

"ဒီမှာပါ ထပ်အပ်ဦးမလား"

"ဒီမှာ ပိတ်စသုံးစ ယူလာတယ်။ ပုံစံနဲ့ ကိုယ်တိုင်းက အရင်အတိုင်းပဲနော်"

"ဟုတ်ကဲ့ပါ။ ဒီတစ်ခေါက် အပ်ထည်တွေများလို့ နောက်နှစ်ပတ်မှ ရမယ်... ဖြစ်မလားမမ"

"အင်း ဖြစ်ပါတယ်"

ထိုအမျိုးသမီးသည် အပိုစကားတွေ မပြောဘဲ ကျွန်မပေးလိုက်သော ဘောင်ချာစာရွက်ကို ယူပြီးပြန်သွားလေ၏။



◆◆◆

"မမ ဈေးလာဝယ်တာလား"

"မဝယ်ဘူး။ မမက ဆိုင်မှာပဲ ချိုင့်ဆွဲစားတယ်"

"အော်... အစပ်အဟပ်တည့်ရဲ့လား"

"အမြဲတမ်းတော့ ဘယ်တည့်ပါ့မလဲ ညီမရယ်။ ညီမကော ထမင်းချိုင့်ပါလား။ အိမ်ပြန်စားတာလား"

"တစ်ခါတည်း ယူလာပါတယ်။ မေမေက မနက်အစောကြီးထပြီး ချက်ပေးတယ်လေ။ အိမ်တာဝန် အားလုံးကို မေမေပဲလုပ်တာ... သမီးတို့က လျှော်ဖွပ်ရုံလေးပဲ... တခြားတာဝန်တွေ ဘာမှလုညှ့်မကြည့်ရဘူး"

"တော်တာပေါ့"

"မမ ဒီတစ်ခါ မချုပ်သေးဘူးလား"

"နောက်မှ လာမယ်လေ"

"လာပါ မမ။ သူဇာတို့ဆီ အမြဲအားပေးနော်"

"ကောင်းပါပြီ"

◆◆◆

"ဟော... မမ အစောကြီးပါလား။ အင်္ကျီအပ်မလို့လား"

"ဟုတ်တယ် သူဇာ။ ဒီတစ်ခေါက်တော့ အထူးအပ်မယ်"

"ဒါဆို ညီမလည်း အထူးချုပ်ပေးရမှာပေါ့။ ပြပါဦး အစလေး။ ဟယ် လှလိုက်တာ ဖောင်းအိနေတာပဲ... သိပ်ဈေးကြီးမှာပဲနော်"

"အမျိုးသားဝယ်ပေးတာလေ... နောက်လကျရင် မင်္ဂလာဆောင်တော့မှာ..."

"ဟင် ဟုတ်လား... မမကလည်း လှ။ အမျိုးသားကလည်း လှမှာပဲနော်"

သူမက ပြုံးနေလိုက်သည်။ နောက်မှ...

"အင်္ကျီက ဒီလေးငါးရက်အတွင်း ရနိုင်မလား"

"ဟာ... ရအောင်လုပ်ပေးရမှာပေါ့"

ထိုစဉ် ကျောင်းပိတ်ရက်မို့ ကျွန်မ အပ်ချုပ်ဆိုင်ကို လာကူပေးနေသော အမြွှာညီအစ်မနှစ်ယောက်ကို ထိုအမျိုးသမီးကမြင်၍...

"သူတို့က အသစ်ဝင်လာတဲ့ လူတွေလား"

"မဟုတ်ပါဘူး မမ။ ကျွန်မရဲ့ အမြွှာညီအစ်မတွေပါ။ သူတို့က ကျောင်းပိတ်ရက်မို့ လာကူတာလေ။ ဖြူပြာနဲ့ မှူယာ လာပါဦး။ ဒီက မမက မမကြီးတို့ဆိုင်မှာ အမြဲလာအားပေးတဲ့သူပေါ့"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် မမ။ ညီမတို့ဆိုင်ကို အားပေးလို့ ကျေးဇူးတင်ပါတယ်။ အခုကော ဘာလုပ်ပေးရမလဲ"

"ရပါတယ်ကွယ်... လုပ်စရာရှိတာ လုပ်ကြပါ"

"ခဏလေးနော် မမ။ ကျွန်မ ညီမတွေပြန်သွားရင် ဈေးဝင်ဝယ်ဖို့ ဈေးစာရင်း ရေးပေးလိုက်ဦးမယ်။ ဒီမှာ ကက်တလောက်နဲ့ မိသားစု အယ်လ်ဘမ်... ကြည့်ထားနှင့်နော်..."

"ရပါတယ်... လုပ်ပါ"

ကျွန်မဈေးဝယ်စရာ စာရင်းတွေ ရေးနေတုန်း ထိုအမျိုးသမီးက မိသားစု အယ်လ်ဘမ်ကို စိတ်ဝင်စားစွာ ကြည့်နေသည်ကို တွေ့လိုက်ရပါသည်။ နောက်မှ...

"ဒီထဲက မိသားစုပုံက ညီမတို့ မိသားစုပုံလား"

"ဟုတ်တယ် မမ။ ညီမတို့ဖေဖေ၊ မေမေနဲ့ မောင်နှမငါးယောက်ပုံပါ"

"အော်... ညီမက အကြီးဆုံးလား"

"ဟုတ်တယ်။ ညီမပြီးတော့ ဖြူပြာနဲ့မှူယာ၊ ပြီးရင်မောင်လေး "ငြိမ်းချမ်း"နဲ့ ညီမငယ် "သော်တာ"ပေါ့။ အိမ်မှာက လူများတယ်။

"ကြီးလာရင်တော့ အားကိုးရ မှာပေါ့"

"အင်း ကြီးလာတာက နောက်မှပါ။ အခုတော့ သူတို့ ကျောင်းစရိတ်နဲ့ အိမ်သုံးစရိတ်က မသက်သာဘူးလေ"

"ညီမတို့ဖေဖေကော ဘာလုပ်လဲ"

"ဖေဖေက ကုမ္ပဏီတစ်ခုမှာ အရာရှိတစ်ဦးပါပဲ။ ဒါပေမဲ့ အားမကိုးရ ပါဘူး မမရယ်"

ထိုစဉ် ညီမလေးမှူယာက...

"အမလေး မမရယ်... ဖေဖေက သူ့လစာနဲ့သူ သုံးတာတောင် မလောက်တာ အိမ်ပြန်ပေးဖို့ ဝေလာဝေး"

"ဟင်... ညီမတို့အဖေက လစာပြန်မအပ်ဘူးလား"

"ဝေးသေးတယ် မမရေ။ အရင်တုန်းက တစ်ပတ်တစ်ခါနှစ်ခါ ပြန်လာသေးတယ်။ နောက်ဆုံးတစ်ခေါက် ပြန်လာတုန်းက အမေ့ကို တစ်ပြားမှ မပေးလို့ ကျွန်မနဲ့ဖြူပြာက အဖေ့ကို ပြောတာပေါ့။ အဲဒီ အဖေက ဒေါသထွက်ပြီးပြန်မလာတာ သုံးလရှိသွားပြီလေ..."

"ခရီးထွက်တာဖြစ်မှာပေါ့"

"ဘယ်ကလာ ခရီးသွားရမှာလဲ... ဟိုလေ... ဟို..."

"ဟဲ့... မှူယာ ဘာတွေလျှောက်ပြောနေတာလဲ သွား။ ရော့... ဖြူပြာ မှူယာကိုခေါ်ပြီး ဈေးသွားဝယ်တော့။ ဒီစာရင်းအတိုင်းဝယ်ပြီး မေမေ့ကို ပြန်ပေးလိုက်နော်"

"ဟုတ်ကဲ့... မမကြီး"

သူတို့ထွက်သွားရာသို့ ထိုအမျိုးသမီးက မျက်စိတဆုံး လိုက်ကြည့်လေ၏။

"သူတို့က အဖေကို သိပ်ချစ်ကြတာပဲနော်"

"ဟုတ်တယ် မမရဲ့။ ဖေဖေပြန်မလာတော့ သူတို့လည်း ရိပ်မိတာပေါ့။ အငယ်ဆုံးညီမလေးက အဖေ့ကို ပိုခင်တွယ်တယ်။ အဖေနဲ့ပဲအိပ်တယ်။ အဖေ့ကိုလွမ်းလွန်းလို့ လာနီးလာနီးနဲ့ မျှော်နေရှာတာပါ။ ကြာရင် ညီမလေးရဲ့ နှလုံးသားနုနုလေးမှာ ဒဏ်ရာရမှာ စိုးရ တယ်လေ။ ဒါကြောင့် ဒီတစ်ခေါက် အဖေပြန်လာခဲ့ရင် သူ့ကို ကောင်းမွန် စွာကြိုဆိုပြီး မေတ္တာပြရမယ်လို့ ညီမတွေကို ပြောပြထားပါတယ်။

"အမေက ဘာမှမပြောဘူးလား"

"မေမေက သိပ်အေးတယ်။ နူးညံ့တယ်။ ကျွန်မတို့ ကျမ်းစာမှာရှိတယ် မမရဲ့... ဖြည်းညှင်းသောစကားသည် စိတ်ကိုဖြေတတ်၏"တဲ့။ ဒါကြောင့် မေမေက စကားသံမာမာနဲ့ သမီးတို့ကို တစ်ခါမှ မပြောဖူးဘူး။ ဆုံးမစရာရှိရင် ညင်ညင်သာသာနဲ့ပြောတယ်။ အခုလည်း ယောက်ျားကိုကြောက်လို့ မဟုတ်ဘူး။ ဟိုး... နှစ်ရှည်လများက သူတည်ဆောက်ခဲ့တဲ့ မိသားစုအသိုက်

## ကျွန်မအခန်းထဲရှိ ဘီရိုကို ရှင်းလင်းနေစဉ် အထုပ်တစ်ထုပ် ထွက်ကျလာ၍ ဖွင့်ကြည့်လိုက်ရာ . . .

အမြဲလေးကို မပျက်စီးစေချင်လို့ ဖေဖေ့ကို ဘာတစ်ခွန်းမှ မပြောဘူး လေ။ ဒီနေ့အထိ ဖေဖေနဲ့မေမေတို့ စကားမများဖူးကြပါဘူး။ မေမေက ဖေဖေ့ကို ခွင့်လွှတ်နားလည်ပေးတယ်။ မေမေ့မှာ ဆုတောင်းခြင်းဆိုတဲ့ လက်နက်နဲ့ပဲ ဖေဖေကို စောင့်မျှော်ခဲ့တာပါ။ ဟော တော့... ကျွန်မလည်း ဘာတွေပြောမိမှန်း မသိတော့ပါဘူး"

"ရပါတယ် ညီမရယ်။ ကဲ... မမလည်း ကြာနေပြီ။ ပြန်လိုက်ပါဦး မယ်နော်...။ မမလည်း သူတတို့မိသားစုအတွက် ဆုတောင်းပေးမှာပါ။ ဒီကနေ့ကစပြီး ညီမတို့မိသားစုလေး ပျော်ရွှင်မှုအပေါင်းနဲ့ ပြည့်စုံပြီး ညီမတို့ရဲ့ ညီမယ်လေး "သော်တာ"လေးလည်း မျှော်လင့်ချက်တွေ ပြည့်ဝလာပြီး သော်တာလမင်းလို ထွန်းလင်းပါစေ ကွယ်"

◆ ◆ ◆

ဒီနေ့ ထိုအမျိုးသမီး အကြိုလာယူမည့်နေ့ဖြစ်သောကြောင့် သူမ၏ ဝတ်စုံလှလှလေးကို သေသပ်စွာ ထုပ်ပိုးကာ စားပွဲပေါ်သို့ အဆင်သင့်တင်ထားပေး၏။ ကျွန်မနှင့်သခင်လည်း ညှပ်စရာ အထည်များကို ညှပ်ဖြတ်ပြီး ချုပ်လုပ်ရင်း နေ့လည်ဆယ့်နှစ်နာရီထိုး၍ ထမင်းစားကြလေ၏။ ထိုအချိန်ထိ အမျိုးသမီးကား အကြိုလာမယူသေး။ သို့ဖြစ်၍ ကျွန်မနှင့်သခင်လည်း ချုပ်စရာရှိသည်များကို ဆက်ချုပ်ရင်း ညနေလေးနာရီဆိုင်ပိတ်ချိန်ရောက်၍ သခင်ကိုပြန်နိုင်ပြီး ကျွန်မမှာ ငါးနာရီခွဲ အထိ စောင့်နေပါသော်လည်း မပေါ်လာသောကြောင့် အိမ်သို့ ပြန်လာခဲ့ရပါတော့သည်။

ကျွန်မလည်း အိမ်ထဲသို့ မောမောနဲ့ အဝင် ထမင်းစားခန်းမှ ရယ်သံများ ကြားရ၍ ညှော်သည်များရောက်သည် အထင်နှင့် သွားကြည့်လိုက်ရာ ထမင်းဝိုင်းတွင် ဖေဖေအပါအဝင် မိသားစုံလင်စွာ တွေ့ရသောကြောင့် အံ့သြစွာ ကြည့်နေစဉ် မေမေက...

"အတော်ပဲ သမီးကြီးလည်း ရောက်လာတော့ တစ်ခါတည်း ဝင်စားနော်"

"ဟုတ်ကဲ့... မေမေ။ ဖေဖေ ဘယ်တုန်းက ပြန်ရောက်တာလဲ"

"ဒီညနေပဲ သမီး"

"အလုပ်တွေ ပြီးကုန်ပြီလား"

"ပြီးကုန်ပါပြီ.. သမီးကြီးရေ။ နောက်ဆို ဖေဖေခရီးထွက်စရာ အကြောင်း မရှိတော့ပါဘူး"

"ကောင်းတာပေါ့ ဖေဖေ။ အခုလို သမီးတို့ဆီပြန်လာလို့ ဖေဖေ့ကို ကျေးဇူးတင်ပါတယ်။"

"ဖေဖေ သမီးမှုယာလည်း ဖေဖေ့ကို ပြောမှားဆိုမှားခဲ့မိလို့ ခွင့်လွှတ်ပါနော်"

"အေးပါကွယ်... နောက်ဆို ဒီ မိသားစုနဲ့ ဖေဖေဘယ်တော့မှ မခွဲတော့ပါဘူးလို့ ကတိပေးပါတယ်"

◆ ◆ ◆

ယနေ့ ကျွန်မအခန်းထဲရှိ ဘီရိုကို ရှင်းလင်းနေစဉ် အထုပ်တစ်ထုပ် ထွက်ကျလာ၍ ဖွင့်ကြည့်လိုက်ရာ ဟိုး... လွန်ခဲ့သောတစ်နှစ်က ကျွန်မ ချုပ်ပေးထားသော သတို့သမီးဝတ်စုံ ဖြူဖြူလေးဖြစ်နေသည်ကို တွေ့ရ၍ ကျွန်မစိတ်မကောင်း ဖြစ်မိပါသည်။

"အင်း.. အဲဒီတုန်းက အမျိုးသမီးက ဘာဖြစ်လို့ ဒီအင်္ကျီကို လာမရွေး တာပါလိမ့်။ နိုင်ငံခြားကို ထွက်သွားတာလား။ ဒါမှမဟုတ် တစ်ခုခုဖြစ်နေသလား..."

"တကယ်ဆို သူ့ရဲ့ အရေးကြီးဆုံး မင်္ဂလာပွဲပဲဟာ... သူ့အင်္ကျီကို လာယူသင့်တာပေါ့။ ကနေ့အထိ မပေါ်လာတော့ ဒီဝတ်စုံလေး နမျောစရာ ကောင်းလိုက်တာ"

"အော်... ပိုင်ရှင်မဲ့တဲ့ ဝတ်စုံအဖြူလေးရယ် မင်းကို သနားမိပါတယ်။"

ဘာပဲဖြစ်ဖြစ်ပေါ့။ ကျွန်မတို့အိမ်မှာတော့ အဖေပြန်ရောက်တဲ့ နေ့ကစပြီး ကျွန်မတို့မောင်နှမတွေ သိပ်ပျော်နေကြတယ်လေ။ အထူးသဖြင့် ကျွန်မရဲ့ ချစ်မေမေပေါ့။

အခုချိန်ဆိုရင် ကျွန်မတို့ရဲ့ "Home Sweet Home" အိမ်လေးဟာ ကျက်သရေအပေါင်းနဲ့ ပြည့်စုံပြီး အပြုံးတွေနဲ့ လွှမ်းခြုံနေ ပြီလေ...။


အော်... ပိုင်ရှင်စစ်မှန်လျှင် မိမိထံသို့ ပြန်ရောက်စမြဲပင် မဟုတ်ပါလား...။



# နေ့များညများ

### မှိုင်း

အိမ်ကိုချစ်တတ်၊ အိမ်ပျော်တတ်အောင် သင်ပေးခဲ့တဲ့ မိဘနှစ်ပါးဟာ ကျွန်မ ဘဝရဲ့ နေ့ညထဲမှာ အရှင်သခင်ဖြစ်လို့၊ အစ်မ၊ မောင်လေး၊ တူ၊ တူမလေးတွေဟာလည်း ကျွန်မရဲ့ နေ့ညပါပဲ။



ဆန္ဒဖြစ်ခဲ့မိတယ်။ ပဿခါပွဲ ကျင်းပမယ်ဆိုရင် ဗေသနီမှာ စွန်ပလွန်ရွက်တွေ ဝေနေမှာလားလို့ စိတ်ကူးနဲ့ မှန်းကြည့်မှ တယ်။ ငွေရောင်ဆံပင်တွေ လေထဲလွင့်လို့ ရွာလယ်လမ်း မှာ အဘိုးကြီး၊ အဘွားကြီးနှစ်ယောက် တူယှဉ်တွဲ လျှောက်နေတာ ခေါင်းလောင်းသံရှိရာ အရပ်ကို သွားပုံမို့ ပေါ့။ ကျွန်မဆွဲချင်တဲ့ ပန်းချီကားတစ်ချပ်ပေါ့။

ကျွန်မရဲ့ နေ့ ညများဟာ သာမန်ပါပဲ။ အားလုံး လည်း ဖြတ်ကျော်နေကြမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မက တော့ ကြိုဆိုနေဦးမယ်လေ။

မခိုင်

## သွေးလှူဒါန်းခြင်း

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ဩဂုတ်၊ စက်တင်ဘာလအတွင်း ကျောင်းသား/သူများမှ သွေး (၈)ပုလင်း လှူဒါန်းခဲ့ပါသည်။

## ဝမ်းနည်းကြေကွဲခြင်း

ကွမ်ဂျိုး ဂျိမ်းစ် နော်တောင်

ခရစ်ယာန် ဘုန်းတော်ကြီး

ခရစ်ယာန်ဘုန်းတော်ကြီး ကွမ်ဂျိုး ဂျိမ်းစ်နော်တောင်၊ အသက် (၄၇)နှစ်သည် ၂၀၀၈ခုနှစ် ဇွန်လ (၂၉)ရက် တနင်္ဂနွေနေ့တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသား စုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ရပါသည်။

ဆရာ ဂျိမ်းစ်နော်တောင် ကွယ်လွန်သည့်အချိန်တွင် ဇနီး ဒေါ်ဆင်ဂခွန်တောင် (ကထိက၊ သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်) နှင့် သမီး (၄)ဦး ကျန်ရစ်ခဲ့၏။

ဆရာ၏ နာမ်ဝိညာဉ်သည် အဖဘုရားသခင်၏ ရင်ခွင်တော်၌ ငြိမ်သက်စွာ နားနေခွင့်ကို ရရှိပါစေသော်။

## ဝမ်းနည်းကြေကွဲခြင်း

တတိယနှစ်တွင် ဓမ္မပညာသင်ယူနေသော ဆရာမဝါဝါချို၏မိခင် မာသဒေါ်နှင်းရင်သည် ၁၇၊၂၀၀၈ တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။



ရန်ကုန်တက္ကသိုလ်၏ အလှ ကျက် သရေဆောင် ဂျပ်ဆင်ဘုရား ကျောင်း ရှေ့ မြက်ခင်းပြင်တွင် ခရစ်စမတ် တေးသံလေးများ ပျံ့လွင့်နေပါသည်။ ပညာနို့ရည်လာရောက် သောက်သုံး ကြသော အနယ်နယ် အရပ်ရပ်မှ ခရစ်ယာန်မောင်နှမများသည် ခရစ် စမတ်အကြို ဆုတောင်းဝတ်ပြုပွဲ ပြုလုပ်ပြီး လက်ဆောင်ပစ္စည်းလေး များ အမှတ်တရ လဲလှယ်ကြရင်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှုများ တိုးလာ ကြပါသည်။ ထိုအထဲတွင်တော့ နယ်မှ ကျောင်းလာ တက်ကြသော ကဲ့ကော် ဆောင်သူ မာလာနှင့် စန္ဒီတို့နှစ် ယောက်လည်း အပါအဝင် ဖြစ်ပါ သည်။

"ဒီက ညီမနာမည်က မစန္ဒီနော်"

"ဟုတ်ပါတယ်"

"ဒီကညီမနဲ့ လက်ဆောင်ပစ္စည်း လဲချင်လို့ပါ"

"ရပါတယ်... ဒါ ကျွန်မရဲ့ အမှတ် တရ လက်ဆောင်ပါ"

"ဟုတ်ကဲ့ ကျွန်တော်ရဲ့ အမှတ်တရ ပစ္စည်းကိုလည်း လက်ခံပါနော်... အဖိုး မတန်ပေမယ့်... စန္ဒီအတွက် အသုံးဝင် မှာပါ။ ... ကျွန်တော့်အမည် ရဲအောင်လို့ ခေါ်ပါတယ်... ဒုတိယနှစ် ရူပ ကပါ။ အသင်းတော်ကတော့ မင်္ဂလာခုံမှာပါ။ ... မစန္ဒီတို့ကိုလည်း ကျွန်တော်တို့ အသင်းတော်ကို ဖိတ်ခေါ်ပါတယ်..."

"ကျေးဇူးတင်ပါတယ် ကိုရဲအောင် ... အားရင်လာခဲ့ပါ့မယ်..."

# မိတ်မျက်ရည်

**LUKE WUNNA SOE**

ရှင်မိကျွေးအသင်းတော်



ဤသို့ဖြင့် ခရစ်စမတ်အကြို၏ ကြည်နူးဖွယ် ညနေခင်းလေး ပြီးဆုံးသွားခဲ့ပါသည်။ မာလာနှင့် စန္ဒီတို့ သူငယ်ချင်းနှစ်ယောက်လည်း အဆောင်သို့ ပြန်ခဲ့ကြသည်။

◆◆◆

"စန္ဒီ.. ပြပါဦးဟာ... နင့်လက်ဆောင်ကို ငါကြည့်ချင်တယ်... ဟို... ကိုရဲအောင်ဆိုတဲ့လူက နင့်ကို လက်ဆောင်ပေးပြီး မိတ်ဖွဲ့သွားတာ... ဇာတ်လမ်း စပြီထင်တယ်..."

"မဟုတ်ပါဘူး မာလာရယ်... ကိုယ့်ခရစ်ယာန်အချင်းချင်း မောင်နှမတွေပဲဟာ..."

ပြောပြောဆိုဆိုနှင့် နှစ်ယောက်သား ဖွင့်ကြည့်လိုက်တော့ အထဲမှ ရောင်စုံဇာပဝါလှလှလေးများကို တွေ့လိုက်ရသည်။

"... ဟယ်... ပဝါလေးက လှလိုက်တာဟယ်... စာတစ်စောင်ပါ ပါတယ်ဟ..."

နှစ်ယောက်သား အသံထွက် ဖတ်လိုက်ကြသည်။

"ခရစ်ယာန် အမျိုးသမီးများ အတွက် ပွဲတော်ဝင်ရာ၌ အသုံးပြုရန် အမှတ်တရလက်ဆောင်" ဟု တွေ့ရသည်။

"... အတော်ပဲ စန္ဒီ ... မင်း ဘုရားကျောင်းတက်ရင် ... အင်္ကျီရောင်နဲ့ အလိုက်ပဲ... ဒီပဝါလေးကို ခြုံရင် သိပ်လှမှာပဲကွာ..."

မာလာက တက်ကြွစွာပြောနေသလောက် စန္ဒီမှာတော့ မျက်ရည်ဝဲကာ ငြိမ်သက်နေသည်။

"ဟင်... စန္ဒီ... မင်းဘာဖြစ်လို့ ငိုနေတာလဲ"

စန္ဒီကခေါင်းကို ဖြည်းညင်းစွာ ခါလိုက်ပြီး သူ့ရဲ့လွယ်အိတ်ထဲမှ မှတ်ပုံတင်ကဒ်လေးကို ထုတ်ယူလိုက်သည်။ မာလာကတော့ နားမလည်စွာနှင့် ကြည့်နေသည်။ စန္ဒီက မှတ်ပုံတင်ကဒ်ကို ကိုးကွယ်သည့်ဘာသာ နေရာသို့ မာလာကို ပြလိုက်သည်။

"ဟင်... စန္ဒီ... မင်းက ခရစ်ယာန်မဟုတ်ဘူးလား... ငါတော့ ဘာမှနားမလည်တော့ဘူး... မင်းက တို့ထက်တောင် ဘာသာတရားကို ကိုင်းရှိုင်းတာပဲ... သိခွင့်ရရင် ပြောပြပါလားကွာ..."

"ပြောပြပါမယ် သူငယ်ချင်းရယ်... ငါလည်း မင်းတို့လိုပဲ ခရစ်ယာန်စစ်စစ်တစ်ယောက်သိပ်ဖြစ်ချင်တာပေါ့ကွာ... ငါ့ရဲ့ခံယူချက်ကတော့ ခရစ်တော်ကိုပဲ ယုံကြည်ကိုးစားတယ်ကွာ... ဘာဖြစ်လို့ ဒီလိုဖြစ်ရသလဲဆိုရင်... ငါသိပ်ချစ်တဲ့ အဖေနဲ့အမေဟာ မတူညီတဲ့ထမ်းပိုးကို ထမ်းခဲ့ကြလို့ပဲ... ငါ့အဖေက ယုံကြည်သူတစ်ယောက် မဟုတ်ဘူးလေ။ ... အဖေနဲ့အမေဟာ မယူခင်က ညှိကြပါသေးတယ်... ဒါပေမဲ့ မရကြဘူးလေ... အခုဆို.. တို့ မောင်နှမတွေ ဒုက္ခရောက်တာပေါ့ကွာ..."

"ဟုတ်တာပေါ့ကွာ... မင်းတို့က... မောင်နှမ ဘယ်နှစ်ယောက်ရှိလို့လဲကွ..."

"တို့မှာ... မောင်နှမလေးယောက်ရှိတယ်... ငါက အငယ်ဆုံးပေါ့ကွာ... ငါ့အထက်မှာ အစ်ကိုသုံးယောက်ရှိတယ်လေ... သူတို့သုံးယောက် စလုံး... တို့အမေဘာသာကိုပဲ ကိုးကွယ်ယုံကြည်ကြတယ်... အားလုံးလည်း ဗတ္တိဇံခံပြီးသွားကြပြီလေ..."

"ဒါဆို မင်းတစ်ယောက်ထဲ ကျန်တော့တာပေါ့ စန္ဒီ"

"ဟုတ်တယ်... ငါ့အဖေကို ငါသိပ်သနားတယ်... အဖေက သူ့ဘာသာကို ဘယ်သူမှ မကိုးကွယ်ကြတော့ စိတ်အားငယ်တယ်ကွ... ငါ့ကိုတော့ အချစ်ဆုံးလည်းဖြစ်တော့ သူ့ဘာသာကိုပဲ ကိုးကွယ်ဖို့ ပြောတယ်လေ... ငါလည်း အဖေစိတ်ဆင်းရဲမှာစိုးလို့... ဘာမှ မပြောတော့ဘူး... ဒါပေမဲ့ ငါငယ်ငယ်တုန်းကဆိုရင်... အဖေမသိအောင် သင်တန်းတွေ ခိုးတက်ခဲ့ရတယ်... နောက်ပြီး ဗတ္တိဇံခံချင်လို့ ဆရာဆီမှာ အတင်းသွားပြောတော့... ဆရာက မိဘခွင့်မပြုဘဲ မလုပ်ပေးဘူးပြောလို့ ဝမ်းနည်းခဲ့ရတာတွေ ရှိခဲ့တယ်လေ... အဲဒီကစပြီး... မိဘမသိဘဲ ဘာမှ မလုပ်ဘူးလို့ ဆုံးဖြတ်ခဲ့တယ်ကွာ... ဒါပေမဲ့ မာလာရယ်... ငါစိတ်ဓာတ်မကျပါဘူး... တစ်နေ့မှာ ငါ့အဖေအသက်တာ ပြောင်းလဲမယ်လို့ ယုံကြည်တယ်... ဆုလည်းအမြဲတောင်းပါတယ်... ငါလည်း ကျမ်းစာအမြဲဖတ်ပါတယ်... ရောမ၁၀း၉ထဲမှာ... ခရစ်တော်ကို နှုတ်နှင့်ဝန်ခံပြီး... စိတ်နှလုံးထဲမှာ ယုံကြည်ရင်... ကယ်တင်ခြင်းသို့ရောက် လိမ့်မည်... လို့ တမန်တော်ကြီး ရှင်ပေါလုက သစ္စာစကားဆိုထားတယ်လေ... တစ်နေ့တော့ ဘုရားသခင်... ငါ့ ဆုတောင်းသံကို အဖြေပေးမှာပါ... မာလာ..."



"မင်းတို့အကြောင်းသိရတာ... စိတ်မကောင်းပါဘူးကွာ... ငါလည်း မင်းအတွက် ဆုတောင်းပေးမယ်နော်..."

"ကျေးဇူးပါပဲ သူငယ်ချင်းရယ်... တို့တစ်တွေ စကားကောင်းလိုက်ကြတာ ညဉ့်နက်လှပြီ... ဘုရားဆုတောင်းပြီး အိပ်ကြစို့ကွာ..."

◆◆◆

"စန္ဒီနဲ့ မာလာ"

"ဪ... ကိုရဲအောင်ပါလား... ဘယ်ကလှည့်လာတာလဲ..."

"အတန်းမရှိလို့ ပျင်းတာနဲ့ စန္ဒီတို့ဆီ လာလည်တာပါ... ဒါနဲ့.. ကျွန်တော်ပေးတဲ့ လက်ဆောင် သဘောကျရဲ့လား စန္ဒီ..."

"ဟုတ်ကဲ့... ကြိုက်ပါတယ်..."

"ကျွန်တော်တို့ ခရစ်ယာန်မိန်းကလေးတွေ ပွဲတော်ဝင်ရင်... ပဝါလေးတွေသုံးတာ ကျွန်တော့် မျက်စိထဲ ကျက်သရေရှိလို့ ပေးတာပါဗျာ... ခရစ်စမတ်ရောက်ရင် နယ်ပြန်မှာလား စန္ဒီ... မပြန်ရင် ကျွန်တော်တို့ ဘုရားကျောင်းကိုလာဖို့ ဖိတ်ပါတယ်..."

"မပြန်ဖြစ်ရင်တော့ လာနိုင်အောင် ကြိုးစားပါ့မယ်... အခု အတန်းချိန်နီးနေလို့ စန္ဒီတို့ကို ခွင့်ပြုပါဦး..."

"ကောင်းပါပြီဗျာ..."

◆◆◆

"ဪ... စန္ဒီဧည့်သည်ဆိုလို့ ပြေးဆင်းလာတာ ဘယ်သူများလဲလို့.. ကိုရဲအောင်ကိုး..."

"ဟုတ်ပါတယ်မာလာ... စန္ဒီရော ဟင်..."

"စန္ဒီကျောင်းပိတ်လို့ နယ်ပြန်သွားတယ်လေ..."

"ကျွန်တော့်ကိုများ ရှောင်နေတာလား မသိဘူး..."

"ကိုရဲအောင်က စန္ဒီအကြောင်းမှ မသိတော့ အဲဒီလိုထင်ရင်လည်း မမှားပါဘူးလေ..."

"စန္ဒီဘာဖြစ်လို့လဲ မာလာ..."

မာလာက စန္ဒီအကြောင်း အစအဆုံး ပြောလိုက်သည်။

"ကျွန်တော် စိတ်မကောင်းပါဘူးဗျာ... စန္ဒီပြန်လာရင်သာ ကျွန်တော်လာသွားတဲ့အကြောင်း ပြောပေးပါနော်... ကျွန်တော် ပြန်လိုက်ပါဦးမယ်..."

"ဟုတ်ကဲ့ ကိုရဲအောင်... မာလာ ပြောလိုက်ပါ့မယ်..."

◆◆◆

"စန္ဒီရှာပြန်သေးတယ်ဆို..."

"ဟုတ်ပါတယ်... စန္ဒီအိမ်ကို သတင်းရလို့ ပြန်သွားတာပါ.. ပြန်ရောက်တော့... ကိုရဲအောင် လာသွားတယ်လို့ မာလာက ပြောပါတယ်..."

"ကျွန်တော် စန္ဒီအကြောင်းသိရတာ စိတ်မကောင်းပါဘူးဗျာ... ကျွန်တော်ပေးတဲ့ လက်ဆောင်ကြည့်ပြီး စိတ်မကောင်းဖြစ်တာ... ကျွန်တော်ဝမ်းနည်းပါတယ် စန္ဒီ..."

"စိတ်မကောင်းမဖြစ်ပါနဲ့ ကိုရဲအောင် ... ကျွန်မတို့ဟာ ခရစ်ယာန်တွေပါ... ဖေက် ၂း၈-၉မှာ ... ယုံကြည်ခြင်းဖြင့် ခရစ်ယာန်ဖြစ်လာသည်လို့... ဖော်ပြထားတာ ကိုရဲအောင်လည်း သိမှာပါ.. ကိုရဲအောင်ရဲ့လက်ဆောင်ဟာ တစ်နေ့ အသုံးဝင်မှာပါ..."

"စန္ဒီရဲ့ စိတ်ဓာတ်ကိုတော့ ကျွန်တော်ချီးကျူးပါတယ်... ဒီနေ့ကစပြီး ကျွန်တော်လည်း စန္ဒီတို့အတွက် ဆုတောင်းပေးနေမှာပါ... ကျွန်တော့်ကိုလည်း အားမနာပါနဲ့... လိုအပ်တဲ့ အကူအညီရှိရင် ပြောပါနော်..."

"ကျေးဇူးပါပဲ ကိုရဲအောင်..."

◆◆◆

စန္ဒီ၊ မာလာနှင့် ကိုရဲအောင်တို့မှာ အမြဲတစ်တွဲတွဲ ခင်လာကြသည်မှာ စန္ဒီတို့က တတိယနှစ်၊ ရဲအောင်က နောက်ဆုံးနှစ်သို့ပင် ရောက်ရှိခဲ့ကြသည်။

အတန်းတင် စာမေးပွဲကြီးလည်း နီးနေပြီဖြစ်သည့်အတွက် ကျောင်းသူကျောင်းသားတိုင်း စာကြိုးစားနေကြရသည်။

စန္ဒီတစ်ယောက်လည်း မာလာ နေမကောင်းဖြစ်နေသည့်အတွက် ကျောင်းသို့ တစ်ယောက်တည်း လာခဲ့သည်။

"စန္ဒီ..."

"ဟင်... ကိုရဲအောင်"

"မာလာရော မပါဘူးလား..."

"သူ နေမကောင်းလို့ ကျောင်း မတက်ဖြစ်ဘူး..."

"စန္ဒီကိုကြည့်ရတာ ပိန်သွားသလိုပဲ... စာလည်းသိပ်ပြီး ကြိုးစားမနေနဲ့.. ကျန်းမာရေးထိခိုက်နေဦးမယ်..."

"ကြိုးစားရမယ် ကိုရဲအောင်... အဖေက ပညာရေးကို အရမ်းထူးချွန်စေချင်တယ်လေ... စန္ဒီတို့က ဆင်းရဲပေမယ့် အဖေက အလုပ်ကြိုးစားပြီး...

ကျောင်းပြီးတဲ့အထိ ထားခဲ့တာ... စန္ဒီ့ အကိုတွေဆိုရင် ကျောင်းပြီးကုန်ပြီ... စန္ဒီတစ်ယောက်တည်း ကျန်တော့ တယ်... ဒါကြောင့် စန္ဒီက ထူးထူး ချွန်ချွန် အောင်မြင်ချင်တယ်လေ..."

"စန္ဒီတို့ အတန်းချိန်နီးပြီလား"

"နာရီဝက်လောက်တော့ လိုပါသေး တယ်..."

"ဒါဆို တစ်ခုခုသွားစားကြရအောင် နော်..."

"သွားလေ ကိုရဲအောင်..."

"ကျွန်တော်တို့ ခင်လာခဲ့ကြတာ... အခုဆိုရင် သုံးနှစ်တောင်ရှိသွားပြီနော်... ကျွန်တော်လည်း ဒီနှစ်ဆို ကျောင်းပြီး တော့မယ်... နောက်ဆို စန္ဒီတို့နဲ့ ဆုံဖို့ သိပ်မလွယ်တော့ဘူးလေ... ကျွန်တော့် ရင်ထဲမှာ အခုတလော တစ်မျိုးကြီး ဖြစ်နေတယ် စန္ဒီရယ်... စန္ဒီစိတ်မဆိုး ဘူးဆိုရင် စန္ဒီ့ကို ကျွန်တော် စကား တစ်ခွန်းလောက် ပြောချင်တယ်ဗျာ..."

"ပြောပါ ကိုရဲအောင်... ဒီလောက် ခင်လာကြတဲ့ သူငယ်ချင်းတွေပဲ... ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ..."

"စန္ဒီ့ကို ကျွန်တော်သိပ်ချစ်တယ် ဗျာ... စန္ဒီလက်ခံနိုင်ပါ့မလား..."

"တစ်နေ့ ကိုရဲအောင် ဒီစကားပြော လာမယ်ဆိုတာ စန္ဒီသိပါတယ်... ဒါပေမဲ့ ကျောင်းနေတုန်းမှာ စန္ဒီ အဲဒါ တွေ မစဉ်းစားချင်ဘူး... ဘာဖြစ်လို့လဲ ဆိုတော့ စန္ဒီ့အဖေက ကျောင်းနေရင် စာကလွဲပြီး ဘာမှ မစဉ်းစားရဘူးလို့ မှာထားတယ်လေ... ဒါပေမဲ့ ကျောင်း ပြီးလို့ ထူးထူးချွန်ချွန်အောင်ရင် စန္ဒီ လိုချင်တာပေးမယ်လို့ အဖေက ပြော ထားတယ်... အခုဆိုရင် စန္ဒီက ဗတ္တိဇံ တောင် မခံရသေးဘူး... အဖြစ် ချင်ဆုံး ကအဲဒါပဲ... ကျောင်းပြီးရင်တော့ စန္ဒီရဲ့ ဆန္ဒကို အဖေ့ဆီမှာတောင်းဖို့ ဆုံးဖြတ် ထားတယ်... အဖေက ခွင့်ပြုရင်တော့ ကိုရဲအောင်ဆီ စာရေးလိုက် မယ် လေ..."

"စန္ဒီ့ရဲ့ဆန္ဒ ပြည့်ဝမှ ကျွန်တော့်ကို လက်ခံမယ်ဆိုတဲ့ သဘောလား..."

"ဟုတ်ပါတယ် ကိုရဲအောင်..."

"ကောင်းပြီလေ... ကျွန်တော် ဆု တောင်းခြင်းနဲ့ မျှော်လင့်နေပါ့မယ်..."

"အတန်းချိန်လည်းနီးနေပြီ... စန္ဒီတို့ သွားကြရအောင်..."

◆ ◆ ◆

အချိန်ကာလတို့ တရွေ့ရွေ့ကုန်ခန်း ပြီး မာလာနှင့် စန္ဒီတို့လည်း နောက်ဆုံး နှစ်သို့ပင် ရောက်ရှိခဲ့ကြသည်။

"စန္ဒီရယ် ကိုရဲအောင်တစ်ယောက် လည်း ကျောင်းပြီးကတည်းက မတွေ့ တော့ဘူးနော်..."

"အေးဟယ်... အလုပ်များ ဝင်နေ ပြီလားမသိဘူး။ ငါ့ဆီတော့ စာရေးပါ တယ်..."

"နင်သူ့ကို ဘယ်လိုဆုံးဖြတ်လဲဟ... သူကတော့ မဆိုးပါဘူးဟာ..."

"ငါ့ရဲ့ ဆန္ဒတွေပြည့်မှ သူ့ကို အဖြေ ပေးမယ်လို့ ငါသူ့ကို ကတိပေးထား တယ်... ဒါကြောင့် ဒီနှစ်က အရမ်း အရေးကြီးတယ်လေ..."

"ဟုတ်တယ်... စကားကောင်းနေ လို့မဖြစ်ဘူး။ စာဖတ်ကြစို့ကွာ..."

ဤသို့ဖြင့် စန္ဒီနှင့် မာလာတို့လည်း နောက်ဆုံးနှစ် စာမေးပွဲကြီးကို ဖြေဆို ပြီးစီးခဲ့ကြပါသည်။

◆ ◆ ◆

"သမီးရေ... သမီးနာမည်နဲ့ စာလာ တယ်..."

"ဟုတ်လားအဖေ... ဟာ... အ ဆောင်မှူးဆီက အောင်စာရင်း အ ကြောင်းကြားစာပဲ... သမီးရင်တွေ ခုန် လိုက်တာ..."

"ကဲ အဖေ့ကိုပေးစမ်း... အဖေ ဖတ်ကြည့်ရအောင်... အမေကြီးလည်း ဘုရားထောင်ပေါ့... ဟာ... ဒါမှ ငါ့သမီးကွ... ဂုဏ်ထူးငါးဘာသာနဲ့ ထူး ထူးချွန်ချွန်အောင်တယ်ဟေ့..."

"ဝမ်းသာလိုက်တာ အဖေရယ်... ဒါပဲနော်အဖေ... သမီးကို အဖေပေး ထားတဲ့ကတိအတိုင်း သမီးရဲ့ဆန္ဒကို ဖြည့်ပေးရမယ်နော်..."

"အဖေမမေ့ပါဘူး သမီးရယ်... သမီး က အဖေလိုချင်တဲ့ဆန္ဒကို ဖြည့်ပေး ပြီပဲ... သမီးလိုချင်တာလည်း အဖေ သိပါတယ်..."

"ဒါဆို သမီးကို အမေတို့ဘာသာထဲ ဝင်ခွင့်ပြုတယ်ပေါ့..."

စန္ဒီတစ်ယောက် ဝမ်းသာလွန်း၍ မျက်ရည်များပင်လည်လာသည်။ အမေနှင့် အစ်ကိုများကလည်း စန္ဒီအား ဝမ်းသာ ကြသည်။ စန္ဒီကတော့ အပြည့်အဝ မပျော်နိုင်ပါ။

"ဒါဆိုရင် အဖေတစ်ယောက်ထဲ ကျန်ခဲ့မှာပေါ့..."

ထိုစဉ် အမေဖြစ်သူက...

"သမီးအဖေလည်း ... အမေတို့နဲ့ တစ်လုံးတစ်ဝတည်းဖြစ်ဖို့ ဆုံးဖြတ် ထားတယ်... သမီးဝမ်းမသာဘူးလား..."



စန္ဒီမှာ ပျော်လွန်း၍ ဘာပြောရမှန်း ပင် မသိတော့ပါ။ စန္ဒီ့ဘဝအသက်တာ မှာ ဤနေ့သည် အဘယ်အရာနှင့်မျှ နှိုင်း၍မရသည့် ပီတိအဖြစ်ရဆုံး ပြောင်း လဲခြင်း နေ့သစ်လေးတစ်ခု ဆိုလျှင် လည်း မှားမည်မဟုတ်ပါ။ စန္ဒီသည် ရုတ်တရက် အခန်းထဲသို့ ပြေးဝင် သွားပြီး ရဲအောင်နှင့် မာလတို့ ထံသို့ စာရေးရန် ဘောလ်ပင်ကို ကောက်ကိုင် လိုက်ပါသည်။ ပီတိ အဟုန်ကြောင့်ကျ ဆင်းလာသော မျက်ရည်စများသည် ရွှေပေလွှာစာရွက် ပေါ်တွင် ရေးသော အချစ်အက္ခရာများ နှင့် ရောနှောပေါင်း စပ်သွားသည်မှာ အလွန်လှပသော ပန်းချီကားတစ်ချပ် ကပင် အရှုံးပေး ရမည် ဖြစ်ပါတော့ သတည်း။ ။

LUKE WUNNẠ SOE
ရှင်မိက္ခေလအသင်းတော်၊
ကြည့်မြင်တိုင်။ (၄·၁၀·၂၀၀၈)

## တန်ဖိုးရှိသော သမ္မာကျမ်းစာအုပ်

တစ်ခါတုန်းက ရွာတစ်ရွာတွင် သူများပစ္စည်း နိုးဝှက်ယူရာ၌ လျှပ်စီးလက်သကဲ့သို့ လျှင်မြန် ဖြတ်လတ်တဲ့ လူတစ်ဦးရှိခဲ့သတဲ့။ ခွေးများကပင် မသိနိုင်အောင် နိုးယူ တတ်သောကြောင့် ရွာသူရွာသားများက သူ့ကို အလွန်အံ့ဩ နေကြသည်။ တစ်နေ့သောအခါ ဘုန်းတော်ကြီးတစ်ပါးက ထိုသူခိုးကို သမ္မာကျမ်းစာအားဖြင့် ဆိုဆုံးမခဲ့သောကြောင့် သူ့ရဲ့အသက်တာ ပြောင်းလဲသွားခဲ့သည်။ သူပြောင်းလဲသွား၍ (၃)ရက်မြောက်သောည သန်းခေါင်ယံအချိန်၌ ဘုန်းတော် ကြီးအိမ်သို့ သွားခဲ့ရာ ခွေးအကိုက်ခံခဲ့ရသည်။

မှတ်ချက်။ ။ သမ္မာကျမ်းစာအုပ် နိုးယူမိသောကြောင့်တဲ့။

H.C.T.C
B. Th II
သောမတ်(စ်) ဘုရန်မိုင်

## သုတ္တံကျမ်း ၃၁း၆

၁၂အရွယ် လူငယ်လေးတစ်ဦးသည် နေ့တိုင်း အသက် (၇၀)အရွယ်ရှိသော ဖခင်အတွက် အရက်ဝယ်ပေး နေသည်။ ဤအခြေအနေကို အကဲခတ်မိသော လူကြီး တစ်ယောက်သည် လူငယ် လေးဆီသွားပြီး မေးသည်။ "ကလေး ဘာဖြစ်လို့ အဖေအတွက် အရက်နေ့တိုင်း ဝယ်ပေးရတာလဲ" ကလေးငယ်က "Sunday school မှာ ဆရာမက သင်ပေးလိုက်တယ်။ ဆုံးလုသောသူအား သေ ရည်သေရက် ကိုငှင်း၊ စိတ်ညစ်သောသူအား စပျစ်ရည်ကိုငှင်း ပေးလော့" တဲ့။ ကလေးငယ် ဆက်ပြောလိုက်ပုံက "အဖေက အသက်ကြီး ပြီး အမေလည်းဆုံးတာ မကြာသေးဘူး" တဲ့။

တုတူ

# မေမေ့အကြောင်း

## မြသွေးညို (ပသိမ်မြေ)



ညနေ (၃)နာရီထိုးပြီ

ကလင်... ကလင်... ကလင်...

(ကျောင်းဆင်းခေါင်းလောင်းထိုးသံ)

မင်္ဂလာပါဆရာမ... ကျေးဇူးတင်ပါတယ် ဆရာမ

ထွေးထွေး: ဟိတ် မြသွေး။ ဒီနေ့ ငါ feminist Class တက်ရတာ အရမ်းဝမ်းနည်းတယ်...

မြသွေး: ဘာဖြစ်လို့

ထွေး: ငါလေ... ဒီနေ့ ဆရာမစာသင်တာကို နားထောင်နေရင်းနဲ့ ငါ့အမေကို သတိရ သွားလို့ပါဟာ။

သွေး: ဘာလဲ... နင့်အဖေက နင့်အမေကို ရိုက်လို့လား။

ထွေး: မဟုတ်ပါဘူးဟာ... နင်ကလည်း... ငါအကောင်းပြောနေတာ မနှောက်ပါနဲ့။

သွေး: အင်းပါဟာ... နင့်ကို ငါမနှောက်တော့ပါဘူး... လာ အဆောင်ပေါ်တက်ပြီး ငါ့အခန်းမှာ ပြောကြရအောင်...

သွေး: ဟော့... ထွေး... နင်ငါ့ဆီကို မပေါ်လာလို့ နင့်ဆီ ငါလာတာ... ကဲ ဆိုစမ်းပါဦး... နင့်အမေ အကြောင်း။ ငါ အရမ်းစိတ်ဝင်စား လာပြီဟာ။

ထွေး: အေးဟ... လာ ခုတင်ပေါ်ထိုင်

သွေး: ကျေးဇူးပဲ။

ထွေး: ငါ့အမေအကြောင်းကလေ... ပြောရမှာ ရှည်တော့ရှည်တယ်ဟ... နင်နားထောင်နိုင်ပါ့မလားသွေးရဲ့

သွေး: ပြောမှာသာ ပြောစမ်းပါဟာ နင်ကလည်း...

ထွေး: အေးပါ... ပြောပြီနော်၊ နင်အိပ်ငိုက်လို့ ကတော့... ငါ့အမေက ဟိုတောင်ပေါ်မှာ မွေးတာ... ထီးပူချီးဆိုလား၊ ကရင်ပြည်နယ် သံတောင်ကြီးနယ်ကပေါ့... အရမ်းခေါင်တယ်တဲ့ အဲဒီရွာမှာ ပညာရေးလည်း ဦးစားမပေးကြဘူးလေ၊ ငါ့အမေမှာ မောင်နှမ (၁၀)ယောက်တောင်မှ ဆိုတော့ ကျောင်းနေဖို့လည်း မလွယ်ဘူး။ ငါတို့အဖိုးကလည်း ငါ့အမေကိုပြောတယ်... "နင်ကျောင်းနေပြီး ဘာလုပ်မှာလဲ... တစ်နေ့ကျရင် အိမ်ထောင်ပြုပြီး အိမ်ရှင်မကောင်းပီသဖို့ပဲ နင်အိမ်အလုပ်တွေ သင်စမ်းပါ" တဲ့လေ။

သွေး: ဒါဆို နင့်အမေက ကျောင်းမနေရတော့ဘူးပေါ့၊ ဟုတ်လား...

ထွေး: နင်အဲလိုထင်လို့လား။ ငါ့အမေက ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်တယ်ဟ၊ ငါ့လိုပဲ။

သွေး: အံမယ်... ကြွားကြွားကြီးနဲ့ လာတွေ့ပြန်ပြီ။

ထွေး: တကယ်ပြောတာ ငါ့အမေ ပညာသင်နိုင်ဖို့ ဘယ်လောက်ပေးဆပ်ရလဲ သိလား။

သွေး: သိမလား နင်ပြောမှသိမှာပေါ့။

ထွေး: ဟုတ်သားပဲ။ သူလေ သူများအိမ်မှာ ထမင်းချက်၊ အဝတ်လျှော်၊ ကလေးထိန်းရင်းနဲ့ ကျောင်းတက်ရတာ သူ့ကျောင်းလခရဖို့လည်း၊ အခြားအလုပ်တွေ လုပ်ရတာတဲ့။

သွေး: ဟုတ်လား၊ ငါသာဆိုရင် တက်ဖြစ်တော့မှာ မဟုတ်ဘူး။

ထွေး: ဒါပေမဲ့ သူက ပညာတတ်ချင်တာကိုး။ အဲလိုနဲ့ပဲ (၁၀)တန်းကို အောင်တဲ့အထိနေရတာ (၁၀)တန်းအောင်ပြီးတော့ သူ ဆရာအတတ်သင် တက်ခွင့်ရတယ်။ သူ အရမ်းတက်ချင်တယ်။ ဒါပေမဲ့ ပိုက်ဆံလည်းမရှိ၊ ငါ့အဖိုးနဲ့ အဖွားကလည်း သူတို့အနားမှာ နေစေချင်တယ်တဲ့လေ။ အဲ့ဒါနဲ့ ငါ့အမေက စိတ်ဓာတ် မကျသေးဘူး... သူ့ကိုချစ်တဲ့လူကြီးတွေဆီမှာ အကူအညီ လိုက်တောင်းတယ်လေ။ လူကြီးတွေကလည်း သူကြိုးစားတာ၊ သူတော်တာကို သိတော့ သူ့ကိုထောက်ပံ့ကြေး ပေးကြတယ်လေ။

သွေး: ဒါဆို နင့်အဖိုး၊ အဖွားကရော...

ထွေး: သူတို့လည်း ဘယ်တတ်နိုင်တော့မလဲ။ ဒါနဲ့ ငါ့အမေ T.T.C ကဆင်းတော့ သူတို့ရွာနဲ့ နီးတဲ့ ရွာတစ်ရွာမှာပဲ တာဝန်ပြန်ကျတယ်လေ။

သွေး: ဒါဆို နင့်အမေ စိတ်ပျက်မှာပဲနော်။ သူ့ အရည်အချင်းတွေ နမြောစရာကြီး

ထွေး: အမလေး... ဒီထက်နမြောစရာကောင်းတာ ရှိသေးတယ်။

သွေး: ဘာလဲဟ ပြောပါဦး။

ထွေး: ငါ့အဖေပေါ့... အဲဒီရွာမှာ ငါ့အမေတာဝန်ကျတော့ ငါ့အဖေနဲ့ တွေ့ကြတယ်လေ။

သွေး: ဘာဆိုင်လဲ။

ထွေး: ဆိုင်တာပေါ့... ငါ့အဖေနဲ့တွေ့တော့သွားရော။ သူပညာဆက်သင်ဖို့ formကိုပါ အဖြဲ့လိုက်ရတယ်လေ။

သွေး: ဘာဖြစ်လို့...

ထွေး: ငါ့အဖေက သူ့ကိုချစ်ရင် သူ့နောက်လိုက်နေရမယ်။ အလုပ်လုပ်စရာမလိုဘူးတဲ့လေ။

သွေး: ဟ... တော်တော်ကောင်းတဲ့ ဆင်ခြေပဲ။

ထွေး: ငါ့အမေလည်း ချစ်တော့လည်း ပြုသမျှနုရတာ ပဲပေါ့...

သွေး: ဒါဆို နင့်အမေက ဇိမ်ပဲပေါ့ ဟုတ်လား။

ထွေး: ဘယ်ကလာ... အစပိုင်းတော့ ဟုတ်သလိုလိုနဲ့... နောက်ပိုင်းတော့ ငါ့အဖေက ပါးစပ်ပဲ ရှိတယ်ဆိုတာ သိလိုက်ရတယ်တဲ့လေ။

သွေး: ဘယ်လို... ဘယ်လို...

ထွေး: အတိုချုပ်ပြောရရင်တော့၊ ငါ့အမေလက်နဲ့

လွှတ်တဲ့အလုပ်ဆိုတာ တစ်ခုမှမရှိဘူး။ အိမ်အလုပ်ဆိုလည်း ငါ့အမေပဲ၊ အပြင်အလုပ် (ဥယျာဉ်ခြံအလုပ်)လည်း ငါ့အဖေနဲ့အတူ ကြမ်းကြမ်းတမ်းတမ်း လုပ်ရတာပဲ။ အိမ်ပြန်ရောက်ရင်လည်း ထမင်းချက်၊ ရေခပ်ပြီးရင် ခူးခပ်ပေးရသေးတယ်။ ငါ့အဖေကတော့ အဆင်သင့်စားရုံပဲ...

သွေး ဒါတော့ နင့်အမေမှ မဟုတ်ပါဘူးဟာ ငါတို့ မြန်မာပြည်မှာရှိတဲ့ အိမ်ရှင်မအားလုံးလိုလိုပဲ တွေ့ကြုံရတဲ့ ကိစ္စပဲလေ...

ထွေး ဟော့... နင် femmist Class က မဟုတ်ဘူးလား။ နင်တော့ အဲလိုပဲလာဦးမှာ။ ငါတော့ လုံးဝမခံဘူး။ ငါ့အရည်အချင်းတွေ ငါအမြုပ်မခံနိုင်ဘူး။ ချစ်တာက ချစ်တာပဲ။ အပြန်အလှန်ရှိမှ ငါ့ကို နားလည်ပေးမှ ငါယူမှာ။

သွေး ဒါဆိုနင်တော့ အပျိုကြီးဖြစ်မှာမြင်ယောင်သေး။

ထွေး အမလေး... ဖြစ်ဖြစ်ပေ့ါ။ ပိုတောင်ကောင်းသေးတယ်။ ငါ့ခြေထောက်ပေါ်ငါ ရပ်တည်နိုင်အောင် ကြိုးစားမှာ။

သွေး ကြည့်ရသေးတာပေ့ါ။ ကဲ လမ်းကြောင်းလွှဲသွားပြီ ပြန်တည့်ပါဦး။

ထွေး အေး... ဟုတ်တယ်။ အဲလို ပင်ပန်းရတာကြာလာတော့ ငါ့အမေကလေ အသက်ငယ်ငယ်နဲ့ ရုပ်ကအိုစာလာတာလေ... ငါတွေးတိုင်း စိတ်မကောင်းဘူး။ သူများအမေ ဖြူဖြူဖွေးဖွေး၊ လှလှပပတွေ့ရင် စိတ်မကောင်းဖြစ်တယ်ဟာ... ဒါပေမဲ့ ငါ့အမေက ငါ့အတွက် ရဲတိုက်တစ်ခုလိုပါပဲဟာ။ ငါ့အဖေ မရှိပေမယ့် ငါတို့ မောင်နှမသုံးယောက်ကို ဝဝလင်လင် သူများနည်းတူ စားနိုင်သောက်နိုင် နေနိုင်ထိုင်နိုင်အောင် လုပ်ပေးနိုင်ခဲ့တယ်။ ခုဆို ငါ့မောင်အငယ်က (၆)တန်း၊ ငါ့ညီမက (၇)တန်း၊ ငါက သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်မှာ နောက်ဆုံးနှစ်ရောက်နေပြီလေ။ ဒါတွေအတွက် အမေ့ကို ငါအရမ်း ကျေးဇူးတင်တယ်။ ချီးလည်းချီးကျူးတယ်ဟာ။

သွေး ဟဲ့... ထွေးရေ နင့်အဖေက မသေသေးဘဲ ဘာလို့ ပျောက်သွားရတာလည်း၊ ရှင်းပါဦး။ ငါနားနည်းနည်း ရှုပ်သွားလို့။

ထွေး အဲဒီအကြောင်းကို ငါမပြောချင်လို့ပါဟာ။ ဒါပေမဲ့ နင့်ကိုတော့ ငါပြောပါ့မယ်ဟာ။

သွေး ပြောပါဟာ။ နင်ငါ့ကိုမှ မပြောရင် ဘယ်သူ့ကို သွားပြောမှာလည်း... ပြောရမယ့်သူ ရှိနေပြီလား။

ထွေး ဟော့... အပျိုကြီး လုပ်မယ်ဆိုမှ။

သွေး သြော်... အေး မေ့သွားလို့ပါ အပျိုကြီးမမရဲ့ တကတည်းမုပဲ ဆက်ပြော

ထွေး ဟွန့်... မစနဲ့လေ... ငါဘယ်ရောက်သွားပြီလည်း...

သွေး နင့်အဖေ ပျောက်သွားတဲ့ကိစ္စ

ထွေး သြော်... အေး... ငါ့အဖေလေ ဘယ်က အတတ်ဆန်းတွေ ရလာလည်း မသိပါဘူး။ တုတ်ပြီး၊ စားပြီး၊ သေနတ်ပြီးဆေးတွေ ထိုးပြီး ငါ့အမေနဲ့ ခွဲအိပ်တယ်လေ။ ဘုန်းနိမ့်မှာ စိုးလို့တဲ့လေ... အဲဒီအချိန်ကစပြီး ငါ့အမေလည်း စိတ်မချမ်းသာဖြစ်ခဲ့ရတယ်။ ငါကောင်းကောင်း မှတ်မိသေးတယ်။ ငါ (၇)နှစ် အရွယ်လောက်မှာပေ့ါ။ ငါ့အဖေက ဧည့်ခန်းမှာ အိပ်တယ်။ ငါ့အမေနဲ့ ငါက မီးဖိုခန်းမှာအိပ်တယ်။ ငါအိပ်ပြီးအထင်နဲ့ ငါ့အမေက ကြိတ်ပြီး ငိုနေတာ ငါလည်း အသံကြားတော့ မျက်လုံးဖွင့်ကြည့်မှ ငါ့အမေ ငိုနေတာ သိရတယ်။ အဲဒီတုန်းက ငါဘာမှန်း မသိပေမယ့် အခုတော့ ငါကောင်းကောင်း သဘောပေါက်သွားပြီဟာ။ Care and Cousellling Class တက်ရတော့ ငါပို သိလာတယ်။

သွေး အေးနော်။ ငါတို့ မြန်မာအမျိုးသမီးတွေက



တော်တော် အရှက်ကြီးတာကိုး ငါတောင် Cousellling Class တက်ရလို့ ဒီလိုပြောထွက်တာ ပြောရဦးမယ်။ ဒါဆို နင့်အမေက sexual ပိုင်းမှာ စိတ်ကျေနပ်မှု မရခဲ့ဘူးလို့ ဆိုရမှာပေ့ါနော်။ နင်စိတ်မဆိုးနဲ့နော်။

ထွေး စိတ်မဆိုးပါဘူး။ ငါလည်း အဲလိုပဲထင်တာပဲလေ... အဲလိုနဲ့ ငါ့အဖေနဲ့ အမေရဲ့ဆက်ဆံရေးက တဖြည်းဖြည်း ကြီလာတာ နောက်ဆုံးတော့ သူတို့ ကွာရှင်းပြတ်စဲကြတဲ့အထိပဲ...

သွေး အဲဒီကိစ္စတစ်ခုတည်းနဲ့လား။

ထွေး မကဘူး သွေး။ ရွာမှာအခြေအနေမကောင်းတာကြောင့် ငါ ပညာကောင်းကောင်းသင်ရအောင်ဆိုပြီး မြို့ရွှေ့နေဖို့ ငါ့အဖေကိုပြောတော့ သူလက်မခံဘူးလေ။

သွေး ဒါဆို နင့်အမေက ဇွတ်လုပ်တာပေါ့။

ထွေး ငါပြောပြီးပြီကော... ငါ့အမေက ဇွတ်ဆို။ ပြီးတော့ သူ့လို ပညာရေးကို ဆုံးရှုံးခဲ့ရတာမျိုး လုံးဝသူ့အဖြစ်မခံနိုင်ဘူးလေ... ဒါကြောင့် ငါ့အဖေပြောစကား နားမထောင်ပဲ မြို့ဆင်းပြီး ကျောင်းထားတာ ငါနဲ့အတူ ငါ့မွေးစားမောင်နဲ့ ညီမပါသေးတယ်လေ။

သွေး သြော် နင်က တစ်ဦးတည်းသော သမီးပေ့ါ။ ဟုတ်လား။

ထွေး ဟုတ်တယ်။ ငါ့မောင်နဲ့ ညီမက သပ်သပ်စီပဲ သူတို့မိဘက သူတို့ကို မကြည့်နိုင်လို့ ငါ့အမေက ခေါ်ထားတာလေ။

သွေး ဒါဆိုရင် နင့်အမေက နင်တို့ကို ထောက်ပံ့လား။

ထွေး ဘယ်ဟုတ်မလဲ။ သူနဲ့ ငါ့အမေကွဲပြီး တစ်နှစ်အကြာမှာပဲ နောက်အိမ်ထောင်ပြု လိုက်တယ်လေ။ သူ့အိမ်ထောင်နဲ့သူ ဆိုတော့လည်း ဘယ်ထောက်နိုင်ပါ့မလဲ။

သွေး ဒါဆို နင်တို့ မောင်နှမသုံးယောက်ကို ဒီအရွယ်အထိရောက်ဖို့ နင့်အမေ တစ်ယောက်တည်း တော်တော် ကြိုးစားရုန်းကန်ရတာပေ့ါနော်။

ထွေး ဟုတ်တယ်။ ငါ့အမေလေ... မြို့ရောက်တာနဲ့ တောင်ပေါ်က ခြံတွေကိုရောင်း၊ မြို့မှာအိမ်ကွက်တစ်ကွက်ဝယ်၊ ဥယျာဉ်ခြံတစ်ခြံဝယ်၊ ဥယျာဉ်ခြံလုပ်ရင်းနဲ့ ငါတို့ကို ကျွေးလာတာပေ့ါ။ အစပိုင်းတော့ သူများအိမ်မှာ နေရပေမယ့် အခုတော့ ငါတို့မှာ ပျဉ်ထောင်အိမ်နဲ့ ခြံကျယ်ကျယ်ဝန်းဝန်းနဲ့ နေနေရပြီလေ။

သွေး ဟယ်... ဒါဆို နင့်အမေက တော်တော် တော်တာပဲနော်။ ငါတောင် အားကျလာပြီဟာ နင့်အမေနဲ့ ငါ့ကို မိတ်ဆက်ပေးဦးနော်။

ထွေး အေးပါဟာ ငါ့အမေက သူ့သမီးဘွဲ့ယူတာ တွေ့ရရင် ကျေနပ်ပြီတဲ့လေ။ ဒါကြောင့် လာဖြစ်အောင် လာမှာတဲ့။ အဲဒီကျမှ မိတ်ဆက် ပေးမယ်နော်... ဒီနေ့ ငါ့အလှည့် ပြီးသွားပြီ။ နောက်နေ့ကျရင် နင်ပြောအလှည့်နော်။

သွေး အင်းပါ။ ငါလည်း ငါ့အမေ ဘယ်လောက်တော်လဲဆိုတာ မနက်ဖြန်ကျရင် ကြွားရဦးမှာပေ့ါလေ။

ထွေး ဟော့ ငါတို့ စကားကောင်းနေတာနဲ့ ငါးနာရီ တောင်ထိုးတော့မယ်။ ထမင်းသွားစား ရဦးမယ်လေ။

သွေး ဟုတ်သားပဲ။

(ဒေါင်... ဒေါင်... ဒေါင်)

သွေး ဟော... ပြောရင်းဆိုရင်း ခေါင်းလောင်းထိုးပြီ... သွားစို့။ ။

## ဟာသ

### "ဟုတ်ပေသားပဲ"

တစ်နေ့သော Sunday School တွင်ဖြစ်သည်။

ခွင့်လွှတ်ခြင်းနှင့် ပတ်သက်သော ပုံပြင်ကို ပြောပြရန်အတွက် နီဒါန်းမပျိုးခင် ဆရာမကိုးဆွေက ကလေးငယ်တစ်ဦးအား ဤကဲ့သို့ မေးလိုက်သည်။

ဆရာမ။ ။ သားလေးတီးတီးမှာ သရက်သီး (၂)လုံးနဲ့ Ve Ve ဖျော်ရည် (၁)ဗူးရှိတယ်။ ဒါကို သားညီလေး ဆော်ပိုင်က အကုန်လုံးစားပစ် လိုက်တယ်။ ဒီတော့ သားလေး ဘယ်လိုမျိုး စိတ်ဓာတ်တွေ ထားရှိရမလဲ။

တီးတီး။ ။ ဆော်ပလောတီးချင်တဲ့ စိတ်ဓာတ်တစ်ခုပဲ ထားရှိရမယ်။

မိုင်နော်နိုင်း
B.Th II

## ဒါဆိုရင်...

တစ်နေ့၌ ကျောင်းသားနှစ်ဦး အပြစ် အကြောင်း ပြောဆိုကြရင်း...

ပ... ။ ။ အာဒံသာ ကရင်လူမျိုးဖြစ်ရင် ကောင်းမယ်နော်။

ဒ... ။ ။ ဘာဖြစ်လို့လဲကွ...

ပ... ။ ။ အဲဒါဆိုရင် ပန်းသီးကို စားတော့ မှာမဟုတ်ဘူး
မြွေကိုပဲ စားလိုက်မှာကွ!...

တော်လာကို
B.Th II

## သာခုကွာ သာခု

တစ်နေ့အသင်းတော် ကျောင်းထိုင်ဘုန်းကြီး တစ်ပါးထံ အသင်းသားတစ်ဦးရောက်လာသည်။ ဘုန်းကြီးက လာရင်းကိစ္စကိုမေးရာ-

အသင်းသား။ ။ ဆရာ... မနက်ဖြန် ကျွန်တော့်အိမ်မှာ ဝတ်ပြုချင်တယ်။ အဲဒါ ဆရာလာပေးလို့ ရမလား...

ဘုန်းကြီး ။ ။ ဪ... ဗိုလ်ပည့်က ဘုရားတရားတွေ သိလာပြီကိုး သာခုကွာ... သာခု သာခု

ဘုန်းကြီးရဲ့ ပီတိစကား မဆုံးခင်မှာပင် ထိုအသင်းသားရဲ့ နောက်ဆက်တွဲစကားကြောင့် ဘုန်းကြီးခင်မှာ မျက်လုံးပြူးသွားရှာသည်။

သူပြောပုံက "မေဒင်ဆရာက ဖျားနေတဲ့ ကျွန်တော့် သမီးလေးအတွက် ဆုတောင်းပေးဖို့ ဆရာကို ခေါ်ခိုင်းလိုက်လို့ အဲဒါကြောင့် ဆရာကို ကျွန်တော်လာပြီး ဖိတ်ရတာပါ ဆရာ..." ဟူ၍ ဖြစ်သတည်း။



# Thinking about the Eucharist in ASHO CHIN

(1 Corinthian 11: 28-30)

Revd. Salai David
(Lecturer, KCTC)

Introduction

Asho chins, indigenous people or southern chin, live in separated communities or cultural or ethnic groups. They are located in areas which were geographically distant from Chin State and often function at the periphery of the political, social, cultural, and economic systems of the dominant or mainstream society (Burmese culture and Buddhism). Asho Chins worship to Auk Au Hle (god mother).

1. Auk Au Hle

Initially, there was Auk Au Hle (god mother), who created the whole world, including the earth, the mountains, the forests, the water, various animals and human beings. Auk Au Hle is derived from the Asho Chin language which means eternal truth. Chin peoples mainly live on the hills, which is in the north west of Myanmar. They believed in spirit god. Even they converted to Christianity or Buddhism form Parimmonial, some of them used to worship in spirit god with their new faith. When they work cultivation on the hill, they have to ask permission for Auk Au Hle, who is the creator and owner of the earth. Likewise, whatever they do, it is necessary to get permission form Auk Au Hle.

2. Patrimonial

Animism accepts the reality of spiritual forces and beings. However, it is inherited from ancestor's of Asho Chin's worshiping is not an animism, nor a pluralism. It si national concern of Patrimonial, also. That is to say that everyone has kept ot observe their own customary law and hereditary rites. Some traditionalists asked brotherly, why did you sustain both of christian and our custom, if and when a buddhist inherited. What is the answer? If God is one, there will be no other god. But our approching to God is not embarking on the same boat. Actually,

Asho Chin congregations has the feast of summon spirits for the late forefathers. Of course, it will be celebrated one day, when they remember into being of illness, painful, and troublous through the captivate of souls in dream of in life.

3. The Feast of summon spirits or Offering

Furthermore, in Asho Chin language, the meaning of Kun Hkwe (summon the spirit of a dead person by occult means) is sacrificed ceremony of summon spirit which is to communicate with the spirit of dead (as Holy Communion). In those days, an Asho Chin family sacrified the feast of summon spirits with pork or beef, eggs and dogs by the appoinment of tribal priest (Omi). They prepared kind of intoxicating brew (khoung Ye, Chin Beer, or glutinous rice wine) at least for six months ago. And then, the hosts of responsible of festival went to invite the priest, who will be led on the sacrifice of summon the spirits. While he was reciting veracious words (the truth) by oral, the spirits was eating happily the refreshments at the (real) present of Auk Au Hle. After the offering, the bereaved familiers will have the meals together with the priest. Thence, the intoxicating brews' taste was sour. Because of them (the spirits of dead persons) are too hungry and thirsty for a long time. They will drink and eat much smell and tasty in greedily. However, the bereaved familiers were so pleased for their sacrifice of summon the spirits was successfully, also.

On the other hand, Kum Hkwe always participate with the living people at hte harvest (memorial thanksgiving). Although there has the resurrection in Chin's faith, it is only concerned with the cultivation of crops. The dead rise again form the death to join their relatives at the time of cultivation and harvesting. Which is held every year. In offering the sacrifices, seven threads of cotton are woven into a rope mixed with paprika and salt. Then it is placed on an animal while the priest recite the verses. The rope represents the blood and flesh of the animal cleansing the sin of man. The sacrifice of blessing in which a ceremony is held in order ot cleanse the sins of man. The priest ususlly leads the sacrificed ceremony.

4. Contextualization

Chin belief god in spirit, Auk Au Hle, is quiet identical with the faith of Hebrew people in the Old Testament time. At that time, Jewish people worshipped and sacrificed only one God then they deviated from the law of God, Canaanites and some of them worshipped and sacrificed other gods especially Baal, fertility god. Simalarly, Chin people believed in Auk Au Hle more than they worshipped and sacrificed Moe Kong Nat. When Christianity was introduced to Chin people they understood and accepted it more quickly and easily. Because Auk Au Hle is like as God in spirit.



5. Message

According to indigenous people, there has cross-cultural of Asho Chin community through beliefs and values or liturgy. In the perspective of christian theology, they are rights absolutely with their living faith. Here, an important message is that we all must be hungry and thirsty for accepting the body and blood of Christ. "Let a man examine himself, and so let him eat of that bread, and drink of that cup. For he that eateth and drinketh unworthily, eateth and drinketh damnation to himself, not discerning the Lord's body." (I Corienthian 11:28-29). Our christian commitment is to believe what our faith is to God Almighty.

In Hebrew's context, grapes wine is used for social, festivals and reception in those days. But grapes wine and unleaven bread is the precious covenant between Christ an disciples after the last supper at the upper room in Jerusalem. For christians, whcih is the new convenant between God and human being.

In Chin precedent, intoxicating brew is used at the engagement, reconcilation between ethnic groups and drinking of compromised, etc;. But Present young generation used intoxicating brews in priceless, for they drank more and more, and then they acted foolhardly, impudent, and stupied where they were.

Conclusion

Anyhow, during the time of Japanese army occupied Burma in 1942-45, there had the resolution in unanimously agreed to be used coconuts Juice is instead for grapes wine and rice for bread in the parish church of St. Michael's, in Nyaungu village in Delta area by Rev. Mann Own Pwint and C. R. Purser, also. Let's consider the following question? Can we use the intoxicating brews instead of grapes wine and rice for wafer? Jesus said in the Bible, "I am the vine, ye are the branches: He that abideth in me, and I in him the same bringeth forth much fruit: for without me ye can do nothing." Thus, I believed that Jesus though intorduced the Eucharist with grapes wine and unleaven bread to the apostles at the upper room in Jerusalem, if and when He was in Chin congregation, there will be changed 'who ma I'? And slso, the feast of Asho Chin Kun Hkwe is celebrated as the feast of summon the spirit of a dead person by occult means. But Jesus might be never changed that I meant to say that He is absolutely the "Truth, the Way and the Life" (John 14:6). We celebrate the sacrificial death of Christ by eating and drinking bread and wine. The broken bread symbolizes Christ's broken body and the wine symbolizes his shed blood. There will be peace between bereaved family and the spirits of belivers in paradise through the "Eucharist or Thanksgiving of Christ. The Peace of the Lord be with you, always!□

Revd, Salai David
(Lecturer, HCTC)

# dialogue: From Ecumenical to Interfaith

Dialogue means communication. Communication takes place between two persons, focusing on one theme, including building personal relationships. As human beings are social beings, dialogue is the component part of human life. Through dialogue we communicate each other, we get to know each other, we learn from each other, we live beyond our self-making fences etc. Dialogue thrives relationship, builds community and creates a better world. We live nowadays in a world in which conflicts in many forms are increasing, globalization is rapidly taking place and communities are becoming more pluralistic. In such circumstances the role of dialogue becomes increasingly and crucially important for the peaceful and better world community.

**God's dialogue with the world**

God communicates the world throuhg Jesus Christ who is the spoken world/mendium and content/message/God-self of God's communication. God initiates and offers God-self for this communication. God and the world are actually not equal parties. The world is not "able" to dialogue with God due to its "sinfulness". Since the "word" becomes flesh, dialogue between God and the world is possible. God is known to the world, and communication is completed. Taking initiatives, unequal parties and self-offering are important characters of God's communication with the world.

The world is not "able" to communicate with God due to the following reason: confusion between the creator and the creatures; self-centeredness; tensions arises from diverse cultures and languages; broken-relationship between people - minority and majority, superior and inferior, large racial group and small group etc. Two important points need to be mentioned on how God communicate the world. First, God became human beings (the Word becoming flesh) which means *equalizing or adjusting God-self to the world* so that communication can be made. This step is needed because God and world are not equal parties - God the superior and the world inferior. Second, God emptied *God-self* (in the form of servent, having suffered and even death) so that the world could be saved. The main reason of this self-emptiness is one's love for the good or well-being of other person.

Dialogue is a "must" for God's children. Through dialogue we try to fulfill God's second commandment: love your neighbor as yourself. Our neighbor even includes those whom we hate and are totally different from us. It is the God we found out in Jesus Christ who shows this way of dialogue. Through dialogue the broken relationship is restored, healed and rebuilt.



**Dialogue in context**

Every dialogue takes place in one specific context. It embraces one's community, nation and even the global events affecting the whole world. For instance, on issue or a problem which seems to be remote and not directly concerned us, can be affected us indirectly. Apart for the several conflicts in the world, we are facing nowadays economic and environmental crisis which are to be taken seriously. Other challenges are secularization and globalization which threatens the integrity of cultures and religions wherever they are. The nature of postmodernism should be taken into account. Re-emphasizing the subjective and pluralistic approach on truth postmodernism penetrates into the lives of the people nowadays especially among the younger generation. Its characteristics are: denial of confidence in the power of reason, denying the reliability of empirical data, denying the exclusion of the mythical-mystical views of the world, and denying the quest for universal truths.

**One World One Dream**

This is the theme of the recent Beijing Olympics highlighting the oneness and unity of the whole world through this event. The idea of "making one world" is not new to us. Beginning with the Greeks, Romans, Persians, having firsthand experience in colonial period in the third world countries, this idea still survives through many forms of globalization nowadays. But all these attempts of "making one world" finally end in destructive consequences, jeopardizing the peace and the well-being of this world. To counter this force the role of the cooperative effort of religions becomes important. Nowadays the problems the world is facing are manifold and they cannot be tackled by one group of people, one religion or one nation. They must be confronted and solved together. In this situation dialogue is important instrument for bringing together different religions together, starting with "praxis-oriented" issues and constantly deepening mutual religious knowledge/relationship. Common problems to be tackled are: poverty, victimization, violence, patriarchy etc.

The word "ecumenic" comes from the Greek word *oikumene* which means "house". It can be also translated as "the whole inhabited world". The whole world together with human beings belongs to one family. Every effort striving for the goal of "one world, one family" can be called ecumenical spirit. The whole inhabited world in one spirit, in unity and in oneness try to work for common goal can be described as ecumenical movement. Ecumenic means unity among churches, harmony and relatedness in the whole inhabited world. If the globalization is the secular effort of "making one world", resulting in injustice and annihilation of religious and cultural values, ecumenic movement is a movement of divine spirit "making one world" for the

betterment of the whole world and its inhabitant.

**Requirement for dialogue**

As dialogue is rooted in everyday life, it must be practiced as simply as possible. For those who are engaging in dialogue process, certain level of spiritual maturity would be needed. Dialogue is not a method of proselytizing. Theological positions can be varied form exclusivism and inclusivism ot pluralism. One should be convinced and know thoroughly his or her belief. Sometimes praxis comes first and then reflection follows. It is possible that reflection can be first made and then praxis with follow. WCC defines dialogue process as follows:

> Very often people associate dialogue only with formal conversations between two groups. In actual fact, many different kinds of dialogue take place and it is important to recognize the value of this. The most common is the *dialogue of life* that goes on in all situations of plurality. Christians, Muslims, Jews, Hindus, Buddhists, people of many different faiths in fact, live and work together sharing a common life. Even though these dialogues go unnoticed and are not consciously religious, we should recognize their importance in the buliding up of human relationships. A similar dialogue also takes place where people of different traditions come together to struggle for justice, peace, human rights and other issues that concern the entire society. Organized dialogue is of three types. The most common, *multi-lateral* and *bi-lateral dialogues*, are where representative groups of people come together to discuss a subject relevant to the communities concerned. A second type of organized dialogue could be called *academic dialogue* where exponents of different religious faiths meet and discuss the theological/philosophical bases of their traditions. Yet another form of dialogue may be described as *spiritual dialogue*. Here belivers attempt to meet each other, as it were, in the "cave of the heart". They expose themselves to each other's spiritual and worship life. Often such dialogues take the form of participating in the prayer or mediation practices of others. This type of dialogue remains controversial because Christians are not agreed on whether it is possible to participate in the spiritual life of their neighbours without compromising their own faith. (From WCC Webpage)

Most importantly one has to have God's motive in entering dialogue. It is God's way of dealing with the world or God's way of doing mission. Accepting the differences and having mutual respect are also important motives in dialogue.

**What shall we do now?**

1. **Re-accessing one's faith and traditions**
   What is my own faith and what does it mean to others? The way we think- particular and universal; the way we declare - love/scientific language; the way we nurturing /educating.
2. **Cooperation ecumenically and interreligiously**
   Ecumenical dialogue as important as interfaith dialogue
3. **Witnessing and being witnessed to**
4. **Cooperative response to the problems and challenges of today's world and quest for God's universal love.**
5. **Dialogue as a mean of (re)integration into the community.**

Rev. Dr. San Myat Shwe




မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလိကန်)

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

**စိန်ရတုဓမ္မသဘင်ပွဲတော်ကြီး**

(၁၉၃၅-၂၀၁၀)




ပြုလုပ်မည့်နေ့ရက် ။ ။ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄-၂၆)


ပြုလုပ်မည့်နေရာ ။ ။ သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်
၁၀၄၊ အင်းလျားလမ်း
ကမာရွတ်မြို့နယ်၊ ရန်ကုန်။

စီမံအုပ်ချုပ်ရေးကော်မတီ
သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်

# လိုက်လျှောက်ခြင်းရဲ့နောက်ကွယ်

Key - C
Beat - Slow Go Go




KEEP YOUR
Spiritual Fervor,
SERVING
the LORD
Rome12:11
HOLY CROSS
THEOLOGICAL COLLEGE
104, Inya road, Kamayut, Yangon, Myanmar
HCTCcollege@mptmail.net.mm
graphic dzai: jonathan(era)